www.burmeseclassic.com



# ရည်းစားလက်မဲ့ရာသီ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

[illegible] ကွဲရေး — ဒို့အရေး
[illegible] ညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
[illegible] တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများ ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေး ချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေး ကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် အခြားစီးပွားရေး ကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင် ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးအောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး နှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သျှိုး

# ရည်းစားလက်မဲ့ရာသီ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ် ၅၂၀(က) အခန်း (၄)လမ်း (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ ဇူလိုင်လ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
စိုးမိုးစာပေ
ဖုန်း - ၀၁- ၂၉၀၈၉၆

ရ၅၅ . ၈၃
သျှိုး
ရည်းစားလက်မှဲ့ရာသီ / သျှိုး ။ - ရန်ကုန်။
ဗျူးစာပေ ၊ ၂၀၁၃ ။
၂၆၄ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ရည်းစားလက်မှဲ့ရာသီ

## အခန်း (၁)

ညဥ့်သန်းခေါင်လောက်ကတည်းက 'မကိုင်ရှ' နိုးနေတာ ဖြစ်သည်။ မျက်ဝန်းတွေကို ကမူးရှူးထိုးဖွင့်ပြီး ခုတင်နံဘေးက စားပွဲလေးပေါ်က နှိုးစက်နာရီလေးကို လှမ်းကြည့်တော့ ဆယ့်နှစ်နာရီမိနစ်နှစ်ဆယ်ကျော်ကျော်ပဲ ရှိသေး၏။

တည်နှင့်ငယ်တို့ကို ချိန်းထားသည်က မနက်တစ်နာရီမှ ဖြစ်သည်။ မိနစ်လေးဆယ်လောက် 'မကိုင်ရှ' စောနိုးနေသည်ဆိုတော့ ခက်ပြီ။

ပြန်ပြီး ဆက်အိပ်ရအောင်လည်း မျက်ဝန်းတွေက ဘယ်လိုမှ အိပ်မပျော်မှာ သေချာသည်။

မျက်ဝန်းတွေ ကြောင်ကြောင်နှင့်ပဲ မကိုင်ရှ ခုတင်ပေါ်ပြန်လှဲအိပ်လိုက်မိသည်။ အိပ်ပျော်အောင် ဆက်အိပ်ဖို့ဆိုတာ ဘယ်လိုမှ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့တာ အသေအချာဖြစ်သည်။

ညည့်နေ့တ် ဆယ်တန်းစာမေးပွဲအောင်စာရင်းတွေ ထွက်မည်။ မနေ့က မနက်အစောကြီးကတည်းက တည်နှင့်ငယ်တို့ အိမ်ရောက်လာကာ ကိုကို့ကို ပြောထားကြတာ ဖြစ်သည်။

"ကျောင်းဝင်းထဲမှာလည်း အောင်စာရင်းတွေကပ်မှာ၊ ပညာရေးမှူးရုံးမှာလည်း ကပ်ထားမယ်တဲ့၊ တည်ကတော့ ဆယ့်နှစ်နာရီလောက်ကတည်းက ထကြည့်မယ်တဲ့ဟာ"

"ဟယ် သန်းခေါင်ကြီး ထကြည့်မှာလား"

"အေးပေါ့ဟာ တချို့တွေဆို တစ်ညလုံးမအိပ်ဘဲတောင် ပညာရေးမှူးရုံးရှေ့က ထိုင်စောင့်ကြမှာ၊ ငါလည်း မနက် မေမေ့ရဲ့အကြော်ဆိုင်အတွက် လုပ်စရာတွေ ကူလုပ်ပေးရင်း မအိပ်တော့ဘူးလေ"

တည် မေမေက ရပ်ကွက်လမ်းထိပ်မှာ အကြော်ဆိုင်ဖွင့်သူမို့ တည်က ညတိုင်းမုန့်ကြိတ်၊ ပဲကြိတ် လိုတာမှန်သမျှ ကူလုပ်ပေးရသည်။ အခုလည်း မိခင်ဖြစ်သူ အလုပ်တွေ ကူပြီးသည်နှင့် အောင်စာရင်းကို ညဉ့်နက်သန်းခေါင် သွားကြည့်မည်ဆို၏။

"ငါလည်း စောစောစီးစီး ဦးဦးဖျားဖျား လိုက်ကြည့်ချင်လို့ တည့်ကို လာခေါ်ခိုင်းထားတယ်ဟ၊ နင်ကော လိုက်ထကြည့်မလား မကိုင်း"

ငယ်ပြောလာတော့ မကိုင်း တွေခနဲ ဖြစ်သွားရသည်။ တကယ်ဆို အောင်စာရင်းကို မကိုင်းလည်း ငယ်တို့ တည်တို့နှင့်အတူ ရင်ခုန်စွာ လိုက်ကြည့်ချင်သည်။ ဒါပေမဲ့





"အင်း ငါလိုက်ချင်တာပေါ့ ငယ်ရယ်၊ ဒါပေမဲ့ မေမေတို့က ခွင့်ပြုမယ် မထင်ဘူး"

မကိုင်း ညည်းညည်းလေးပြောတော့ ငယ်နှင့်တည် နှုတ်ဆိတ်ငြိမ်သက်သွားခဲ့ကြသည်။

မေမေ့အကြောင်းကို ငယ်တို့ အသိကြဆုံးဖြစ်သည်။ ဟိုးငယ်စဉ်ကလေးတန်းကျောင်းသားတွေဘဝကတည်းက မကိုင်း ခင်မင်လာတာ ရဲရင့်တည်နှင့် နုငယ် ဆိုသော သူငယ်ချင်းနှစ်ယောက်တည်းပါ။

ကျောင်းသွားအတူ၊ ကစားအတူ နေလာသော သူငယ်ချင်းနှစ်ယောက်သည်သာ မကိုင်း အချစ်ဆုံး၊ သံယောဇဉ်အကြီးဆုံးသူတွေဖြစ်ခဲ့သည်။

ကျောင်းမှာလည်း အတန်းတူ၊ အခန်းတူ သူတို့နှစ်ဦးသည် ကျောင်းပိတ်ရက်တွေမှာလည်း မကိုင်းတို့ ခြံကို ရောက်လာကာ ကစားဖော်တွေဖြစ်ခဲ့သည်။

မကိုင်း အပေါ် သံယောဇဉ်ကြီးသော တည်နှင့်ငယ်ကို မေမေကလည်း ကြည်ဖြူ လက်ခံခဲ့သည်။

ဒါကလည်း မကိုင်း အပေါ် ခင်မင်သော သူငယ်ချင်းတွေကို မေမေ အသိအမှတ်ပြုတာကြောင့် ဖြစ်သည်။

သူငယ်တန်းကတည်းက ခင်မင်ခဲ့သော သူငယ်ချင်းတွေကို မကိုင်း ရှစ်တန်းကျောင်းသူအရွယ်ရောက်တော့ မေမေ သိပ်အလိုကျပုံ မရှိတော့ပါ။ အထူးသဖြင့် တည်ကို မေမေ သဘောကျပုံမရှိတာ မကိုင်း



www.burmeseclassic.com

www.burmeseclassic.com



သတိထားမိ၏။

"သမီးတို့ အသက်တွေ မငယ်တော့ဘူး၊ အရင်လို ကလေးတွေ
မှ မဟုတ်တော့တာ၊ ကျောင်းပိတ်ရက် လာစကားကြတာ မေမေ မကြိုက်
ဘူး၊ အတန်းကြီးလာပြီဆိုတော့ စာကို ဂရုစိုက်ကြတော့"

မေမေ့ဘက်က မကြည်ဖြူပုံပြတော့ တည်နှင့်ငယ်တို့ အရို
အကဲသိစွာ နောက်ဆုတ်သွားကြသည်။

မေမေ ဘာကိုဆိုလိုသည်ဆိုတာကိုလည်း မကိုင်နှ ရိပ်မိပါသည်
တည်နှင့်မကိုင်နှတို့ အရင်လို ခင်မင်နေတာကို သဘောမကျခြင်းပဲ ဖြစ်
မေမေ့နှုတ်က ဖွင့်ပြောလာတာကိုတောင် မကိုင်နှ ကြားခဲ့ရဖူးသည်။

"သမီး ရဲရင့်တည် ဆိုတဲ့ ကောင်လေးနဲ့ ခင်မင်နေတာ
မေမေ သိပ်မကြိုက်ဘူး"

"ဟင် မေမေကလည်း၊ ဟိုးငယ်ငယ်ကတည်းက ခင်လာတာ
ကို"

"အဲဒါ ကလေးဘဝကလေ အခု သမီး ကလေးမှမဟုတ်တော့
တာ၊ ငယ်လေးနဲ့ခင်မင်တာ ပြဿနာမရှိဘူး။ မိန်းကလေး အပေါင်းအ
သင်းပဲ ရှိသင့်တယ်၊ ယောကျာ်းလေးသူငယ်ချင်း မရှိသင့်ဘူး"

မေမေ ရည်ညွှန်းတာကို မကိုင်နှ နားလည်သည်၊ တကယ်လည်း
မကိုင်နှတို့အရွယ်တွေ၏ ပြောင်းလဲမှုကို သတိထားမိ၏။

"မေမေ ပြောတာ နားလည်တယ်နော် သမီး"

"နားလည်ပါတယ် မေမေ၊ ဒါပေမဲ့ တည်က သမီးနဲ့ငယ်အပေ





တကယ် ခင်မင်ပါတယ်၊ ပြီးတော့ သမီးမှာ ဒီသူငယ်ချင်းနှစ်ယောက်ပဲ
ရှိတာပါ"

"အေး ရိုးသားစိတ်နဲ့ခင်မင်တာကို မေမေ ဘာမှမပြောလိုဘူး၊
သမီးမှာလည်း အရွယ်အသိနဲ့ ဆင်ခြင်ဉာဏ်ရှိမယ်လို့ ယုံတယ်၊ လူဆို
တာ မျိုးရိုးအဆင့်အတန်းနဲ့ ဂုဏ်ဆိုတာ ရှိတယ်၊ အဲဒီ ဂုဏ်အဆင့်
အတန်းကို နိမ့်ကျအောင် မလုပ်ရဘူး။ ဒါကို သမီး ခေါင်းထဲမှာ စွဲစွဲ
မြဲမြဲ မှတ်ထားနော်"

တည်တို့ဘဝနှင့် မကိုင်နှတို့ဘဝအခြေအနေကို မေမေ ရည်ညွှန်း
ပြောဆိုနေခြင်းဟု သိပါသည်။

ဒေါ်ပန်းမြတ် ဆိုသော မေမေသည် အမှန်တကယ်လည်း ချမ်း
သာပြည့်စုံသော မျိုးရိုးမှ ဆင်းသက်လာသော တစ်ဦးတည်းသော သမီး
ဖြစ်ခဲ့သည်။

မေမေ့မိဘတွေက ဆန်စက်တွေ ပိုင်ဆိုင်သော ဆန်ကုန်သည်
ကြီးတွေ ဖြစ်သည်။

ဖေဖေကလည်း ပွဲရုံပိုင်ရှင် သူဌေးသားမို့ မေမေက ဘဝကြင်
ဖော်အဖြစ် ရွေးခဲ့၏။ မိဘစကားကို နားခံကာ အိမ်ထောင်ရေးကို ဦးနှောက်
နှင့်ရွေးချယ်ခဲ့သော မေမေ ကံကောင်းပါသည်။

ဖေဖေ ဦးဘိုးသွယ်က ရိုးသားသည်။ အနေတည့်ကာ အေး
ဆေးသည်။ အလုပ်ကို ကြိုးစားပြီး မိသားစုကို ခင်တွယ်သူမို့ မေမေ့
အိမ်ထောင်ရေးက သာယာချမ်းမြေ့ခဲ့သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တင်ဦးတည်းသော သမီး ပန်းမြတ်မကိုဋ္ဌ ကိုလည်း မေမေတို့ လုံခြုံသေသေချာချာရှိ ပြည့်စုံစေခဲ့သည်။

ဒီမြို့လေးမှာ မေမေတို့သည် မြို့မျက်နှာဖုံးဟု ဆိုရမည်ပဲဖြစ်သည်။

ယယ်ဆိုသော နှင်းနုယယ်ကတော့ မကိုဋ္ဌတို့လောက် မချမ်းသာသည့်တိုင် အထိုက်အသင့် အဆင်ပြေ ပြည့်စုံကြပါသည်။

အစ်မတစ်ယောက်၊ မောင်တစ်ယောက်နှင့် ယယ်ဖေဖေက အစိုးရရုံးကြီးမှာ အရာရှိငယ်တစ်ဦးဖြစ်သလို ယယ့်မေမေက စျေးထဲမှာ အထည်ဆိုင်ဖွင့်ထားသေးသည်။

ဒီတော့ ယယ်နှင့်မကိုဋ္ဌတို့ ခင်မင်မှုကို မေမေ အပြစ်မမြင်တာ ဆန်းတော့မဆန်း။

ရဲရင့်တည် ကတော့ မကိုဋ္ဌတို့တာဝနှင့် သိပ်ကိုကွာခြားပါသည်။ တည်မှာ အဖေမရှိတော့ပါ။ ဆိုက်ကားနင်းကာ မိသားစုကို ကျွေးမွေးခဲ့သော တည့်ဖခင်ဆုံးပါးခဲ့တာ တည် ခြောက်တန်းကျောင်းသားဘဝကတည်းက ဖြစ်၏။

တည့်မိခင်က ယောက်ျားဆုံးတော့ ကျန်ရစ်ခဲ့သော တည်နှင့် ညီမငယ်လေး ရွှေစင်တို့အတွက် အကြော်ရောင်းချကာ ဝမ်းရေးကို ရုန်းကန်သည်။

မကိုဋ္ဌတို့တာဝနှင့်ယှဉ်လျှင် ကွာခြားလှသော တည်တို့ဘဝအခြေအနေတစ်ခုက မေမေ့အတွက်တော့ ကျေနပ်လက်ခံစရာမဟုတ်မှန်း





သိပါသည်။

ဒါကြောင့်လည်း အောင်စာရင်းထွက်မည့်နေ့ ညနက်သန်းခေါင်မှာ တည်တို့ ယယ်တို့နှင့် အောင်စာရင်းလိုက်ကြည့်ဖို့ဆိုတာ မဖြစ်နိုင်မှန်း မကိုဋ္ဌ ကြိုတွေးထားပြီး ဖြစ်သည်။

"နင်ကဖြေနိုင်ပြီးသားပဲ မကိုဋ္ဌရယ်၊ အောင်မှာပါ မိုးလင်းမှပဲ သွားကြည့်ပေါ့ဟာ"

"အေးလေ ငါနဲ့တည်လည်း နင့်ကိုယ်စား ကြိုကြည့်ပေးထားမှာပေါ့"

တည်နှင့်ယယ်တို့က နှစ်သိမ့်သလို ပြောကြသည်။ တစ်နှစ်လုံးလုံး ကြိုးစားခဲ့ရသော စာမေးပွဲကြီး၏ အဖြေကိုတော့ မကိုဋ္ဌလည်း သူတို့နှင့်အတူ ရင်ခုန်စွာ ကြည့်ချင်သိချင်သည်။

"တည်နဲ့ယယ် နင်တို့ ငါ့ကို တစ်ခုကူညီဟာ"

"ဘာလဲ မကိုဋ္ဌ ဘာကူညီရမှာလဲ"

"ဟိုလေ နင်တို့အောင်စာရင်းကြည့်ပြီးရင် ငါ့အိမ်ဘက်ကို ပြန်လာကြဟာ၊ ငါတို့သုံးယောက် အောင်မအောင် ငါလည်း စောစောစီးစီး ကြိုသိထားချင်လို့"

မကိုဋ္ဌ တောင်းဆိုတော့ တည်နှင့်ယယ်တို့ ခေါင်းညိတ်ကတိပေးခဲ့ကြသည်။

တည်နှင့်ယယ်တို့နှစ်ယောက် အောင်စာရင်းကြည့်ပြီးလျှင် ခြံရှေ့ကို လာခဲ့ကြမည်ဟု မကိုဋ္ဌကို ပြောခဲ့တာမို့ မကိုဋ္ဌ နိုးနေခဲ့တာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အခုလောက်ဆို တည်တို့ပညာရေးမှူးရုံးရှေ့မှာ ကပ်မည့် အောင်စာရင်းကို အခြားသော ကျောင်းသားတွေနှင့် ရင်ခုန်စွာ စောင့်နေ ကြည့်ခဲ့ဖူးသည်။

အောင်သူတွေက ပျော်ကြ အော်ကြ ရှုံးသူတွေက ငိုကြ မှိုင်ကြ နှင့် ရင်ခုန်စရာကောင်းမှာ သေချာ၏။ တွေးရင် မကိုင့် ဘယ်လိုမှဆက် ငြိမ်း အိပ်စက်လို့မရနိုင်တော့ပါ။

နာရီကိုလှမ်းကြည့်တော့ တစ်နာရီထိုးဖို့ ဆယ်မိနစ်ပဲ လိုတော့ သည်။

ဝရန်တာတံခါးလေး ဖွင့်ကာ မကိုင့် ထွက်ခဲ့လိုက်သည်။ အပြင် လေက အခန်းထဲကထက် အေးစိမ့်စိမ့်လေး ဆီးကြိုနေ၏။

ဟေးခနဲ ဝေးခနဲ အော်လိုက်သံတချို့ကို ပညာရေးမှူးရုံးဘက် က သဲ့သဲ့ကြားရ၏။ ကျောင်းသားတချို့၏အော်ဟစ်သံတွေ ဖြစ်မည်ထင် သည်။

မကိုင့် မျက်ဝန်းတွေကတော့ ခြံဝင်းတံခါး အပြင်ဘက်ကိုပဲ မျှော်ငေးကြည့်နေမိဆဲ။ တည်နှင့်ငယ်တို့ရဲ့အရိပ်ကို စောင့်ကြည့်နေမိ သည်။

ကြာကြာမစောင့်လိုက်ရပါ။ လမ်းမီးအလင်းရောင်အောက်မှာ စက်ဘီးတစ်စီးကို တွေ့လိုက်ရသည်။ ဒါ ငယ်ရဲ့စက်ဘီးဆိုတာ မကိုင့် ကောင်းကောင်းသိသည်။

စက်ဘီးက မကိုင့်တို့ ခြံရှေ့မှာရပ်သွားခဲ့၏။ စက်ဘီးစီးလာသူ





တွေက နှစ်ယောက်ဆိုတော့ တည်နှင့်ငယ်ပဲဟု အတပ်သိလိုက်သည်။

ပို၍သေချာသွားသည်က ကြိုတင်ပြောထားသည့်အတိုင်း ငယ် သက်ထဲက ဓာတ်မီးလေးကို မှိတ်ချည်ဖွင့်ချည် သုံးကြိမ်လုပ်ပြနေသည်။

မကိုင့် ထိတ်ခနဲ ဝမ်းသာသွားကာ ဝရန်တာလေးက ခွာခဲ့သည်။ အဘွား မေမေတို့ နိုးကြည့်မှာမဟုတ်သလို ထမင်းချက် ဒေါ်တင်ကြီးလည်း နီးဦးမှာမဟုတ်သေး။

မကိုင့်တို့ အိမ်ကြီးက နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်ကာ လှေ ကားကလည်း ကျွန်းလှေကားကြီး ဖြစ်သည်။

လှေကားထစ်တွေအတိုင်း မကိုင့် ခပ်သုတ်သုတ်လေး ဆင်းခဲ့ သည်။ အရင်ကဆိုလျှင် ညတစ်ရေးနိုး အိမ်အောက်ထပ်ဆင်းဖို့တောင် ကြောက်တတ်သည့် မကိုင့် ဒီညတော့ ရဲရင့်နေသည်။

အိမ်ရှေ့တံခါးမကြီးကို အသာဖွင့်ပြီး ခြံထဲဆင်းခဲ့လိုက်သည်။ မီးတွေ မှောင်နေပေမယ့် ဒီလမ်း ဒီနေရာကို မကိုင့် အလွတ်မှတ်မိပြီး သားဖြစ်၏။

အိမ်ထဲမှာ ဖွဖွလှမ်းခဲ့သော ခြေလှမ်းတွေက ခြံထဲရောက်သည် နှင့် ခပ်သုတ်သုတ်လှမ်းပြီး ဖြစ်နေသည်။

"မကိုင့် နိုးနေတာ ကြာပြီလား"

ခြံတံခါးရောက်သည်နှင့် ငယ် မေးသံကို ကြားသည်။ လမ်းမီး ရောင်မှိန်မှိန်အောက်မှာ ငယ့်မျက်နှာလေးက ကြည်လင်နေသည်။

တည်ကို လှမ်းကြည့်တော့လည်း နုရိုချောသော မျက်နှာလေးက



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်လင်လင်ပဲ ရှိ၏။

"တစ်နာရီမထိုးခင်ကတည်းက နိုးနေတာ၊ အိပ်မရတော့လို့ နင်တို့ကို စောင့်နေတာဟ၊ ဘယ်လိုလဲ ငါတို့ အောင်လားဟင်"

"နင် အောင်တယ် မကိုင်း၊ သရီးဒီပါတယ်"

တည့်နှုတ်က ဝမ်းသာအားရ ထွက်လာသောစကားကြောင့် မကိုင်း ဝမ်းသာကြည်နူးသွားရသည်။

"ဟယ် ဝမ်းသာလိုက်တာ၊ နင်တို့ရော အောင်တယ် မဟုတ်လား"

"ငယ်လည်းအောင်တယ် အဲ တည်ကတော့"

စကားကို မဆက်ဘဲ ရပ်ပစ်သည့် ငယ်စကားကြောင့် မကိုင်း ရင်လေးထိတ်သွားမိသည်။ တည် မျက်နှာကိုလှမ်းကြည့်တော့ ခေါင်းလေး ငုံ့ကာ ငြိမ်နေတာမို့ ပိုလို့ စိုးရိမ်သွားမိရင်း

"တည် တည်လည်း အောင်တယ်မို့လား"

မကိုင်း သိချင်စိတ်နှင့် အလောတကြီး မေးတာကို နှစ်ယောက်စလုံး ဘာမှချက်ချင်း ပြန်မဖြေတော့ အားမလိုအားမရ ဖြစ်ရသည်။ တစ်ချိန်တည်းမှာ ဆယ်တန်းစာမေးပွဲတွေ နီးမှ တည် ဖျားခဲ့တာကို ပြန်သတိရ၏။

ဒါကြောင့်များ တည် စာမေးပွဲ မဖြေနိုင်ခဲ့သလား။ ဒါပေမဲ့ တည်က စာတော်သူပဲ။

"ပြောကြစမ်းပါဟာ ငါ့ရင်တွေ တုန်နေပြီ"





"ငါလည်း အောင်ပါတယ် မကိုင်းရဲ့၊ တူးဒီပါတယ်"

"ဟယ် တည် ဘာလို့ မြန်မြန်ကြီး ပြောလိုက်ရတာလဲ"

ငယ်က မကျေမနပ် ပြောတော့ တည် မျက်နှာလေး အပြုံးရိပ် သမ်းသွားခဲ့ကာ

"မကိုင်း စိတ်ပူနေလို့လေဟာ ငါကျတယ်ထင်ပြီး စိတ်ဆင်းရဲမှာစိုးလို့ပါ"

"အမလေး ငါက မကိုင်းကို တမင်နောက်ချင်လို့ အချိန်ဆွဲနေတာကို နင်က တကယ်ဝင်ဖျက်တယ်"

"မနောက်ပါနဲ့ ငယ်ရယ်၊ ငါက ငါတို့သူငယ်ချင်းတွေ သုံးယောက်စလုံး အောင်စေချင်တာ၊ တစ်ယောက်ယောက်သာကျရင် ငါ ငိုမိမှာတကယ်"

မကိုင်း ရင်ထဲက ခံစားချက်အတိုင်း ဆိုမိတာ ဖြစ်သည်။ ဒီ သူငယ်ချင်းသုံးယောက်ပဲ ရှိတာမို့ အတူတူအောင်ချင်တာ ရင်ထဲက အပြင်းပြဆုံးဆန္ဒ။

"ကဲ ကဲ မငိုနဲ့တော့ ငါတို့သုံးယောက်စလုံး အောင်တယ်၊ နင် အိပ်ရေးဝအောင် ပြန်အိပ်လိုက်ဦး မကိုင်း၊ မနက်ဖြန်မှ ဆုံကြမယ်"

ငယ်က ဝမ်းသာအပြုံးလေးနှင့်ဆိုတော့ မကိုင်း ခေါင်းလေးညိတ်ရင်း

"အေး နင်တို့လာပြောတာ ကျေးဇူးပဲဟာ၊ နင်တို့လည်း အိပ်ရေးပျက်နေပြီပေါ့၊ ပြန်ကြတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ငယ့်ကို အိမ်အထိ ငါ ပြန်ပို့ပြီးရင် မေမေ ဆိုင်ထွက်ဖို့ ကူဦးမယ်ဟ၊ ရတယ် တစ်ရက်တလေ အိပ်ပျက်တာ ဘာမှမဖြစ်ပါဘူး"

တည်က ပြောရင်း လက်ပြန့တ်ဆက်ကာ စက်ဘီးပေါ် လှမ်းတက်သည်။ ငယ်ကလည်း လက်ပြန့တ်ဆက်ရင်း ကယ်ရီခုံလေးပေါ် တက်ထွက်သွားကြသည်။

ငယ်တို့အိမ်အထိ စက်ဘီးနင်းကာ ငယ်ကိုပြန်ပို့ပေးပြီးမှ တည် အိမ်ကို လမ်းလျှောက်ပြန်ရမှာဖြစ်သည်။

မိခင်ဖြစ်သူ အကြော်ဆိုင်ကိုပါ ကူခင်းကျင်းပေးရဦးမည်ဆိုတော့ တည် ဒီညတော့ အိပ်ချိန်မရှိတော့မှာ သေချာ၏။

တည့်ကို သနားစိတ်ကလေးနှင့် မကိုဋ် ပင့်သက်လေးရှိုက်မိ၏။

မပြည့်စုံသည့် တည်တို့မိသားစုဘဝလေးကို စာနာစိတ်နှင့် မကိုဋ် အမြဲတမ်း ကရုဏာပိုရသည်။

ဒီလိုအခြေအနေက ဆယ်တန်းစာမေးပွဲကို နှစ်ချင်းပေါက် အောင်မြင်အောင် ကြိုးစားခဲ့သော တည်ကတော့ ချီးကျူးစရာ ကောင်းပါသည်။

တည့်မေမေကတော့ သားဖြစ်သူအတွက် ဝမ်းသာမျက်ရည်တွေ ရစ်ဝဲနေမှာတော့ မကိုဋ် မြင်ယောင်မိပါသေးရဲ့။

■ ■ ■



## အခန်း (၂)

အကြော်ဆိုင်ရှေ့ကို ထိုးရပ်လာသော စက်ဘီးနှစ်စီးနှင့် ဆူညံသွားသော ဘဲလ်သံတွေကြောင့် တည် ခေါင်းမော့ကြည့်မိသည်။

ထင်သည့်အတိုင်းပါပဲ ငယ်နှင့်မကိုဋ်တို့ကို စက်ဘီးကိုယ်စီနှင့် တွေ့လိုက်ရသည်။ မျက်နှာတွေက အပြုံးတွေယှဉ်ပြိုင်ပွင့်ဖူးလို့ရှိသည်။

"ဘယ်သွားကြမလို့လဲဟ"

"ဘယ်သွားရမှာလဲ တူးဒီနဲ့အောင်တဲ့နှင့်ဆီက စားဖို့ဝါးဖို့ လာခဲ့ကြတာပေါ့"

ငယ်က ပြောရင်း စက်ဘီးဒေါက်ထောက်ကာ ဆင်းသည်။ မကိုဋ် ကတော့ အနီရောင်စက်ဘီးလေးကို ကိုင်ထားရင်း ပြုံးကြည့်နေသည်။ ဝတ်ဆင်ထားတာကလည်း အနီရောင်ဝမ်းဆက်လေးနှင့်မို့ မကိုဋ် သိပ်လှနေ၏။

www.burmeseclassic.com



"လာ သမီးတို့လာကြ၊ သမီးတို့လည်း အောင်ကြတယ်ကြားလို့ အဒေါ် ဝမ်းသာတယ်ကွယ်"

မေမေက ဆီပူဒယ်အိုးထဲမှ အကြော်တွေကို ဆယ်ယူနေရင်း လှမ်းနှုတ်ဆက်သည်။

"လာလေ ထိုင်ကြလေဟာ အကြော်စားကြမလား"

"စားမှာပေါ့ဟဲ့၊ စားဖို့ဝါးဖို့ လာတာပါဆိုမှ"

ငယ်ကတော့ ပြောရင်း စားပွဲဝိုင်းက ထိုင်ခုံလေးမှာ ဝင်ထိုင်ပြီးဖြစ်နေသည်။ မေမေက ရပ်နေဆဲ မကိုဋ္ဌကို လှမ်းကြည့်ရင်း

"မကိုဋ္ဌ သမီးလေး လာလေ၊ အကြော်တွေ စားကြ၊ သား ထည့်ပေးလေကွယ်"

"ဟုတ်ကဲ့ မေမေ၊ မကိုဋ္ဌ လာထိုင်ပါဟ"

ပြောရင်း ပန်းကန်ထဲ အကြော်တွေ သူ ထည့်သည်။ အချဉ်ရည်နှင့် ဆလတ်ရွက်ပန်းကန်ကိုလည်း ချပေးသည်။

"အစုံထည့်နော်၊ ငါကြိုက်တဲ့ ပုစွန်ကြော်လည်း မမေ့နဲ့ အဟင်း"

"ဟယ် ငယ်ရယ် နင်ကလည်း မလုပ်ပါနဲ့၊ တည် အများကြီး မလုပ်နဲ့နော် နည်းနည်းပဲထည့်"

သူ့ဆိုင်မှာ အကြော်အလကားစားဖို့ အမြဲတမ်း အားနာနေတတ်သော မကိုဋ္ဌအကြောင်းကို သူ အသိဆုံးဖြစ်သည်၊ အခုလည်း အားနာစွာ ငြင်းနေတော့ မေမေက မနေနိုင်ဘဲ ဝင်ပြောပြန်၏။





"ဘာမှ အားနာစရာမလိုဘူး သမီးတို့ ကြိုက်တာစား၊ အဝစား သားလေး ဆယ်တန်းအောင်လို့ အဒေါ်က ပျော်နေတာ၊ သားသူငယ်ချင်းတွေကို တစ်ခုခုကျွေးချင်နေတာ၊ မတတ်သာသေးလို့ပါကွယ်"

"ရတယ် ဒေါ်လေးမြ သမီးတို့က အကြော်စားရရင် ကျေနပ်တယ် ဟဲ့ မကိုဋ္ဌ စားလေဟာ၊ တည်ရဲ့ဒါနမြောက်အောင်"

ငယ်ကတော့ အကြော်တွေကို အားပါးတရ အချဉ်ရည်နှင့် တို့စားရင်း နံဘေးက မကိုဋ္ဌကိုလည်း စားခိုင်းနေသည်။ သည်တော့မှ မကိုဋ္ဌ ခေါင်းလေးညိတ်ကာ ဘူးသီးကြော် တစ်ခု ယူစား၏။ မကိုဋ္ဌတို့ ရောက်လာချိန်က အဝယ်ပါးချိန်မို့ တော်သေးသည်။ သူ မကိုဋ္ဌတို့ဝိုင်းမှာ ဝင်ထိုင်ရင်း

"စားကြဟာ ငယ် လိုတာပြောနော်၊ မကိုဋ္ဌ ဒီမှာ နင်ကြိုက်တဲ့ တို့ဟူးကြော် ပူပူလေး"

သူ ကမ်းပေးသော တို့ဟူးကြော်လေးကို မကိုဋ္ဌ လှမ်းယူတော့ သူ့ရဲ့မျက်စောင်းအပြုံးလေးကို လှစ်ခနဲ မြင်လိုက်ရပါသေးသည်။

"အိုကေ ကျေးဇူးတင်တယ် တည်ရေ"

"ဟာ တော်ကြပြီလား တစ်ပွဲတောင် မကုန်ကြသေးဘဲနဲ့၊ စားကြပါဦးဟာ"

"ဗိုက်ထဲအပြည့်ဖြည့်လို့ မရသေးဘူး တည်ရဲ့၊ အစီအစဉ် ရှိသေးတယ်၊ မကိုဋ္ဌက ငါတို့ကို ခေါက်ဆွဲကြော်နဲ့အအေး လိုက်ကျွေးဦးမှာ"

"သြော် ဒါကြောင့် နင် အစားနည်းနေတာကိုး ဟုတ်ပြီဟား



www.burmeseclassic.com

www.burmeseclassic.com



ငယ်''

"ဒါပေါ့ဟ တကယ်ဆို နင်တို့က တစ်ရက်စီ ကျွေးမွေးသ
တယ်၊ အခုတော့ တစ်ရက်တည်း နှစ်ယောက်ပြိုင်ကျွေးတော့ ငါ့မှ
ဘရိတ်နဲ့စားနေရတာပေါ့''

"ဒါဆိုလည်း ဒီနေ့ ငါ့အကြော်ပဲ အဝစားကြပါလား၊ မနက်ဖြ
မှ မကိုင်ရှဆီက စားပေါ့''

သူ အကြံပေးသလို ပြောတော့ မကိုင်ရှ ပြုံးပြုံးလေး ခေါင်းခ
ရင်း

"မရလို့ တည်ရဲ၊ နောက်တစ်ရက်နှစ်ရက်ဆို မေမေတို့နဲ့ မကိ
ရန်ကုန်လိုက်သွားစရာရှိတယ်''

"ဟင် ရန်ကုန်သွားမှာ''

"ဟုတ်တယ် ဖေဖေကော မေမေပါ ပါကြမှာလေ၊ ဘုရားဖူး
အလည်အပတ်သဘောပေါ့၊ ဖေဖေ့ရဲ့မိတ်ဆွေအိမ်မှာ တည်းကြမှာ''

"ကဲ လမ်းလျှောက်ရင်း စကားပြောကြဟာ၊ သွားရအော
ဒေါ်လေးမြရေ တည်ကို ခဏခေါ်သွားမယ်နော်''

"ခေါ်သွား ခေါ်သွား ရတယ် သား၊ အကြော်လည်း ဘာမှကျ
တော့တာမှ မဟုတ်တာ၊ သိမ်းခါနီးမှ ပြန်လာခဲ့ပေါ့''

မေမေ့ခွင့်ပြုချက်ရသည်နှင့် ငယ်က သူ့စက်ဘီးသော့ကို လှ
ပေးရင်း

"တည် နင် ငါ့စက်ဘီးစီးခဲ့၊ ငါ မကိုင်ရှနောက်က လိုက်ခဲ့မယ်





ငယ်၏စက်ဘီးလေးကို သူနင်းခဲ့ကာ ငယ်ကတော့ မကိုင်ရှ
နင်းသောစက်ဘီးနောက်ကယ်ရီခုံမှာ ထိုင်လိုက်လာသည်။

ဈေးထိပ်ပိုင်းမှာရှိသော ဦးလှဝ ခေါက်ဆွဲကြော်ဆိုင်ကတော့
မြို့မှာ နာမည်ကြီးဖြစ်သည်။

ဆိုင်ရောက်တော့ စားပွဲဝိုင်းတစ်ခုမှာ သုံးယောက်ထိုင်ကာ
မကိုင်ရှက ခေါက်ဆွဲကြော်သုံးပွဲ မှာ၏။

"ကြက်သားနဲ့သုံးပွဲ စပါကရင် သုံးပုလင်း အရင်ပေးပါနော်''

မှာထားသော စပါကရင်ပုလင်းတွေ ရောက်လာသည်နှင့် တစိမ့်
စိမ့်သောက်ရင်း ငယ်နှင့်မကိုင်ရှ စကားတွေပြောမဆုံးတော့ချေ။

"မကိုင်ရှ သိလား မြတ်မွန် ကျတယ်ဟ၊ သရီးဒီ ဖိုးဒီ ကြွားထား
ပြီး ကျတော့ အိမ်ထဲက အိမ်ပြင်တောင် မထွက်ဘူးတဲ့''

ကျောင်းက သူငယ်ချင်းတွေအကြောင်း ငယ်နှင့်မကိုင်ရှ ပြောနေ
သမျှ သူက နားထောင်သူသက်သက်ပဲ ဖြစ်သည်။

မိန်းကလေးပီပီ စပ်စုတတ်သော ငယ်ကြောင့်လည်း ရပ်ကွက်ထဲ
သတင်းတွေ သူနှင့်မကိုင်ရှ မသိရတာမရှိ။

"ငါတော့ ပြည်မှာပဲ တက္ကသိုလ်တက်မယ်ဟာ၊ မကိုင်ရှ
နင်ကော''

"ငါလည်း ပြည်မှာပဲ တက်ဖြစ်မှာပါ တည် နင်ကော''

မကိုင်ရှ မျက်နက်ဝန်းလေးတွေ သူ့ဆီရောက်လာတော့ သူ
ချက်ချင်း မဖြေနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"တည်လည်း တက်မှာပေါ့၊ ဒေါ်လေးမြကြ သူ့သားကို ပညာ
တတ် ဘွဲ့ရအောင်လုပ်ပေးမယ်လို့ အမြဲ ကြွေးကြော်ခဲ့တာပဲ"

ငယ်က သူ့ကိုယ်စား ဝင်ဖြေသည်။ ငယ်ပြောတာ မမှားပါ
မေမေသည် သူ့ပညာရေးအတွက် အမြဲတမ်း ခေါင်းထဲမှာ အသင့်ရှိနေ
တာဖြစ်၏။

"မေမေ ပင်ပင်ပန်းပန်း ဈေးရောင်းနေရတာကို ငါ မမြင်ရက်
ဘူး ငယ်ရယ်၊ ပြီးတော့ ညီမလေးလည်း ရှိသေးတယ်၊ ဒီနှစ်ဆို ညီမ
လေးက ရှစ်တန်းလေ၊ ငါတို့မောင်နှမနှစ်ယောက် တာဝန်ကြီးက မေမေ့
ခေါင်းပေါ် ပိနေမှာ ငါ စိုးရိမ်တယ်"

"ဟင် ဒါဆို နင်က မသေချာဘူးပေါ့"

"ဟုတ်တယ် ငယ်၊ ငါ အဝေးသင်ပဲ တက်မလားလို့ စဉ်းစား
ထားတယ်၊ ဒါဆို အလုပ်တစ်ခုခုလုပ်ပြီး အိမ်ဝင်ငွေလည်း ရှာပေးနိုင်
မယ်လေ"

"တည်ရယ် ငါက ငါတို့သူငယ်ချင်းသုံးယောက် တက္ကသိုလ်
အတူတက်နိုင်မယ်လို့ မျှော်လင့်ထားတာ"

မကိုဋ္ဌ မျက်နှာလေး ချက်ချင်းညှိုးကျကာ ဆိုသည်။ တကယ်ဆို
သူလည်း ဒီလိုပဲ မျှော်လင့်ခဲ့တာ ဖြစ်သည်။ ဒါပေမဲ့ သူ့ဘဝအခြေအနေ
ကို သူကိုယ်တိုင်ပဲ နားလည်သည်။

သူ နှစ်ဘာသာ ဂုဏ်ထူးနှင့်အောင်သည်ဆိုတော့ မေမေ မျက်
ရည်တွေနှင့် ဝမ်းသာဝမ်းနည်း ဖြစ်နေသော မျက်နှာကို သူ ဘယ်တော့





မမေ့ခဲ့ပါ။

တက္ကသိုလ်ကျောင်းသားတစ်ယောက်ရဲ့ စားစရိတ်၊ ရှစ်တန်း
ကျောင်းသူတစ်ယောက်ရဲ့စရိတ်၊ မိသားစုစားဝတ်နေရေး အားလုံးအတွက်
မေမေ့ရဲ့အကြော်ဆိုင်လေးက ဖန်တီးပေးဖို့ဆိုတာ မလွယ်ပါ။

မနက်တစ်ကြိမ် ညနေတစ်ကြိမ် အကြော်ကြော်ရသော မေမေ့
မျက်နှာက အမြဲတမ်း ဆီရောင်ဝင်းလျက် မီးဒဏ်၊ နေဒဏ်ကြောင့်
အသားအရေတို့တောင် ညိုမှောင်နေပြီ။

"တည် နင့်ကို ဒေါ်လေးမြက တက္ကသိုလ် မပို့နိုင်ဘူးတဲ့လား"

ငယ်မေးတော့ သူ ခေါင်းကို ခါရမ်းရင်း

"မေမေ ဘာမှမပြောသေးဘူးလေ"

"ဟယ် နင်ကလည်း ဒါနဲ့များ လျှောက်ပြောနေသေးတယ်၊
ဒေါ်လေးမြက နင် တက္ကသိုလ်တက်ဖို့အတွက် သူ ပိုက်ဆံစုထားတယ်လို့
ငါ့ကို အမြဲပြောတယ်"

"ဟုတ်မှာပါ တည်ရယ်၊ ဒေါ်လေးမြက နင့်ကို သိပ်အားကိုး
တာ၊ နင် ပညာတတ်ဘွဲ့ရအောင် လုပ်ပြီးရင် သူလည်း စိတ်ချမ်းသာပြီ
လို့ ပြောဖူးတယ်"

ငယ်နှင့်မကိုဋ္ဌတို့ စကားတွေကို သူ ခေါင်းလေးညိတ်ကာ ပြုံး
ထိုက်မိသည်။ မေမေရဲ့မိခင်မေတ္တာသည် သူတို့မောင်နှမအပေါ်မှာတော့
အပြည့်ဝဆုံးပဲဖြစ်ပါသည်။

ဒါကြောင့်လည်း မေမေ့ကို သူ သိပ်သနားပါသည်။ သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



မေမေ ပင်ပန်းကြီးစွာ ရှန်းကန်ရမှာကို သူ မမြင်ရက်ပါ။

ခေါက်အွဲ့တွေရောက်လာတော့ သူ စကားစဖြတ်ကာ ငယ်နှင့် မကိုင်နဲ့တို့ စိတ်ချမ်းသာအောင်ပဲ ပြောလိုက်မိ၏။

"အခုတော့ အတိအကျ မသိသေးဘူးဟာ၊ အဆင်ပြေရင်တော့ ငါ နင်တို့နဲ့အတူတက်ဖြစ်မှာပေါ့"

"တက်ဖြစ်အောင် ကြိုးစားပါ တည်ရယ်၊ ငါ အဖြစ်ချင်ဆုံး ဆန္ဒက တို့သုံးယောက် မခွဲအတူ တက္ကသိုလ်အတူတက်ခွင့်ပဲ"

သူ့ကိုစိုက်ကြည့်ကာ ပြောသော မကိုင်နဲ့ကိုကြည့်ကာ သူ ပင့် သက်လေး နှိုးရှိုက်မိသည်။

နှောင်တွယ်ခဲ့သော သံယောဇဉ်တို့သည် နိုင်မြဲစွာ ရှိနေကြတာ သူ နားလည်သည်။ ယုံကြည်သည်။ ဒါပေမဲ့

မတူညီသော ဘဝတွေမှာ ပိုင်းခြားထားသော စည်းတို့သည် လည်း . . .။

■ ■ ■



## အခန်း (၃)

"မကိုင်နဲ့ တို့ မနေ့ကပဲ ရန်ကုန်သွားကြပြီ တည်၊ နင့်ကို နှုတ် ဆက်သွားတယ်လို့ ငါ့ကို ပြောခိုင်းလိုက်တယ်၊ ရန်ကုန်ပြန် လက်ဆောင် သည်း ဝယ်ခဲ့မယ်တဲ့"

သူ့အိမ်လေးကို ငယ် ရောက်လာကာ ပြောပြနေသည်။ ညနေ ဆိုင်ထွက်မည့် မေမေ့အတွက် ဘူးသီးတွေ လှီးပေးနေရင်း သူ နားထောင် နေမိတာဖြစ်၏။

မေမေနှင့်ညီမလေးက နောက်ဖေးမီးဖိုချောင်ထဲမှာ ပဲကြော်မှုန့်နှစ်နယ်နှင့် အလုပ်တွေ ရှုပ်နေတာလည်း သူသိသည်။

"တည်"

"ဘာလဲ ငယ်၊ ဘာပြောမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုမေးချင်လို့၊ နင် တက္ကသိုလ်ဆက်တက်ဖို့ကိစ္စ"

ငယ့်မေးခွန်းကြောင့် သူ ပင့်သက်ရှိုက်မိပြန်ပါသည်။ တကာယ်ဆို အခုချိန်ထိ သူ ထိုကိစ္စနှင့်ပတ်သက်ပြီး တွေဝေနေဆဲရှိသည်။

ငယ်နှင့်မကိုင်ရှက သူ့ကိုအတူ ကျောင်းတက်စေချင်တာ မှန်သည်။ သူကလည်း သူငယ်ချင်းတွေနှင့်အတူတက်ချင်ပါသည်။ ဒါပေမဲ့ လက်ရှိ သူ့ဘဝအခြေအနေကို တွေးကြည့်ရုံနှင့် ထိုဆန္ဒက ပျောက်သွားစမြဲဖြစ်သည်။

"မကိုင်ရှ ကလည်း အဲဒီကိစ္စကို သိပ်သိချင်နေရှာတာ၊ သူက ငါတို့နှစ်ယောက်နဲ့အတူ ကျောင်းတက်ချင်နေတာ၊ နင် မတက်ဖြစ်မှာ သူ စိုးရိမ်နေတယ်"

"ငယ်ရယ် ငါလည်း တို့သူငယ်ချင်းတွေအတူတက်ချင်တာပေါ့ဟာ၊ ဒါပေမဲ့ မေမေ့ကို ငါသနားတယ်၊ ညီမလေးကိုလည်း ပြန်ငဲ့ရမယ်လေ၊ ငါ့ကို ဆယ်တန်းအောင်တဲ့အထိတောင် မေမေ့ခမြာ အပင်ပန်းခံပြီး အကြော်ရောင်းရှာဖွေခဲ့တာ၊ မေမေ ဒီထက်ပိုပင်ပန်းမှာ ငါ မမြင်ရက်ဘူး"

"ဟင် ဒါဆို နင် ကျောင်းမတက်ဖြစ်ဘူးပေါ့"

"ငါ အဝေးသင်နဲ့ ဘွဲ့တစ်ခုရအောင်တော့ ကြိုးစားမှာပါ"

"မလိုဘူး သား၊ သား သမီးငယ်လေးတို့နဲ့ အတူကျောင်းဆက်တက်ရမယ်"

မေမေ့အသံကြောင့် သူကော ငယ်ပါ လှမ်းကြည့်မိ၏။ မေမေ





မီးဖိုချောင်ထဲက ထွက်လာကာ ဝင်ပြောတာ ဖြစ်သည်။ မုန့်နှစ်တွေ နှယ်ရင်း ထလာဟန်တူသည်။ မေမေ့လက်နှစ်ဖက်စလုံးမှာ မုန့်နှစ်တွေနှင့် ပေကျံဖြူဖွေးနေ၏။

"မေမေ့သားကို တက္ကသိုလ်ကျောင်းကြီးတက်စေချင်လို့ မေမေ စုဆောင်းထားတဲ့ပိုက်ဆံရှိပါတယ် သားရယ်"

မေမေက သူတို့နှစ်ဦးအနီးမှာ ဝင်ထိုင်ရင်းပြောသည်။

"သား ဘာမှမပူနဲ့၊ သား ဘွဲ့တစ်ခုရတဲ့အထိ မေမေ အလုပ်လုပ်နိုင်ပါသေးတယ်၊ သား ကျောင်းဆက်တက်ပါ"

"မေမေရယ် ညီမလေးလည်း ရှိသေးတယ်လေ"

သူ့စကားကို မေမေ အပြုံးနွေးနွေးနှင့် တုံ့ပြန်ကြည့်ရင်း

"သားရယ် အရင်ကလည်း သားနဲ့သမီးကို မေမေ တာဝန်ယူခဲ့တာပါကွယ်၊ မေမေ ဘာလို့ တာဝန်ဆက်မယူနိုင်ရမှာလဲ"

"သားကျောင်းတက်ရင် မေမေ့ကိုလည်း အရင်လို ကူညီနိုင်မှာမဟုတ်ဘူး မေမေ၊ မေမေ သိပ်ပင်ပန်းမှာ"

"မေမေ့ကို ညီမလေး ဝိုင်းကူပေးမှာပေါ့ ကိုကိုရဲ့"

မီးဖိုချောင်တံခါးဝက ရပ်နားထောင်နေသော ညီမလေးရွှေစင်ကပါ ဝင်ပြောလာသည်။

"ကဲ သမီးလည်းရှိတယ်၊ မေမေလည်း နိုင်နင်းတယ်၊ ဒီတော့ သား ဘာမှစဉ်းစားမနေနဲ့၊ ပညာရေးကိုဂရုစိုက်၊ သား ဘွဲ့တစ်ခုရရင် မေမေ ဝမ်းသာပြီ၊ ပြီးရင် သမီးလေးအလှည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ တည်၊ အဲဒီအခါကျ နင်လည်း အလုပ်နဲ့အကိုင်နဲ့ အဆင်ပြေနေပြီ၊ ဒေါ်လေးမြလည်း အရင်လို ပင်ပန်းစရာမရှိတော့ဘူး၊ အွန်စင်လေးကိုလည်း နင် တာဝန်ဆက်ယူနိုင်တယ်"

ငယ်ကပါ ဝင်ပြောရင်း စီမံကိန်း ချပြနေသည်။ မေမေက နောက်ဆုံးယတိပြတ်စကား ဆို၏။

"သမီးငယ်လေး ဘာမှမပူနဲ့ သားကို ဒေါ်လေးမြ တက္ကသိုလ် မရောက်ရောက်အောင် ပို့ပေးမှာ၊ သမီးတို့သူငယ်ချင်းသုံးယောက် အတူတက်ကြရမှာပါ"

"ဝမ်းသာလိုက်တာ ဒေါ်လေးမြရယ်၊ ဒီသတင်းကို မကိုင်ရှိ ကြားရင် သိပ်ဝမ်းသာရှာမှာပဲ"

ငယ် ဝမ်းသာအားရ ဆိုသော စကားကို သူလည်း လက်ခံပါသည်။ မကိုင်ရှိ မျက်နှာလေးက အာရုံထဲမှာ အရိပ်ထင်လာ၏။

သူ့ကိုခင်မင်နှောင်တွယ်သော မကိုင်ရှိ ဒီသတင်းကို ကြားလျှင် ဝမ်းသာမှာသေချာသည်။

"ကဲ ငါပြန်မယ် တည်၊ မကိုင်ရှိ ပြန်လာတဲ့နေ့ကျရင် ဒီသတင်းကို ငါကိုယ်တိုင် သွားပြောမယ် သိလား"

ငယ် နှုတ်ဆက်ပြန်သွားတော့ သူလည်း လှီးဖြတ်ပြီးသော ဘူးသီးတွေကို ရေဆေးဖို့ ရေစည်ရှိရာကို ထွက်ခဲ့၏။

"ဘူးသီးတွေ ရေဆေးပြီးရင် ဇကာနဲ့စစ်ထားလိုက်တော့ သား အားလုံးပြီးပြီ"



"ဟုတ်ကဲ့ မေမေ၊ ခဏနားပြီး မေမေ ရေချိုးနော်၊ သား ရေစည်ဖြည့်ထားလိုက်မယ်"

ရေတွင်းထဲက ရေငင်ကာ ရေစည်ထဲကို သူ ရေပြန်ဖြည့်ပေးထားလိုက်သည်။

မေမေ ရေမိုးချိုးပြီးလျှင် လှိမ်းဖို့ သနပ်ခါးကိုလည်း ညီမလေး အသင့်သွေးပေးထားမှာပဲ ဖြစ်၏။

မေမေ ထူထူပိန်းပိန်း လိမ်းသွားသော သနပ်ခါးတွေက အကြော်ကြော်ရင်း ဆီပူ၊ မီးပူဒဏ်တွေနှင့် ချွေးတရွှဲရွှဲကျကာ ဆိုင်သိမ်းလျှင် ဘာမှမရှိတော့ပါ။

မေမေသည် ဒီအလုပ်နှင့် သူတို့မောင်နှမကို ဖေဖေ မရှိတော့ကတည်းက ရှာဖွေကျွေးမွေးခဲ့တာ ဖြစ်၏။

နေလောင်ဒဏ် လေလောင်ဒဏ်တွေကြောင့် မေမေ့အသားအရေတွေ ညိုညစ်မွဲခြောက်လျက် ဆီပူလောင်ဒဏ်ရာတို့သည်လည်း မေမေ့လက်နှစ်ဖက်မှာအပြည့် ရှိ၏။

ဒါတွေကို မြင်ရတိုင်း သူ့ရင်မှာ မချိ။

အနိုင်းမဲ့သော မေမေ့ကျေးဇူးတွေကိုတော့ သူ ပေးဆပ်နိုင်ဖို့ ကြိုးစားရပါဦးမည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မကိုဦ ရန်ကုန်သွားနေသည့်ရက်တွေမှာ ငယ်ကတော့ အကြော်ဆိုင်လေးကို ရောက်လာတတ်သည်။ ကျောင်းပိတ်ရက်တွေမှာ မေမေ့ရဲ့ အကြော်ဆိုင်မှာပဲ သူ ကူညီဖို့ ရှိတတ်သည်။

မေမေ အကြော်တွေ ကြော်နေချိန်မှာ သူက လာဝယ်သူတွေကို ရောင်းချပေးသည်။ ငယ် ရောက်လာလျှင်တော့ မကိုဦ အကြောင်းတွေ သူ ကြားရ၏။

"ပြန်မလာသေးဘူးဟ မကိုဦ တို့အိမ်က ခြံစောင့်ကြီး ငါ့ကို ပြောလိုက်တာ"

"မကိုဦ ပြောတော့ တစ်ပတ်လောက်ပဲ ကြာမယ်ဆို"

"အေးလေ အခုပဲ ဆယ်ရက်ရှိပြီ၊ ကြည့်ရတာ ရန်ကုန်မြို့ အနှံ့လည်ပြီး မကိုဦ ပျော်နေပုံပဲ"





ငယ့်စကားကို သူ ခေါင်းလေးပဲ ညိတ်မိပါသည်။ ရင်ထဲမှာတော့ မကိုဦ ရန်ကုန်ရောက်နေသည့်ရက်တွေမှာ သတိတရ ရှိနေတာ အမှန်ဖြစ်သည်။

သူ တက္ကသိုလ်တက်ဖြစ်မည့်သတင်းကို မကိုဦ သိစေချင်လှပြီ။ မကိုဦ ဘယ်လောက်ဝမ်းသာသွားမည်လဲဆိုတာ ကြိုတွေးမိသည်။

"သမီးငယ်လေးကို အကြော်တွေ ထည့်ကျွေးဦးလေ သားရဲ့"

မကိုဦ အကြောင်းတွေ နားထောင်ကာ ငယ့်ကို ဘာမှညည့်မခံ ဖြစ်တာမို့ မေမေ သတိပေးသည်။

"ရတယ် ဒေါ်လေးမြ၊ ငယ် အခုလေးတင် အသုပ်တွေ စားလာတာ ဗိုက်ပြည့်နေလို့"

"ဒါဆိုလည်း အန်တီခိုင်တို့စားဖို့ ယူသွားလေ ငယ်ရဲ့"

"အေး ငါးရာဖိုးထည့်လိုက်၊ ပိုက်ဆံမယူရင်တော့ ငါလည်း အကြော်မယူဘူးနော် တည်၊ ဒါ မေမေ ဝယ်ခိုင်းလိုက်တာ"

ငယ်နှင့်မကိုဦ သည် သူတို့မိသားစုတာဝကို နားလည်ကြသူတွေ ဖြစ်သည်။ တစ်ခါတစ်ရံ သူကျွေးမွေးတာကို စားတတ်ပေမယ့် အိမ်ကို ထည့်ပေးလျှင်တော့ အလကား မယူတတ်ကြပါ။

အခုလည်း ငယ်က ငါးရာတန်တစ်ရွက်ကို ထုတ်ပေးနေသည် သူ အလိုက်တသိနှင့် ပိုပိုသာသာလေး ထည့်ပေးလိုက်သည်။

"ဟဲ့ တည် ကြည့်လည်းလုပ်ဦး၊ နင့်မေမေ အရှုံးပေါ်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



“အမလေးတော် သမီးတို့စားလို့ ကျွေးရလို့ ဒေါ်လေး အရင်းမြှုတ်ပါဘူး စားကြပါတော်”

“နောက်တာပါ ဒေါ်လေးမြရဲ့၊ ဒေါ်လေးမြရဲ့စေတနာကို သမီးတို့ သိပါတယ်၊ ကဲ တည်ရေ ငါ ပြန်ဦးမယ်”

“အေး အေး”

စက်ဘီးလေး နင်းကာ ထွက်သွားသော ငယ့်ကိုကြည့်ကာ သူ ပင့်သက်လေး ရှိုက်မိသည်။ မူလတန်းကျောင်းသားဘဝကတည်းက ခင်မင်ခဲ့ရသော သူငယ်ချင်းတွေထဲမှာ ငယ်နှင့်သူသည် ပိုလို့အကျွမ်းဝင်ဆုံးဟု ဆိုရမည်။

ငယ်တို့အိမ်နှင့် သူ့အိမ်က တစ်လမ်းပဲခြားသည်။ သက်တူရွယ်တူတွေမို့လည်း စကားမပီတပီ ကစားတတ်စအရွယ်ကတည်းက ခင်မင်ခဲ့ကြတာဖြစ်သည်။

“ပန်းမြတ်မကိုင်ရှ” ဆိုသော မကိုင်ရှ နှင့်တော့ မူလတန်းကျောင်း မတက်ခင်အရွယ်လောက်မှာ သူ စတင်သိကျွမ်းခင်မင်ခဲ့တာ ဖြစ်သည်။

ဒါကလည်း ငယ်က အတူကစားဖို့ ခေါ်သွားတာကြောင့် သိကျွမ်းခဲ့ကြခြင်းပင် ဖြစ်၏။

“သူက ငုဝါလမ်းထဲမှာ နေတာဟ၊ နှစ်ထပ်ပျဉ်ထောင်အိမ်အကြီးကြီးကလေ၊ သူတို့ခြံကြီးကလည်း အကျယ်ကြီးပဲ”

“ငုဝါလမ်းထဲက ငါမသိဘူး”

“နင် ဘယ်သိမှာလဲ တည်ရဲ့၊ သူက ဒီမြို့မှာမှမနေတာ၊ မန္တလေးက အဘွားနဲ့နေတာတဲ့၊ အခု သူ့အဘွားဆုံးလို့ သူ့မိဘအိမ်ပြန်လာတာ၊ ဒီမှာပဲ ကျောင်းတက်မှာတဲ့”

ငယ်က ပန်းမြတ်မကိုင်ရှ အကြောင်းတွေ ပြောပြ၍ သူသိရသည်။ သံဆူးကြိုးခြံဝင်းကြီးနှင့် ခြံကြီးရှေ့ရောက်တော့

“ဟေး နှင်းနှငယ် သူငယ်ချင်း”

အသံစူးစူးလေးနှင့် ငယ်ကို ဆီးကြိုနှုတ်ဆက်သော ကောင်မလေးကို သူ တွေ့လိုက်ရသည်။

ဂုတ်ဝဲဆံပင်တိုတိုလေးနှင့် အနီရောင်ဂါဝန်လေး ဝတ်ထားသော ကောင်မလေးက သူတို့နှင့် သက်တူရွယ်တူလောက်ပဲ ရှိမည်။

အသားလေးတွေ ဖြူဝင်းဝါညက်ကာ မျက်ဝန်းဝိုင်းဝိုင်းလေးတွေကလည်း အပြုံးရိပ်တွေ ကြည်လင်နေသည်။

“မကိုင်ရှ ဒီမှာ မနေက နင့်ကိုငါပြောတဲ့ငါ့သူငယ်ချင်းလေ နာမည်က ရဲရင့်တည်တဲ့၊ သစ္စာလမ်းမှာနေတာ”

ငယ် ပြောတော့ ကောင်မလေး ခေါင်းလေးညိတ်ကာ သူ့ကို ကြည့်၏။ အပြုံးတွေကတော့ ကြည်လင်နေဆဲပဲရှိ၏။

“သမီးလေး”

ကောင်မလေးနောက်မှ လျှောက်လာသော အဒေါ်ကြီးတစ်ယောက်ကို သူ မြင်လိုက်ရသည်။ အသားဖြူဖြူနှင့် ချောမောသော ရုပ်သွင်က ရှင်းသန့်နေသည်။

နက်မှောင်သော ဆံပင်တွေကို နောက်လှန်သိမ်းကာ ဆံထုံး







www.burmeseclassic.com

www.burmeseclassic.com



နှင့်စုနှောင်ထားတာမို့ မျက်နှာက ပိုလို့ပေါ်လွင်သည်။

"မေမေ ဒီမှာ သမီးသူငယ်ချင်းတွေ"

အကြည့်တွေက သူတို့ဆီ ရောက်လာသည်။ မျက်ခုံးများ[illegible] တွန့်ကျုံ့ကာ စူးစူးစိုက်စိုက်ကြည့်သော အကြည့်တွေကို သူ ရင်ဆိုင်[illegible] မဝံ့ရဲသလို ခံစားရသည်။

သူတို့ရဲ့ ယိုင်နဲ့နဲ့ပျဉ်ထောင်အိမ်အိုသေးသေးလေးနှင့် အလွန်[illegible] ကွာခြားလှသော အိမ်ကြီးနှင့် ခြံကြီးကို မြင်ကတည်းက သူ တွန့်ဆုတ်[illegible] နေခဲ့တာ ဖြစ်၏။

ယခု မြင်လိုက်ရသော အိမ်ကြီးက ငယ်တို့ရဲ့လှပသော ပျဉ်[illegible] ထောင်အိမ်လေးထက်တောင် ထည်ဝါနေ၏။

"ဒီက သမီးလေးက နှင်းနုငယ် မဟုတ်လား ဟိုကလေးက"

"သူက ရဲရင့်တည်ပါ အန်တီ၊ သမီးသူငယ်ချင်းပဲ သမီးတို့[illegible] အတူကစားဖို့ ခေါ်လာတာပါ"

"ဟုတ်တယ် မေမေ သမီးမှာ သူငယ်ချင်းနှစ်ယောက်တော[illegible] ဖြစ်သွားပြီလေ၊ ကျောင်းတက်ရင် ပျော်စရာကြီးပဲ"

"အင်း အင်း ကဲ အထဲဝင်ကြ၊ ခြံထဲမှာပဲ ကစားကြနော်[illegible] ထိမိခိုက်မိမယ့် ကစားနည်းတွေ မကစားကြနဲ့ ဟုတ်လား"

သည်လိုနှင့် ပန်းမြတ်မကိုဋ္ဌ ဆိုသော သူငယ်ချင်းတစ်ယောက်[illegible] ကို ငယ်နှင့်ပတ်သက်ကာ သူ ရခဲ့သည်။

မကိုဋ္ဌ တို့ခြံထဲမှာပဲ မနက်တစ်ခါ၊ ညနေတစ်ခါ သူနှင့်ငယ်[illegible]





[illegible]ဘူလာကစားပေးကြသည်။ မကိုဋ္ဌ မေမေက မကိုဋ္ဌ ကို ခြံအပြင်ထွက် [illegible]ဘာ့ခွင့်မပြုပါ။

သူတို့နှင့်ပဲ ခြံထဲမှာ စိတ်ကြိုက် ကစားခွင့်ပြုသည်။ စားစရာ [illegible]မုန့်တွေလည်း ကျွေးမွေးတတ်သည်။

မန္တလေးက အဘွားဖြစ်သူအိမ်မှာ တစ်နှစ်သားအရွယ်ကတည်း [illegible]ထ သွားနေသော ပန်းမြတ်မကိုဋ္ဌ လေးအိမ်မှာ ပျော်ရွှင်အောင် ထားပေး [illegible]ခြင်းဟု သူတို့ သိခဲ့ကြသည်။

ကျောင်းတွေတက်တော့လည်း သူတို့ ငယ်သူငယ်ချင်းသုံး [illegible]ယောက် အတူတူ ရှိခဲ့၏။

တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်စွာ ဘယ်တုန်းကမှ ရန် [illegible]မဖြစ်ဘူးသော သူတို့သုံးယောက်ရဲ့ခင်မင်မှုကို မကိုဋ္ဌ မိခင်ဒေါ်ပန်းမြတ် [illegible]ကတော့ အသိအမှတ်ပြုခဲ့သည်။

ဒါကြောင့်လည်း မကိုဋ္ဌနှင့်ခင်မင်ခွင့် ခြံထဲဝင်ထွက် ကစားခွင့် [illegible]ကို အစဉ်ပေးထားခဲ့သည်။

ရှစ်တန်းနှစ်ရောက်မှတော့ ဒေါ်ပန်းမြတ် ဆက်ဆံမှုတွေက [illegible]သိသာစွာ ပြောင်းလဲသွားခဲ့သည်။

"နှင် သတိထားမိလား တည်၊ မကိုဋ္ဌ မေမေ ငါတို့ကို ဆက်ဆံ [illegible]ပုံက အရင်လို မဟုတ်သလိုဘဲ"

ငယ် ဖွင့်ပြောမလာခင်ကတည်းက သူ သတိထားမိသည့်ကိစ္စ [illegible]ဖြစ်သည်။ မကိုဋ္ဌ မေမေ ဒေါ်ပန်းမြတ်က ကျောင်းပိတ်ရက် သူတို့အိမ်

www.burmeseclassic.com

www.burmeseclassic.com



လာတာကိုပင် အလိုကျပုံမရှိတာ သတိထားမိသည်။

"မင်းတို့ မူလတန်းကလေးလေးတွေ မဟုတ်ကြတော့ဘူးနော် ပညာရေးကို အရင်ကထက် ပိုကြိုးစားသင့်တယ်၊ ပြေးလွှားခုန်ပေါက် ကစားကြရမယ့် အရွယ်တွေလည်း မဟုတ်တော့ဘူး"

ဒေါ်ပန်းမြတ် ဆိုလိုရင်းကို သူ ဘာလိုလို နားလည်နေခဲ့သည် ရှစ်တန်းကျောင်းသား ကျောင်းသူအရွယ်ထိတိုင် သူတို့ခင်မင်မှုသံယောဇ် တွေက ဖြူစင်ခိုင်မြဲခဲ့ကြသည်။

ဒါပေမဲ့ ပြောင်းလဲလာသော အရွယ်တွေက ဥပေက္ခာပြုထား မရတာလည်း အမှန်။

ငယ်နှင့် မကိုင်ရှို့ တို့သည် ဂါဝန်ဖားဖားလေးတွေနှင့် ကျောင်း တွေ မဟုတ်တော့ပါ။ ရင်ဖုံးအင်္ကျီဖြူနှင့် ကျောင်းစိမ်းလုံချည်တွေ ဝတ်ဆင်နေရသော အပျိုစင်လေးတွေ ဖြစ်နေကြပြီ။

အထူးသဖြင့် မကိုင်ရှို့ ပဲဖြစ်သည်။ ဝင်းမွတ်ကြည်လင်သော အသားအရေနှင့် ချောမောရှင်းသန့်သော မျက်နှာလေးက ပိုလို့ချစ်စရာ ကောင်းလာသည်။

အထက်တန်းကျောင်းက ကျောင်းသားကြီးတွေတောင် ပန်းမြင် မကိုင်ရှို့ နာမည်ကို နှုတ်ဖျားက ချီးကျူးမဆုံးကြပါ။

ဒါတွေကြောင့်လည်း ဒေါ်ပန်းမြတ်ရဲ့ ဆက်ဆံမှုတွေ ပြောင်း လာခြင်းဟု သူ ထင်သည်။

အသားရောင်လေးညိုညက်ဝါဝင်းပြီး မျက်ခုံးမျက်ဝန်းလှ





သတွေနှင့် အမြဲတမ်း ချိုပြုံးနေသော နှင်းနုငယ်သည်လည်း ကျစ်ကျစ် လျစ် ခန္ဓာကိုယ်လေးနှင့် ပြောင်းလဲလာတာပဲဖြစ်၏။

သို့ပေမယ့် ငယ်ရဲ့မိဘတွေက သူနှင့်ငယ်ရဲ့ဆက်ဆံရေးအပေါ် ကြည်လင်ဆဲရှိသည်။ မကိုင်ရှို့ မေမေကမှ ဘာကြောင့် တားဆီးနေ သည်လဲ။

အဖြေကို သူ့စိတ်က သေချာနားလည်ပါသည်။

မကိုင်ရှို့ နှင့်သူ့ဘဝက မိုးနဲ့မြေလို ကွာခြားသည်။ မကိုင်ရှို့ မိဘ က ချမ်းသာပြည့်စုံသူတွေ။ သူ့မေမေက အကြော်ရောင်းကာ ဝမ်း ကို ရှာဖွေစားသောက်ရသူ။

ဒါတွေက ဒေါ်ပန်းမြတ်အတွက် လက်ခံကျေနပ်စရာမဟုတ် တော့ သေချာ၏။

သူ့ဘက်ကလည်း နားလည်စွာနှင့် ဒေါ်ပန်းမြတ် ဆန္ဒအတိုင်း က်ဆုတ်ရှောင်ခဲ့သည်။ ဒါပေမဲ့ ကျောင်းမှာတော့ သူတို့သူငယ်ချင်း ယောက် မခွဲမခွာ ရှိခဲ့သည်။

အခုလည်း တက္ကသိုလ်မှာသုံးယောက်အတူတက်ရမည့် အခြေ နေအတွက်ဝမ်းသာမိသည်။

"ဟဲ့ သား ဝယ်သူရောက်နေပြီလေ"

"ဗျာ"

မေမေ့အသံကြားမှ သူ အတွေးတွေက လန့်နိုးတော့၏။ အကြော် ရှေ့မှာ ဝယ်သူရောက်လာတာတောင် မျက်လုံးတွေက မမြင်မိသည့်

www.burmeseclassic.com



အဖြစ်။

"ဟုတ် ဟုတ်ကဲ့ ယူပါ ဦးလေး ဘာအကြော်တွေ ယူမှာလဲ"

လွှင့်နေသော စိတ်အာရုံကို ခေါက်သိမ်းကာ လက်ရှိဘဝထဲ သူ အာရုံပြန်ပို့လိုက်ရပါသည်။

■ ■ ■





## အခန်း (၅)

ကြည်လင်နေသော မျက်နှာလေးက ချက်ချင်းပဲ ညှိုးကျသွားခဲ့ကာ မျက်နက်ဝန်းလေးတွေထဲမှာ မျက်ရည်လေးတွေ ဝဲတက်လာသည်။

မကိုင်နှ ကိုကြည့်ကာ ငယ် စံနောက်မိတာတောင် နောင်တရချင်ချင် ဖြစ်သွားမိသည်။

"တည် တည်က တကယ် ငါတို့နဲ့အတူ မတက်နိုင်တော့ဘူးပေါ့ ဟုတ်လား ငယ်ရယ်"

စကားအဆုံး အသံတွေ တိမ်ဝင်ကာ မျက်ရည်တွေက ပေါက်ခနဲ သို့စီးကျလာ၏။

"မကိုင်နှ နင်ငိုနေတယ် ဟုတ်လား"

စီးကျလာသော မျက်ရည်တွေကို တအံ့တသြလေးကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ငယ် မေးမိသည်။ တည်နှင့်ပတ်သက်ပြီး မကိုငြိမ်း ဒီလောက်အထိ ခံစား
လိမ့်မည်ဟု မထင်ခဲ့တာလည်း အမှန်ဖြစ်သည်။

"ငယ်ရယ် ငါ ငါလေ တည်ရယ် နှင်ရယ် ငါတို့အတူတက်ဖို့
မျှော်လင့်ထားခဲ့တာပါဟယ်၊ ဒါပေမဲ့ တည် မတက်နိုင်ဘူးဆိုတော့ ငါ
အရမ်းဝမ်းနည်းတယ်ဟာ"

ပြောရင်း မကိုငြိမ်း ပါးပြင်နှစ်ဖက်ပေါ်က မျက်ရည်တွေ ယိုစီးကျ
လာပြန်သည်။ ဒါဖြူစင်သော သူငယ်ချင်းတွေကြားက သံယောဇဉ်ဆိုတာ
ထက်တော့ ပိုနေပြီထင်၏။

"ငါလေ နှင်တို့တွေနဲ့ အတူတက်ချင်လွန်းလို့ မေမေတို့က
ရန်ကုန်မှာ ကျောင်းတက်ဖို့ စီစဉ်တာကို ငြင်းခဲ့တယ်"

"ဘယ်လို နှင့်ကို ရန်ကုန်မှာ ကျောင်းတက်ခိုင်းကြတယ်"

"ဟုတ်တယ် ငယ်၊ အခု ငါတို့ရန်ကုန်မှာ တည်းတဲ့အိမ်က
ဖေဖေ့ရဲ့မိတ်ဆွေတစ်ယောက်အိမ်လေ၊ ငါ ရန်ကုန်မှာ ကျောင်းတက်မယ်
ဆိုရင် သူက အားလုံးတာဝန်ယူ စီစဉ်ပေးမယ်တဲ့၊ ငါ ငြင်းခဲ့တာ နှင်
တို့နဲ့အတူတက်ချင်လို့ပါ ငယ်ရယ်"

မကိုငြိမ်း ရန်ကုန်သွားသည်ကို အလည်အပတ် သဘောပဲဟု
ငယ်တို့ ထင်ခဲ့ကြသည်။ မကိုငြိမ်း မိဘတွေက ရန်ကုန်မှာကျောင်းတက်စေ
ချင်ကြသည်လား။ မကိုငြိမ်း မေမေကို မကိုငြိမ်း ဘယ်လောက်ဆန့်ကျင်ခဲ့
သည်ဆိုတာကို ငယ် နားလည်မိပါသည်။

မကိုငြိမ်း ပြန်ရောက်သည်ဆိုတော့ ငယ် အပြေးရောက်လာခဲ့သ



မကိုငြိမ်း ကို နောက်ပြောင်ချင်တာကြောင့်ပဲ ဖြစ်သည်။

တည် တက္ကသိုလ်မတက်ဖြစ်ဘူးဟု ပြောလိုက်သည်နှင့် မကိုငြိမ်း
မျက်စိမျက်နှာပျက်ကာ မျက်ရည်တွေ စီးကျလာတော့၏။

မကိုငြိမ်း မျက်ရည်တွေနှင့်ဝမ်းနည်းမှုတွေကို ဆက်မမြင်ရက်တော့
သာမိုလည်း

"မကိုငြိမ်း ငါ နောက်တာပါဟယ်၊ တည်က ငါတို့နဲ့အတူ ကျောင်း
တက်မှာပါ"

"ဟင် တကယ် တကယ်လား ငယ်"

အငိုမျက်နှာလေးနှင့် မော့ကာ မယုံသလို မေးနေပြန်သည်။

"တကယ်ပါဟ ငါက နှင် ဘယ်လိုနေမလဲသိချင်လို့ နောက်
တာပါ"

"ငယ်ရယ် ဒါ နောက်စရာလား၊ ငါက တကယ်ထင်လို့"

မျက်ဝန်းက မျက်ရည်တွေနှင့် မကိုငြိမ်း ပြုံးသည်။ စောစောက
ကြေကွဲဝမ်းနည်းနေသော မျက်နှာလေးက အခုတော့လည်း အပြုံးလေး
နှင့် ချစ်စရာကောင်းနေခဲ့ပြန်သည်။

"မကိုငြိမ်း နှင် တည့်ကို တကယ် သံယောဇဉ်ကြီးတာပဲနော်"

"ငယ်ရယ် ငါတို့တွေက ငယ်ပေါင်းကြီးဖော်တွေပဲ၊ နှင်ကော
တည့်ကို သံယောဇဉ် မကြီးလို့လား"

"ငါလည်း နှင်နဲ့တည်ကို အခင်မင်ဆုံး သံယောဇဉ်အရှိဆုံး
ပါ မကိုငြိမ်း၊ ဒါပေမဲ့ နှင့်ရဲ့သံယောဇဉ်က နည်းနည်းပိုနေတယ်လို့ ငါ

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်''

မကိုဠ် မျက်နှာလေး ပန်းနုရောင်သမ်းသွားတာကိုလည်း ငယ် အသေအချာ မြင်လိုက်ပါသည်။

''မညာနဲ့ မကိုဠ် နင့်မျက်လုံးတွေက ညာလို့မရဘူး၊ စောစော က နင်ငိုလိုက်တာ ငါ တော်တော် အံ့ဩသွားတယ်''

''ငါ တကယ် ဝမ်းနည်းသွားတာပါ ငယ်ရယ်၊ တည် ဖြစ်ဖြစ် နင်ဖြစ်ဖြစ် တစ်ယောက်ယောက် မတော်ဖြစ်ရင် ငါ မျက်ရည်ကျမိမှာပဲ''

မကိုဠ် ရဲ့နူးညံ့သော နှလုံးသားနှင့်စိတ်ထားကိုတော့ ငယ် ကောင်းကောင်းသိပါသည်။ သူငယ်ချင်းတွေကို မကိုဠ် သံယောဇဉ်ကြီး လွန်း၏။

''နင် သူငယ်ချင်းတွေကို သံယောဇဉ်ကြီးတာ ငါ သိပါတယ် ဒါပေမဲ့ တည်အပေါ်မှာတော့ နင် ပိုမိုတာ ငါ အသိဆုံးပဲ မကိုဠ်၊ နင် ငြင်းလို့မရဘူး''

ငယ် အပိုင်ပြောတော့ မကိုဠ် လည်း မငြင်းပါ။ ခေါင်းလေးငုံ့ ကာ ပန်းသွေးရောင်မျက်နှာလေးက ရှက်သွေးဖြာနေတာ အထင်အရှား။

အချစ်ဆိုတာ သံယောဇဉ်တွေနှင့် နှောင်ဖွဲ့ဖြစ်တည်သော အရာလား။ ငယ် အသေအချာမသိပေမယ့် လက်ခံချင်သည်။

တည်နှင့်မကိုဠ် တို့အဖြစ်က သက်သေပဲဖြစ်၏။ ငယ်စဉ်က တည်းက ဖြူစင်သော သံယောဇဉ်တွေနှင့် ဒီသူငယ်ချင်းသုံးယောက်ကြား မှာ ခိုင်မြဲစွာ နှောင်တွယ်ခဲ့ကြတာ ဖြစ်သည်။





ဒါပေမဲ့ သံယောဇဉ်တွေကို အရောင်ပြောင်းစေခဲ့တာ ပြောင်းလဲ လာသော အသက်အရွယ်တွေကြောင့်ပဲ ထင်၏။

''မကိုဠ်''

''ဘာလဲ ငယ်''

''ငါ မေးတာကို နင် အမှန်အတိုင်း ဖြေမလား''

''ဘာမေးမလို့လဲ ငယ်ရဲ့ မေးလေ''

''တည်ကို နင် အရမ်းသံယောဇဉ်ကြီးတာပဲလား''

''ဟင် ငယ်ကလည်း ငယ်ငယ်ကတည်းက ပေါင်းလာတဲ့ သူ ငယ်ချင်းတွေပဲ သံယောဇဉ်ရှိတာပေါ့''

''မဟုတ်ဘူး သူငယ်ချင်းထက်ပိုတဲ့ သံယောဇဉ်မျိုး''

''ဟင် ဘယ်လို''

မျက်နက်ဝန်းလေးတွေ ဝိုင်းစက်ကာ မကိုဠ် ကြည့်တော့ ငယ် သဘောကျသလို ရယ်လိုက်ရင်း

''တည်ကော ငါတို့ ကလေးတွေ မဟုတ်တော့ဘူးလေ မကိုဠ် ရဲ့၊ နင့်ရင်ထဲကို ငါမြင်နေသလိုပဲ၊ တည့်ကို နင် ချစ်နေသလား''

''ဟယ် ငယ်ရယ်''

ရဲရဲနီသွားသော မကိုဠ် မျက်နှာလေးကိုကြည့်ကာ ငယ်ကတော့ သဘောကျစွာ ရယ်မောနေမိဆဲ။

တကယ်ဆို တည်နှင့်မကိုဠ်ကို ငယ် ချစ်သူရည်စားတွေ ဖြစ် စေချင်သည်။ သူငယ်ချင်းမလေး ပန်းမြတ်မကိုဠ် ဆိုတာ စတိတ်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာတုန်းက အလှဆုံးထဲက အလှဆုံးတစ်ယောက် ဖြစ်သည်။

နက်မှောင်နေသော ဆံနွယ်တွေက ကျောလယ်သာသာအထိ ဝဲကျလျက် နုညက်သော မျက်နှာလေးက အပြစ်ဆိုရက်စရာမရှိအောင် ချောမောသည်။

မျက်ခုံးတန်းတန်းလေးက ကိုင်းညွတ်လျက် မျက်နက်ဝန်းလေးတွေက ဝိုင်းစက်ကြည်လဲ့နေ၏။ နှာတံစင်းစင်းလေးသည် ချွန်မြလွန်းနေတာ မဟုတ်ဘဲ ကြည့်ကောင်းသည်။

နှုတ်ခမ်းဖူးဖူးလေးက နုကိုဝိုလဲ့နီမြန်းနေ၏။ မကိုင်း မျက်နှာလှလှလေးနှင့် လိုက်ဖက်သည့် ခန္ဓာကိုယ်လေးက ကျစ်လျစ်သော အချိုးအဆစ်ကို ပိုင်ဆိုင်ထားသည်။

စတိတ်ကျောင်းမှာတုန်းကတောင် မကြာခဏ ရည်းစားစာတွေ လိုက်ပေးခံရသော မကိုင်း တက္ကသိုလ်ကျောင်းသူကြီးဘဝရောက်လျှင်တော့ ယောကျာ်းလေးတွေ ဝိုင်းနေမှာသေချာ၏။

"မကိုင်း နင်က သိပ်ချောတော့ တက္ကသိုလ်ရောက်ရင် ယောကျာ်းလေးတွေ ဝိုင်းနေမှာပဲ၊ ငါကတော့ နင့်ကို တည်နဲ့ပဲ သဘောတူတယ်ဟာ"

"ဟယ် ငယ်ရယ် ဘာတွေပြောနေတာလဲ"

"ဟုတ်တယ်လေ တည်ကလည်း ချောတာပဲ၊ နင်နဲ့သိပ်လိုက်ဖက်မှာ သေချာတယ်၊ ငါက ငါ့သူငယ်ချင်းနှစ်ယောက်ကို နီးစပ်စေချင်တယ်"





ငယ့်စကားကို မကိုင်း အရှက်မျက်နှာလေးနှင့် ငြိမ်သက်နေသည်။ မကိုင်း မျက်ဝန်းလေးတွေထဲမှာ ငယ် တစ်ခါမှ မမြင်ဖူးသော ရောင်စဉ်တွေ ဖြာလဲ့နေသည်ဟု ထင်သည်။

ဒါ သံယောဇဉ်နှင့် ဖွဲ့တည်သော ချစ်ခြင်းတွေပဲလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ကျောင်းတွေဖွင့်တော့ မကိုင်္ခ စီးပွားရေးတက္ကသိုလ်ကိုပဲ တက်
ဖြစ်သည်။ တည်ကလည်း စီးပွားရေးတက္ကသိုလ်ကိုပဲ ရွေးချယ်သည်။

ငယ်ကတော့ သချ်ာအဓိက ရွေးဖြစ်တာကြောင့် မေဂျာကွဲ
သွားခဲ့၏။

"နင်တို့နှစ်ယောက်ကတော့ မေဂျာတူ ကျောင်းတူပဲနော်၊ ငါ
ကတော့ သင်းကွဲမျောက်ဖြစ်ပြီ"

ငယ်ဆိုတော့ မကိုင်္ခ ပြုံးမိရင်း

"ငယ်ရယ် မေဂျာမတူပေမယ့် ငါတို့ အမြဲတမ်း တွေ့နေနိုင်တာ
ပဲဟာယ်"

"ဟုတ်သားပဲ ငယ်ရဲ့၊ တို့တွေ အမြဲဆုံနေကြမှာပဲဟာ"





တည်ကလည်း အားပေးစကားဆိုသည်။ တကယ်လည်း ကာလပ်စ်အားချိန်တွေမှာ မကိုင်္ခ တို့သူငယ်ချင်းသုံးယောက် အမြဲတပူးတွဲတွဲ ရှိခဲ့ပါသည်။

သုံးယောက် အမြဲတမ်း အတူမရှိနိုင်ပေမယ့်လည်း တည်နှင့်အတူ မေဂျာတူတက်ခွင့်ရသည်ကိုတော့ မကိုင်္ခ ကျေနပ်မိ၏။

"တည် နင်က မကိုင်္ခနဲ့အမြဲ အတူရှိနေတာဆိုတော့ မကိုင်္ခကို စောင့်ရှောက်နော်၊ ဘယ်ကျောင်းသားမှ အနားအကပ်မခံနဲ့"

ငယ်က သတိပေးသလိုဆိုတော့ တည် ပြုံးပြုံးလေး ကြည့်ရင်း

"ဒါတော့ဟာ မကိုင်္ခကို ငါ တားမြစ်လို့ရတဲ့ကိစ္စမှ မဟုတ်တာ၊ မကိုင်္ခက လက်ခံရင် ငါဘာတတ်နိုင်မှာလဲ"

"အံမယ် တည်နော် ပေါက်ကရ မပြောနဲ့၊ ငါ ဘယ်ကျောင်းသားကို ခင်မင်လို့လဲ၊ နင်တစ်ယောက်ပဲ ရှိတာ"

"ပြောလို့မရဘူးလေ၊ ကျောင်းသားအားလုံးက နင့်ကိုကွင်းဘွဲ့ပေးထားတာလေ၊ စာသင်ချိန်တောင် ကော်ရစ်တာမှာ ရစ်သီရစ်သီလုပ်နေကြတဲ့ ကျောင်းသားတွေ နေ့တိုင်းပဲ"

"ဟယ် ဟုတ်လား တည် အဲဒီကောင်တွေကို နင် ဂရုစိုက်နော်"

ငယ် စိုးရိမ်မျက်ဝန်းတွေနှင့်ကြည့်ကာ ပြောလာတော့ မကိုင်္ခ မျက်စောင်းလေးထိုးလိုက်ရင်း

"ဒီမှာ ဒေါ်နုငယ် တည်ပြောတဲ့စကားတွေချည်း ရှင် နားယောင်မနေနဲ့၊ ရှင့်သူငယ်ချင်း ရဲရင့်တည် ကလည်း ကျုပ်တို့ အိမ်ကိုမှာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေမင်းသားတစ်ပါး ဖြစ်နေတာ သိလား''

''ဟင် တကယ်လား တည်''

ဒီတစ်ခါတော့ ငယ် အကြည့်စူးစူးလေးတွေ တည်ဆီကို ပြန်ဦးတည်သွားခဲ့ကာ

''ကြည့်စမ်း ကြည့်စမ်း တည် နင်က ဒါကို သဘောမနောတွေ ခွေ့နေတာပေါ့လေ ဟုတ်လား တည်နော် ငါတို့နှစ်ယောက်ကလွဲပြီး နင် တခြားကောင်မလေးတွေနဲ့ မပတ်သက်နဲ့နော်''

''ငယ်ရယ် မကိုင်နှပြောတာကို နင်က ယုံနေသလား၊ စိတ်ချ ငါ့မှာ သူငယ်ချင်းနှစ်ယောက်ပဲရှိတယ် တခြားဘယ်သူ့ကိုမှ ငါ မခင်ဘူး''

''အေး ရှတ်ရှတ် ရှတ်ရှတ် အသံကြားရင်တော့ မလွှယ်ဘူး''

ငယ်ကတော့ မကိုင်နှင့်တည်တို့ကို တကယ့်အစ်မကြီး တစ်ယောက်လို ဆုံးမမာန်မဲနေခဲ့သည်။

တည်ကလည်း ငယ့်စကားတွေကို ပြုံးပြုံးလေးနှင့်ပဲ နာခံသူ ဖြစ်ခဲ့၏။ ကျောင်းမှာတော့ ရဲရင့်တည် ဆိုသော တည်သည် မိန်းကလေး တွေကြားမှာ ပေါ်ပြူလာ မင်းသားတစ်ပါး ဖြစ်သည်။

တည်၏ရှင်းသန့်ချောမောသော ရုပ်သွင်နှင့်မြင့်မားသော အရပ် အမောင်းနှင့် လိုက်ဖက်ညီသော ခန္ဓာကိုယ် ပြေပြစ်မှုက ငေးလောက် အောင် ရှိတာကြောင့်လည်း ဖြစ်မည်ထင်၏။

ဒါပေမဲ့ အနေတည်သော တည်သည် ဘယ်မိန်းကလေးနှင့်မှ တရင်းတနှီး မရှိပါ။ ကျောင်းမှာ မကိုင်နှင့်ပဲ တည်က အတွဲများ၏





''မကိုင်နှ နင့်နဲ့ရဲရင့်တည်က ဘာလဲ''

မကိုင်နှရဲ့ အတန်းဖော် သူငယ်ချင်းတွေကတောင် မေးလာကြ၏။

''တည်နဲ့ငါက သူငယ်ချင်းတွေပါ''

''မယုံပါဘူး နင်တို့ပုံစံတွေက ဒီထက်ပိုမှာ သေချာတယ်''

''ဟုတ်တယ် မကိုင်နှ ဘာလဲ နင်တို့က ငယ်ပေါင်းကြီးဖော် ချစ်သူရည်းစားတွေလား''

မကိုင်နှ ပြုံးပြုံးလေးနှင့်ပဲ ငြိမ်သက်နေလိုက်မိပါသည်။ တကယ် ည်း တည်အပေါ်မှာ မကိုင်နှရဲ့ခင်မင်မှုတွေက အဖြူရောင်မဟုတ်တော့ ာ သေချာနေခဲ့သည်ပဲ။

ငယ်ပြောသလို တည်အပေါ်မှာ မကိုင်နှရဲ့ချစ်ခြင်းသံယောဇဉ် ွေ ပိုမိုနေခဲ့တာ ဝန်ခံချင်ပါသည်။

ဒါပေမဲ့လည်း

တည်ရဲ့ နှုတ်က ဝန်ခံစကားတစ်ခွန်းကတော့ ဆွံ့အတိတ်ဆိတ် ငြိမ်နေဆဲပါလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"နှင့်ကိုချစ်တယ်လို့ စကားတစ်ခွန်းပြောဖို့အတွက် တည်
ခက်ခဲဦးမှာ အမှန်ပဲလေ"

ငယ်နှင့်နှစ်ယောက်တည်းဆုံတော့ ဝေဖန်ချက် စကားကို ကြ
သည်။ စာသင်ရက်တွေ တစ်ရာကျော် သုံးလခွဲတိုင်ခဲ့သည်အထိ တည်
ဆက်ဆံမှုတွေက မကိုင်နှ အပေါ် မပြောင်းလဲခဲ့ပါ။

နေ့စဉ် တည်နှင့်မကိုင်နှ ဆုံတွေ့ချိန်တွေက အများကြီးရှိသည်
ကျောင်းသွားကျောင်းပြန်အချိန်တွေသာမကဘဲ ကလပ်စ်နားချိန်တွေ
လည်း ကင်တင်းနိမှာ နှစ်ယောက်အတူ ထိုင်ဖြစ်ကြသည်။

ဒါပေမဲ့ တည့်နှုတ်က မကိုင်နှ မျှော်လင့်စကားတွေကို အ
အယောင်မျှတောင် မကြားခဲ့ရ။



"မကိုင်နှ စဉ်းစားကြည့်လေ၊ တည်က မတူညီတဲ့ ဘဝတွေ
အတွက် တွေးပြီးဝမ်းနည်းနေတာ၊ နှင့်ကိုဖွင့်ပြောဖို့ အတွက် အဲဒီ
အခြေအနေဆိုတဲ့အရာကြီးက သူ့ကိုတားဆီးထားတာ ဖြစ်မှာ"

ငယ့်စကားကို မကိုင်နှ လက်ခံပါသည်။ တကယ်လည်း တည်နှင့်
ကိုင်နှ တို့ကြားက ထိုအခြေအနေကြီးက နှစ်ဦးကြားမှာ တံတိုင်းကြီး
သဲခုဖြစ်နေခဲ့တာပဲ ဖြစ်၏။

တည်နှင့်အတူ ကျောင်းတက်ရမည်ဆိုတော့ အလိုမကျစွာ
တိပေးခဲ့သော မေမေ့စကားတွေကို မကိုင်နှ မှတ်မိနေဆဲဖြစ်သည်။

"ရဲရင့်တည်ကလည်း စီးပွားရေးတက္ကသိုလ် တက်မှာပဲလား"

"ဟုတ်တယ် မေမေ၊ တည်လည်း စီးပွားရေးယူတာလေ၊ ငယ်
သချ်ာမေဂျာရတယ်"

"သမီးနဲ့ရဲရင့်တည် မေဂျာအတူတက်မှာကို မေမေတော့
သောမကျချင်ဘူး။ ဒီလိုမှန်းသိရင် သမီးကို ရန်ကုန်မှာပဲ ကျောင်းတက်
မေမေ စီစဉ်ဖြစ်တယ်"

"ဟာ မေမေကလည်း သူစိမ်းတစ်ယောက်အိမ်မှာနေပြီး သမီး
တက်ချင်ပါဘူး"

"မောင်နိုင်သိမ်းပိုက်က သူစိမ်းမဟုတ်ဘူး သမီး၊ သမီး ဖေဖေ
စီးပွားဖက် ပါတနာတွေပါ"

"ဦးနိုင်သိမ်းပိုက်က ဖေဖေ့မိတ်ဆွေဆိုပေမယ့် သမီးနဲ့သိကျွမ်း
သမှ မဟုတ်ဘဲ မေမေရယ်"

www.burmeseclassic.com



ရန်ကုန်ကို အလည်အပတ်သွားစဉ်က တည်းခိုနေထိုင်ဖြစ်သော ဖေဖေ့မိတ်ဆွေ ဦးနိုင်သိမ်းပိုက်ကို မကိုင်ရှ ပထမဆုံးအကြိမ် တွေ့ခဲ့ တာဖြစ်သည်။

အသက်သုံးဆယ့်ငါးနှစ်ခန့်ရှိသော ဦးနိုင်သိမ်းပိုက်သည် စီးပွား ရေးလောကမှာ အောင်မြင်ကျော်ကြားသော သူတစ်ဦးဖြစ်သည်ဟု သိ သည်။ မိဘဆွေမျိုးတွေ မရှိကြတော့ဘဲ တစ်ကိုယ်တည်း နေထိုင် ဖြစ်၏။

ထည်ဝါခမ်းနားလှသော အိမ်ကြီးတွင် အိမ်ဖော်တွေနှင့် တပ တပမ်းတွေနှင့် နေထိုင်သည်။

မကိုင်ရှ ကို ရန်ကုန်မှာ ကျောင်းတက်မည်ဆိုလျှင် အားလ ကူညီပေးမည်ဟု ဖေဖေတို့ကို ပြောခဲ့၏။

ဒါပေမဲ့ မကိုင်ရှ မသိသော သူစိမ်းတစ်ယောက် အကူအညီ နှင့် ရန်ကုန်မှာ ကျောင်းမတက်ချင်တာမို့ ငြင်းဆိုခဲ့တာဖြစ်၏။

"အင်းလေ သမီးဆန္ဒကို မေမေ လိုက်လျောခဲ့တာပဲ၊ ဒါပေ သမီးဘက်ကလည်း မေမေ မကြိုက်တဲ့ကိစ္စကို မလုပ်ပါနဲ့၊ ပညာသင်ရ မှာ တခြားကိစ္စတွေ အာရုံရောက်တာ မလိုချင်ဘူး၊ အထူးသဖြင့် ရဲ တည်နဲ့ လိုတာထက် ပိုမိုခင်မင်တာမျိုး မေမေ မတွေ့ချင် မမြင်ချင်ဘူး"

မေမေ ပြောခဲ့စဉ်က မကိုင်ရှ ရေငုံနှုတ်ပိတ်ကာ နာခံခဲ့သည် တည့်အပေါ်မှာ မေမေတို့ ဘာကြောင့် လက်မခံနိုင်သည်လဲဆိုတာ လည်း နားလည်ခဲ့၏။





မပြည့်စုံသောဘဝမှာ ရုန်းကန်နေရသော တည့်တို့မိသားစု၏ အနေသည် မေမေအတွက် ကျေနပ်စရာ မဟုတ်နိုင်ပါ။

"မကိုင်ရှ နှင် ဘာတွေ တွေးနေတာလဲ"

လွှင့်ခနဲ ပြန့်သွားသော မကိုင်ရှ အတွေးတွေက ပန်းကိုပုတ်ကာ သော ငယ့်အသံကြောင့် လွင့်စင်ကုန်၏။

"ဟင် ဘာရယ်မဟုတ်ပါဘူး ငယ်ရယ် ဒီလိုပါပဲ"

အမှန်အတိုင်း မဖြေဖြစ်သော မကိုင်ရှ စကားတွေအတွက် ငယ ည်စွာ ခေါင်းလေးညိတ်ရင်း

"ငါ နင့်ကို နားလည်ပါတယ် မကိုင်ရှရယ်၊ နင်တွေးနေတာ နဲ့နင့်ကြားက မညီမျှမှုတွေ မဟုတ်လား"

"ဒါပေမဲ့ အဲဒီအခြေအနေက ငါတို့ကြားက သံယောဇဉ်တွေကို ပါးမသွားနိုင်ပါဘူး ငယ်"

"နင့်စကားကို ငါ လက်ခံတယ် မကိုင်ရှ၊ ငါတို့သံယောဇဉ်တွေ ခင်နိုင်မြဲပါတယ်၊ ငါ ယုံတယ်၊ တည် နင့်ကိုတစ်ချိန်ချိန်မှာ သူ့ အချစ်ကို ဝန်ခံလာမှာပဲ"

ငယ်ကတော့ အသေအချာ ဆိုနေသည်။ မကိုင်ရှ လည်း ရင်ခုန် လင့်နေခဲ့မိတာပဲဖြစ်သည်။

တည်ရဲ့အချစ်ကို မကိုင်ရှ ပိုင်ဆိုင်ချင်သည်။ မေမေတို့ ဘယ်လို မြစ်ထားပါစေ။ ခိုင်ကျည်သော သံယောဇဉ်နှင့် ဖြစ်တည်သော သည် မကိုင်ရှ နှလုံးသားမှာ ထုထည်ကြီးမားနေခဲ့၏။

တည်ရဲ့နှလုံးသားမှာကော ချစ်ခြင်းကို သိုဝှက်ထားလို့ရအော အခြားသော တံတိုင်းတွေက ခိုင်မာနေသည့်လား။

နှင့်ရဲ့ချစ်ခြင်းတွေ ရဲရင့် သတ္တိရှိစေချင်လိုက်တာ တည်ရေ

■ ■ ■

## အခန်း (၈)

"တည် ဘာစားမလဲ မှာလေ"

"ဟင့်အင်း ဘာမှမစားတော့ဘူး၊ နင် ဗိုက်ဆာလို့ဆို မှာစား ။ ငါက တမင်အဖော်လိုက်လာတာ"

ကလပ်စ်နားချိန်မှာ ဗိုက်ဆာသည်ဆိုကာ တည်ကို ခေါ်ခဲ့တာ ဖြစ်သည်။ ဆိုင်လေးထဲမှာထိုင်ဖြစ်တော့ တည်က ဘာမှမစားဟုဆိုတာ ကြောင့်

"မဟုတ်တာ နင်လည်း တစ်ခုခုစားပါ"

"နင့်ဘာသာ စားပါ မကိုင်နှရဲ့၊ ငါ အိမ်က ထမင်းစားလာတယ် ကယ် မဆာလို့ပါ"

"မရဘူး ဆီချက်ခေါက်ဆွဲ နှစ်ပွဲပေးပါ၊ စပါကလင် နှစ်လုံး ပေး"

မကိုဋ္ဌ ပြောရင်း စားပွဲထိုးချာတိတ်လေးကို မှာလိုက်သည်။ တည်က လက်တကာကာနှင့် ငြင်းဆန်ဖို့ ကြိုးစားနေတာမို့ ချာတိတ် အူတူတူ ခေါင်းလေးကုပ် ကြည့်နေပြန်၏။

"မောင်လေး အစ်မ မှာတဲ့အတိုင်း ယူခဲ့ပါ"

"ဟုတ်ကဲ့ ခင်ဗျ"

ချာတိတ်လေး ထွက်သွားတော့ တည်ကို မကိုဋ္ဌ မျက်ခုံးလေး ကုပ်ကြည့်ကာ မကျေမနပ် ပြောမိ၏။

"ဘယ်လိုဖြစ်နေတာလဲ တည်၊ နင် စားလာတာ မနက်က တည်းကလေ၊ အခု ဆီချက်လေးတစ်ပွဲလောက်ကို ဘာလို့ စားလို့မဝင် ရမှာလဲ၊ မဝင်လည်း ဝင်သလောက်စားပေါ့"

"မကိုဋ္ဌရယ် ငါ တကယ်မဆာလို့ပါ၊ အလကား ပိုက်ဆံကုန် မှာစိုးလို့ပါဟာ၊ ပြီးတော့ နင်ချည်းပဲ ရှင်းနေရတာ ငါ အားနာတယ်"

"ဘာရယ် တည်၊ နင်နဲ့ငါကြားမှာ အားနာစရာတွေ လိုလို့လား အပိုတွေမပြောနဲ့၊ သူစိမ်းဆန်တဲ့စကားတွေ ငါ မကြားချင်ဘူး"

မကိုဋ္ဌ မာတင်းတင်းလေး ပြောတော့လည်း တည် ဘာမှမ[illegible] နိုင်ရှာတော့ဘဲ ခေါင်းလေးညိတ် နာခံရှာ၏။

"ကိုရဲ"

ခေါ်သံနှင့်အတူ မကိုဋ္ဌ တို့ဝိုင်းမှာ ရပ်လာသော မိန်းကလေး ကို မော့ကြည့်တော့ အတန်းထဲက မြမဥ္ဇူ ဖြစ်နေသည်။

ကာလာရောင်တွေနှင့် ပြင်ဆင်ထားသော မျက်နှာလေးက ဘာထက် ပိုနေသည်ဟု မကိုဋ္ဌ ထင်သည်။ ပြီးတော့ ဦးတည်လာတာက သည့် ဆီကိုပဲ ဖြစ်ကာ ခေါ်ပုံက တကယ့် တရင်းတနှီးလေသံနှင့်





"ဪ မြမဥ္ဇူ ဘာကိစ္စရှိလို့လဲ"

"ကိုရဲ မနေ့က ရှင်းပြတဲ့ပုစ္ဆာလေ၊ အဲဒါ မဥ္ဇူ သူငယ်ချင်း တွေလည်း နားမလည်ဘူး ဖြစ်နေတယ်၊ မဥ္ဇူက နားလည်ပေမယ့် ပြန်မရှင်းပြတတ်ဘူး၊ အဲဒါ ကိုရဲ တဆိတ်လောက် လိုက်ရှင်းပြပေးပါလား ရှင်"

မြမဥ္ဇူ ဘာဇာတ်လမ်းတွေ လာထွင်နေပြန်သည်လဲ၊ ကျောင်းမှာ မဥ္ဇူ သတင်းက မွှေးသည်၊ လှပခေတ်ဆန်သလောက် ရည်းစားလည်း များသည်။

တည့်အကြည့်တွေ မကိုဋ္ဌ ဆီ ရောက်လာ၏။ မကိုဋ္ဌ မသိကျိုး ကျွံပြုရင်း ချာတိတ်လေးချပေးလာသော ဆီချက်ပွဲကို ငုံ့စားနေလိုက်၏။

"ဟို ကျွန်တော် ဒီမှာ"

"အဟင်း ကိုရဲ ကင်တင်းနဲ့ထွက်သွားတာသိလို့ မဥ္ဇူတို့ လိုက် ကြတာ ကိုရဲ ရှင်းပြတာ မကြာပါဘူး၊ ဟိုမှာ သူငယ်ချင်းတွေ စောင့် နေကြလို့ လိုက်ရှင်းပြပေးပါနော် ကိုရဲ"

တကယ်ဆို တည် ယတိပြတ် ငြင်းလိုက်ဖို့ကောင်းသည်။ နား လည်သည့်ပုစ္ဆာမေးတာပဲလေ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမဆီ မေးလို့ရသည်ပဲ။

အခုတော့ မြမဥ္ဇူ လုပ်ရပ်တွေက မရိုးသားဘူးဆိုတာ သိသာ



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ပန်းမြတ်မကိုဋ္ဌ ကိုရဲကို ခဏလောက်ခွင့်ပြုပေးပါနော်"

မကိုဋ္ဌ ကို တကြည့်ကြည့်ဖြစ်နေသော တည်ကြောင့် မြမ

မကိုဋ္ဌ ဘက်ဦးလှည့်ခွင့်တောင်းလာပြန်၏။

"အဲဒါ တည်နဲ့ပဲဆိုင်တယ် မြမဥ္ဇူ ဟို့ဆီက ခွင့်တောင်းစရာ

မလိုအပ်တာ"

"ကဲ ကိုရဲ လိုက်ခဲ့ပါနော် ခဏလေးပဲ"

မြမဥ္ဇူက ရဲတင်းစွာပင် တည်လက်မောင်းကို လှမ်းကိုင်

တည် အူတူတူနှင့် လိုက်ပါသွားခဲ့သည်။

တစ်ဖွန်းတောင် မန္တိုက်ရသေးသော ဆီချက်ခေါက်ဆွဲ

အအေးပုလင်းက သည်အတိုင်းကျန်ရစ်ခဲ့၏။

မြမဥ္ဇူတို့ မိန်းကလေးတစ်သိုက်ဝိုင်းမှာ တည် ရောက်သွား

မကိုဋ္ဌ အံ့လေးတကြိတ်ကြိတ် ကျန်ရစ်ခဲ့သည်။

နှစ်လုပ်လောက်ပဲ စားရသေးသော ဆီချက်ကိုလည်း မကို

ဆက်စားချင်စိတ် မရှိတော့ပါ။

တကယ်ဆို တည် ဒီလိုလုပ်သင့်သလား။ မြမဥ္ဇူ ဆိုတ

ဘယ်လိုမိန်းမစားတစ်ယောက်ဆိုတာ တည်လည်း သိမှာကြားမှာပဲ

၏။ ဒါကို အားနာပါးနာနှင့် ထလိုက်သွားရလောက်အောင် တည် အား

စရာမှ မဟုတ်တာ။

ရင်ထဲက တလိပ်လိပ် တက်လာသော ဒေါသစိတ်တွေကို



ကလင်နှင့် မျှောချပေမယ့် လျှောကျမသွားခဲ့ပါ။

ကြည့်လေ စာနားမလည်လို့ ခေါ်မေးသည့် မြမဥ္ဇူတို့အုပ်စုဆီ

က ရယ်သံတွေက နားထဲကို ကသိကအောက် တိုးဝင်လာနေကြသည်။

မကိုဋ္ဌ ဘယ်လိုမှ ဆက်ပြီး သည်းခံလို့မရအောင် ဒေါသစိတ်

လေးတွေ ဆူဝေလာသည်။ အေးစက်စပြုနေသော တည်ရဲ့ဆီချက်ပန်းကန်

ကိုလည်း အံ့လေးကြိတ် ကြည့်မိ၏။

တည်ကတော့ မကိုဋ္ဌ ရဲ့ဒေါသတွေကို မမြင်နိုင်ရှာဘဲ စုဝိုင်း

ပတ်နေသော မြမဥ္ဇူတို့ အုပ်စုကြားမှာ ခေါင်းတောင် မပြူနိုင်ရှာ။

"တောက်"

မကိုဋ္ဌ နှုတ်က တက်ခေါက်သံလေးက မြမဥ္ဇူတို့ ရယ်မောသံ

တွေကို မဖုံးလွှမ်းနိုင်ခဲ့ပါ။

"မောင်လေး ဒီမှာ ဘယ်လောက်ကျသလဲ"

"ခင်ဗျာ ဟုတ်ကဲ့"

ကျသင့်ငွေကို မကိုဋ္ဌ ရှင်းပေးပြီး ဆိုင်လေးထဲက ထွက်ခဲ့တာကို

တောင် တည် သတိထားမိလိုက်ပုံမရချေ။

မကိုဋ္ဌ ခြေလှမ်းတွေ စာသင်ခန်းဘက်ကိုလည်း မသွားချင်

တော့တာမို့ ခြေဦးတည့်ရာ ထွက်ခဲ့သည်။ အာရုံထဲမှာတော့ တည်နှင့်

ကျန်ရစ်ခဲ့သော မြမဥ္ဇူတို့မျက်နှာတွေကို မြင်ယောင်နေဆဲ။

တန္နီန္နီတွေးလေ တည်ကို ဒေါသတွေဖြစ်မိလေလေ။ နှစ်ယောက်

အတူ ကင်တင်းနဲ့ထွက်လာခဲ့ကြပြီးမှ မကိုဋ္ဌကို တစ်ယောက်တည်း ထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ မြမဥ္ဇူ ခေါ်ရာကို ကောက်ကောက်ပါအောင် လိုက်သွားတာ ခံရခက်မဆုံး။

အခုလည်းကြည့် မကိုရွှံ့ ဆိုင်ထဲက ထထွက်လာတာတောင် မမြင်နိုင်ဘဲ သဘောမနော့ခွေ့နေလိုက်တာ။

ကုက္ကိုပင်အောက်က ခုံတန်းလေးမှာ မကိုရွှံ့ တစ်ယောက်တည်း ထိုင်နေမိရင်း ငယ့်ကို သတိရလာသည်။ အခုချိန်သာ အနားမှာ ငယ်ရှိလျှင် တည့်အကြောင်းတွေ ပြောပြီး မကိုရွှံ့ ငိုမိမလားမသိပါ။

မြမဥ္ဇူလို မိန်းမတစ်ယောက်ရဲ့ မာယာတွေအောက်မှာ တည် ယစ်မူးနေပြီလား။

မကိုရွှံ့ တစ်ယောက်တည်း ဘယ်လောက်ကြာအောင် ထိုင်နေမိသည်မသိ။ ရိပ်ခနဲ အဝေးမှာ လှမ်းမြင်သော တည်ကို တွေ့လိုက်ရ၏။

စာသင်ခန်းထဲမှာ မကိုရွှံ့ ကိုမတွေ့လို့ တည် လိုက်ရှာနေတာ ထင်၏။ တမင်ပဲ မမြင်ဟန်ဆောင်ကာ မကိုရွှံ့ မျက်နှာလွှဲ ကျောခိုင်းထားလိုက်သည်။

တည် ဘယ်လိုပဲ တောင်းပန်ပါစေ ဒီကိစ္စကိုတော့ မကိုရွှံ့ အလွယ်တကူ ခွင့်မလွှတ်နိုင်ပါ။ ဒါကိုတော့ တည် သိအောင် ပြရမည်။

"ပန်းမြတ်"

"ဟင်"

အရေးထဲမှာ ဘယ်ကဘယ်လို မကိုရွှံ့ ကိုမြင်တွေ့သွားသည် မသိတဲ့ အနားရောက်လာသော ကျော်ဇင်ထက်ကြောင့် စိတ်ညစ်သွားမိ၏။



"ပန်းမြတ် တစ်ယောက်တည်းလား"

မေးရင်း ခုံစွန်းတစ်ဖက်မှာ သုတ်ခနဲ ဝင်ထိုင်သည်။ ဒုတိယ ...ပ် အီကိုတန်းမှ ကျော်ဇင်ထက်က မကိုရွှံ့ နောက်ကို အမြဲအရိပ်လို ...ိုက်နေသူဖြစ်သည်။

တွေ့တိုင်း အခွင့်အရေးရတိုင်း ချစ်စကားဆိုကာ တကျည် ...ည်နှင့် အဖြေတောင်းနေသူမို့ မကိုရွှံ့ မဆုံအောင် ကြိုးစားရှောင်၏။

ဒါပေမဲ့ ဒီတစ်ခါတော့ တည့်ကို ဒေါသဖြစ်နေသော စိတ်က ...လးနှင့် မကိုရွှံ့ အလိုက်သင့် ဆက်ဆံဖို့ ဆုံးဖြတ်ပြီးဖြစ်နေ၏။

"ဟုတ်တယ် ကလပ်စ်မတက်ချင်လို့ ထိုင်နေတာ"

"ဟင် ဟုတ်လား ပန်းမြတ် ဘာတွေစိတ်ညစ်နေလို့လဲ၊ ဘယ် ...ားချင်သလဲဟင် ကင်တင်းနဲ့သွားမလား ဘယ်သွားမလဲပြော တို့ လိုက် ...ပေးမှာပေါ့"

မျက်နှာသာ တစ်ချက်ပေးလိုက်သည်နှင့် ကျော်ဇင်ထက်က ...က်လက်စွာ လမ်းခင်းနေသည်။ ကျောင်းမှာတော့ ကိုယ်ပိုင်ကားနှင့် ...သင့်မြင့်မြင့် စတိုင်ကျကျ ကျောင်းလာတက်သော ကျော်ဇင်ထက်သည် ...သားရှုံးလောက်အောင်လည်း ဝတ်စားတတ်သူ ဖြစ်၏။

ဒါပေမဲ့ မကိုရွှံ့ စိတ်မှာ ဘယ်လိုမှ စိတ်မဝင်စားလို့ မရပါ။ ...ိုရွှံ့ နှလုံးသားမှာ တည် တစ်ယောက်သာ နိုင်မြဲစွာ ရှိခဲ့သည်။

"ပြောလေ ပန်းမြတ် စိတ်ညစ်တာတွေ ပျောက်သွားအောင် ...ှာက်လည်ကြမလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှမသွားချင်ပါဘူး ကျော်ဇင်ထက်ရယ်၊ တို့ဘာသာ တ
ယောက်တည်း ထိုင်နေချင်လို့"

"ပန်းမြတ် တစ်ယောက်တည်း အဖော်မဲ့နေမှာပေါ့၊ တို့
အတူ အဖော်ထိုင်ပေးမယ်လေ"

ကျော်ဇင်ထက်ပုံစံက ဘယ်လို မောင်းထုတ်ထုတ် အနားက
ဆုတ်ခွာမည့်ဟန် မရှိ။ မကိုင်ရှ တည့်ကို လှမ်းကြည့်လိုက်မိ၏။

မကိုင်ရှတို့နှစ်ယောက် အတူထိုင်နေကြသည်ကို မြင်တွေ့သွာ
သော တည် တအံ့တသြ ရပ်ကြည့်နေ၏။ ပြီးတော့ ချာခနဲ နောက်လှည့်
သွားတာမို့

"ဟင် တည်"

"ဘယ် ဘယ်သူလဲ ပန်းမြတ်"

မကိုင်ရှတို့ကို ဘယ်လိုထင်မြင်သွားသည်မသိဘဲ တည် လှည့်
ထွက်သွားတာမို့ စိုးရိမ်တကြီး ထရပ်မိတော့ ကျော်ဇင်ထက် လှည့်ကြည့်
ကာ မေး၏။

"ဟင် ရဲရင့်တည်"

"ဟုတ်တယ် တို့ သူ့ကိုစောင့်နေတာ၊ ရှင်နဲ့ထိုင်နေတာ ရွှေ
လို့ အထင်လွဲသွားပြီထင်တယ်"

"ပန်း ပန်းမြတ်"

ကျော်ဇင်ထက် ခေါ်သံကို ဥပေက္ခာပြုလျက် မကိုင်ရှ တည့်နော
သို့ အပြေးလိုက်ခဲ့၏။



ရှေ့မှ ခေါင်းငိုက်စိုက်နှင့် ဦးတည်လှမ်းနေသော တည့်ခြေလှမ်း
တွေကိုမီအောင် မကိုင်ရှ အပြေးလိုက်ခဲ့ရင်း

"တည် တည်"

မကိုင်ရှ ခေါ်သံကြားမှ တည့်ခြေလှမ်းတွေ ရပ်သွားခဲ့၏။ အနား
ကို ရောက်တော့ မကိုင်ရှ ဒေါသသံလေးနှင့် မေးမိ၏။

"ဘာလုပ်တာလဲ တည်၊ ငါ့ကိုမြင်ရက်နဲ့ နင် ဘာလို့ ပြန်လှည့်
သွားတာလဲ"

မကိုင်ရှ အသံစူးစူးလေးကြောင့် တည် အကြည့်တွေ မကိုင်ရှ
မျက်နှာလေးဆီ ဦးတည်လာရင်း

"ငါ နင့်ကို စာသင်ခန်းထဲမှာ မတွေ့လို့ လိုက်ရှာနေတာပါ
ကိုင်ရှ ၊ ဒါပေမဲ့ ငါ့ကြောင့် အနှောင့်အယှက် ဖြစ်မှာစိုးလို့ပါ"

"ဘာရယ် တည်"

"ဟုတ်တယ်လေ နင်နဲ့ကျော်ဇင်ထက်တို့ ထိုင်နေတာတွေ့လို့
ဒါ အလိုက်တသိ ရှောင်ပေးခဲ့တာပါ"

ကြားနေရသော စကားတွေကြောင့် မကိုင်ရှ စိတ်ရှိလက်ရှိ ရိုက်
ပစ်လိုက်ချင်သည်၊ တကယ်ဆို တည့်ကိုစိတ်ဆိုးကာ မကိုင်ရှ ကင်တင်းနဲ
က ထွက်လာခဲ့တာ မသိဘူးတဲ့လား။

"တည် ငါ့အတွက် အလိုက်တသိ ရှောင်ပေးခဲ့တာ ဟုတ်လား၊
ဘာလဲ ကင်တင်းနဲ့မှာ ငါ့ဘက်က နင်နဲ့မြမဠ္ဍုကို အလိုက်တသိ ရှောင်
ပေးခဲ့တာအတွက်ပေါ့လေ"

www.burmeseclassic.com



"ဟာ မဟုတ်တာ မြမဥ္ဇူက နားမလည်တဲ့ပုစ္ဆာ လာမေးလို့
ဖြေချင်းပြတာပါ။ နင်လည်း သိသားပဲ မကိုင်ရယ်"

"တော်စမ်းပါ ဒီမိန်းမ ခေါ်တိုင်း နင်သွားရမှာလား။ ငါ့ကို
တစ်ယောက်တည်းထားပြီး နင်ထွက်သွားတာ ဘာလဲ နင် မြမဥ္ဇူကို
စိတ်ဝင်စားနေလို့လား ဟင်"

"မဟုတ်တာ မကိုင်ရယ်၊ မြမဥ္ဇူက ကိုယ်နဲ့တစ်တန်းတည်း
သားမို့ အကူအညီတောင်းလို့ ပေးမိတာပါ၊ သူငယ်ချင်းအချင်းချင်း
မကူညီလို့ ကောင်းမလား"

"ကောင်းတယ် ဒီမှာတည် မြမဥ္ဇူက နင့်ကို တမင်ဖာတ်လမ်း
ထွင်လာတာ နင် မသိဘူးလား၊ ငါ တော်တော်စိတ်တိုလို့ ထွက်ခဲ့တာ
သိလား"

"မကိုင်ရယ် ငါ့ဘက်က ရိုးရိုးသားသားပါဟာ၊ သူတို့မေးတဲ့
ပုစ္ဆာ ရှင်းပြပြီး လှည့်ကြည့်တော့ နင် မရှိတော့ဘူး၊ ဒါကြောင့် ငါ
လိုက်လာခဲ့တာ၊ ကျော်ဇင်ထက်နဲ့ ချိန်းထားမှန်း ငါ မသိလို့ပါ"

"တည်"

ဒေါသစိတ်နှင့် မကိုင်ရှူးရှူးရဲရဲလေး ဟစ်အော်ပစ်တော့ တည်
မျက်တောင်တွေ ပုတ်ခတ်ကြည့်နေ၏။

"ကျော်ဇင်ထက်နဲ့ငါ ဘာမှမပတ်သက်ဘူး သိလား၊ နင့်ကို
စိတ်ဆိုးပြီး အတန်းမပြန်ချင်လို့ ငါ လာထိုင်နေတုန်း သူ့ဘာသာ ရောက်
လာတာ"





"ငါ မသိဘူးလေဟာ"

တည့်ကိုကြည့်ကာ မကိုင်မချင့်မရဲ ဖြစ်လာမိသည်။ တည်
…ယ်ပဲ ဟန်ဆောင်နိုင်လွန်းတာလား။ မကိုင်သည် တည့်အတွက်
…ယ်ချင်းတစ်ယောက် သံယောဇဉ်ထက် မပိုနိုင်သူလား။

မကိုင် နှလုံးသားကသာ တည့်အတွက် ရဲရင့်ပြတ်သားစွာ ရှိ
…။ တည်ရယ် နင် ဘာကြောင့် သတ္တိတွေ ကင်းမဲ့နေရတာလဲ။

"နင် ဘာမှမသိဘူး၊ တကယ်ကို ဘာမှမသိပါဘူး၊ နင့်အပေါ်
…တဲ့ ငါ့ရဲ့သံယောဇဉ်ကိုလည်း နင် ဘာမှမသိဘူး"

ပြောရင်း ဝမ်းနည်းစိတ်ကြောင့် မကိုင် မျက်ရည်တွေဝဲလာ
… တည် မျက်ဝန်းတွေက မကိုင်မျက်နှာကို စိုက်ကြည့်ကာ အံ့သြ
…တာလားမသိ။

"တည် နင်သတ္တိမရှိဘူး၊ ရဲရင့်တည် ဆိုတဲ့နာမည်နဲ့ ဘာမှ
…က်ဆိုင်အောင် နင် သတ္တိနည်းတယ် သိလား"

"မကိုင် ငါ ငါလေ"

တည် ဘာပြောချင်တာလဲ မသိပါ။ အဆုံးမသတ်သော စကား
…ာ ရပ်တန့်ကာ မကိုင် ကိုပဲ ငေးစိုက်ကြည့်နေခဲ့ပြန်သည်။

နှလုံးသားက ခံစားချက်တစ်ခုကို ဝန်ခံဖို့အတွက် တည်မှာ
…ဘက်အထိတောင် ခက်ခဲလွန်းနေသည်လား။

နှစ်ယောက်ကြားက ဘဝအခြေအနေတွေ၊ ပြည့်စုံချမ်းသာမှု
…ခဲ့မှုတွေက တည့်ရဲ့နှလုံးသားကို ထာဝရ ပိတ်နှောင်ထားသည်လား။



www.burmeseclassic.com

မျက်ရည်တွေ ပါးပြင်နှစ်ဖက်ကို စီးကျလာခြင်းက တ
ကြောင့်လား။ ဝမ်းနည်းကြေကွဲစိတ်ကြောင့်လား မကိုင်နှ အသေအ
သိ။

ချာခနဲ တည့်ရှေ့က ထွက်ခဲ့မိချိန်မှာ လှိုက်ဖိုဝမ်းနည်း
တွေနှင့် ရင်ထဲမှာ ပြည့်နှက်လျက်

"မကိုင်နှ မကိုင်နှ နေပါဦး"

နောက်ကအော်ဟစ် တားမြစ်သံကိုပဲ ကြားသည်။ လှည့်မ
ပါဘဲလည်း မကိုင်နှ သိနေသည်။

တည်သည် ချစ်ခြင်းကို ဝန်ခံဖို့ မဝံ့ရဲသူတစ်ယောက်ပါ

■ ■ ■

## အခန်း (၉)

တည့်ရှေ့မှောက်က ဝမ်းနည်းစွာ ပြေးထွက်လာခဲ့သည့်နေ့က
အတန်းလည်း ဆက်မတက်ဖြစ်ခဲ့ပါ။

ကျောင်းမှ အစောကြီးပြန်ရောက်လာသော မကိုင်နှကို မေမေ
တော့လည်း

"သမီး ခေါင်းတွေ တအားထိုးကိုက်နေလို့ ဆရာမဆီကခွင့်
င်းပြီး ပြန်လာတာပါ မေမေ"

"ဟင် ဟုတ်လား ဒါဆို ဆေးသောက်လိုက်လေ သမီး၊ မသက်
ရင် မေမေ့ကိုပြော ဒေါက်တာမြတ်သော်ကို ဖုန်းဆက်ခေါ်ပေးမယ်"

"ရတယ် မေမေ ဆေးသောက်ပြီး ခဏလောက် နားလိုက်ရင်
သာသွားမှာပါ"




www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်ကာ မကိုဋ္ဌ အိပ်ရာထက်မှာ လှဲလိုက်မိ၏။ တ
အပေါ်မှာ ဘယ်တုန်းကမှ အခုလို မပေါက်ကွဲခဲ့ပါ။ ဒါပေမဲ့ ဒီနေ့
မကိုဋ္ဌ ဟန်ဆောင်နိုင်ခြင်းကင်းစွာ ပြောချင်တာ ပြောခဲ့မိ၏။

ထို့အတွက် တည် ဘယ်လိုခံစား နားလည်နိုင်မည်လဲ။

ငိုင်ငိုင်လေး ကျန်ရစ်ခဲ့သော တည်၏ပုံရိပ်လေးကတော့ အ
ထဲမှာ တရစ်ဝဲဝဲ ရှိနေဆဲရှိသည်။

တကယ်ဆို တို့က မိန်းကလေးတစ်ယောက်ပါ တည်ရ
ရင်ထဲက ခံစားချက်တွေကို ရင်ဖွင့်ချင်တိုင်း ဖွင့်ခွင့်မရှိနိုင်ပါဘူး။

ဒါပေမဲ့ တည်အပေါ်ထားတဲ့ တို့ရဲ့ချစ်ခြင်းတွေ သံယောဇဉ်
ကို တည် နားလည်တတ်သင့်ပါတယ်။

ဒါကို တည် တမင်ဥပေက္ခာပြုနေရက်တာလား။

■ ■ ■

ကျောင်းပိတ်ရက်မို့ မကိုဋ္ဌ အိမ်မှာပဲရှိသည်။ မနက်ကတည်
ခြံထဲဆင်းကာ မျှော်မိသည်က ငယ့်ကိုဖြစ်သည်။

တည်နှင့်မကိုဋ္ဌ တို့ ဖြစ်ပျက်ခဲ့တာတွေကို ငယ် သိနေခဲ့ပြီလာ
သောကြာနေ့က မကိုဋ္ဌ အိမ်ပြန်ခဲ့တာမို့ ငယ်နှင့်မတွေ့ဆုံခဲ့ရ။ တည်
တော့ ငယ်တွေ့မည်ထင်သည်။

ကျောင်းဆင်းချိန်တိုင်း မကိုဋ္ဌ တို့သုံးယောက် အတူပြန်နေ
ဖြစ်၏။

ငယ်သာသိလျှင်တော့ မကိုဋ္ဌ ဆီကို ချက်ချင်း ပေါက်ချလာ





ာပါသည်။ အခုတော့ တစ်မနက်လုံးမျှော်ပေမယ့် မရောက်လာပုံ
က်လျှင် တည် ဘာမှမပြောဘူးထင်၏။

မကိုဋ္ဌ စိတ်ထဲမှာ နေမထိ၊ ထိုင်မသာ ဖြစ်နေရသည်။ မနက်စာ
တော့လည်း စားလို့မဝင်။

စားသောက်ပြီးတော့ အခန်းထဲဝင်ကာ စာကျက်ဖို့ ကြိုးစား
ည်၏။ စိတ်အာရုံက စာထဲမှာ ဘယ်လိုမှ အာရုံဝင်စားလို့မရ။

တည့်ကို မကိုဋ္ဌ ဆိုခဲ့သော စကားတွေက လွှန်ကျွံသွားခဲ့သည်
။ တည့်ရယ် ခံစားတတ်ရင် တို့ရင်ထဲကို တည် မြင်နိုင်မှာပါ။

"သမီး သမီးရေ"

အခန်းအပြင်က မေမေ့ခေါ်သံကြောင့် စာကြည့်စားပွဲမှာ ထိုင်
ာက မကိုဋ္ဌ ဆတ်ခနဲ ထကာ တံခါးကို ပြေးဖွင့်ပေးရ၏။

"လာပြီ မေမေ"

"သမီး စာကျက်နေတာလား ငယ်လေး ရောက်နေလို့"

ငယ် ရောက်လာသည်ဆိုတော့ မကိုဋ္ဌ ဝမ်းသာသွားမိ၏။ တစ်
က်လုံး မျှော်နေသော ငယ်က အခုမှ ရောက်လာသည်တဲ့လား။

"ဟုတ်ကဲ့ မေမေ"

အခန်းထဲက ထွက်ကာ မကိုဋ္ဌ ဧည့်ခန်းဆီရောက်တော့ ဆိုဖာ
ခုံမှာ ထိုင်နေသော ငယ့်ကိုတွေ့၏။

"ငယ် တို့ဆီလာတာလား"

"ဟုတ်တယ် မကိုဋ္ဌ နင် မနေ့က နေ့လယ်ကတည်းက ပြန်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်ဆို''

တည်နှင့်ငယ် တွေ့ပြီးနေတာတော့ သေချာသည်။ မေ[illegible] မကိုရ်ငွ္ဃ အနားမှာ ရှိတာမို့ ဘာမှမပြောတာ ဖြစ်မည်။

''ဟုတ်တယ် ငါ ခေါင်းတွေအရမ်းကိုက်လို့ဟ၊ ငယ် [illegible] သောက်မလဲ ကော်ဖီလား အအေးလား''

''ဟာ တော်ပြီ မကိုရ်ငွ္ဃ၊ ငါ အခုပဲ ထမင်းစားပြီးမှ ထွက်[illegible] တာဟ ဗိုက်တင်းနေပြီ''

''ဒါဆို ခြံထဲဆင်းလမ်းလျှောက်ရင်း စကားပြောရအောင်[illegible] ဟာ လာ''

ငယ့်လက်မောင်းလေးကို ချိတ်ဆွဲကာ ခြံထဲဆင်းခဲ့လိုက်[illegible] ခြံထဲရောက်သည်နှင့် ငယ် မေးပါတော့သည်။

''တည်နဲ့နင် ဘာဖြစ်ကြတာလဲ''

''တည် မပြောပြဘူးလား''

''ပြောပါတယ် မြမဥ္ဇူကိစ္စလေ၊ ပြီးတော့ ကျော်ဇင်ထ[illegible] ကြောင်းလည်း ပြောတာ''

''အဲဒါ သူ တမင်အထင်လွဲတာ''

''ငါ နားလည်တယ်၊ အဲဒီကိစ္စ ငါ တည့်ကို အပြတ်ပြော[illegible] လိုက်တယ် မကိုရ်ငွ္ဃ''

''ဘယ်လို''

''ဟုတ်တယ်လေ သူ မခံချင်အောင် နင်က လုပ်ပြတ[illegible]





[illegible]ဘောမပေါက်တော့လည်း ငါ ပေါ်တင်ပဲ ပြောလိုက်တယ်''

''ဟယ်''

ငယ့်စကားကြောင့် မကိုရ်ငွ္ဃ အလန့်တကြားလေး ရေရွတ်မိ၏။ [illegible]ယ် ဘာတွေလျှောက်ပြောလိုက်တာလဲ မသိ။

''နင် နင် ဘာတွေပြောလိုက်သလဲ ငယ်ရယ်''

''ကျောက်ရုပ်ကြီးလုပ်နေတဲ့ တည်ကို အသက်သွင်းပေးလိုက် [illegible]ာပေါ့၊ သူ မနေနိုင်ဘူးလေ ဒီမှာ''

စာခေါက်လေးတစ်ခုကို ငယ် လှမ်းပေးနေတော့ မကိုရ်ငွ္ဃ နား [illegible]လည်နိုင်စွာ လှမ်းယူရင်း

''ဒါက ဘာလဲ''

''တည် ရေးပေးလိုက်တာ''

တည်ရဲ့စာဆိုတော့ မကိုရ်ငွ္ဃ ကသောကမျောလေး ဖွင့်ဖတ်ကြည့် [illegible]၏။ တည်ရဲ့ညီညာပိုင်းစက်သော လက်ရေးလေးတွေ။

မကိုရ်ငွ္ဃ

နင် ပြောသလိုပါပဲ။ ငါက တကယ်ကို ဘာမှမသိတဲ့သူပါ [illegible]ာ။ ရဲရင့်တည်ဆိုတဲ့ နာမည်နဲ့မလိုက်အောင် သတ္တိနည်းတဲ့ကောင်ပါ။ အဲဒါ ဘာဖြစ်လို့လဲ သိလား မကိုရ်ငွ္ဃ ။

နင့်ကိုငါ သိပ်ချစ်လို့ပါ။ ဖွင့်မပြောရက်အောင် နင့်ကိုငါ ချစ်နေ လို့ပါ မကိုရ်ငွ္ဃရယ်။

စာလေးက တိုတိုလေးပေမယ့် မကိုရ်ငွ္ဃ ရင်တွေ တဒုန်းဒုန်းလှုပ်



www.burmeseclassic.com

www.burmeseclassic.com



နှင်သွားခဲ့သည်။

"နောက်ဆုံးတော့ သူ ဝန်ခံရပြီလေ"

ငယ်က ပြုံးပြုံးလေး ပြောသည်။ ရှက်စိတ်၊ ကြည်နူးစိတ်တွေ နှင့် မကိုင်ရွှေမျက်နှာလေး ပန်းသွေးရောင် လွှမ်းနေမည်ထင်၏။

"နင့်ကို ပြောဖို့ သူ မဝံ့ရဲဘူးတဲ့၊ တားထားတဲ့စည်းတွေ သူ ကြောက်တယ်တဲ့၊ ငါ တော်တော် ပြောလိုက်ရတယ်၊ ဒီတော့မှ သူ ရင်ထဲက စကားတွေ ပွင့်ထွက်လာတာ"

ငယ်ကတော့ တည်နှင့်မကိုင်ရွှေကို နီးစပ်စေချင်သူပီပီ ဝမ်းသ အားရဆိုနေသည်။ မကိုင်ရွှေ မှာတော့ ကြည်နူးစိတ်တွေနှင့် ရင်သည် လှိုက်ဖိုနေဆဲ။

ဒါ တည်ရဲ့နှလုံးသားက ဝန်ခံချက်စကားတဲ့လား။

ဝမ်းသာလိုက်တာ တည်ရယ်။ နင့်ရင်ထဲက စကားတစ်ခွန်း ငါ အမြဲတမ်း မျှော်လင့်ခဲ့တာပါ။

ရင်ထဲက ချစ်ခြင်းအတွက် နင်နဲ့ငါကြားမှာ ဘယ်လိုအတား အဆီးမှ မရှိချင်ဘူး။

ငါ့နှလုံးသားမှာ နင်တစ်ယောက်ပဲ တစ်သက်တာ ရှိချင်တယ် တည်ရယ်။

■ ■ ■



## အခန်း (၁၀)

ကျောင်းဖွင့်သည့် တနင်္လာနေ့မှာ တည်နှင့်ကင်တင်းနိမ့်မှာ ပြန် ဆုံခြင်းက မကိုင်ရွှေ အတွက် တကယ့်ကို ရင်ခုန်လှိုက်ဖိုစရာ ကောင်းနေခဲ့ သည်။

ဟိုးငယ်ငယ် ကလေးဘဝကတည်းက ကျွမ်းဝင်ခင်မင်လာသော တည်ရဲ့မျက်နှာကို ရင်ဆိုင်ကြည့်ဖို့တောင် မကိုင်ရွှေ မှာ မဝံ့မရဲ ဖြစ်နေခဲ့၏။

တည်သည်လည်း ခေါင်းကြီးငုံ့ကာ မကိုင်ရွှေနှင့် မျက်နှာချင်းဆိုင် ဖို့ ရှက်နေခဲ့သည် ထင်သည်။

စာသင်ချိန်တစ်ချိန်ဖျက်ကာ တည်နှင့်မကိုင်ရွှေတို့နှင့်အတူ ကင် တင်းနိမ့်အထိ လိုက်ထိုင်ပေးသည့် ငယ်ကတော့ မကိုင်ရွှေတို့ကိုကြည့်ကာ ပြုံးစိစိ ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ နင်တို့နှစ်ယောက်က ဘာဖြစ်နေကြတာလဲ၊ ကျောက်ရုပ်ကြီးတွေကျနေတာပဲ"

"နင် နင် ဘာစားမလဲ မှာလေ ငယ်ရဲ့"

စားစရာ ဘာတစ်ခုမှ မမှာရသေးသည်ကို သတိထားမိသော မကိုင်ရှ် ပြောတော့ ငယ်က

"မပူနဲ့ မပူနဲ့ မှာမှာ စိတ်ချ၊ ငါ့သူငယ်ချင်းနှစ်ယောက် ရာထူးတက်သွားတဲ့ အထိမ်းအမှတ်အဖြစ် စားကိုစားရမှာ"

ငယ့်စကားကြောင့် မကိုင်ရှ် မျက်နှာလေး ရဲခနဲ ဖြစ်ရသည်။ တည်က လုပ်မိလုပ်ရာ အကြမ်းပန်းကန်ထဲ ရေနွေးတွေ ငှဲ့ထည့်တော့

"ဟဲ့ ဟဲ့ တည် ရေနွေးတွေ ပြည့်လို့ လျှံတောင်ကျနေပြီ"

"အာ ဆောရီး ဆောရီး"

မျက်နှာကြီး ရဲခနဲဖြစ်ကာ လျှံကြကုန်သော ရေနွေးတွေကို တည် တစ်သျှူးစနှင့် လိုက်သုတ်သည်။

"အား ပူ ပူလိုက်တာ"

"အဟင်း ဟင်း တည်ရယ် ဓာတ်ဘူးထဲက အခုပဲငှဲ့ထားတဲ့ ရေနွေးတွေပဲဟာ၊ ပူမှာပေါ့ နင်ကတော့လေ"

ငယ်ကတော့ တည့်အဖြစ်ကိုကြည့်ကာ သဘောကျစွာ ရယ်မောလို့နေခဲ့သည်။ သူငယ်ချင်းရင်းချာတွေဘဝက ငယ်ပြောသလို ရာထူးတက်ကာ ချစ်သူတွေအဖြစ် ရောက်ခဲ့ကြသည့်အဖြစ်က မကိုင်ရှ်နှင့်တည့်ကြားမှာ အိပ်မက်ဆန်သလို ရှိနေဆဲ။





"နင်တို့နှစ်ယောက်ကလည်း သူစိမ်းတွေကျနေတာပဲ ကဲ ဘာစားကြမှာလဲ မှာကြလေဟာ"

ငယ်ကပြောရင်း စားပွဲထိုး ချာတိတ်လေးကို စားစရာတွေမှာသည်။

တည့်ကိုလှမ်းကြည့်တော့ ရှက်စိတ်မပြေသေးသော မျက်နှာက နီမြန်းနေဆဲရှိသည်။ ရင်ထဲက ခံစားချက်ကို စာလေးတစ်စောင်နှင့် ရင်ဖွင့်ခဲ့သော တည့်ကို မကိုင်ရှ် ကျေးဇူးတင်မိတာ အသေအချာ ဖြစ်သည်။

ပြီးတော့ တည်နှင့်မကိုင်ရှ် တို့ကြားမှာ မနေနိုင်မထိုင်နိုင် ကူညီပေးလာသော ငယ့်ကိုလည်း သိပ်ကျေးဇူးတင်သည်။

တည်ရဲ့ရင်ထဲက ခံစားချက်တွေ ဖွင့်ဟဝန်ခံလာအောင် ငယ်ကပဲ သတ္တိတွေ ပေးခဲ့တာ မဟုတ်လား။

ရင်ထဲက စစ်မှန်တဲ့ချစ်ခြင်းအတွက် ဘယ်လိုအတားအဆီးမှ ကာရံထားလို့ မရဘူး တည်။

ဒါကို တည် ယုံကြည်စေချင်တယ်။

■ ■ ■

ချစ်သူဘဝမှာ တည်နှင့်အတူထိုင်ဖြစ်သော ကင်တင်းနံ့က ကော်ဖီဆိုင်ကလေးက ပိုလို့ ကြည်နူးစရာကောင်းခဲ့သည်ဟု မကိုင်ရှ် ထင်ပါသည်။

တည်ရဲ့လက်မောင်းကို နှိုက်တွဲကာ ကျောင်းဝင်းထဲက လမ်းတွေကို အတူလျှောက်ရတာလည်း ကြည်နူးရင်ခုန်စရာတွေပဲ ဖြစ်ခဲ့သည်။

www.burmeseclassic.com



တည်ရဲ့လက်ကို ချိတ်ကာ အားလုံး မြင်တွေ့အောင် မကိုငွေ တမင်ပဲ မလျှော့တိုင် တက်ပြခဲ့သည်။ ရဲရင့်တည် ဆိုတဲ့ တည်ရဲ့ချစ်သူ မိန်းကလေးက ပန်းမြတ်မကိုငွေ ပဲဟု အားလုံးကို သိစေချင်သည်။

တည်ရဲ့အချစ်ကို မျှော်လင့်နေသော မိန်းကလေးတွေဆီမှာ အားကျဝန်တို အကြည့်တွေကို မကိုငွေ ပြုံးပြုံးလေး ခံယူချင်သည်။

တည်ကတော့ ထိုအချိန်တွေမှာ တစ်စုံတစ်ရာကို စိုးရိမ်နေသော မျက်ဝန်းတွေနှင့် တွန့်ဆုတ်နေတတ်၏။

"ဘာဖြစ်နေတာလဲ တည်ရဲ့"

"ဟို ဟိုလေ အသိတစ်ယောက်ယောက်နဲ့ ဆုံမှာစိုးလို့ပါ"

"အို ဆုံတော့ ဘာဖြစ်လဲ တည်ရဲ့"

"ဩော် မကိုငွေရယ် ငါ့အတွက် ပြဿနာမရှိပေမယ့် နင့် မေမေဆီ ဒီသတင်း ပေါက်သွားရင် ပြဿနာဖြစ်နိုင်တယ်လေ"

တည် စိုးရိမ်နေတာကို မကိုငွေ နားလည်သည်။ ဒါပေမဲ့ ဒီအချိန် မှာ အားလုံးကို မကိုငွေ ဥပေက္ခာပြုထားချင်သည်။

တည့်ကို မကိုငွေ သိပ်ချစ်သည်။ ထိုချစ်ခြင်းက ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်တာ သေချာသည်။

"တည်ရယ် မကိုငွေ တို့က ကလေးလေးတွေ မဟုတ်တော့တာ အရေးကြီးတာ တည်နဲ့မကိုငွေရဲ့အချစ်ပဲလေ"

"ဘာပဲဖြစ်ဖြစ် ငါတို့ပညာရေးတွေက မဆုံးသေးဘူးလေ မကိုငွေ ရဲ့၊ ဒီအချိန်မှာ ဘာပြဿနာမှ မကြုံရတာ အကောင်းဆုံးပေါ့"





"အဟင်း တည်ရယ် နင်က တကယ့်လူကြီးကြီးကျနေတာပဲ အဟင်း ဟင်း"

မကိုငွေ ပေါ့ပေါ့ပါးပါးလေး ရယ်မိတော့ တည် ပြုံးပြုံးလေးပဲ ငြိမ်သက်နေခဲ့သည်။

ဟိုးငယ်စဉ်ကတည်းက အနေတည်သော တည်သည် တက္ကသိုလ် ကျောင်းသားကြီးဖြစ်လာတော့ ပိုလို့ ရင့်ကျက်တည်ငြိမ်လာသည်ထင်၏။

ဘာပဲဖြစ်ဖြစ် တည့်ကိုတော့ မကိုငွေ သိပ်ချစ်သည်။ တစ်ဘဝမှာ တစ်ချစ်။ ထိုချစ်ခြင်းကလည်း တည်တစ်ယောက်တည်းပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကျောင်းဖွင့်ရက်တွေမှာ နှစ်ဦးဆုံတွေ့ဖို့က လွယ်ကူပေမယ့် ကျောင်းပိတ်ရက်များမှာတော့ မကိုင်နှ နှင့်ဆုံဖို့ဆိုတာ ခက်ခဲလွန်း၏။

မကိုင်နှ မေမေရဲ့ ဆက်ဆံမှုကြောင့် မကိုင်နှတို့ခြံကို သူ မရောက်ဖြစ်တာကြာခဲ့ပြီ။ ငယ်ကတော့ ရောက်တတ်ပါသည်။

အခုလည်း သီတင်းကျွတ်ကျောင်းပိတ်ရက်ရှည်ကြီးမှာ မကိုင်နှ နှင့်မဆုံနိုင်တာ ကြာပြီ။ ကျောင်းပိတ်ရက်တွေမှာလည်း မေမေရဲ့အကြော်ဆိုင်ကို သူ ဝိုင်းကူရ၏။

သူ ကျောင်းတက်နေသည့်ရက်တွေမှာ ညီမလေးကပဲ မေမေ့ဆိုင်ကို ကူညီပေးရရှာသည်။ သူကတော့ ညဘက်တွေမှာ မနက်အကြော်ကြော်ဖို့ လိုတာဝိုင်းကူလောက်ပဲ တတ်နိုင်သည်။



ညီမလေးကတော့ မေမေ အကြော်ဆိုင်ခင်းကျင်းတာတွေကို ကူညီပေးရတာမို့ သူ သနားမိသည်။

"ကဲ ကျောင်းပိတ်ရက်တွေ ညီမလေးနားနော်၊ ကိုကိုပဲ မေမေ့ဆိုင်ကို ကူညီပေးမယ်"

ညီမလေးကို စာနာစိတ်နှင့် ကျောင်းပိတ်ရက်တွေမှာ သူပဲ မေမေ့ကို ကူညီပေးဖြစ်သည်။ သူ့ရဲ့အကြော်ဆိုင်လေးကို မကိုင်နှ ရောက်လာဖို့ဆိုတာ မဖြစ်နိုင်မှန်း သိပါသည်။

ဒါပေမဲ့ ငယ့်ကိုတော့ မျှော်မိ၏။ ငယ်ရောက်လာလျှင် မကိုင်နှ အကြောင်းတွေကိုတော့ ကြားရနိုင်သည်။

"မြို့ဦးဘုရားမှာ သီတင်းကျွတ် မီးထွန်းပွဲတော်ရှိတယ် သားရဲ၊ အဲဒီရက်တွေတော့ မေမေ ညဘက် အကြော်ရောင်းမယ်"

"ဟာ မေမေ ပင်ပန်းပါတယ်၊ မနက်လည်းရောင်း ညနေလည်းရောင်း ညဘက်ပါဆက်ရောင်းဦးမလို့လား"

"မီးထွန်းပွဲတော်ရက် သွားတဲ့ လျှောက်တဲ့သူတွေ စည်ကားမယ်လေ သားရဲ့၊ ရောင်းရမှာပေါ့"

မေမေ ဆန္ဒပြင်းနေတော့လည်း သူ မတားသာခဲ့ပါ။ မေမေ့ခမျာ အရင်ကထက်တောင် ငွေပိုရှာဖွေ ကြိုးစားနေရတာ သူ နားလည်ပါသည်။

"အင်းလေ မေမေ ရောင်းချင်ရောင်းပေါ့၊ သားလည်း ရှိတာပဲ"

"ညီမလေးလည်း ဝိုင်းကူမှာပေါ့ ကိုကိုရဲ့"

"အေး အေး သားကော သမီးပါ ရှိနေတော့ ပိုတောင်အဆင်

www.burmeseclassic.com



ပြေသေးတယ်''

တည်တို့မြို့လေးမှာ သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်တွေဆို စည်ကားသည်။

မြို့ဦးဘုရားမှာ မီးပုံးပျံလွှတ်ပွဲတွေ၊ ဆီမီးပူဇော်ပွဲတွေနှင့် အငြိမ့်ပွဲတွေတောင် ရှိတတ်၏။

မေမေကတော့ ဒီလိုပွဲမျိုးမှာ အကြော်ရောင်းဖို့ စိတ်ထက်သန်နေခဲ့သည်။ သူနှင့်ညီမလေးကလည်း အမေ့ကို ဝိုင်းကူပေးဖို့ အသင့်ရှိခဲ့ကြ၏။

ပွဲတော်ရှိသည့်နေ့မနက်မှာပဲ ငယ်တစ်ယောက် သူ့ဆီရောက်လာသည်။

''ငယ် ဒီရက်တွေ နင် ဘယ်ပျောက်နေတာလဲ''

''ပျောက်နေတာ မဟုတ်ဘူးဟ၊ ဖျားနေလို့ အပြင်ကို မထွက်ရတာ''

သည်တော့မှ သူ ငယ့်ကို အသေအချာကြည့်မိသည်။ ငယ် မျက်နှာလေး ချောင်ကျသွားတာတော့ အမှန်။

''ငါ မသိလို့ဟာ၊ အခုကော သက်သာပြီလား ငယ်''

''အေး သက်သာပါပြီ၊ ငါ မကိုဋ္ဌ ဆီရောက်ခဲ့တယ်''

မကိုဋ္ဌ အမည်ကြားတော့ သူ စိတ်ဝင်စားသွားရ၏။ အနားမှာ မေမေတို့ မရှိတာမို့ ငယ်က လေသံလေး နှိမ်ချကာ ပြော၏။

''တည် ဒီည မကိုဋ္ဌ ပွဲဈေးလျှောက်မယ်တဲ့''

''ဟင် ဟုတ်လား''

''အေး အဲဒါ နင်နဲ့တွေ့ချင်လို့တဲ့''

သူလည်း မကိုဋ္ဌ နှင့်တွေ့ချင်ပါသည်။ ဒါပေမဲ့ သတိရမိသည်က [illegible]မေ အကြော်ဆိုင်ထွက်မှာကိုဖြစ်၏။

''ငါတို့ထွက်လာရင် နင် အသာကပ်လိုက်ခဲ့ တည်၊ မကိုဋ္ဌ [illegible]တာ ဒေါ်တင်ကြီးပဲ အဖော်ပါမှာ''

ဒေါ်တင်ကြီးဆိုတာ မကိုဋ္ဌတို့ အိမ်က ထမင်းချက်ဖြစ်ကာ [illegible]ကိုဋ္ဌ နှင့်ဆွေမျိုးရိပ်မကင်းသူဟု သူ သိ၏။

''ဒေါ်တင်ကြီးကို ငါ စွဲထုတ်ပေးမယ်၊ နင်နဲ့မကိုဋ္ဌ အတူလည်[illegible]ကြပေါ့''

''ဖြစ်ပါ့မလား ငယ်ရယ်၊ ပွဲခင်းကြီးထဲမှာ တစ်ယောက်ယောက် [illegible]သွားရင် အခက်''

''တည် မကိုဋ္ဌ တောင် နင်နဲ့တွေ့ခွင့်ရအောင် ကြိုးစားသေး[illegible] နင်က ဘာလို့ သတ္တိမရှိတာလဲ၊ ပွဲခင်းထဲမှာ လူတွေ ဒီလောက်[illegible]နေတာ နင်တို့ကို ဘယ်သူမှ သတိမထားမိပါဘူး''

ငယ်က စိတ်မရှည်သလိုဆိုတော့ သူ ခေါင်းညိတ်ရသည်။ [illegible]ဖြစ်ဖြစ် ကျောင်းပိတ်ရက် ငါးရက်လုံးလုံးမှာ မကိုဋ္ဌ နဲ့မဆုံရသေးပါ။

''ကဲ ဒါဆို ငါ ပြန်မယ် တည်၊ ငါတို့ ခြောက်နာရီခွဲလောက် [illegible]မှာ၊ နင် စောင့်နေနော်''

''အေးပါ ငယ်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



ငယ် နှုတ်ဆက်ကာ ပြန်သွားတော့ သူ့ခေါင်းထဲဝင်လာ... မေမေ့ရဲ့အကြော်ဆိုင်ကို ကူရမည့်ကိစ္စ။

ညီမလေးကိုပဲ အကူအညီတောင်းကာ ထားရစ်ခဲ့ရမည်။ ... ကို တွေ့ချင်စိတ်က ရင်ထဲမှာ ပြင်းပြနေသည်။

ဟိုးငယ်စဉ်တုန်းကတော့ သူရယ် ငယ်ရယ် မကိုင်ရယ် သီ... ကျွတ်ပွဲရက်တွေမှာ ပျော်ရွှင်စွာ ကစားခဲ့ကြဖူးတာ မှတ်မိနေဆဲ။

မကိုင်တို့ ခြံထဲမှာ ဖယောင်းတိုင်မီးတွေ ထွန်းကြသည်။ ... မိဘတွေ ဝယ်ပေးသော မီးရှူးတွေဖောက်ကြနှင့် တကယ့်ကို ပျော်... ကောင်းခဲ့သည်။

အခုချိန်မှာတော့ ဒီလို အခွင့်အရေးမျိုးဆိုတာ ဘယ်... ရနိုင်တော့မှာ မဟုတ်တာ သေချာသည်။

မြို့ဦးဘုရားပွဲတော်မှာ မကိုင် နှင့်အတူ လည်ပတ်ရမည့်အ... အရေးကို သူ မစွန့်လွှတ်ချင်ပါ။

"ကိုကို ဘာလုပ်နေတာလဲ"

ကိုယ့်အတွေးတွေနှင့်ကိုယ် ကြည်နူးနေတုန်း ညီမလေး ... ကြောင့် သူ လှည့်ကြည့်ရင်း

"သြော် ညီမလေး ကိုကို ပြောစရာလေးရှိလို့"

"ဘာလဲဟင် ကိုကို"

ညီမလေးက သူ့နံဘေးမှာ ကျုံ့ကျုံ့လေးထိုင်ကာ နားစွင်... တော့ သူ ဘယ်ကဘယ်လို စပြောရမှန်းတောင် မသိ။ ညီမလေ...





...ကြော်ဆိုင်မှာ ကူညီနိုင်းကာ သူက ဘုရားပွဲဝင်းထဲ လည်ပတ်နေတာ ...ပြင်သင့်ရဲ့လား။

"ကိုကို ပြောလေ ဘာပြောမလို့လဲ"

"ဟို ဒီညဲ ဟို မေမေ့ဆိုင်ကိုညီမလေး ဝိုင်းကူပေးထားလိုက်... ကိုကို သွားစရာလေးရှိလို့"

"ဟင် ကိုကိုက ဘယ်သွားမှာလဲ"

"ငယ် အဲ မကိုင်တို့က ပွဲဈေးဘက် ခဏလိုက်ပို့နိုင်းနေလို့ ...ညီမလေးရဲ့"

"ကိုကိုတို့ ပွဲခင်းလျှောက်ကြမလို့ပေါ့လေ"

"အာ မဟုတ်ပါဘူးကွာ၊ ကိုကို မသွားချင်ပါဘူး။ မကိုင် က ...လိုက်ပို့နိုင်းနေလို့၊ စောစောက ငယ် လာပြောသွားတယ်လေ"

ညီမလေး သူ့ကို ပြုံးရိပ်ရိပ်နှင့် ကြည့်နေတော့ သူ မျက်နှာ ...နှင့် မနေတတ်ဖြစ်ရသေးသည်။

"ဟို ခဏလေးပါကွာ၊ ပြီးရင် ကိုကို ဆိုင်ကိုပဲ ပြန်လာကူမှာပါ"

"အဟင်း ကိုကိုက မမငယ်နဲ့လည်ချင်တာလား၊ မမမကိုင် ...နဲ့လားဟင်"

ညီမလေး မေးလာတော့ သူ မျက်နှာကြီး နီကာ ထူထူပူပူ ...ကြီးဖြစ်သွားခဲ့ရသည်။

"ကြည့်ရတာ မမမကိုင် ခေါ်လို့ မမငယ် လာခေါ်တာထင်တယ် ...ကိုကို မမမကိုင်နဲ့ ကိုကိုက ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒီကောင်မလေး ပေါက်ကရတွေ၊ ကိုကိုတို့က သူငယ်ချင်း
တွေပါ"

ညီမလေး ရွှေစင် ရယ်ကျဲကျဲမျက်နှာလေးနှင့် ပခုံးလေးကျုံ့
သည်။ ပြီးမှ ခေါင်းလေးညိတ်ကာ

"ကိုကို သွားပါ၊ ဆိုင်အတွက် ဘာမှမပူနဲ့ ညီမလေး ရှိနေမှာပါ"

"ဟာ ကျေးဇူးပဲ ညီမလေးရယ်၊ ကိုကို ပြန်လာရင် ညီမလေး
နားတော့ သိလား၊ ကိုကို ကျန်တာအားလုံးလုပ်ပေးမယ်"

သူ့အမူအရာက ဟန်မဆောင်နိုင်အောင် အပျော်လွန်သွား
တာကို ညီမလေးလည်း ရိပ်မိပုံရသည်။ ဘာမှတော့ ပြန်မပြောပေမယ့်
ညီမလေး ပြုံးစိစိနှင့် အနားက ထွက်သွားခဲ့သည်။

ရင်ထဲမှာ ကြည်နူးဝမ်းသာခြင်းတွေနှင့် သူ လုပ်ခတ်နေ...

ညနေကျရင် မကိုင်နှင့်တွေ့ရမည်ဆိုတော့ သူ လုပ်စရာအလု...
တွေကို စောစီးစွာ ပြီးဖြတ်ထားတာ ကောင်းမည်။

နောက်ဖေးမီးဖိုခန်းထဲဝင်ခဲ့ကာ မေမေ အကြော်ဆိုင်အတွက်
လိုတာတွေကို သူ ဝိုင်းဝန်းလုပ်ဆောင်နေလိုက်ပါသည်။

ဒီနှစ် သီတင်းကျွတ်ညလေးကတော့ ရင်ခုန်စရာကောင်း...
သေချာနေ၏။

■ ■ ■



## အခန်း (၁၂)

တကယ်ဆို မကိုင်နှ တို့ လမ်းထိပ်လေးကို သူ ရောက်နေတာ
...က်နာရီထိုးကတည်းက ဖြစ်သည်။

ငယ်က ခြောက်နာရီခွဲလောက် ထွက်လာမည်ဟု ပြောခဲ့၏။
... ညနေ ငါးနာရီလောက်ကတည်းက မေမေအကြော်ဆိုင် ထွက်ဖို့
...င်ပေးပြီး ရေမိုးချိုး အဝတ်အစားလဲ၏။

မကိုင်နှ တို့ထွက်လာလျှင် အသေအချာ မြင်ရအောင် မကိုင်နှ
...ထိပ်ကပဲ စောင့်နေခဲ့သည်။

ခြောက်နာရီဆိုတာက အမှောင်ရိပ် မကြီးစိုးသေးပေမယ့် နေ
...ပျောက်နေပြီ။

မကိုင်နှ တို့လမ်းထိပ်က လက်ဖက်ရည်ဆိုင်လေး၏ ထောင့်ကျ...
...းပွဲလေးမှာ ထိုင်ကာ သူ မျှော်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့ဦးဘုရားပွဲသို့ သွားကြသော သူတွေက ခပ်ဖွဲဖွဲပဲ ရှိသော[illegible] သည်။ လမ်းမီးရောင်အောက်မှာ မြင်တွေ့နေရသူတိုင်းသည် သစ်လွင် တောက်ပသော အဝတ်အစားတွေနှင့် အပြုံးရိပ်တွေ ဖြာနေ၏။

သူ့မျက်ဝန်းတွေက အဝေးမှ ရိပ်ခနဲ မြင်ရသည့် လူစု[illegible] မြင်တိုင်း ရင်တထိတ်ထိတ် ကြည့်ရတာ အမော။

"ဟော"

လမ်းမီးရောင်အောက် အလင်းအောက်က လှမ်းလာတာ [illegible] ယောက်ဖြစ်သည်။ လူရိပ်တွေက အဝေးမှာမို့ မသဲကွဲပေမယ့် မ[illegible] တို့ဟုထင်သည်။

တစ်စတစ်စ နီးလာတော့ သူ့ထင်မြင်ချက်တွေ မလွဲပါ။ အ[illegible] ရောင်ဆင်တူဝတ်စုံလေးနှင့် မကိုဋ္ဌ ရဲ့ဘေးတစ်ဖက်တစ်ချက်မှာ ဒေ[illegible] နှင့်ဒေါ်တင်ကြီးက ခြံရံပါလာသည်။

အပြာနုနုဝတ်စုံလေး ဝတ်ဆင်ထားသော ငယ်က ဆိုင်ထဲ[illegible] လှမ်းကြည့်သည်။ စားပွဲမှာထိုင်နေသော သူ့ကိုမြင်တွေ့သွားတော့ ဒေ[illegible] တင်ကြီး မမြင်အောင် လက်ကလေးတစ်ဖက် မြှောက်ပြ၏။

မကိုဋ္ဌ လည်း သူ့ကိုမြင်မှာပဲဖြစ်သည်။ နုညက်ဝင်းမွတ်[illegible] သော မျက်နှာလေးက ကြည်ကြည်လင်လင်လေး ပြုံးနေခဲ့သည်။

မကိုဋ္ဌ တို့သုံးယောက် ဆိုင်လေးရှေ့က ဖြတ်သွားတော့မှ [illegible] လက်ဖက်ရည်ဆိုင်မှာ ရှင်းကာ ထထွက်ခဲ့လိုက်၏။

ဒေါ်တင်ကြီး မရိပ်မိအောင် ခပ်လှမ်းလှမ်းကပဲ နောက်ယော[illegible]





[illegible]က်ခဲ့လိုက်သည်။ လမ်းမပေါ်မှာ မြို့ဦးဘုရားပွဲခင်းဆီသွားနေသော [illegible]အုပ်စုတွေနှင့် စည်ကားနေသည်။

ရောင်စုံမီးတွေ ဖယောင်းမီးတွေ ညီညာစွာ ထွန်းညှိပူဇော်[illegible]သော လမ်းဘေးတစ်ဖက်တစ်ချက်က အိမ်တွေကြောင့် သီတင်းကျွတ် [illegible]ကလေးက လှပကြည်နူးစရာကောင်းနေခဲ့သည်။

ပွဲခင်းထဲရောက်တော့ လူတွေက ပိုလို့ ရှုပ်ထွေးလာသည်။ [illegible] အနောက်ကပါလာတာကို ငယ် သိသည်။ ဒါပေမဲ့ အခုချိန်အထိ [illegible]တင်ကြီးက မကိုဋ္ဌ အနားမှာ အရိပ်လိုရှိနေဆဲ ဖြစ်၏။

ငယ်တို့သုံးယောက် ပွဲခင်း၏ဆိုင်ခန်းတစ်ခုရှေ့မှာ ရပ်တန့်သွား [illegible]ကြသည်။ ဗေဒင်လက္ခဏာ ဟောသော ဆိုင်ခန်းတစ်ခု ဖြစ်နေ၏။ [illegible]လည်း မယောင်မလည်ရပ် အကဲခတ်နေလိုက်၏။

မကြာလိုက်ပါ ငယ်တို့သုံးယောက်စလုံး ဗေဒင်ဟောခန်းထဲ [illegible]သွားကြတာ တွေ့သည်။

အရေးထဲ ဗေဒင်ဝင်မေးကြဦးမည်လား မသိ။

သူ ရပ်စောင့်ကြည့်နေတုန်းမှာ ဗေဒင်ဟောခန်းထဲက ထွက်လာ [illegible]သာ မကိုဋ္ဌ တစ်ယောက်တည်း။

သူ့ကိုမြင်တော့ မကိုဋ္ဌ သူရှိရာကို လှမ်းလျှောက်လာသည်။

"တည်"

"မကိုဋ္ဌ"

"သွားရအောင် ဒေါ်တင်ကြီးတော့ ငယ်နဲ့ဗေဒင်မေးရင်း ကျန်



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး ငါက နင်တို့ဗေဒင်ဝင်မေးကြတယ် ထင်နေတာ"

"ဒေါ်ကြီးတင်က ဗေဒင်သိပ်ဝါသနာပါတာလေ၊ ဒါကြော င်ယ်က အာရုံပို့ထားလိုက်တာ၊ လာ တည် ဘုရားပေါ်တက်ပူဇော် အောင်"

သူနှင့်မကိုင်း ဘုရားပေါ်တက်ခဲ့ကြသည်။ ဆီမီးတွေအပြည့် ပူဇော်ထားသော မြို့ဦးစေတီဘုရားကြီးက သပ္ပာယ်ကြည်ညိုဖွယ်ကောင်း လှသည်။

မကိုင်း က မွေးနံ့ထောင့်လေးမှာ ဝတ်ပြုရှိခိုးတော့ သူလည်း ဝတ်ပြုဦးချရင်း အတူစောင့်ပေးမိ၏။

လက်အုပ်ကလေးချီကာ မကိုင်း ဘာတွေဆုတောင်းနေသည် သူ မသိပါ။ မကိုင်း က ဝတ်ပြုရှိခိုးပြီးမှ သူ့ကို ပြုံးပြုံးလေးလှည့်ကြည့်ရင်း

"ဘုရားဝင်းထဲမှာ မီးပုံးပျံလွှတ်ပွဲ ရှိတယ် တည်၊ အတူသွားကြည့် ရအောင်နော်"

ရင်ပြင်ပေါ်မှာ အသိတွေနှင့်ဆုံမှာကို စိုးရိမ်နေမိသော သူ မကိုင်း စကားကို ခေါင်းညိတ်လက်ခံမိသည်။

မီးပုံးပျံလွှတ်ပွဲ ကျင်းပမည့် ကွင်းဘက်ကို အတူလျှောက်ခဲ့ကြ သည်။ ကွင်းကျယ်ကြီးထဲမှာ ပရိသတ်တွေက စည်ကားနေ၏။ ရောင်စုံ ခြယ်ထားသော မီးပုံးကြီးတွေကို မီးစာရှို့ မှိုင်းတိုက်သူတွေက တိုက်နေပြီ

"လာ တည် ငါတို့ လူရှင်းတဲ့နေရာကပဲ အေးအေးဆေးဆေး





ထိုင်ကြည့်ကြရအောင်နော်"

မကိုင်း က လူရှင်းသော ကွင်းအစပ်ကို ဦးတည်သွားတော့ သူလည်း အတူလိုက်ခဲ့လိုက်၏။

"ဒီမှာ ထိုင်ကြရအောင်နော် တည်"

ကုန်းပို့လေးက မြေကမူလေးမှာ မကိုင်း ထိုင်ဖို့ပြင်တော့ သူ ဆက်ကာတားရင်း အသင့်တွေ့ရသော အုတ်ခဲလေးနှစ်လုံးကို ပြေး ကောက်ယူလိုက်သည်။

"ဒီမှာ ထိုင် မကိုင်း"

မကိုင်း ခေါင်းလေးညိတ်ကာ အုတ်ခဲလေးပေါ် ထိုင်သည်။ သူ သည်၊ မကိုင်းနံဘေးမှာ ဝင်ထိုင်လိုက်၏။

"ကျောင်းပိတ်ရက်တွေမှာ ငါ နင်နဲ့တွေ့ချင်နေတာ၊ အခုတောင် ယ်နဲ့တိုင်ပင်ပြီး ပွဲခင်းလျှောက်ဖို့ မနည်းပြောရတယ်၊ ဒေါ်ကြီးတင်ကို အဖော်ထည့်လိုက်တာလေ"

"အင်း ငယ်ပြောပါတယ်၊ ဒီရက်တွေ နင် အပြင်ထွက်မလား စောင့်နေသေးတယ်၊ မေမေ့ရဲ့အကြော်ဆိုင်မှာ ငါ နေ့တိုင်းရှိနေတယ်လေ"

"အပြင်ထွက်ဖို့ သိပ်မလွယ်ဘူး တည်ရဲ့၊ ပြီးတော့ ဖေဖေလည်း သိပ်နေမကောင်းဘူးဟ"

"ဟင် ဟုတ်လား ဦးလေး ဘာဖြစ်လို့လဲ"

"သိပ်နေမကောင်းကြီး မဟုတ်ပါဘူး၊ အလုပ်ကိစ္စတွေ ပင်ပန်း ပြီး သွေးတိုးတာတဲ့၊ ဟော ဟိုမှာ မီးပုံးပျံကြီး တက်လာပြီ တည်"



www.burmeseclassic.com

www.burmeseclassic.com



မီးပုံးပျံကြီး တစ်လုံး ကောင်းကင်ပေါ် ထိုးတက်လာသည်နှင့် အတူ လက်ခုပ်သံတွေ အော်ဟစ်သံတွေ ဆူညံသွားတော့ မကိုင်ရှုလည်း အပျော်တွေ ကူးစက်သွားပုံရကာ မတ်တပ်လေးရပ်ကာ လက်ခုပ်တီး

မီးပုံးပျံကြီးမှာ ချိတ်ဆွဲထားသော မီးရှူးမီးပန်းတွေက ဖောက်ဖောက်ပေါက်ကွဲကာ ရောင်စုံမီးပွားတွေ ဖြာထွက်နေ၏။

သူလည်း မကိုင်ရှုနှင့်အတူ လက်ခုပ်တီး ပျော်ရွှင်နေမိ၏။

နောက်ထပ် မီးပုံးပျံကြီးတွေ တစ်ခုပြီးတစ်ခု ထိုးတက်လာသည်။ ဝိုင်းကြည့်နေသော ပရိသတ်အော်ဟစ်သံတွေ ဆူညံသွားသည်

"တည်"

"ဘာလဲ မကိုင်ရှု"

"ငါတို့ငယ်ငယ်က ခြံထဲမှာ ဖယောင်းမီးတွေထွန်း၊ မီးရှူးတွေ ကစားကြတာ ပြန်မှတ်မိနေတယ်"

"အင်းနော် အဲဒီတုန်းက ပျော်ခဲ့တာတွေ ငါ မမေ့သေးဘူး"

"အခုကော နင် ပျော်သလား တည်"

သူ့ကိုမော့ကြည့်ကာ မေးသော မကိုင်ရှု မျက်နှာလေးက မီး ရောင်လဲ့လဲ့အောက်မှာ ကြည်ကြည်လင်လင်လေး လှနေသည်။

တကယ်ပါပဲ ဟိုးငယ်ငယ်တုန်းက ခင်မင်ခဲ့ရသော သူငယ်ချင်း လေးသည် အခုချိန်မှာ သူ့ရဲ့ချစ်သူလေးအဖြစ် ရှိနေခဲ့တာ အိပ်မက်တစ်ခု လိုပါပဲ။

"ပျော် ပျော် ပျော်"





"အို အမေ့"

ဘယ်လူငယ်က လှမ်းနောက်လိုက်သည်မသိသော ဗျောက်အိုး တစ်လုံးအနားမှာ ဆင့်ကွဲပေါက်ကွဲတော့ မကိုင်ရှု အထိတ်တလန့် အော် ကာ သူ့ရင်ခွင်ထဲ တိုးဝင်၏။

သူလည်း မကိုင်ရှု ခန္ဓာကိုယ်လေးကို အလန့်တကြား ပြန်ပွေ့ ဖက်ထားမိသည်။

နွေးထွေးရှိန်းမြသော ခန္ဓာကိုယ်တွေဆီမှ ရင်ခုန်သံတွေက တလှပ်လှပ်။ မကိုင်ရှု သူ့ရင်ခွင်ထဲမှာ မျက်နှာလေးအပ်ကာ ရှန်းထွက်ဖို့ မေ့နေခဲ့သည်လား။

သူကိုယ်တိုင်လည်း ထိုတဒင်္ဂလေးမှာ အရာရာကို မေ့လျော့ ကာ ရင်ခုန်သံတွေနှင့် ရှိန်းမြဖိုလှိုက်နေဆဲ။

ရှန်ပိုရန့်သင်းသင်းလေးမွှေးသော မကိုင်ရှု ဆံနွယ်ဆီမှ ရနံ့လေး တွေက သူ့ကို လာကျီစယ်နေခဲ့သည်။

"တည်"

ရင်ခွင်ထဲက ခေါင်းလေးမော့ကာ မကိုင်ရှု ခေါ်တော့ သူ ဆုပ် ကိုင်ထားသောလက်တို့ကို ဖြည်လျှော့ပေးမိရင်း

"မကိုင်ရှု"

"ပြန် ပြန်ကြရအောင်နော်၊ ရင်ပြင်ပေါ်မှာ ငယ်တို့စောင့်နေ ပြီမယ်"

သူ ခေါင်းလေးညိတ်တော့ မကိုင်ရှု ရင်ခွင်ထဲက ညင်သာစွာ



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ခွာသည်။ ပန်းနုရောင်သမ်းနေသော မျက်နှာလေးကို သူ မြတ်နိုး

စိုက်ကြည့်နေမိတာ အတော်ကြာသည်။

"ကျောင်းဖွင့်ရက်ကျ ပြန်ဆုံကြမယ်နော် တည်"

"ရင်ပြင်အနားထိ ငါ လိုက်ပို့ပေးမယ်လေ"

မကိုင်း့ ပြုံးပြုံးလေး ခေါင်းညိတ်ကာ သူ့လက်ဖဝါးထဲ သူမ

လက်ဖဝါးလေးကို ထိုးထည့်သည်။

နွေးထွေးနေသော လက်ဖဝါးလေးကို သူ တင်းတင်းလေး

ဆုပ်ကိုင်ထားလိုက်၏။

"တည် ဘယ်လိုအခြေအနေတွေ ကြုံလာပါစေ၊ ငါတို့မခွဲကြေး

မဝေးကြေးနော်"

"မကိုင်း့ရယ် ငါ့ဘဝမှာ နင်က အချစ်ဦးဖြစ်သလို အချစ်ဆုံး

ဆိုတာ အကြွင်းမဲ့ယုံပါ"

တင်းတင်းဆုပ်ထားသော လက်နှစ်ဖက်ကြားမှာ နွေးထွေးမှု

နှင့်အတူ ရင်ခုန်သံတွေ စီးမျောနေခဲ့တာ သေချာသည်။

ကြယ်ပွင့်တို့ တလက်လက် ဖြာနေသော ကောင်းကင်ကြီးထဲ

မှာ မီးပုံပျံကြီးက တအိအိ လွင့်မျောနေဆဲ။

ဘယ်တော့မှ မမေ့နိုင်သော သီတင်းကျွတ်ညလေးကိုတော့

သူ မေ့နိုင်မည်မဟုတ်တော့ပါ။

မကိုင်း့နှင့်အတူ သူ ရင်ဘတ်ချင်း နီးစပ်နားလည်ခဲ့သော

ညလေးကို မကုန်ဆုံးစေချင်မိသည်အထိ။

■ ■ ■



## အခန်း (၁၃)

ရက်ပိုင်းအတွင်းမှာ ပထမနှစ်စာမေးပွဲတွေကို မကိုင်း့တို့ ဖြေ

ဆိုကြရတော့မည်။

ဒီနေ့ကတော့ ကျောင်းဖွင့်ရက်၏နောက်ဆုံးနေ့ရက်မို့လည်း

တည်နှင့်မကိုင်း့ ဆုံတွေ့ဖို့ တိုင်ပင်ထားသည်။

"ငယ် နင်ပါလိုက်ခဲ့ဟာ၊ ငါတို့ ပျော်ပျော်ပါးပါး လျှောက်လည်ရ

အောင်"

"နေပါဦး မကိုင်း့ နင်တို့ ဘယ်သွားကြမှာလဲ"

"ဘယ်မှမသွားပါဘူး၊ တစ်ခုခု သွားစားကြမယ်၊ ပြီးရင် ပန်းခြံ

မှာ အေးအေးဆေးဆေး ထိုင်စကားပြောကြရုံပါဟ"

"ပထမအစီအစဉ်တော့ ကြိုက်တယ်၊ ဒါပေမဲ့ ဒုတိယအစီအစဉ်

ကား မဖြစ်ဘူး၊ ငါက စိန်ကောင်းကျောက်ကောင်း ရောင်းတဲ့သူကြားမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရိုးသည်လို ဖြစ်နေမှာပေါ့''

''မဟုတ်တာ ငယ်ရယ် ငါတို့သုံးယောက်အတူ လည်ကြမှာပေ

နောက်ရက်ဆို စာမေးပွဲရက်တွေလေ ခေါင်းဆေးတဲ့သဘောပေါ့''

''နင်တို့ဘာသာ လွတ်လွတ်လပ်လပ် သွားကြပါဟယ်၊ ငါ

မလိုက်တော့ဘူး''

''ဟာ ငယ်ကလည်း နင် ဒီလို ရှောင်မထွက်ပါနဲ့''

ငယ် ငြင်းဆန်နေတော့ မကိုင်မ မကျေမနပ်လေး ပြောသည်

ငယ်က လက်ကလေးကာပြရင်း

''စာမေးပွဲနောက်ဆုံးနေ့ကျ လည်မှာမဟုတ်လား။ အဲဒီနေ့က

လိုက်မယ်ဟာ၊ ငါ ဒီနေ့ အိမ်ပြန်မှ ဖြစ်မှာမို့ပါ၊ အိမ်မှာရောက်နေ

ငါ့ဦးလေးတွေက မနက်ဖြန် ပြန်တော့မှာလေ ဒါကြောင့်ပါ''

ငယ်တို့အိမ်မှာ ဧည့်သည်တွေ ရောက်နေတာ သိထားသော

သူတို့ နားလည်ပေးလိုက်ရသည်။ ငယ် မလိုက်ဘူးဆိုတော့လည်း နှ

ယောက်ပဲ ထွက်ခဲ့ကြသည်။

ကျောင်းပိတ်ရက်တွေမှာ မကိုင်မနှင့် ဆုံနိုင်ဖို့ဆိုတာ ခက်ခဲသွာ

ခဲ့ပြီမို့ ဒီနေ့တော့ အတူ စကားတွေပြောရင်း ဆုံတွေ့ချင်မိ၏။

''ဗိုက်ဆာတယ် တည်ရယ်၊ တစ်ခုခုစားရအောင်''

''ဘာစားချင်လို့လဲ မကိုင်မ''

''ထမင်းပေါင်း သွားစားကြမယ်လေ''

မကိုင်မ ဆန္ဒအတိုင်းပဲ သူ ခေါင်းလေးညိတ်ကာ ထမင်းပေ





ဆိုင်လေးကို ရောက်ခဲ့ကြသည်။

စားသောက်ပြီးတော့ မြို့ထဲက ပန်းခြံလေးဆီ ထွက်ခဲ့သည်။ စာမေးပွဲရက်နှင့် ကျောင်းပိတ်ရက်တွေမှာ မဆုံနိုင်တော့တာမို့ စကားတွေ အများကြီး ပြောချင်သည်။

ပန်းခြံလေးထဲက ခုံတန်းလေးမှာ ထိုင်ကာ မကိုင်မနှင့်သူ အေးချမ်းစွာ ထိုင်ဖြစ်သည်။ ဒီပန်းခြံလေးထဲမှာ ရပ်ကွက်ထဲက လူတွေနှင့် ဆုံတွေ့စရာ မရှိတာမို့ လွတ်လပ်တာတော့ အမှန်။

''တည် စာတွေ ပိုင်နေပြီလား''

''အင်း ပြန်နွှေးဖို့ပဲ လိုတော့တယ်၊ မကိုင်မကော ရတယ်မို့လား''

''တော်တော် ရနေပါပြီ တည်၊ နည်းနည်းပါးပါးပဲ ဆက်ကျက်ရမယ် ကဲပါ အခုချိန်မှာ စာအကြောင်းတွေ ခဏမေ့ထားမယ်''

ပြောရင်း မကိုင်မက သူ့ပခုံးလေးမှာ မှီလာသည်။ သူ မကိုင်မ ခုံးလေးကို ဆုပ်ကိုင်ရင်း -

''ကျောင်းပိတ်ရက်တွေမှာ မကိုင်မနဲ့တွေ့ဖို့ လွယ်ပါ့မလားဟင်''

''တည်ရယ် အခွင့်အရေးရရင် မကိုင်မ ထွက်လာမှာပါ၊ ငယ်လည်း ရှိနေတာပဲ၊ ပြောစရာ မှာစရာရှိရင် ငယ်နဲ့မှာမယ်လေ''

''ငယ်တို့ နွေကျောင်းပိတ်ရက် ဘယ်သွားကြဦးမှာလဲ''

''ဟင့်အင်း ဘယ်မှသွားဖို့ မရှိပါဘူး တည်၊ အဲ ဖေဖေကတော့ ရန်ကုန်သွားဖြစ်မလား မသိဘူး၊ အခုတလော ဖေဖေ့ကျန်းမာရေး သိပ်မကောင်းဘူး၊ ရန်ကုန်က ဖေဖေ့မိတ်ဆွေအိမ်မှာ ဖေဖေ သွားဆေးကုချင်



www.burmeseclassic.com

www.burmeseclassic.com



တယ် ပြောနေတယ်''

အခုတလော မကိုင်္ဂျ ဖေဖေရဲ့ကျန်းမာရေးမကောင်းတာကို သူ ကြားနေရသည်။ မကိုင်္ဂျ အိမ် သူ မရောက်ပေမယ့် မကြာခဏ ရောက်တတ်သော ငယ်ကလည်း ပြော၏။

''မကိုင်္ဂျ ဖေဖေ တော်တော် ပိန်သွားတယ် တည်၊ ငါတောင် မယုံနိုင်ဘူး။ တော်တော် အိုစာသွားသလိုပဲ''

''တည် ဘာတွေ တွေးနေတာလဲဟင်''

သူ့ရင်ခွင်ထဲမှာ ခေါင်းလေးမော့ကာ မကိုင်္ဂျ မေးလာတာမို့

''ဘာမှမတွေးပါဘူး။ မကိုင်္ဂျ ဖေဖေ သိပ်နေမကောင်းတာကို တည် သိတယ်၊ ငယ် ပြောပြတာ ပြန်သတိရလို့''

မကိုင်္ဂျ ပင့်သက်လေးရှိုက်ကာ သူ့ရင်ခွင်မှ ခွာထွက်ရင်း

''အင်း ဖေဖေ တော်တော် ပိန်သွားတာ အမှန်ပဲ တည် ဆရာဝန်တွေနဲ့ပြတော့လည်း ထွေထွေထူးထူး ရောဂါမတွေ့ဘူးတဲ့ အလုပ် ပင်ပန်းလို့လို့ မှတ်ချက်ပေးကြတာပဲ''

မကိုင်္ဂျ ဖေဖေက လက်ရှိမှာ ဆန်စက်နှင့်ပွဲရုံကြီးကို တစ်ယောက်တည်း ဦးဆောင်နေရတာမို့ ဖြစ်နိုင်သည်။

လူက မပင်ပန်းပေမယ့် စိတ်ပင်ပန်းမှာတော့ သူ နားလည် တွေးဆပေးနိုင်၏။

''မကိုင်္ဂျ''

ခေါ်သံလေးကြောင့် သူကော မကိုင်္ဂျပါ ဆတ်ခနဲ ဖြစ်ကာ

…ကြည့်မိတော့ ငယ် ဖြစ်နေ၏။

''ဟင် ငယ်''

''ငယ် နင် အိမ်ပြန်မှာဆို၊ ဘာ့ယ်က ဘယ်လို လိုက်လာတာလဲ''

ကျောပိုးအိတ်လေးလွယ်ကာ သူတို့ရှိနေသော ပန်းခြံထဲအထိ …က်လာသော ငယ့်ကို တအံ့တဩ မေးမိကြ၏။

''ငါ ပြန်မလို့ပဲ၊ မကိုင်္ဂျ နင့်မေမေ ကျောင်းကိုရောက်လာလို့''

''ဟင်''

မကိုင်္ဂျ မျက်ဝန်းလေးတွေ အထိတ်တလန့် ဝိုင်းစက်သွားသလို …ည်း တုန်လှုပ်သွားရတာ အမှန်ဖြစ်သည်။

မကိုင်္ဂျ မေမေကိုယ်တိုင် ဘာကြောင့် ကျောင်းကိုရောက်လာရ …ပဲ၊ ငယ်ရဲ့မျက်နှာကို ကြည့်တော့လည်း တစ်စုံတစ်ခုကို စိုးရိမ်ပူပန် …သာ အထင်အရှား။

''မေ မေမေ ဘာ ဘာလာလုပ်တာလဲ ငယ်''

''မကိုင်္ဂျ နင့်ဖေဖေ ပွဲရုံမှာ မူးလဲလို့တဲ့၊ အခု ဆေးရုံမှာတဲ့''

''ဟင်''

''ဖေ ဖေဖေ ဖေဖေ ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာတဲ့လဲဟင်''

မကိုင်္ဂျ ဆတ်ခနဲ ထရပ်ကာ ငယ့်ပခုံးတွေကို ဆုပ်ကိုင်ပြီးမေး …။ ငယ်က မကိုင်္ဂျ လက်မောင်းတွေကို ဖွဖွဆုပ်ကိုင်ရင်း

''ပွဲရုံ ရုံးခန်းထဲမှာ မူးလဲသွားလို့ ဆေးရုံပို့လိုက်ကြတာတဲ့၊ …ပန်းမြွတ်က နင့်ကိုဝင်ခေါ်ပြီး ဆေးရုံကို လိုက်မလို့တဲ့၊ နင်တို့



www.burmeseclassic.com

www.burmeseclassic.com



မရှိကြတော့ ငါလည်း အန်တီပန်းမြတ်ကို အရင်သွားခိုင်းလိုက်ရတယ် အဲဒါ နင် ဒီကနေ ဆေးရုံကို တစ်ခါတည်းလိုက်သွားမှဖြစ်မယ် မကိုင်း"

"အေး အေး ငါလိုက်သွားမယ် ငယ်၊ နင်လည်း လိုက်ခဲ့ပါလား ဟင်"

"အင်း ငါလိုက်ခဲ့ပေးမှာပေါ့ မကိုင်း"

"ငါလည်း လိုက်ခဲ့မယ်လေ"

တည် ဝင်ပြောတော့ ငယ်က မျက်လုံးလေးတွေပြူးကြည့်က ခေါင်းကိုခါသည်။

"နင် လိုက်ခဲ့လို့ မဖြစ်ဘူးထင်တယ် တည်၊ ဟိုလေ ကျောင်း နင်ကော မကိုင်းပါ ပျောက်နေကြတာဆိုတော့ အန်တီပန်းမြတ် တစ် ထင်သွားမှာစိုးရတယ်"

ငယ့်စကားကြောင့် တည် တွေခနဲ ဖြစ်သွားရသည်။ ငယ် ပြောတာလည်း မမှားပါ။ မကိုင်း မေမေက သူတို့နှစ်ယောက်အပေ သံသယတွေ ဝင်သွားမှာ မဖြစ်စေချင်ပါ။

ဒါကို မကိုင်း ကလည်း နားလည်စွာခေါင်းညိတ်သည်။

"တည် မလိုက်နဲ့တော့၊ မကိုင်းနဲ့ငယ်ပဲ သွားလိုက်မယ်၊ တ နဲ့သွားကြမယ်နော် ငယ်"

"ခဏလေးစောင့်ကြ ငါ ငှားပေးမယ်"

သူ လမ်းမဆီ ခပ်သွက်သွက် ရှေ့ကလှမ်းခဲ့ကာ တက္ကစီ ကို ငှားပေးလိုက်ပါသည်။

"တည် အိမ်ပြန်နှင့်နော်"

မကိုင်း က လက်ကလေးပြကာ သူ့ကို မှာသွားခဲ့သေးသည်။ မျက်လုံးတွေအောက်က တက္ကစီကားလေး ပျောက်ကွယ်သွားသည် ထိ သူ ရပ်ကြည့်နေမိဆဲ။

မကိုင်း ရင်ထဲမှာ ဘယ်လောက်စိတ်တွေ မွန်းကြပ်ပူလောင်နေ ည်ဆိုတာကို တည် ခံစားလို့ရပါသည်။

မကိုင်း ဖေဖေရဲ့ကျန်းမာရေးအကြောင်းတွေကိုတောင် အတူ ပြောနေခဲ့သေးသည်။ အခုတော့ မကိုင်း ဖေဖေ ဆေးရုံမှာတဲ့။

အန်ကယ် ဦးဘိုးသွယ် ကျန်းမာပါစေဟုပဲ သူ ဆုတောင်းပေး တော့သည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၄)

သူ စာမေးပွဲရှိတာမို့ မေမေက အကြော်ဆိုင်ကို ကူခွင့်မပေး
ညီမလေးရွှေစင်နှင့်မေမေပဲ အကြော်ဆိုင်ကို တာဝန်ယူသည်။

ဒါပေမဲ့ သူ စာကျက်လို့မရပါ။ မကိုင်ရှိ ဖေဖေအတွက် စိုးရိမ်
စိတ်ကြီးက ရင်ထဲမှာ ရှိနေသည်။

သူ အိမ်ပြန်ရောက်ရောက်ချင်း မေမေကလည်း မကိုင်ရှိ ဖေဖေ
အတွက် စိုးရိမ်စွာ အသိပေးပြောလာသေး၏။

"သား ကြားပြီးပြီလား မကိုင်ရှိလေးဖေဖေ မူးလဲလို့ ဆေးရုံ
တဲ့"

"ကြားတယ် မေမေ၊ အခုပဲ မကိုင်ရှိနဲ့ငယ်တို့ ဆေးရုံလိုက်သွား
ကြတယ်"





"သားကော လိုက်မသွားဘူးလား၊ အကျိုးအကြောင်းမေးမြန်း
ကြည့်မှ ကောင်းမှာပေါ့"

မေမေ ပြောလာတော့ သူ မှသာဝါဒကံကို ကျူးလွန်ကာ
ငြိမ်ညာရတော့၏။

"အဲဒီတုန်းက ဟို သားကျောင်းခန်းထဲမှာ မရှိလိုက်ဘူး မေမေ
အကြောင့် လိုက်မသွားဖြစ်တာ၊ ငယ် ပြန်လာရင်တော့ သွားမေးကြည့်ပါ
မယ်"

"အေးကွယ် အေး အေး မကိုင်ရှိလေး စိတ်ပူနေရှာမှာပေါ့၊
အခြာ စာမေးပွဲရက်ကြီးမှကွယ်၊ ဘာမှမဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းပေး
ရမှာပဲ"

မေမေ စိုးရိမ်သလို သူလည်း စိုးရိမ်မိပါသည်။ ဒါကြောင့်လည်း
ငယ်တို့အိမ်ဘက်ကို သူ ထွက်ခဲ့လိုက်သည်။

သူ ခြံဝင်းလေးထဲ လှမ်းအဝင်မှာပဲ ငယ် အိမ်ပေါ်ကဆင်းလာ
သည်နှင့် ထိပ်တိုက်တိုးသည်။

"ဟယ် တည် ငါအခုပဲ နင့်ဆီလာမလို့"

"အေး ငါလည်း နင် ပြန်ရောက်ပြီလား လာကြည့်တာ အခြေ
အနေ ဘယ်လိုလဲ ငယ်၊ မကိုင်ရှိ ဖေဖေ သက်သာရဲ့လား"

ငယ်က သူ့လက်ကိုဆွဲကာ ဇန်ဒါပင်ရိပ်အောက်က ခုံတန်းလေး
ဆီ ခေါ်သွားခဲ့သည်။ ခုံတန်းလေးမှာ အတူထိုင်မိကြတော့မှ

"ငါ ပြန်လာတဲ့အချိန်ထိတော့ သတိပြန်လည်မလာသေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘည်''

''ဟင် ဟုတ်လား''

''အေးဟယ် အရေးပေါ်ခန်းထဲမှာ ဆရာဝန်ကြီးတွေ ကု[illegible] ပေးနေရတုန်းပဲ''

''ဘာဖြစ်တာလဲ ငယ်ရယ်''

''သွေးဆောင့်တိုးသွားတာလို့ ပြောတာပဲ၊ မကိုင်ရှ ဖေဖေ[illegible] နှလုံးရောဂါလက္ခဏာလည်း ရှိနေတယ်တဲ့''

ငယ်ဆီက ကြားရသော သတင်းတွေက အားရစရာမကော[illegible] ပါ။ အခုလောက်ဆို မကိုင်ရှ ဘယ်လောက်စိတ်ပူနေမည်လဲ မသိ[illegible]

''မကိုင်ရှတို့ ဆေးရုံမှာပဲလားဟင်''

''အေး ဆေးရုံမှာပဲ ရှိတုန်းပဲလေ၊ ခြံစောင့်ကြီးနဲ့ ပွဲ[illegible] လူတွေလည်း ရှိကြပါတယ်၊ ညနေကျရင်တော့ မကိုင်ရှ ပြန်လာ[illegible] ထင်တယ်''

''အင်း မကိုင်ရှ တော်တော် စိတ်အားငယ်နေမှာပဲဟာ၊ ငါလ[illegible] ဆေးရုံ လိုက်သွားချင်တယ်''

''မနက်ဖြန်ကျ ငါတို့အတူသွားကြမယ်လေ၊ အဲဒီကျ[illegible] လိုက်ခဲ့ပေါ့ တည်ရဲ့''

''အေး ငါ လိုက်ခဲ့မယ် ငယ်''

''တည် မကိုင်ရှက နင့်ကို မှာလိုက်သေးတယ်''

''ဘာတဲ့လဲ ငယ်''





''စာကို ကြိုးစားကျက်ပါတဲ့ စာမေးပွဲ အောင်အောင် ဖြေပါတဲ့''

သူ့ရင်ထဲမှာ နင့်ခနဲ ဖြစ်ရသည်။ သူ့အပေါ်မှာ မကိုင်ရှရဲ့စေတနာ[illegible]တွေက ကြီးမားလှသည်။

သဘက်ခါဖြေမည့် စာမေးပွဲအတွက် မကိုင်ရှက သူ့ကိုစိုးရိမ်နေ[illegible]သေးသည်။ တကယ်ဆို မကိုင်ရှကော ထိုစာမေးပွဲကို ဘယ်လိုစိတ်နဲ့ ဖြေရှာမည်လဲ။

ပင့်သက်မောတစ်ခုက ရင်ထဲမှာပဲ နှံ့ချိုမောပမ်းစွာ . . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ပါးပြင်ပေါ် စီးကျနေသော မျက်ရည်တွေက ဘယ်သောအ
မှ ကုန်ခမ်းတော့မည် မဟုတ်ဟုတောင် မကိုဋ္ဌ ထင်မိသည်။

မေမေ့ကို လှမ်းကြည့်တော့ မေမေသည်လည်း ရှိုက်သံ
ထွက်မလာပါဘဲ မျက်ရည်တွေ စီးကျနေခဲ့၏။ မေမေ ဘယ်လော
ကြေကွဲဝမ်းနည်းနေရှာမည်လဲ မကိုဋ္ဌ တွေးကြည့်မိပါသည်။

ဆေးရုံပေါ်မှာ သုံးနာရီကျော်မျှ သတိလစ်မေ့မျောနေခဲ့သော
ဖေဖေရဲ့အခြေအနေကို ဆရာဝန်ကြီးတွေက အကောင်းဆုံး ပြုစုကု
ရင်း ဖြစ်နိုင်ချေတွေကိုလည်း အသိပေးခဲ့သည်။

"သွေးပေါင်ချိန်က သိပ်တိုးနေတယ်၊ နှလုံးရောဂါအခံကြော
အတော့်ကို စိုးရိမ်စရာအခြေအနေ ဖြစ်ခဲ့ပေမယ့် အသက်အန္တရာယ်အတွ





တော့ စိတ်ချရပါပြီ၊ ဒါပေမဲ့ သူ သတိပြန်လည်လာရင်တောင် အာရုံ
ကြောတွေ ထိခိုက်သွားနိုင်တယ်"

"ဟင် ဘယ် ဘယ်လို ဒေါက်တာ"

"ဒီလိုပါ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်စိတ်တစ်ဒေသ လေ
သင်တုန်းဖြတ်သွားတာမျိုး ကြုံရနိုင်တယ်"

ဆရာဝန်ကြီးတွေ၏ မှတ်ချက်နှင့် ထိုညက မကိုဋ္ဌတို့သားအမိ
အိမ်ပြန်ခဲ့ရပေမယ့် ဖေဖေ့အတွက် စိုးရိမ်မှုတွေနှင့် ဗလောင်ဆူနေခဲ့သည်။

ဆေးရုံမှာ တစ်နေ့လည်လုံးလုံး စိတ်ပင်ပန်း လူပင်ပန်းနေခဲ့ရ
သော မကိုဋ္ဌနှင့်မေမေကို ဖေဖေရဲ့လုပ်ငန်းမန်နေဂျာကြီးက အိမ်ပြန်နား
ခဲ့သည်။

"ဘာမှမပူကြဘဲ ဒီတစ်ညတော့ အိမ်ပြန်အနားယူကြပါဗျာ၊
ဆရာ့ကို ကျွန်တော်တို့တွေ ဂရုစိုက် ပြုစုထားပါ့မယ်၊ နာ့စ်တွေလည်း
ရှိနေတာပဲ၊ မနက်ဖြန်မှ စောစော ဆေးရုံလာခဲ့ကြပေါ့"

မသေချာသေးသော အခြေအနေတစ်ခုနှင့် ကြုံဆုံနေရသော
ဖေဖေ့အခြေအနေအတွက် မကိုဋ္ဌတို့ ဆုတောင်းရုံမှတစ်ပါး အခြားမရှိခဲ့ပါ။

ဖေဖေသည် မိသားစုရဲ့ဦးစီးခေါင်းဆောင်။ မေမေနှင့်မကိုဋ္ဌ
အတွက် ဘာမှပူပန်စရာမရှိအောင် ဖေဖေ အပြည့်အဝ တာဝန်ယူခဲ့၏။

ဖေဖေသာ တစ်စုံတစ်ခု ဖြစ်သွားလျှင် မိသားစုဘဝမှာ အကြီး
မားဆုံးသော ဆုံးရှုံးမှုကြီးကို ရင်ဆိုင်ရမှာ ဖြစ်၏။ ဒါတွေအတွက် မေမေ့
ခမြာ တွေးတော ပူလောင်နေမှာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



မကိုင်ရှ် ကတော့ ဖေဖေ အသက်အန္တရာယ် မစိုးရိမ်ရတာကို ဝမ်းသာကျေနပ်ပါသည်။

မကိုင်ရှ် ဒီအရွယ်ရောက်သည်အထိ ဖေဖေသည် တာဝန်ကျေ ခဲ့သည်။ ဖေဖေ့အပေါ်မှာတော့ မကိုင်ရှ် တာဝန်မကျေနိုင်သေးပါ။

ဖေဖေ့ရဲ့ကျေးဇူးတွေအတွက် မကိုင်ရှ် ပေးဆပ်ခွင့်လေးတော ရချင်ပါသေးသည်။

အခုတော့ ဖေဖေ့ရဲ့အခြေအနေမှန်ကို မကိုင်ရှ်တို့ မြင်သိခဲ့ရ ဖြစ်သည်။

ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး လေသင်တုန်း ဖြတ်သွားသော ဖေဖေ့အဖြစ်ကို မြင်ရတော့ မေမေကော မကိုင်ရှ်ပါ မျက်ရည်မဆည်နိုင် ကြပါ။

သတိပြန်လည်နေပြီဖြစ်သော ဖေဖေကလည်း ကိုယ့်အခြေ အနေကို ကောင်းကောင်း သိနေပုံရပါသည်။

ဖေဖေ့မျက်ဝန်းတွေက မျက်ရည်စတွေ ဝဲလျက်။ မေမေ့ မကိုင်ရှ်တို့ကို ငေးစိုက်ကြည့်နေခဲ့သည်။ ဖေဖေ ရှေ့မှောက်မှာ မျက်ရည် တွေ မကျချင်ပေမယ့် မကိုင်ရှ် ထိန်းချုပ်မရခဲ့ပါ။

မေမေသည်လည်း ဖေဖေ မမြင်အောင် မျက်နှာလွှဲကာ မျက် ရည်စတွေကို ထိန်းဖို့ ကြိုးစားနေသည်။ မကိုင်ရှ် ဖေဖေ့လက်ဖဝါးလေး ဆုပ်ကိုင်ရင်း

"ဖေ ဖေဖေ ဘာမှအားမငယ်နဲ့နော် ဖေဖေ့ခြေထောက်တွေ





အချိန်ယူကုသရင် ပြန်လှုပ်ရှားလာနိုင်မှာတဲ့ သိလား"

မကိုင်ရှ် စကားကို ဖေဖေ ဘာမှ ပြန်မတုံ့ပြန်ဘဲ စူးစူးနစ်နစ် ကြီး ငေးစိုက်ကြည့်နေခဲ့သည်။ မျက်ရည်တစ်စက်က ဖေဖေ့ ပါးပြင်ပေါ်ကို ပေါက်ခနဲ စီးကျလာချိန်မှာ မကိုင်ရှ် ရင်ထဲ စူးခနဲ ခံစားလိုက်ရသည်။

အမြဲတမ်း စိတ်ဓာတ်မာကြောခဲ့သော ဖေဖေရဲ့ခွန်အား စိတ် ဓာတ်တွေ ပျောက်ဆုံးကုန်ပြီလား။

မလှုပ်ရှားနိုင်သော ခြေထောက်တွေအတွက် ဖေဖေ တွေးမိကာ ဝမ်းနည်းနေသည်လား။

ဖေဖေ့ကို အားပေးနှစ်သိမ့်မည့် မကိုင်ရှ် ကိုယ်တိုင်လည်း မျက်ရည်တွေကို ထိန်းချုပ်ဖို့ ခက်နေတော့ . . . ။

■ ■ ■

"ငါတို့ တကယ်စိတ်မကောင်းပါဘူး မကိုင်ရှ်ရယ်၊ ငါတို့ နင့် အဖေအတွက် ဆုတောင်းပေးနေခဲ့တာပါ"

ငယ် စိတ်မကောင်းသံလေးနှင့် ဆိုသည်။ ညှိုးမှိန်နေသော မကိုင်ရှ် မျက်နှာလေးကိုကြည့်ကာ တည်လည်း စိတ်မကောင်းပါ။

မျက်ခွံလေးတွေ မို့အစ်ကာ မျက်သားလေးတွေ နီမြန်းနေသော မကိုင်ရှ်ကို သူ သိပ်သနားသည်။ ပြည့်ပြည့်လေး နုညက်သော မျက်နှာ လေးသည်ပင် အတော် ချောင်ကျသွားခဲ့၏။

"မကိုင်ရှ် ဦးအခြေအနေက ပြန်ကောင်းနိုင်တယ် မဟုတ်လား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သွေးတိုးပြီး အာရုံကြောတွေ ထိခိုက်သွားတာတဲ့၊ ဆေးဝါး... သောက် လေ့ကျင့်ခန်းတွေလုပ်ရင် သက်သာလာနိုင်ချေရှိတယ်လို့... ဆရာဝန်ကြီးက ပြောတယ်၊ ဒါပေမဲ့"

စကားမဆုံးခင် မကိုင်း့ ရပ်ကာ ပင့်သက်လေးရှိုက်သည်။ မ... ကိုကြည့်ကာ သူနှင့်ငယ်တို့ ရင်တွေမောနေခဲ့၏။

"အခုချိန်မှာ အရေးအကြီးဆုံးက ဖေဖေရဲ့စိတ်ဓာတ်ပဲ၊ ဖေ... ရဲ့စိတ်ဓာတ် ခိုင်ကျည်မှုက ဖေဖေရဲ့ရောဂါတစ်ဝက်ကို အောင်နိုင်မယ်... ဆရာဝန်ကြီးက ပြောတယ်"

"မကိုင်း့ ဖေဖေက စိတ်ဓာတ်ခိုင်မာပါတယ်"

"ဟင့်အင်း ဖေဖေ အရင်လို မဟုတ်တော့ဘူး ငယ်၊ ဆေး... မှာ သတိပြန်ရလာတော့ သူ့အခြေအနေကိုသိပြီး ဖေဖေ တော်တော်... စိတ်ဓာတ်ကျသွားပုံပဲ၊ မျက်ရည်တွေတောင် ကျတယ်၊ ဖေဖေ မျက်ရည်... ကျတာ ငါ တစ်ခါမှ မမြင်ဖူးဘူး"

ပြောရင်း မကိုင်း့ရဲ့မျက်ဝန်းတွေထဲမှာလည်း မျက်ရည်တွေ ရ... လို့လာနေတာ သူ တွေ့နေသည်။

"ဖေဖေ တော်တော် စိတ်ဓာတ်ကျဆင်းနေတာ သေချာတယ်"

"မကိုင်း့ရယ် ဒါတော့ ရုတ်တရက်ကြီး ဒီလိုအခြေအနေ... ရင်ဆိုင်ရတော့ အန်ကယ် တုန်လှုပ်သွားနိုင်တာပေါ့၊ ဒါပေမဲ့ မျှော်လ... ချက်တွေ ရှိနေတာပဲလေ"

"အင်း မေမေနဲ့ငါလည်း ဒီလိုပဲ မျှော်လင့်ဖြေသိမ့်ထားကြတယ်...





...မေ ဆေးရုံမှာ ဆက်နေရဦးမယ်"

"ငါတို့ ဘာကူညီပေးရမလဲ မကိုင်း့၊ အဆင်ပြေရဲ့လား"

"အင်း အဆင်ပြေပါတယ်၊ ဖေဖေ့ရဲ့ပွဲရုံက လူတွေက ညတိုင်း ...ညှကျ တာဝန်ယူစောင့်ပေးကြတယ်၊ နှစ်လည်း ငှားထားတယ်လေ"

"နင်ကော စာမေးပွဲဖြေဖို့ကိစ္စက"

ငယ်က စိုးရိမ်နေသော မေးခွန်းကိုမေးသည်။ မကိုင်း့က ပင့်...သက်လေးရှိုက်ရင်း

"အမှန်ပြောရရင် ငါ ဖြေတောင် မဖြေချင်ဘူး။ ဒါပေမဲ့ မေမေ ...ဖြေလိုက်လို့ ပြောတယ်"

"ဟုတ်သားပဲ မကိုင်း့ရယ်၊ တစ်နှစ်အောက်သွားရင် နှမြောစရာ ..."

သူဝင်ပြောတော့ မကိုင်း့ အကြည့်တွေ သူ့ဆီ ငေးရီရီလေး ...ရောက်လာရင်း

"တည် နင်ကော စာတွေကျက်ဖြစ်ရဲ့လားဟင်၊ နင်နဲ့ငယ် ...မေးပွဲကိုတော့ ကြိုးစားဖြေကြပါဟယ်"

"ငါတို့အတွက် မပူနဲ့ မကိုင်း့၊ ငါနဲ့တည်က နင့်အတွက် စိုးရိမ် ...ကြတာ"

"ကျေးဇူးတင်ပါတယ် ငယ်ရယ်၊ ငါ ပြီးဆုံးအောင် ဖြေမှာပါ၊ ...နင်တို့ပြန်ကြတော့လေ၊ စာမေးပွဲက မနက်ဖြန်မဟုတ်လား"

မကိုင်း့က သတိပေးသည်။ သူနှင့်ငယ် အလိုက်တသိ ...ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိတ်လိုက်ကြသည်။ အိမ်မှာ မကိုင်မို့ မေမေမရှိတာကြောင့် သူ ရောက်ခဲ့ခြင်းဖြစ်သည်။

"ငါတို့ပြန်မယ် မကိုင်မို့၊ နင့်ကျန်းမာရေးကို ဂရုစိုက်နော်၊ ညဉ့်နက်ခံပြီး စာတွေလည်း မကျက်နဲ့၊ အရင်က နင် ကျက်ထားတာလောက်ပဲ ပြန်နွှေးပါ အောင်မှာပါ"

သူ အကြံပေးတော့ မကိုင်မို့ ခေါင်းလေးညိတ်ကာ ပြုံးပြသည်။ သူတို့ နှုတ်ဆက်ပြန်ခဲ့တော့ မကိုင်မို့ ခြံရှေ့အထိ လိုက်ပို့ပေး၏။

ငယ်ရဲ့စက်ဘီးလေးကိုပဲ သူနင်းကာ နှစ်ယောက်အတူ ပြန်ခဲ့ကြသည်။

အာရုံထဲမှာတော့ မကိုင်မို့ရဲ့မျက်နှာလေးက ကပ်ငြိပါလာဆဲ။

■ ■ ■

## အခန်း (၁၆)

စာမေးပွဲရက်တွေကိုတော့ မကိုင်မို့ မပျက်မကွက် လာဖြေပါသည်။ အငြိုယ်အသကင်းစင်သော မကိုင်မို့ရဲ့မျက်နှာ နုညက်ညက်လေးကို အကဲခတ်ကြည့်ရတာ သူ့အတွက် နေ့စဉ်အလုပ်တစ်ခု။

"မကိုင်မို့ နေကောင်းတယ်နော်"

"အင်း ကောင်းပါတယ် တည်၊ တည်ကော စာတွေရထားပြီလား"

"ရပါတယ် မကိုင်မို့ကော ညဉ့်နက်ခံ စာကြည့်ဖြစ်သလား"

"မကြည့်ဖြစ်ပါဘူး တည်ရယ်၊ လူက မအိပ်ချင်ပေမယ့် စာကြည့်စားပွဲလည်း ထိုင်လို့မရဘူး"

မကိုင်မို့ ခံစားနေရတာကို သူ နားလည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲခန်းထဲဝင်သည်နှင့် သူ့အတွက်တောင် မဆုတောင်းဖြစ်ပါဘဲ မကိုင်နွဲ့အတွက် ဆုတောင်းပေးမိစမြဲ။

''မကိုင်နွဲ့ စာတွေရပါစေ၊ အဆင်ပြေပါစေ''

မေးခွန်းတွေဖြေရင်း လွယ်ကူသောပုစ္ဆာဆိုလျှင်တော့ မကိုင်နွဲ့ ဖြေနိုင်မည်တွေးကာ သူ ဝမ်းသာမိသည်။ ခက်ခဲသော ပုစ္ဆာတွေအတွက်တော့ မကိုင်နွဲ့အတွက် စိတ်ပူစိုးရိမ်မိ၏။

''မကိုင်နွဲ့ အဆင်ပြေရဲ့လား''

အချိန်ပြည့် ခေါင်းလောင်းတီးသည်နှင့် မကိုင်နွဲ့ရဲ့အခန်းရှေ့ထိ သွားစောင့်ကာ သူ အလောတကြီး မေးတတ်စမြဲ။

''အင်း အောင်မှတ်တော့ ရမှာပါ''

ဘယ်လိုပဲဖြစ်ဖြစ် မကိုင်နွဲ့ နှုတ်က စိတ်ချမ်းသာစရာ သတင်းကြားရတာ သူ ဝမ်းသာမိသည်။

''တည်လည်း ဖြေနိုင်တယ် မဟုတ်လား''

''အင်း ဖြေနိုင်ပါတယ် မကိုင်နွဲ့''

''ငယ်ကော ဖြေနိုင်ပါ့မလား မသိဘူး''

မကိုင်နွဲ့က သူ့အတွက်သာမက ငယ်အတွက်ကိုပါ ပူပန်နေတတ်သေးသည်။ မေရှာမတူသော ငယ်တို့က သူတို့နှင့်အချိန်မတူပါ။

''ဖြေနိုင်မှာပါ ငယ်က စာတွေအကုန်ရပြီးသားပဲ''

''အင်း ရပါစေဟယ်၊ ငါတို့ ငယ်ကို စောင့်ဦးမလား''

''ငယ်က နှစ်နာရီလောက် ကြာဦးမှာ၊ သူ့ကိုမစောင့်နဲ့တော့





ပြောထားတယ်၊ ပြန်ကြမယ်လေ''

''အင်း ငါလည်း ဆေးရုံကို ဝင်ချင်သေးတယ်၊ လမ်းမှာ ဆင်းနေခဲ့မယ်လေ၊ တည် ဆက်သွားပေါ့''

''ငါ စောင့်ပေးမယ်လေ''

''မစောင့်နဲ့ တည်၊ မေမေနဲ့မှ အတူပြန်မှာ၊ တည် အိမ်ပြန်ပြီး နားကျက်ပါ''

မကိုင်နွဲ့ ဆန္ဒအတိုင်း သူ ခေါင်းလေးညိတ်ပြမိသည်။ စာမေးပွဲကာလကြီးကျမှ မကိုင်နွဲ့မှာ သောကတွေနှင့် ရင်ဆိုင်ကြုံတွေ့နေရတာ ကံဆိုးသည်ဟုပဲ ဆိုရမည်လား။

ဘာပဲဖြစ်ဖြစ် မကိုင်နွဲ့တို့ဘဝလေး ဟိုးအရင်ကလို အေးအေးချမ်းချမ်းနှင့် အဆင်ပြေနေတာကိုပဲ သူ မြင်တွေ့ချင်ပါသည်။

မကိုင်နွဲ့ ခံစားနေရသော သောကအပူတွေကို သူ ဝေမျှခွဲဝေယူနိုင်လျှင် ယူလိုက်ချင်ပါသည်။

■ ■ ■

ဖေဖေ့ရဲ့ခုတင်အနီးမှာ မေမေနှင့်အတူ ထိုင်နေသော သူ့ကို မြင်လိုက်တော့ မကိုင်နွဲ့ မျက်မှောင်လေးကုပ်သွားမိသည်။

ခုတင်ပေါ်မှ ဖေဖေ့ကို စကားတွေပြောနေသောသူ၏ ဘေးတိုက်မြင်ရသော မျက်နှာက မကိုင်နွဲ့ မြင်ဖူးနေသလို ထင်မိ၏။

ဆံပင်တွေက တိုတိုထောင်ထောင် ပါးလျှပ်လျှပ်မို့ မျက်နှာကို ပေါ်လွင်စေသည်။ စပို့ရှပ်လက်တို အပြာရင့်ရင့်နှင့် အနက်ရောင်



www.burmeseclassic.com

www.burmeseclassic.com



စတိုင်ပင်နိုက်ကို ဝတ်ဆင်ထား၏။

အတူယှဉ်ထိုင်နေသော မေမေ၏ခေါင်းသည်ပင် ထိုသူ့... လောက်သာ ရှိသည်မို့ အရပ်အမောင်းက မြင့်မြင့်မားမား ရှိလွန်း... ခန့်မှန်းနိုင်သည်။

"ဟော သမီးလေး လာလေ"

မကိုဋ္ဌ ကို မြင်တွေ့သွားသော မေမေက ပြုံးပြုံးလေး လှ... ခေါ်သည်။ သည်တော့မှ မကိုဋ္ဌကို လှည့်ကြည့်သော ထိုလူ့မျက်နှာ... အသေအချာ မြင်လိုက်ရ၏။

"ဦးနိုင်သိမ်းပိုက်"

မကိုဋ္ဌ နှုတ်က တီးတိုးရေရွတ်မိသည်။ ဦးနိုင်သိမ်းပိုက် အကြ... တွေက မကိုဋ္ဌ ဆီမှာ စူးစူးနစ်နစ် ကြည့်ရင်း ပြုံးပြသည်။

"လာ သမီး ဒီမှာ မောင်သိမ်းပိုက်ကိုတော့ သမီး မှတ်... တယ်နော်"

မကိုဋ္ဌ မှတ်မိပါသည်။ နွေကျောင်းပိတ်ရက်က ရန်ကုန်... လည်ရင်း မကိုဋ္ဌ တို့မိသားစု တည်းခိုခဲ့ကြတာ ဦးနိုင်သိမ်းပိုက်ရဲ့... ကြီးမှာ ဖြစ်သည်။

ဖေဖေရဲ့မိတ်ဆွေဟု မကိုဋ္ဌ သိထားသော ဦးနိုင်သိမ်းပို... ခေါင်းတစ်ချက်ညိတ်ပြုံးနေရင်း

"ကိုယ့်ကို မှတ်မိပါတယ်နော် မကိုဋ္ဌလေး"

"ဟုတ် မှတ်မိပါတယ် ဦးနိုင်သိမ်းပိုက်"



နာမည်အပြည့်အစုံကို ဦးပါတပ်ခေါ်တာကြောင့်လားမသိ သူ့... ခမ်းတစ်ချက်မဲ့ကာ မဲ့မဲ့ပြုံးသည်။

ဖေဖေနှင့် စီးပွားဖက် ပါတနာတွေဆိုပေမယ့် သူ့အသက်အ... က ဖေဖေတို့ထက် ငယ်တာတော့ သေချာသည်။ ဒါပေမဲ့ မကိုဋ္ဌ ...လည်း အနည်းဆုံး ဆယ်နှစ်ကျော်တော့ ကြီးမှာပဲ ဖြစ်၏။

ဒါကြောင့် တလေးတစား ဦး တပ်ခေါ်တာကို မကျေနပ်လျှင် ...ည်း မတတ်နိုင်။

"သမီးဖေဖေ သတင်းကြားလို့တဲ့၊ မောင်သိမ်းပိုက် ရန်ကုန်က ...က်ပဲ ရောက်လာတာတဲ့ သမီး"

"ဟုတ်တယ် မကိုဋ္ဌလေး ကိုယ် သတင်းကြားကတည်းက ...လို့ပဲ၊ ဒါပေမဲ့ အလုပ်တွေက ပစ်ထားခဲ့လို့မရလို့"

"အရမ်းကျေးဇူးတင်ပါတယ် မောင်သိမ်းပိုက်ရယ်၊ အန်တီတို့ ...တော်တော်လေးကို အားငယ်နေကြတာ၊ မောင်သိမ်းပိုက် ...လာတော့ တကယ် အားတက်မိတယ်ကွယ်"

မေမေက ဦးနိုင်သိမ်းပိုက်ကို ကျေးဇူးတင်စကားတွေ ဆိုနေခဲ့ ... မေမေ့မျက်နှာက ဒီနေ့ တကယ့်ကို ကြည်လင်လန်းဆန်းနေတာ ...ကိုဋ္ဌ သတိထားမိပါသည်။

"ဘာမှ အားမငယ်ပါနဲ့ အန်တီ၊ အန်ကယ့်အတွက် လိုအပ်တာ ...ှ ကျွန်တော် အကောင်းဆုံး ကူညီစီစဉ်ပေးပါ့မယ်၊ အန်ကယ် ...ကို ဘာမှအားနာစရာမလိုဘူး ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကိုကြည့်ကာ နိုင်သိမ်းပိုက် ဆိုတော့ ဖေဖေ ပြုံးပြုံး...
ခေါင်းညိတ်ပြနေသည်။ ဖေဖေ ဆေးရုံတက်နေတာ လေးရက်ရှိပြီ။ ဖေ...
ရဲ့မျက်နှာ ဒီလောက် ကြည်လင်နေတာမျိုး မကိုဋ္ဌ မတွေ့ဖူးပါ။

ဦးနိုင်သိမ်းပိုက် ရောက်လာတာကြောင့် ဖေဖေ ဝမ်းသာကျေ...
နေသည် ထင်သည်။ ဖေဖေတို့နှစ်ယောက်ကြားမှာ ဘယ်လိုပတ်သ...
ဆက်နွယ်မှုတွေ ရှိနေသည်လဲဆိုတာ မကိုဋ္ဌ မသိပါ။

ဒါပေမဲ့ ဦးနိုင်သိမ်းပိုက်က ရန်ကုန်ကတောင် ဖေဖေ့ဆီ...
လာခဲ့သည်။ ဖေဖေကလည်း ထိုအတွက် ဝမ်းသာကျေနပ်နေတာ...
အထင်အရှားပဲဖြစ်၏။

"မောင်သိမ်းပိုက် အခု ဘယ်မှာတည်းမှာလဲ"

"ကျွန်တော် ဟိုတယ်မှာပဲတည်းဖို့ စီစဉ်ထားတယ် အ...

"အို မဟုတ်တာကွယ်၊ အန်တီတို့အိမ်မှာတည်းလည်း အ...
ပြောတာကို"

"ရပါတယ် အန်တီ၊ အန်ကယ်ရဲ့တာဝန်တွေနဲ့ အန်...
ရှုပ်ထွေးနေချိန်မှာ ကျွန်တော့်အတွက် တာဝန်မပိုစေချင်လို့ပါ၊ ဟို...
မှာလည်း အားလုံးအဆင်ပြေပါတယ်"

"အေးကွယ် ဘာပဲဖြစ်ဖြစ် တစ်ရက်တော့ မောင်သိမ်းပို...
အိမ်မှာထမင်းဖိတ်ကျွေးရဦးမယ်"

မေမေကတော့ ဦးနိုင်သိမ်းပိုက်အပေါ်မှာ သဒ္ဓါတွေပိုလို့...
ခဲ့သည်။ မကိုဋ္ဌတို့ ရန်ကုန်သွားကြတုန်းက ဦးနိုင်သိမ်းပိုက်အ...



...နေထိုင်ခဲ့သော ကျေးဇူးတွေကြောင့်ပဲ ထင်သည်။

ထိုညနေက ဦးနိုင်သိမ်းပိုက်က သူ့ရဲ့ MARK II ကားနက်
...နှင့် အိမ်အထိ ပြန်လိုက်ပို့ပေးခဲ့သည်။

"မကိုဋ္ဌလေး စာမေးပွဲ ဖြေနေရတယ်ဆို"

"ဟုတ်"

"ဒါဆိုလည်း အေးဆေးကြမှ တွေ့ကြတာပေါ့၊ ကိုယ်လည်း
...နောက်ထပ်တစ်ပတ်လောက် နေဖြစ်ဦးမှာပါ၊ ကဲ ကိုယ်သွားမယ်
...ခွင့်ပြုပါဦး"

သူ နှုတ်ဆက်ပြန်သွားတော့ မေမေက မကိုဋ္ဌကို ပြောလာ၏။

"မောင်သိမ်းပိုက်ရဲ့ကျေးဇူးတွေက မေမေတို့အပေါ်မှာ သိပ်
...နေပြီ သမီး"

မေမေ့စကားကို မကိုဋ္ဌ ရေရာစွာ နားမလည်ပါ။ ဒါပေမဲ့
...ကို ဘာမှမမေးဖြစ်သလို မေမေကလည်း ထပ်ပြီး ပြောမလာပါ။

"ကဲ ကဲ သမီး ခဏနားပြီး ရေမိုးချိုးတော့၊ မနက်ဖြန်
...ရှိသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ မေမေ၊ နောက်သုံးရက် ကျန်သေးတယ်လေ"

"အင်း သမီးလေးကို မေမေ သနားမိပါတယ်ကွယ်၊ မိသားစု
...ကိစ္စတွေနဲ့ ပူလောင်နေချိန်ကျမှ ပညာရေးက အရေးကြီးချိန်
...ရောက်နေတော့ သမီး အရမ်းပင်ပန်းမှာပဲ"

"ရပါတယ် မေမေရယ်၊ အတတ်နိုင်ဆုံးတော့ သမီး ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ဖြေမှာပါ''

''အင်း အင်းပါ သမီးရယ်၊ ဒီရက်တွေမှာ သမီး စိတ်ညစ်ညူ စရာတွေ မေမေ ဘာမှမရှိစေချင်ပါဘူးကွယ်၊ ကဲ ကဲ ရေချိုးတော့ သမီး''

မကိုဋ္ဌ ခေါင်းလေးညိတ်ကာ မေမေ့ရှေ့က ထွက်ခဲ့လိုက်သည် လူကော စိတ်ပါ နုံးချိပင်ပန်းနေပေမယ့် မနက်ဖြန်အတွက်တော့ စာ ကျက်ရ နွှေးရဦးမည်။

တည်ရယ် ငယ်ရယ် မကိုဋ္ဌရယ် မျှော်လင့်ရည်ရွယ်ထားသော ပန်းတိုင်တစ်ခုတော့ မပျက်စီးစေချင်ပါ။

မကိုဋ္ဌ အစွမ်းရှိသလောက်တော့ ကြိုးစားချင်ပါသေးသည်

■ ■ ■

## အခန်း (၁၇)

ညတုန်းက အပင်ပန်းခံ ကျက်ထားသော အကျိုးကျေးဇူးလေး ကိုတော့ မကိုဋ္ဌ ခံစားရပါသည်။

အောင်မှတ်လောက်တော့ရအောင် ဖြေဆိုနိုင်ခဲ့တာကိုပဲ ကျေနပ် ပါ၏။ စာမေးပွဲခန်းထဲက ထွက်ခဲ့တော့ တည်က အပြင်မှာ ကြိုစောင့်လို့ နေသည်။ ပြီးတော့ မေးနေကျ စကားကို မေး၏။

''မကိုဋ္ဌ အဆင်ပြေရဲ့လား''

''အင်း အောင်မှတ်တော့ ရမှာပါ''

''မကိုဋ္ဌရယ် နင့်ကိုငါ သနားလိုက်တာ၊ နင် သိပ်ပင်ပန်းနေ တာ ငါသိတယ်၊ မျက်တွင်းတွေချောင်ပြီး တော်တော် ပိန်သွားတယ်''

တည်က မကိုဋ္ဌကို ငေးငေးလေးကြည့်ကာ မှတ်ချက်ပေးတော့ မကိုဋ္ဌ မပွင့်တပွင့်လေး ပြုံးမိရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား တည်၊ ငါ တော်တော် ရုပ်ဆိုးသွားလားဟင်"

"ဟာ မဟုတ်တာ၊ နင်က အမြဲတမ်း ချစ်စရာကောင်းနေတာ ပါ"

"မသိပါဘူး ငါ ပိန်လှီလှီဖြစ်သွားလို့ နင့်အချစ်တွေ လျော့ သွားပြီလား စိုးရိမ်သွားတာ အဟင်း"

တည်က မကိုင်း၏ လက်ဖဝါးလေးကို ဖွဖွလေးဆုပ်ကိုင်ရင်း ခေါင်းကို ခါရမ်းသည်။

"ဟင့်အင်း ငါ့အချစ်တွေက နင့်အပေါ် ဘယ်တော့မှ လျော့ပါး သွားမှာမဟုတ်ပါဘူး မကိုင်းရယ်"

"တကယ်လား တည်၊ ငါ အဘွားကြီးဖြစ်တဲ့အထိလားဟင်"

"သေချာတာပေါ့ နင် အဘွားကြီးဖြစ်တဲ့အထိ ငါ အဘိုးကြီး ဖြစ်ပြီး ဆံပင်တွေဖြူ သွားတွေကျိုး ပါးရည်တွေတွန့်တဲ့အထိ"

"အဟင်း ဟင်း တည်ရယ်"

ကြည်နူးစိတ်လေးနှင့် မကိုင်းရယ်တော့ တည်ကလည်း သဘော ကျစွာရယ်နေသည်။ တည်နှင့်အတူရှိနေချိန်တွေမှာ ရှိသမျှ ပူပင်သောက တွေ ကင်းနေခဲ့တာ အမြဲတမ်း ဖြစ်သည်။

နှစ်ယောက်သား ကျောင်းဝင်းထဲမှ ကားမှတ်တိုင်လေးအထိ အတူယှဉ်တွဲ လျှောက်ပြန်ခဲ့မိနိုက်

ငြိမ့်ခနဲ အနားမှာ ထိုးရပ်လာသော နက်ပြာရောင် MARKE ကားကြီးကြောင့် မကိုင်း၏ မျက်ခုံးလေးတွေ ပင့်တက်သွားသည်။ တည်





...လည်း အံ့သြနားမလည်နိုင်သော မျက်ဝန်းတွေနှင့်။

လျှောခနဲ ပွင့်လာသော အနက်ရောင်မှန်တံခါးတစ်ဖက်မှာ ...ထိုက်ရသူက ဦးနိုင်သိမ်းပိုက် ဖြစ်သည်။ တပ်ဆင်ထားသော အနက် ...ဆင် မျက်မှန်ကိုဖြုတ်ကာ ဦးနိုင်သိမ်းပိုက်အကြည့်တွေက တည်ဆီမှာ ...နစ်နစ် အကဲခတ်ကြည့်နေခဲ့၏။

"ဦးနိုင်သိမ်းပိုက်"

မကိုင်း၏ ရေရွတ်သံကြားမှ ဦးနိုင်သိမ်းပိုက် အကြည့်တွေ မကိုင်း၏ ...ပြန်လည်ဦးတည်လာကာ

"မကိုင်းလေးကို ကိုယ် လာကြိုတာ၊ ဒီနေ့ ဆေးရုံကိုမလာဘူး ...အန်တီ ပြောလိုက်လို့လေ၊ အိမ်ကို ပြန်မှာမို့လား၊"

"ဟုတ်"

"ဒါဆို တက်လေ၊ သွားကြရအောင်"

ကျောင်းအထိ ဦးနိုင်သိမ်းပိုက် ရောက်လာမည်ဟု ထင်မထား ...။ မကိုင်း ဘာပြောရမှန်းမသိဘဲ တည်ကို လှည့်ကြည့်မိတော့

"မကိုင်း လိုက်သွားလေ၊ ငါ ငယ်ကို စောင့်လိုက်ဦးမယ်"

တည် အလိုက်တသိ ပြောလိုက်တာဟု မကိုင်း သိပါသည်။ ...ထဲမှာတော့ ညစ်ညူးရှုပ်ထွေးသွားပေမယ့် ဘယ်လိုမှ ငြင်းလို့မသင့် ...လည်း နားလည်နေ၏။

"အေးဟာ ဒါဆို ငါသွားမယ်နော် တည်"

တည်ကို နှုတ်ဆက်ကာ နောက်ခန်းတံခါးဖွင့်တက်မည်ပြုတော့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဦးနိုင်သိမ်းပိုက်က ရှေ့ခန်းတံခါးကို ရီမုဒ်ခလုတ်လေးနှိပ်ဖွင့်ပေးသည်

"ရှေ့ကပဲ တက်လေ မကိုငြိလေး"

ရှေ့ခန်းမှာပဲ မကိုငြိ တက်ထိုင်လိုက်ရ၏။ ကားလေး ငြိမ်
မောင်းထွက်သွားတော့ တည် ပလက်ဖောင်းပေါ်မှာပဲ ရပ်တန့်ကျန်
ခဲ့တာကို နောက်ကြည့်မှန်လေးထဲမှာ မကိုငြိ မြင်လိုက်သေး၏။

တည် ဘယ်လိုထင်သွားမည် မသိပါ။ ဦးနိုင်သိမ်းပိုက် အကြောင်
တည်ကို မကိုငြိ ဖွင့်မပြောရသေးပါ။

"စောစောက ချာတိတ်က သူငယ်ချင်းလား"

ဦးနိုင်သိမ်းပိုက် မေးလာတော့ မကိုငြိ ခေါင်းလေးညိတ်ပြ

"ဟုတ်တယ် ရဲရင့်တည်က မကိုငြိတို့ရပ်ကွက်ထဲကပဲလေ
ငယ်ငယ်ကတည်းက သူငယ်ချင်းတွေ၊ အခုလည်း မေဂျာတူ အတန်
တက်နေကြတာပါ"

မကိုငြိ ရှင်းပြတာကို ခေါင်းတစ်ချက်ညိတ် နားထောင်
ဦးနိုင်သိမ်းပိုက် ဘာမှဆက်မမေးတော့ပါ။ မျက်ဝန်းအကြည့်တွေက
နောက်ကြည့်မှန်ထဲမှ မကိုငြိဆီကို မကြာခဏ ဝေ့ဝဲရောက်လာတာ သ
ထားမိသည်။

"ကိုယ်တို့ တစ်ဆိုင်ဆိုင် ထိုင်ရင်း စကားပြောရအောင်"

"ဟို ဟိုလေ မကိုငြိ စာကျက်ရဦးမယ်၊ စာမေးပွဲက နှစ်
ကျန်သေးလို့ပါ"

"ကိုယ် နားလည်ပါတယ်၊ ဒါပေမဲ့ ခဏလေးပဲလေ၊ မကို





လေးလည်း ဗိုက်ဆာနေရောပေါ့ တစ်ခုခုစားရအောင်"

မကိုငြိ ဘာမှမငြင်းဆိုနိုင်ခင်မှာပဲ သူက ကားကို အိမ်အပြန်
လမ်းနှင့်ဆန့်ကျင်ရာသို့ ဦးတည်နေတာမို့ နှုတ်ဆိတ်နေလိုက်ရ၏။

ကား ထိုးရပ်လိုက်သည်က ခမ်းနားသေသပ်သော ဆိုင်ကြီး
တစ်ဆိုင်ပေမယ့် ဦးနိုင်သိမ်းပိုက်နှင့် နှစ်ယောက်တည်း ဝင်ထိုင်ရမှာကို
မကိုငြိ စိတ်က မဝံ့မရဲ ဖြစ်နေ၏။

"လာ မကိုငြိလေး စားသောက်ပြီးရင် ကိုယ် အိမ်အရောက်
ပြန်ပို့ပေးမှာပါ"

ပြောရင်း သူက ရှေ့က ဦးဆောင်လှမ်းသည်။ မီးခိုးရောင်
ရှပ်လက်ရှည်နှင့် စတိုင်ပင်နံ အနက်ကို ဝတ်ဆင်ထားသော ဦးနိုင်သိမ်း
ပိုက်၏ခြေလှမ်းတွေက တည်တည်ငြိမ်ငြိမ်။

"ထိုင် မကိုငြိလေး ဘာသုံးဆောင်မလဲ"

"ဟို ရပါတယ် မကိုငြိ သိပ်မဆာလို့"

"မဟုတ်တာ ဆိုင်ထဲရောက်လာပြီးမှတော့ စားရမှာပေါ့"

ပြောရင်း မီနူးကဒ်ကို ယူကာ သူ့စိတ်တိုင်းကျ ဟင်းလျာတွေ
ကို စုံလင်အောင် မှာသည်။

"မြန်မြန်လေး စီစဉ်ပေး ညီလေး၊ အရင်ဆုံး ကိုယ့်အတွက်
Tiger နှစ်ဘူးနဲ့ ဂျူ့စ်တစ်ဘူး အရင်ပေးကွာ"

ချာတိတ်လေး ထွက်သွားကာ ဘီယာဘူးတွေနှင့် အချိုရည်ဘူး
ကို ဦးစွာချလာပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဘီယာနည်းနည်းသောက်လို့ မကိုင်နှံလေးအတွက် အနှောင့်အယှက် မဖြစ်ပါဘူးနော်"

"ဟို ရ ရပါတယ်"

"သင့်ခယူ ကဲ ဒီမှာ အချိုရည်သောက်"

ဂျူစ်ဘူးကို ဖောက်ကာ မကိုင်နှံဆီ ကမ်းပေးသည်။ သူကတော့ ဘီယာဘူးကို ဖောက်ကာ သောက်နေသည်။

သူစိမ်းယောကျ်ားတစ်ဦးနှင့် အခုလိုဆိုင်မျိုးမှာ မကိုင်နှံ တစ်ခါမှ မထိုင်ဖူးတာမို့ စိတ်တွေမွန်းကြပ်နေ၏။ ဦးနိုင်သိမ်းပိုက်ကတော့ ဘီယာကို တစိမ့်စိမ့်သောက်ရင်း အကြည့်ရူးစူးတွေပါ မကိုင်နှံဆီရောက်လာတတ်တာမို့ စိတ်က ပိုလို့မွန်းကြပ်ချင်လာ၏။

"မကိုင်နှံလေး"

"ရှင် ဦးနိုင်သိမ်းပိုက်"

သူ နှာခေါင်းတစ်ချက်ရှုံ့ရင်း ဟက်ခနဲ ရယ်သည်။

"အဟွန်း အဲဒီလောက်အထိ ကိုယ် အသက်ကြီးနေသလား"

"ရှင်"

"ကိုယ့်အသက် သုံးဆယ့်လေးနှစ်ပဲ ရှိသေးတယ်ကွ၊ လေးဆယ်တောင် မပြည့်သေးဘူး၊ ဦးဆိုတဲ့ နာမ်စားတပ်မခေါ်စမ်းပါနဲ့"

"ဟို ဟိုလေ မကိုင်နှံက လေးစားမှုနဲ့ ခေါ်တာပါရှင်"

"နီး ကိုယ်က လေးစားမှုထက် ရင်းနှီးခင်မင်မှုကိုပဲ လိုချင်တာ၊ ဒီတော့ နာမည်အပြည့်အစုံကြီး မခေါ်စမ်းပါနဲ့၊ တစ်လုံးပဲဆို ရပြီ"





"ရှင်"

"မကိုင်နှံလေး အသက်ဘယ်လောက်ရှိပြီလဲ"

"ဟို ဆယ့်ကိုးနှစ်ပါ"

"ဟုတ်လား ကိုယ်နဲ့ဆယ့်ငါးနှစ်ကွာတာပဲ၊ ဒီလိုလုပ် ဦးနိုင်ဆို ရပြီပေါ့"

ပြောရင်း ဘီယာနောက်တစ်ဘူးကို သူ ဖွင့်သောက်သည်။ ဖြစ်နိုင်လျှင် မကိုင်နှံ ဆိုင်ထဲက အမြန်ဆုံးပြန်ချင်ပြီ။

ဦးနိုင်သိမ်းပိုက် စကားတွေ၊ အကြည့်တွေက ရိုးသားမှုမှရှိရဲ့လားဟုတောင် သံသယဝင်ချင်မိ၏။

"မကိုင်နှံလေးဖေဖေနဲ့ ကိုယ်က မိတ်ဆွေတွေလည်း ဟုတ်တယ်၊ ဒီသက်ပိုက်ချမ်းဝင် ရင်းနှီးသူတွေလို့လည်း ဆိုလို့ရတယ်၊ ဒီတော့ ကိုယ်နဲ့ မကိုင်နှံလေးကြားမှာ ရင်းနှီးမှုကိုပဲ ကိုယ် လိုချင်တယ်"

ဘာကိုဆိုလိုတာလည်း မကိုင်နှံ ရေရာစွာ နားမလည်ပေမယ့် ငြိမ်ငြိမ်လေးပဲ နှုတ်ဆိတ်နေမိ၏။

မှာထားသော ဟင်းလျာတွေကို စားပွဲထိုးလေး သယ်ယူလာပေးတော့မှပဲ နှစ်ဦးကြားမှ စကားစတွေ ပြတ်တောက်သွားခဲ့သည်။

"ကဲ မကိုင်နှံလေး စားလိုက်ဦး၊ မင်းက ဘာမှမမှာတော့ ကိုယ် စုံလင်အောင် မှာပေးထားတာ"

စားပွဲဝိုင်းကြီးအပြည့် ဟင်းလျာတွေကိုကြည့်ရင်း မကိုင်နှံ ငိုချင်သွားတောင် အလိုလို ပြည့်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းတွေကို ဦးနိုင်သိမ်းပိုက်က မကိုင်ရှု ပန်းကန်ထဲ ခပ်ထည့်ပေး နေတော့ အားနာစွာနှင့် တားမြစ်မိသည်။

"ရ ရပါပြီ ဦးနိုင်သိမ်းပိုက် အဲ ဦးနိုင် ဟိုလေ မကိုင်ရှု အဲ့ လောက်အများကြီး မစားတတ်လို့ပါ"

တကယ်ဆို သူနှင့်မျက်နှာချင်းဆိုင် လက်ဆုံစားနေရသည့် အဖြစ်ကို မကိုင်ရှု စိတ်က မွန်းကြပ်နေခဲ့တာ ဖြစ်သည်။

မျက်ခုံးပါးလျပ်လျပ်အောက်က မျက်ဝန်းအိမ်ကျဉ်းကျဉ်းတွေ နှင့် ထူပြည့်ပြည့် နှုတ်ခမ်းတစ်စုံကို ပိုင်ဆိုင်သော ဦးနိုင်သိမ်းပိုက် ဆို တာ ရွှေမင်းသားတစ်ပါးလို မချောမောပေမယ့် ..

ပြည့်စုံပိုင်ဆိုင်မှုတွေက ဘယ်လောက်ကြီးမားသည်ဆိုတာကို မကိုင်ရှု သိပါသည်။

ဒါပေမဲ့ မကိုင်ရှုအတွက် ရင်ခုန်လှုပ်ခတ်စရာမရှိတာတော့ သေချာသည်။ မကိုင်ရှု နှလုံးသားက တည် တစ်ယောက်တည်းအတွက်သာ ဆိုတာ . . . ။

■ ■ ■



## အခန်း (၁၈)

သူ့ကို ရူးရူးနစ်နစ် စိုက်ကြည့်ခဲ့သော မျက်ဝန်းတွေကို အာရုံ ထဲမှာ စွဲမြဲစွာ မှတ်မိနေဆဲ ရှိသည်။

မကိုင်ရှုနှင့် ဘယ်လိုပတ်သက်ဆက်နွယ်နေသည်လဲ သူ မသိတာ အမှန်။ ထိုပုဂ္ဂိုလ်အသက်အရွယ်က မကိုင်ရှုထက် ကြီးမှာတော့ သေချာ သည်။

ဖိမ်ခံကားကြီးပေါ် မကိုင်ရှုကို ခေါ်ဆောင်သွားသည့် မြင်ကွင်းက သူ့မျက်ဝန်းထဲက မထွက်။ အိမ်ပြန်ရောက်သည်အထိ ထိုမြင်ကွင်းက သူ့ကို ခြောက်လှန့်နေခဲ့သည်။

ကျက်နေသည့် စာထဲမှာလည်း စိတ်အာရုံက ဝင်စားလို့မရပါ။

သူ တစ်ခါမှ မမြင်ဖူးသော ထိုလူကြီးနှင့် မကိုင်ရှုတို့ ပုံရိပ်တွေ သာ နှောင့်ယှက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ငယ်ရဲ့အိမ်ဘက်ကို သူ ရောက်ခဲ့၏။ ခြံထဲ
စာကျက်နေသော ငယ့်ကိုတွေ့တော့ သူ ပြောမည့်စကားတွေအတွ
နှုတ်က မထွက်ဘဲ အားနာရပြန်၏။

"တည် ဘာလာလုပ်တာလဲ"

"ဟို အဲ နင် ဒီနေ့ စာမေးပွဲဖြေနိုင်လား လာမေးတာ"

"မဆိုးပါဘူး အဆင်ပြေပါတယ် နင်ကော"

"အင်း ရပါတယ်"

"မကိုင့်ကော ဖြေနိုင်ရဲ့လား တည်"

"အင်း အောင်မှတ်တော့ ရတယ်လို့ ပြောတာပဲ"

"အင်း တော်သေးတာပေါ့ဟယ် မကိုင့်ခမြာ အခက်အခဲ
ကြားထဲက ကြိုးစားနေရရှာတာ"

ငယ်သည်လည်း သူ့လိုပဲ မကိုင့်အတွက် စိုးရိမ်ပူပန်နေခဲ့
ဖြစ်သည်။ သူတို့သုံးယောက် သံယောဇဉ်က ကြီးမားခဲ့ကြသည်။

"တည် နင် စာမကျက်ဘူးလား"

"ဟင် ကျက်ပါတယ် ငါ အခု"

သူ့ရင်ထဲမှာ မွန်းကြပ်နေသောကိစ္စကြီးအတွက် ငယ်ကို ရင်
ဖို့ လာခဲ့မိတာ ဖြစ်ပေမယ့် ငယ် စာကျက်နေတာကို အနှောင့်အယှ
မဖြစ်စေချင်ပါ။

"ငါ ပြန်မယ် ငယ်၊ နင် စာကျက်လိုက်ဦး"

သူ နှုတ်ဆက်ကာ ထပြန်မည်ပြင်တော့ ငယ် သူ့မျက်နှာ





ဝိုက်စိုက် အကဲခတ်ကြည့်ရင်း

"နေဦး တည်"

"ဟင် ဘာလဲ ငယ်၊ ဘာပြောမလို့လဲ"

"ပြောမလို့မဟုတ်ဘူး မေးမလို့ နင် ဘာဖြစ်နေတာလဲ မကိုင့်
ဘာဖြစ်လို့လဲ"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး"

"မညာနဲ့တည် နင် တစ်ခုခုဖြစ်နေတာ ငါ သိတယ်၊ ဘာဖြစ်
လဲ ငါ့ကိုပြောစမ်းပါ"

သူ့အရိပ်ကို အမြဲတမ်း အကဲခတ်နိုင်သော ငယ်က မေးနေ
သူ ပင့်သက်ရှိုက်မိ၏။ ရင်ထဲမှာ မွန်းကြပ်နေသောကိစ္စတစ်ခု
ငယ့်ကိုပဲ ရင်ဖွင့်မိ၏။

သူ့စကားတွေကို နားထောင်ရင်း ငယ် ကိုယ်တိုင်လည်း မျက်
လေးတွေကျုံ့ အံ့ဩသွားခဲ့ရင်း

"ဘာရယ် မကိုင့်ကို ကားနဲ့လာခေါ်သွားတယ်၊ ဘယ်သူလဲဟ
မသိဘူးလား"

"ဟင့်အင်း ငါ မမြင်ဖူးဘူး"

"မကိုင့် ဖေဖေ ဆေးရုံတက်နေတယ်ဆိုတော့ သူတို့ဆွေမျိုး
များလား တည်"

ငယ် ထင်မြင်ချက်ကို သူ လက်မခံနိုင်စွာ ခေါင်းခါမိသည်။

"ငါ သိပ်မထင်ဘူး ငယ်၊ အဲဒီလူက အသက်သုံးဆယ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



သောတ်တော့ရှိမယ်၊ ငါ မမြင်ဘူးတဲ့သူစိမ်းတစ်ယောက်ဆိုပေမယ့် ... အပေါ်မှာ တရင်းတနှီး ရှိတယ်၊ ပြီးတော့ မကိုင်ရှိကလည်း အဲဒီလူ... ကို မလွှန်ဆန်နိုင်ဘူး ထင်တယ်''

ငယ် စဥ်းစားရခက်စွာ ခေါင်းလေးခါရမ်း စဥ်းစားနေပြန်သည်... ငယ်လည်း သူ့လိုပဲ ရှုပ်ထွေးသွားစေမှာ သေချာ၏။

''ကဲ နှင် စာကျက်ပါတော့ ငယ်၊ အဲဒီကိစ္စကို မေ့ထား... တော့''

''မဟုတ်တာ ငါ ဘယ်လိုမေ့ထားလို့ ရမှာလဲ၊ နေဦးဟာ... မကိုင်ရှိဆီ သွားမေးမယ်''

''မသွားပါနဲ့ နှင် စာကျက်ပျက်တယ်''

''နှင်လည်း အခု စာကျက်ပျက်နေပြီမဟုတ်လား တည်... လည်း စာကျက်လို့ ရမှာမဟုတ်ဘူး၊ ခဏလေးစောင့်''

ငယ်က စိတ်မြန်လက်မြန်နှင့် အိမ်ဘက်လှမ်းသွားကာ စက်... ကို ထုတ်ယူလာသည်။

''တည် နှင် ဒီကပဲစောင့်၊ ငါ မကြာဘူး ပြန်လာမယ်''

သူ့ကိုလှမ်းပြောကာ ငယ် စက်ဘီးလေး နှင်းကာ ထွက်... ခဲ့သည်။ သူနှင့်မကိုင်ရှိကြားမှာ ငယ်သည် အမြဲတမ်း ကူညီပေးဖို့အ... အသင့်ရှိနေတတ်ခဲ့သည်။

အခုလည်းကြည့် စိတ်မြန်လက်မြန်နှင့် စက်ဘီးနှင်းကာ ထွ... သွားခဲ့သည်။ နာရီဝက်လောက်ကြာတော့ ငယ် ပြန်ရောက်လာသည်...





...ယ်ကိုစောင့်ရင်း သူ ငယ့်စကားတွေကို ကြားချင်လှပြီ။

''ငယ် မကိုင်ရှိနဲ့ တွေ့ခဲ့သလား''

''အင်း တွေ့ခဲ့တယ်၊ တည် နှင်နဲ့ဆုံခဲ့တဲ့ ပုဂ္ဂိုလ်ကြီးနဲ့ပါ ...တွေ့ခဲ့တယ်''

''ဟင် အဲဒီလူက မကိုင်ရှိတို့အိမ်မှာ နေတာလား''

''မဟုတ်ပါဘူးဟ ရန်ကုန်ကပုဂ္ဂိုလ်ပါ၊ မကိုင်ရှိ ဖေဖေရဲ့မိတ်ဆွေပါ ...တစ်ခေါက် မကိုင်ရှိတို့ ရန်ကုန်သွားတော့ အဲဒီလူအိမ်မှာ တည်းကြတာ ... မကိုင်ရှိဖေဖေရဲ့ပါတနာတွေတဲ့၊ အခု မကိုင်ရှိ ဖေဖေ နေမကောင်းလို့ ...က်လာတာ''

''မကိုင်ရှိ ဘာပြောလိုက်သေးလဲဟင်''

''သူကလည်း နှင်အထင်လွဲမှာစိုးလို့ ရှင်းပြချင်နေတာတဲ့၊ အဲဒီ ...ိင်သိမ်းပိုက်က အခုဟိုတယ်မှာပဲ တည်းတာ၊ သူ့ဖေဖေကျန်းမာရေး ...တွက် လိုအပ်တာ လာကူညီပေးတာတဲ့''

ငယ် ပြောပြတာတွေ နားထောင်ပြီး သူ့ရင်ထဲက စိုးရိမ်စိတ်တွေ ...လျော့...တာတော့ အမှန်ဖြစ်၏။

''ကဲ ကိုရဲရင့်တည် နှင် ကျေနပ်တော်မူပြီမဟုတ်လား၊ စာကျက် ...ရှိတာ ပြန်ကျက်တော့''

ငယ့်စကားကြောင့် သူ့မျက်နှာကြီး ရဲခနဲဖြစ်ကာ ထူပူသွားခဲ့ ...သည်။ ငယ်ကတော့ သူ့ကိုပြုံးဖြီးဖြီး ကြည့်နေခဲ့၏။

''ငယ်ကလည်းဟာ ငါက ဒါကြောင့် လာတာ မဟုတ်ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ဒါဆို ငါ့ဆီတမင်လာတာပေါ့လေ ဟုတ်လား တ

"ဟိုလေ ဟာ နင် စာမေးပွဲဖြေနိုင်သလား လာမေးတာ

"အမလေး လေး တည့်ရယ် အဟင်း ဟင်း"

ငယ် လှောင်သလို ရယ်ပြန်တော့ သူ့မျက်နှာကြီးကို ငယ်

မှာ မပြချင်လောက်အောင် ဖြစ်မိသည်အထိ။

"တကယ်ပြောတာပါ ငယ်ရာ၊ ဟိုလေ ငါ နင့်ကိုလည်း

ချင်တာလည်း ပါတယ်၊ ဟို မင်္ဂလာနိုင်ရဲ့ကိစ္စကြီးလည်း ဟိုလေ ငါ့ခေါ

မှာ အီလည်လည်ဖြစ်နေလို့ပါ"

"အဲဒီလို ဝန်ခံစမ်းပါ တည့်ရယ် အဟင်း ဟင်း"

"ငယ်ရယ် နင်က ငါ့ရဲ့အခင်ဆုံးအချစ်ဆုံး သူငယ်ချ

နင် ငါ့အပေါ် အမြဲနားလည်ပေးခဲ့ ကူညီပေးခဲ့တာတွေ ငါ ဘယ်တေ

မမေ့ပါဘူးဟာ"

တည့် နှုတ်က အသိအမှတ်ပြု ကျေးဇူးတင်စကားဆိုခ

လည်း ငယ် ကြည်နူးကျေနပ်ရပြန်ပါသည်။

တကယ်ဆိုလျှင် တည့် ဆိုသော သူငယ်ချင်းလေးအပေ

ငယ့်ဘက်က အမြဲတမ်း နားလည်ပေးတတ်မှုတွေနှင့် ပေးဆပ်ခဲ့

ဖြစ်သည်။

တည့်ရယ် မင်္ဂလာနိုင်ရယ်ဆိုသော သူငယ်ချင်းလေးနှစ်ယေ

အတွက်ပဲ ငယ် အလေးအနက်ထားခဲ့သည်။

ပျော်ရွှင်စေချင်ခဲ့သည်။ ဒါအတွက် တည့် အသိအမှတ်ပြ





တော့ ဝမ်းသာပါသည်။

"တည့် နင် စာကျက်နော်"

"အင်းပါ ငယ်ရဲ့၊ နင့်ကို စာကျက်ပျက်အောင် လုပ်သလိုဖြစ်

သွားတာ ဆောရီးပါဟာ"

"မလိုပါဘူး တည့်ရယ်၊ နင်နဲ့မင်္ဂလာနိုင်ရဲ့ အရေးကိစ္စက ငါ့ကိစ္စပဲလေ"

တည့် မျက်နှာလေး ဝင်းပကြည်လင်သွားတာက ငယ့်ဆီရောက်

တုန်းကနှင့် မတူတော့ပါ။

ဟိုးငယ်စဉ်ကတည်းက ပေါင်းသင်းလာတဲ့ သူငယ်ချင်းလေးမို့

ထဲကအရိပ်တွေကို ငါ အမြဲမြင်တတ် ဖတ်ရှုတတ်ပြီးသားပါ တည့်

နင် ပျော်နေတာကိုပဲ ငါ မြင်တွေ့ချင်ပါရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

အချိန်စေ့ ဘဲလ်တီးသည်နှင့် ငယ် ဖြေဆိုထားသည့်အဖြေ လွှာကို ဆရာမလက်အပ်ကာ ခပ်သွက်သွက်လေး ထွက်ခဲ့လိုက်သည်

ဒီအချိန်လောက်ဆို တည်နှင့်မကိုင်မို့တို့ ငယ့်ကိုစောင့်နေမှာ သေ ချာသည်။ ငယ်ထက် တစ်နာရီကျော်လောက်စောကာ ဖြေဆိုပြီးသည့် တည်နှင့် မကိုင်မို့တို့ကို ကော်ဖီဆိုင်လေးမှာ စောင့်နေဖို့ ကြိုတင်မှာထားပြီး ဖြစ်သည်။

စာမေးပွဲနောက်ဆုံးရက်မှာ သုံးယောက် ပျော်ပျော်ရွှင်ရွှင် လည် ကြဖို့ စီစဉ်ထားသည်။ မကိုင်မို့မှာက ဆေးရုံတက်နေသော ဖေဖေ့ကို ရှိပေမယ့်လည်း ငယ်တို့နှင့်လိုက်မည်ဟု ပြောသည်။

"ဘယ်မှတော့ မသွားတော့ဘူးဟာ တစ်ဆိုင်ဆိုင်မှာ စ သောက်ရင်း စကားတွေပြောကြမယ်"



မကိုင်မို့ကို နားလည်စာနာကာ လည်ပတ်ကြဖို့ အစီအစဉ်ကို …တော့ ဖျက်လိုက်ကြသည်။ မနက်စာကို ထမင်းပေါင်းဆိုင်မှာ စားကြမည်။ …လျှင် အအေးဆိုင်ထိုင် စကားတွေပြောဖို့ပဲ ဖြစ်၏။

ချိန်းထားသော ဆိုင်လေးရှေ့ရောက်တော့ ငယ် တွေ့လိုက်ရ … ဆိုင်ထဲက စားပွဲတစ်ခုမှာ တစ်ယောက်တည်း ထိုင်နေသော တည့် …ပဲ ဖြစ်သည်။

မကိုင်မို့ ဘာကြောင့်မရှိတာလဲ။

ငယ် ဆိုင်လေးထဲ လှမ်းဝင်ခဲ့ကာ ငူငူငိုင်ငိုင် ထိုင်နေသော …ည့်ကို ကသောကမျောလေး မေးမိသည်။

"တည် မကိုင်မို့ကော"

"အိမ်ပြန်သွားပြီ"

"ဟင် အိမ်ပြန်သွားတယ် ဟုတ်လား။ ဘာ ဘာဖြစ်လို့လဲ …ည် မကိုင်မို့ ဖေဖေ ဘာဖြစ်လို့လဲ"

ငယ် စိုးရိမ်ပူပန်စွာ မေးမိသည်။ အသေအချာ ချိန်းဆိုထား… မကိုင်မို့ ပြန်သွားသည်ဆိုတော့ မကိုင်မို့ ဖေဖေအတွက် တကယ်ပဲ …သွားမိ၏။

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး မကိုင်မို့ ပြန်တာ ညီသည်အတွက် …သိမ်းပိုက်ကို ထမင်းဖိတ်ကျွေးထားလို့ မကိုင်မို့ မေမေက အရောက် …သာရမယ် ဆိုလို့တဲ့"

တည် စကားအဆုံးမှာ ငယ် မျက်မှောင်လေး ကျုံ့သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မကိုဋ္ဌ ပြန်သွားခဲ့တာ ဒါကြောင့်တဲ့လား။ တည်ကိုကြည့်တော့ ငူငူ
ကြီး ထိုင်လို့နေဆဲ။ ငယ့်နံဘေးက ထိုင်ခုံလေးမှာ ဝင်ထိုင်ရင်း တည့်
အကဲခတ်ကြည့်မိသည်။

တည့်ရှေ့စားပွဲပေါ်မှာ မသောက်ရသေးသော လက်ဖက်
တစ်ခွက်က အပေါ်ယံအလွှာ တင်းကာ အေးစက်နေပြီ။

တည် တစ်ယောက်တည်း စောင့်နေခဲ့တာ ထင်သည်။ ငယ်
တကယ်ပဲ စိတ်မကောင်း ဖြစ်သွားကာ တည်ကိုလည်း သနားမိ

"တည် နင်တစ်ယောက်တည်း စောင့်နေခဲ့တာပေါ့"

"အင်း မကိုဋ္ဌပြန်သွားတော့ နင်တစ်ယောက်တည်း ဖြစ်နေ
စိုးလို့ ငါ စောင့်ပေးနေတာ"

"ဩော် တည်ရယ် တစ်ယောက်တည်း ဘာလို့စောင့်နေတာ
ဟ၊ မကိုဋ္ဌမှမရှိတာ နင်လည်း ပြန်လိုက်ရောပေါ့"

"ရပါတယ် ငယ်ရယ် ကဲ နင်ဘယ်သွားမှာလဲဟင်"

"ဘယ်မှမသွားတော့ပါဘူးဟာ မကိုဋ္ဌမှမပါဘဲ၊ နင်နဲ့ငါ တင်
သွားစားပြီး ပြန်တာပေါ့"

တည် အသွင်က မကိုဋ္ဌပါမလာသော အစီအစဉ်အတွက် စိတ်
ပုံမရှိပါ။ စာမေးပွဲနောက်ဆုံးနေ့လေးကတော့ ပျော်စရာကင်းမဲ့သွား
ဟု ငယ် နားလည်လိုက်ပါသည်။

"တည် မကိုဋ္ဌမပါလို့ နင် မပျော်ဘူးမို့လား"

ငယ် မေးတော့ တည် မချိပြုံးလေး ပြုံးသည်။ မကိုဋ္ဌနှင့်အ





ပျော်ပျော်ရွှင်ရွှင် ဆုံကြရမည့်နေ့လေးတစ်နေ့ ဆုံးရှုံးလိုက်ရခြင်းအတွက်
တည်လည်း စိတ်မကောင်းတော့ဖြစ်မှာ သေချာသည်။

"ငါ မကိုဋ္ဌကို နားလည်ပါတယ် ငယ်ရယ်၊ မကိုဋ္ဌမပါပေမယ့်
နင်နဲ့ငါပဲ သွားကြတာပေါ့"

ဘာပဲဖြစ်ဖြစ် ထိုနေ့က တည်နှင့်ငယ် ထမင်းပေါင်းဆိုင်လေး
မှာ အတူစားဖြစ်သည်။ အအေးဆိုင်လေးမှာ အတူထိုင်ဖြစ်ခဲ့သည်။

မကိုဋ္ဌ ပါမလာသောကိစ္စကို တမင်မေ့ထားကြပေမယ့် စိတ်ထဲ
မှာတော့ တစ်စုံတစ်ခု လိုအပ်သလို ခံစားနေကြရတာ အမှန်။

ဦးနိုင်သိမ်းပိုက် ဆိုသော ပုဂ္ဂိုလ်က မကိုဋ္ဌမေမေတို့အတွက်
ဘယ်လောက်အရေးပါနေသည်လဲ။

မကိုဋ္ဌ မရိပ်မိတာလားတော့ မသိ။ မကိုဋ္ဌမေမေရဲ့ လုပ်ရပ်တွေ
အပေါ်မှာတော့ ငယ် သံသယဝင်မိတာ အမှန်ဖြစ်သည်။

တစ်ခုပဲ ဆုတောင်းပါသည်။

တည် စိတ်မဆင်းရဲပါစေနဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

အသေအချာ ချိန်းဆိုထားပြီးတာမှ မကိုင်ဘက်က ပျက်သွားသော ကတိတစ်ခုအတွက်တော့ စိတ်မကောင်း ဖြစ်မိပါသည်။

စာမေးပွဲနောက်ဆုံးနေ့လေးမှာ သူငယ်ချင်းသုံးယောက်အတူ ဆုံကြမည့်ကိစ္စလေးက မေမေကြောင့် ပျက်ခဲ့ရ၏။

"သမီး စာမေးပွဲပြီးတာနဲ့ ပြန်လာမှဖြစ်မယ်၊ မောင်သိမ်းပိုက်ကို အိမ်မှာ မေမေ ထမင်းကျွေးဖို့ စီစဉ်ထားတယ် သမီး"

"ဟို သမီး သူငယ်ချင်းတွေနဲ့ ခဏလောက်တွေ့ကြဖို့ရှိတယ် မေမေ၊ ဟိုလေ စာမေးပွဲနောက်ဆုံးနေ့ဆိုတော့လေ"

မေမေ့မျက်နှာက မကျေမနပ် သုန်မှုန်သွားခဲ့တာ အထင်အရှား ဖြစ်သည်။





"သမီး အဲဒါက အရေးကြီးတဲ့အရေးကိစ္စမှ မဟုတ်ဘဲကွယ်"

ဦးနိုင်သိမ်းပိုက်ကို ထမင်းကျွေး ညှိခံသည့်ကိစ္စမှာ မကိုင်နှင့် ရှိနေဖို့ကလည်း အရေးကြီးလို့လား မေမေဟု ပြန်မေးလိုက်ချင်ပေမယ့် မေးဖြစ်ခဲ့ပါ။

"အခုချိန်မှာ သမီးဖေဖေကလည်း ဆေးရုံမှာပဲ ရှိနေသေးတယ်၊ ဦးတော့မောင်သိမ်းပိုက်ကိုလည်း ဂရုတစိုက် ရှိသင့်တယ်၊ ဘာပဲဖြစ်ဖြစ် သူက သမီးဖေဖေကြောင့် ရန်ကုန်ကအလုပ်တွေတောင် ဖျက်ပြီး ရောက်လာခဲ့တာလေ"

မေမေ့ကို အတိုက်အခံ မပြောချင်တာကြောင့် မကိုင်နှင့် ခေါင်းညိတ်လက်ခံခဲ့ရသည်။ တည်ကိုလည်း နားလည်အောင် ပြောပြတောင်းပန်ခဲ့ရသည်။ ငယ်ကတော့ နားလည်နိုင်ပါ့မည်လား မသိ။

"တည် ဘာပဲဖြစ်ဖြစ် နင် ငယ်နဲ့လိုက်သွားပေးလိုက်ပါနော်"

တည့်ကိုပဲ ပြောပြတောင်းပန်ခဲ့ရသည်။ ပြီးတော့ မေမေနှင့်အတူ ဦးနိုင်သိမ်းပိုက်ကို ညှိခံခဲ့ရသည်။

မေမေသည် ဦးနိုင်သိမ်းပိုက်အပေါ်မှာ လိုအပ်တာထက် ပိုမိုသော ရင်းနှီးကျွမ်းဝင်မှုတွေပြနေတာကိုလည်း မကိုင်နှင့် ကောင်းကောင်း သိမိခဲ့သည်။

ဒီအခြေအနေတွေက ဖေဖေရဲ့ကျန်းမာရေးအခြေအနေကြောင့်ဘဲ မကိုင်နှင့် ထင်သည်။ မကိုင်နှင့် နားလည်ထားသလောက်တော့ ဦးနိုင်သိမ်းပိုက်နှင့်ဖေဖေသည် စီးပွားဖက်ပါတနာတွေ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနိုင်သိမ်းပိုက်ရဲ့လုပ်ငန်းတွေထဲမှာ ဖေဖေ့ရဲ့ရှယ်ယာပါဝင်မှုတွေက ဘယ်လောက်လဲဆိုတာတော့ မကိုဋ္ဌ မသိပါ။ ဖေဖေသည် ပြန်နလန်ထူဖို့ဆိုတာ မျှော်လင့်ချက် နည်းပါးလွန်းနေပြီမို့ မေမေက ဦးနိုင်သိမ်းပိုက်ကို ပြေလည်စွာ ဆက်ဆံနေခဲ့သည် ထင်၏။

တကယ်ဆို ဖေဖေ့ရဲ့စီးပွားရေးလုပ်ငန်းတွေကို မကိုဋ္ဌမေမေ့လောက်တောင် နားမလည်ပါ။

"သမီး"

အခန်းအပြင်က မေမေ့ခေါ်သံကြောင့် မကိုဋ္ဌ အတွေးလေးတွေ ပြတ်တောက်သွားရကာ ခုတင်ပေါ်က လူးလဲထလိုက်ရ၏။

"လာပါပြီ မေမေ"

အခန်းတံခါးကို ဖွင့်ပေးလိုက်တော့ မေမေ မကိုဋ္ဌကို ပြုံးပြရင်း

"သမီးလေး မအိပ်သေးဘူး မဟုတ်လား"

"မအိပ်သေးပါဘူး မေမေ၊ မေမေကော မအိပ်သေးဘူးလားဟင်၊ မနက် ဖေဖေဆီသွားရဦးမယ် မဟုတ်လား"

မေမေ ခေါင်းလေးညိတ်ပြကာ အခန်းထဲလှမ်းဝင်လာ၏။ မြန်တော့ ခုတင်ဆီလှမ်းသွားခဲ့ကာ ခုတင်စွန်းမှာ ဝင်ထိုင်သည်။ မေမေ့အမူအရာက တစ်ခုခုကို ပြောချင်နေမှန်း မကိုဋ္ဌ ရိပ်မိ၏။

"မေမေ ဘာပြောစရာရှိလို့လဲဟင်"

မေမေ့ကိုမေးရင်း ခုတင်ဆီလျှောက်ခဲ့ကာ မေမေ့နံဘေးမှာ မကိုဋ္ဌ ဝင်ထိုင်လိုက်သည်။





"သမီးကို မေမေ ပြောစရာတွေ အများကြီးရှိတယ် သမီး၊ အထူးသဖြင့် သမီးဖေဖေရဲ့ကျန်းမာရေးပဲ"

ပြောရင်း မေမေ ပင့်သက်လေးရှိုက်သည်။ မေမေ့မျက်ဝန်းထဲမှ သောကတွေကို မကိုဋ္ဌ နားလည်ခံစားမိပါသည်။

"အခု သမီးဖေဖေရဲ့အခြေအနေက ဒီထက်ပိုပြီး တိုးတက်လာဖို့ဆိုတာ ကံတရားအပေါ်မှာပဲ မူတည်တဲ့အခြေအနေမျိုးပဲ သမီး"

ဒါကို မကိုဋ္ဌ လည်း လက်ခံပါသည်။ လေသင်တုန်းဖြတ်သွားသော ဖေဖေရဲ့အောက်ပိုင်းခန္ဓာကိုယ်တွေက တိုးတက်မလာခဲ့။

"အခု သူ့ကိုရန်ကုန်ကိုခေါ်သွားပြီး ပါရဂူကြီးတွေနဲ့ ပြသဆေးကုသဖို့ မောင်သိမ်းပိုက်က အကြံပေးတယ်"

"ဒါလည်း ကောင်းတာပဲ မေမေ၊ ဘာပဲဖြစ်ဖြစ် ဖေဖေအတွက် အတတ်နိုင်ဆုံး သမီးတို့ ကြိုးစားကြည့်ချင်တယ်"

"မေမေလည်း ဆန္ဒရှိတယ် သမီး။ ဒါပေမဲ့ သမီးမသိသေးတဲ့ အခြေအနေတွေ မေမေတို့ ရင်ဆိုင်နေရတယ်"

မကိုဋ္ဌ မျက်မှောင်လေးကုပ်သွားခဲ့သည်။ ဘာတွေလဲ။ မကိုဋ္ဌ မသိသေးတာတွေက ဘာတွေရှိနေသည်လဲ။ မေမေ့စကားတွေကိုပဲ နားစွင့်ထားရင်း မကိုဋ္ဌ တိတ်ဆိတ်စွာ ငြိမ်သက်နေမိသဲ။

"ပြီးခဲ့တဲ့ တစ်နှစ်လောက်ကတည်းက သမီးဖေဖေရဲ့စီးပွားရေးလုပ်ငန်းတွေ တဟုန်ထိုး ကျဆင်းခဲ့တယ်၊ အပြိုင်အဆိုင်တွေ အတိုက်အခံတွေနှင့် ရင်ဆိုင်ခဲ့ရတယ်၊ သမီးဖေဖေရဲ့ တစ်သက်မှာတစ်ခါမှ

www.burmeseclassic.com



မကြုံဆုံဘူးတဲ့ ဒုက္ခတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ကာလတွေပဲပေါ့''

''ဟင် ဒါတွေ သမီး ဘာမှမသိပါလား မေမေ''

''မေမေတောင် ပထမပိုင်းမှာ ဘာမှမသိခဲ့ဘူး သမီး၊ သမီး ဖေဖေက ဘာမှဖွင့်မပြောဘဲ ရင်ဆိုင်ရုန်းကန်နေခဲ့တာ၊ မေမေသိတဲ့ အချိန်မှာ အတော့်ကို နောက်ကျနေခဲ့ပြီ၊ ပွဲရုံလုပ်ငန်းကြီးတစ်ခုလုံး လည်ပတ်ဖို့ မလွယ်ကူလောက်အောင် အခြေအနေတွေ ဆိုးနေပြီ သမီး''

ဖေဖေ့ရဲ့လုပ်ငန်းတွေ ဒီလောက်အထိတောင် အဆိုးဆုံးအခြေ အနေတွေနှင့် ရင်ဆိုင်ခဲ့ရသည်လား။ မကိုင်၏ ဘာမှမသိခဲ့ပါ။

''သမီးဖေဖေက မေမေနဲ့သမီးကို ဘာမှမသိစေချင်ဘူး၊ စိတ် မဆင်းရဲစေချင်ဘူး၊ ဒါကြောင့် တစ်ယောက်တည်း ကြိတ်ပြီး ရုန်းကန် နေခဲ့တာ၊ ဆိုးရွားနေတဲ့ အခြေအနေဆိုးကြီးထဲက လွတ်မြောက်အောင် ကြိုးစားရင်း အကြွေးတွေတင်ခဲ့တယ်၊ နောက်ဆုံးတော့ အဲဒီ စိတ်ဆင်းရဲ စရာ အခြေအနေတွေကြောင့်ပဲ သမီးဖေဖေ ရောဂါတွေ တိုးခဲ့တယ် ဆိုရမယ်''

မကိုင်၏ မသိခဲ့သော အိမ်ရဲ့စီးပွားရေးလုပ်ငန်းတွေက တကယ့် ကို အဆိုးဆုံး အခြေအနေတွေထဲမှာ နစ်မွန်းခဲ့သည်။ ဒီအခြေအနေကြီး ကို ဖေဖေ ဘယ်လောက်ထိ စိတ်ဆင်းရဲစွာ ရင်ဆိုင်ခဲ့ရသလဲဆိုတာ မကိုင်၏ တွေးကြည့်မိပါသည်။

ဖေဖေ့ရဲ့ကျန်းမာရေးကို ထိခိုက်စေခဲ့ကာ ဖေဖေရဲ့စိတ်ဓာတ် တွေ ဘယ်လောက်ကျဆင်းခဲ့မည်လဲ။





''အခုချိန်မှာ မေမေတို့ အခြေအနေက အတော်ကို ယိုင်နဲ့နေ ပြီ သမီး၊ ဟောဒီအိမ်နဲ့ခြံကြီးကိုလည်းပေါင်နှံထားရတယ်၊ လုပ်ငန်းထဲ မှာ နစ်မြုပ်ဆုံးရှုံးခဲ့တဲ့ အကြွေးတွေကိုလည်း ရင်ဆိုင် ဖြေရှင်းရဦးမယ်''

လက်ရှိအခြေအနေတွေကို မကိုင်၏ သိလိုက်ရချိန်မှာ ဘာစကားမှ ဆိုနိုင်အောင် တုန်လှုပ်အံ့သြသွားမိသည်။ မေမေ့ကို ဘာစကားမှ မဆို နိုင်အောင် မင်သက်နေမိတဲ့အထိ။

မေမေက မကိုင်၏ ပခုံးလေးကို ဆုပ်ကိုင်ရင်း အားပေးနှစ်သိမ့် သလို ပြုံးသည်။ ဒါပေမဲ့ မေမေရဲ့အပြုံးတွေလည်း ခွန်အားမဲ့နေခဲ့တာ သလောက်ချာသည်။

''သမီး ဝမ်းနည်းသွားသလားဟင်''

မကိုင်၏ ဘာမှမဖြေနိုင်ဘဲ မျက်ရည်တွေပဲ ရစ်ဝိုင်းလာသည်။ ဘာမှလိုလေသေးမရှိ ပြည့်စုံသောဘဝတစ်ခုကိုပဲ မကိုင်၏ ပိုင်ဆိုင်ခဲ့ရ သည်။ ဒါပေမဲ့ ကံကြမ္မာက အရာရာကို ပြောင်းလဲပေးလိုက်ပြီ။

လက်ရှိ မကိုင်၏တို့နေထိုင်နေသော ခြံနှင့်အိမ်ကြီးကိုတောင် ပေါင်နှံထားရသည်တဲ့လေ။

ဒီအခြေအနေဆိုးကြီးကို မေမေလည်း ဘယ်လိုရင်ဆိုင်နိုင်မှာ လဲ၊ ဒီမြို့လေးမှာ မေမေ့ရဲ့ဂုဏ်ထည်ဝါမှုက ကြီးမားခဲ့သည်။ ပြည့်စုံခဲ့ သည်။ အခုတော့ ထိုအခြေအနေအားလုံး၏ ဆန့်ကျင်ဘက်ဘဝကို ပိုင် ဆိုင်နေခဲ့ရပြီ။

''ဘာမှဝမ်းနည်းပါနဲ့ သမီး၊ မေမေ့သမီးလေး စိတ်ဆင်းရဲမှာ



www.burmeseclassic.com

www.burmeseclassic.com







ဒိုးလို့ မေမေ မပြောရက်ခဲ့ဘူး။ အခုတော့ မေမေတို့ရဲ့ အခက်အ… ဒုက္ခတွေကို မောင်သိမ်းပိုက်က အားလုံးကူညီမယ်တဲ့''

''ရှင်''

''ဟုတ်တယ်သမီး ဘယ်လောက် ကျေးဇူးတင် ဝမ်းသာ… ကောင်းသလဲ၊ လုပ်ငန်းက အကြွေးတွေကို မောင်သိမ်းပိုက် ကူ… ရှင်းပေးမယ်၊ ပေါင်နှံထားတဲ့ ခြံနဲ့အိမ်ကိုလည်း ပြန်ရွေးပေးမယ်တဲ့''

''သူ သူက ဒါတွေကို ဘယ်လိုကူညီမှာလဲ မေမေ၊ တစ်ချိန်… ဖေဖေက ပြန်ပေးဆပ်ရမှာလားဟင်''

''သမီးဖေဖေရဲ့ကျန်းမာရေးကို မောင်သိမ်းပိုက် သိနေတာ… ကွယ်၊ သမီးဖေဖေကလည်း အရှုံးတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ပွဲရုံလုပ်ငန်း… စိတ်ကုန်နာကျည်းနေပြီ၊ ဆက်လည်း လုပ်ကိုင်နိုင်စွမ်းမှ မရှိတော့တ… အားလုံးရပ်ပစ်လိုက်မှာလေ''

''ဟင် ဒါဆို''

''မောင်သိမ်းပိုက်က စေတနာနဲ့ ကူညီပေးမှာ သမီး၊ ပြီးတော့… သမီးဖေဖေကိုလည်း ရန်ကုန်ခေါ်ပြီး အကောင်းဆုံး ကုသပေးမယ်တဲ့''

ကြားနေရသော စကားတွေကို မကိုင်မှ မယုံနိုင်ပါ။ ဦးနိုင်သိမ်း… ပိုက်က ဖေဖေ အခက်အခဲများစွာကို စေတနာနှင့် ကူညီပေးသည်… လား။

''မေမေတို့ ဒီရက်အတွင်းမှာ ရန်ကုန်သွားကြမယ် သမီး… သမီးဖေဖေကို ဆေးကုသပေးဖို့အတွက်လေ၊ မောင်သိမ်းပိုက်ရဲ့ကားနဲ့… …ကြမှာဆိုတော့ သမီးဖေဖေအတွက် ပိုအဆင်ပြေတာပေါ့ကွယ်''

မေမေ့ရဲ့အစီအမံတွေကို မကိုင်မှ မငြင်းနိုင်ပါ။ ရင်ထဲမှာ အား… …စိတ်တွေနှင့် ဘာကိုမှလည်း ခွန်းတုံ့မပြန်နိုင်ခဲ့။

မေမေ နှုတ်ဆက်ထွက်သွားတော့ ရင်ထဲမှာ မောနှံးပင်ပန်းစွာ… …ခဲ့သည်။ ကံကြမ္မာရဲ့ ရက်စက်မှုက ဆိုးလွန်းလိုက်တာ။

တစ်နှစ်ဆိုသော ကာလအပိုင်းအခြားလေးမှာတောင် မကိုင်မှ… …ဘဝတွေက အနိမ့်ကျဆုံး အခြေအနေကြီးတစ်ခုအထိ ရောက်ရှိ… …ခဲ့သည်လား။

ထိုအခက်အခဲတွေနှင့်သိန်းရာချီသော ငွေကြေးအကူအညီတွေ… …ဦးနိုင်သိမ်းပိုက်က ပေးခဲ့သည်တဲ့၊ ဒါ ဖြူစင်သော စေတနာသက်သက်… …လား။

ဖျတ်ခနဲ အာရုံထဲမှာ ဦးနိုင်သိမ်းပိုက်ရဲ့အကြည့်စူးစူးနှင့် မျက်နှာ… …မြင်မိတော့ မကိုင်မှ ရင်တုန်မောပမ်းချင်သည်။

မမြင်နိုင်သေးသော ရှေ့ဆက်ရမည့် အနာဂတ်သည် ...။

■ ■ ■





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ရန်ကုန်ကို သွားရမည့်ရက်က ဒီလောက်အထိ မြန်ဆန်
မည်ဟု မကိုဇ္ဈ ထင်မထားခဲ့ပါ။ ဖေဖေ ဆေးရုံကဆင်းလာသည့်
တစ်နေ့မှာပဲ ရန်ကုန်ကို သွားကြမည်ဟု မေမေက ပြောလာ
ကျောင်းတွေပိတ်တာ နှစ်ရက်ရှိပြီ။ တည်နှင့်လည်းမ
သလို ငယ်လည်း ရောက်မလာတာမို့ မဆုံဖြစ်ပါ။

စာမေးပွဲနောက်ဆုံးနေ့က မကိုဇ္ဈ မလိုက်ဖြစ်တာကြောင့်
စိတ်ကောက်ကာ တမင်မလာတာလား မဆိုတတ်။ ငယ်ရောက်
တော့လည်း ငယ်ဆီသွားဖို့ ဆုံးဖြတ်ကာ မကိုဇ္ဈ စက်ဘီးလေးနှင့်
ခဲ့လိုက်၏။

လမ်းထိပ်မှာပင် ငယ်ရဲ့စက်ဘီးနှင့် မျက်နှာချင်းဆိုင် ဆုံမိ





"ဟယ် မကိုဇ္ဈ ဘယ်လဲ"

"ငယ် နင့်ဆီလာမလို့"

ငယ် အံ့သြသလို မျက်ဝန်းလေးတွေ ပြူးကာကြည့်သည်။
ကယ်ဆို ငယ် အိမ်ကို ရောက်တာထက် ငယ်ကသာ မကိုဇ္ဈ ထံ
မြဲရောက်တတ်တာက များသည်။

"ဟုတ်တယ် နင် ပေါ်မလာလို့လေ၊ စာမေးပွဲနောက်ဆုံးနေ့က
မလိုက်ဖြစ်လို့ နင် စိတ်ဆိုးနေတာလားဟင် ငယ်"

"စိတ်မဆိုးပါဘူး မကိုဇ္ဈရယ်၊ တည့် ပြောပြပါတယ်၊ ငါ
ရောက်ဖြစ်တာက တည့်မေမေ ဒေါ်လေးမြ နေမကောင်းလို့"

"ဟင် ဒေါ်လေးမြ ဘာဖြစ်လို့လဲ"

"ပင်ပန်းတဲ့ဒဏ်တွေကြောင့် ဖြစ်မှာပေါ့ဟယ်၊ နေမကောင်း
ကန့် အကြော်ဆိုင်ထွက်တော့ ပိုဆိုးသွားတယ်တဲ့၊ အဖျားတွေကြီးနေလို့
ရာဝန်ပြတော့ ဆေးရုံတက်ပါလို့ ညွှန်ကြားတယ်တဲ့"

"ဟင်"

"ဟုတ်တယ် ဒီမနက်ပဲ ဒေါ်လေးမြကို ဆေးရုံတင်လိုက်ကြ
ယ်၊ ငါတောင် အခု နင့်ကို ပြောပြမလို့ လာခဲ့တာ မကိုဇ္ဈ"

ငယ် ပြောပြမှပဲ မကိုဇ္ဈ သိရတော့သည်။ တစ်ချိန်တည်းမှာပဲ
ည် မျက်နှာကို ပြေးမြင်မိသည်။ တည် ဘယ်လောက် စိတ်ပူနေပြီလဲ
ယ်။

"ငယ် လာဟာ တည်တို့အိမ်ဘက် သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ တည် ရှိမရှိတော့ မသိဘူး၊ ဆေးရုံမှာပဲလား မပြောတတ်ဘူးဟ"

"ငါ ဆေးရုံအထိတော့ လိုက်နိုင်မှာမဟုတ်ဘူး၊ မနက်ဖြ ရန်ကုန်သွားဖို့ ပြင်ဆင်ရမှာမို့"

"ဟင် မနက်ဖြန် နင် ရန်ကုန်သွားမယ်"

ငယ် တအံ့တသြ မေးတာကို ခေါင်းလေးညိတ်ပြရင်း မ စက်ဘီးကို နင်းထွက်ခဲ့လိုက်သည်။ ငယ်က စက်ဘီးလေးနင်း အနားကယှဉ်နင်းလာ၏။

"နင် ရန်ကုန်ကို ဘာသွားလုပ်မှာလဲဟင် မကိုင်း"

ငယ်ကို တစ်လမ်းလုံး မကိုင်း ရှင်းပြလိုက်မိသည်။ အခုချိန် မကိုင်း အတွက် ရင်ဖွင့်စရာသည် ငယ်တစ်ယောက်ပဲရှိသည်။

မကိုင်း ရှင်းပြတာတွေကို တိတ်ဆိတ်စွာ နားထောင်ရင်း ငယ် သည်လည်း မယုံနိုင်အောင် ဖြစ်နေခဲ့သည်။ မကိုင်းတို့အခြေအနေ လူမသိသူမသိ ဆင်းရဲဒုက္ခတွေနှင့် ရင်ဆိုင်နေရသည့်အဖြစ်။

"မကိုင်းရယ် ငါစိတ်မကောင်းလိုက်တာ၊ နင့်ဖေဖေ အဲဒီလော အထိ စီးပွားတွေ ကျဆင်းသွားမယ် မထင်ဘူး"

"ဟုတ်တယ် ငယ်၊ ငါလည်း အခု မေမေပြောမှ သိရတာ ယုံတောင် မယုံနိုင်ဘူး"

"နင့်ဖေဖေရဲ့မိတ်ဆွေလူကြီးက အားလုံးကူညီတာဆိုတော တော်သေးတာပေါ့ဟယ်"





ငယ်ကတော့ ရိုးသားစွာပဲ ဆိုရှာသည်။ မကိုင်း ရင်ထဲမှာတော့ စနေဆဲ၊ ရိုးသားစွာကူညီခြင်းရဲ့အနောက်မှာ ပေးဆပ်ရမည့် ဘယ်လို တွေ ပါလာမည်လဲဆိုတာ မတွေးရဲပါ။

တည်တို့အိမ်လေးရှေ့ရောက်တော့ အိမ်တံခါးလေးပွင့်နေတာ ယ်နှင့်မကိုင်းတို့ စက်ဘီးလေးတွေ ဒေါက်ထောက်ရပ်ကာ ဆင်းလိုက် သည်။

"တည် တည်ရေ တည်"

ငယ်က အသံပေးရင်း ရှေ့ကဦးဆောင်ကာ အိမ်ပေါ်လှမ်းတက် တော့ မကိုင်း လည်း အနောက်က ကပ်လိုက်တက်ခဲ့လိုက်သည်။

"တည်"

"ဩော် မငယ် ဟင် မမကိုင်း လည်း ပါတယ် လာ ထိုင် ဦး"

အိပ်ခန်းထဲက ထွက်လာသော ရွှေစင်က မကိုင်း ကိုပါ မြင်တော့ ဆက်ရင်း ကြိုသည်။

"လာ မကိုင်း ထိုင်လေဟာ"

သင်ဖြူးဖျာချပ်လေးပေါ်မှာ ငယ် ဝင်ထိုင်တော့ မကိုင်းလည်း ကျုံ့လေး ဝင်ထိုင်လိုက်ရသည်။

"ကိုကို မရှိဘူး မငယ်ရဲ့၊ ဆေးရုံမှာလေ"

ပြောရင်း ဝင်ထိုင်သည့် ရွှေစင်လက်ထဲမှာ ငွေစက္ကူတွေကို ထားတာ မကိုင်းတို့ မြင်တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မေမေက အဖျားတွေအရမ်းကြီးပြီး ရင်ကြပ်နေလို့ အောက်
ဂျင်တောင် ပေးရတယ်၊ ကိုကိုလည်း အနားမှာ မခွာနိုင်ဘူးလေ"

"ဆရာဝန်ကြီးတွေက ဘာပြောလဲ ရွှေစင်၊ ဘာတွေလိုအ
သလဲ မမတို့ကိုလည်း ပြောနော်"

"ရပါတယ် မမငယ်၊ လိုအပ်တဲ့ဆေးဝါးတွေ ဝယ်ခိုင်းတ
ထင်တယ်၊ ကိုကိုက ပိုက်ဆံပြန်ယူခိုင်းလို့ ရွှေစင်ပြန်ယူတာ၊ ဟိုဒေ
ကိုကို့ကျောင်းစရိတ်အတွက် မေမေ စုထားတဲ့ငွေလေးတွေပါ"

အခုမှ ရွှေစင်လက်ထဲက ငွေတွေကိုကြည့်ကာ မကိုရွှေတို့ စိတ်
မကောင်းဖြစ်ရသည်။ တည်အတွက် ဒေါ်လေးမြ စုဆောင်းထားသည့်
ငွေတွေတဲ့လား။ ဒေါ်လေးမြရဲ့ရွှေနှံ့တွေတောင် သင်းနေမည်ထင်ပါရဲ့

"အင်း ရွှေစင်လေး ဆေးရုံပြန်ရဦးမှာမဟုတ်လား၊ သွားပေ
မမတို့လည်း ပြန်တော့မယ်"

"ဟုတ်ကဲ့ မမ၊ ရွှေစင်ကို ကိုကို စောင့်နေမှာမို့"

"အေး အေး သွား ညီမလေး၊ မမငယ် မနက်ဖြန် ဆေးရုံ
လာခဲ့မယ်လို့ တည်ကို ပြောလိုက်နော်"

"ဟုတ်ကဲ့ မမငယ်"

ရွှေစင်ကို နှုတ်ဆက်ပြီး တည် အိမ်လေးက ပြန်ခဲ့သည်။
တည်တို့မိသားစု အပူတွေက နှစ်ဦးစလုံးရင်ကို ကူးစက်နေတာမို့ ရင်
မှာ မကောင်းကြတာအမှန်။

"ငါတော့ ဆေးရုံကို လိုက်နိုင်မှာမဟုတ်ဘူး ငယ်၊ တည်





အသေအချာ ရှင်းပြပေးပါနော်"

"စိတ်ချပါ မကိုရွှေရယ်၊ တည် နားလည်မှာပါ၊ ငါလည်း မနက်
နက် သွားလိုက်မယ်၊ ငါ စုထားတဲ့ငွေငါးထောင်ကျော်လောက် ရှိ
ယ် လိုရမယ်ရ တည့်လက်ထဲ ပေးထားမလို့"

ငယ်က ပြောသည်။ တကယ်လည်း တည်လက်ထဲမှာ မိခင်
ွက် ငွေတော့ မဖြစ်မနေလိုမှာ သေချာ၏။ ဒေါ်လေးမြက ဘယ်
ာက်အထိ ဆေးရုံတက်ရမည်မသိ။

"ခဏလေး ငယ်"

ငယ်ကိုပြောရင်း မကိုရွှေ စက်ဘီးကို ထိုးရပ်လိုက်၏။ ပြီးတော့
ည်တိုင်က ရွှေဆွဲကြိုးလေးကို ဖြုတ်လိုက်ပါသည်။

"ရော့ ငယ် ဒါ တည်ကိုပေးလိုက်ပါ"

"ဟယ် ဘာလုပ်ဖို့လဲ မကိုရွှေ"

"ဒေါ်လေးမြအတွက် လိုတာရှိရင် ဒါကိုရောင်းပစ်လိုက်ပါ၊
လောလောဆယ် ငါ့လက်ထဲမှာ ငွေမရှိဘူး။ ဒီဆွဲကြိုးလေးက ငါ့မုန့်ဖိုး
ထားတာ၊ ဘာမှပြဿနာမရှိဘူး"

"မဟုတ်တာ မကိုရွှေရယ်"

"ငယ် နင်ယူသွားပေးပါ၊ တည်ကို မပေးသေးဘဲ နင်သိမ်း
ချင် သိမ်းထားလေ၊ ဒေါ်လေးမြအတွက် တကယ်လိုပြီဆိုရင် ဒါကို
င်းပြီး တည်ကို ကူညီလိုက်ပါ"

ငယ် လှမ်းမယူဘဲ ခေါင်းကိုခါနေတော့ မကိုရွှေ ငယ့်လက်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



ခွဲကြိုးလေး အတင်းထည့်ပေးလိုက်ရ၏။

"ငယ် ငါတို့က သူငယ်ချင်းတွေပါဟာ၊ တစ်ယောက်ဒုက္ခရောက် ရင် တစ်ယောက်ကူညီရမှာပဲလေ"

"မဟုတ်ဘူးလေ ဒီရွှေခွဲကြိုးကြီးတော့ မလုပ်ပါနဲ့"

"အဲဒါ ငါ ပိုင်ဆိုင်တဲ့ပစ္စည်းပါ ငယ်ရဲ့၊ ဘာမှမဖြစ်ဘူး စိတ် ငါက ရန်ကုန်မှာ ဘယ်လောက်ကြာမယ်ဆိုတာ မသိသေးတော့ နင် တည့်အနားမှာ ရှိမှာလေ၊ ယူထားပါနော် ငယ်"

"တည်ကတော့ ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး"

"ငါ့ကို နင် ကတိပေးလေ၊ တည် မသိစေနဲ့၊ လိုရင် နင် စီစဉ်ပေးလိုက်ပါ၊ အရေးကြီးတာ ဒေါ်လေးမြ ပြန်ကျန်းမာဖို့လေ"

ငယ့်ပခုံးလေးကို ဆုပ်ကိုင်ကာ မကိုဋ္ဌ ပြောတော့ ငယ် ခေါင်း လေးညိတ်ရှာသည်။

"ကဲ နင်လည်း ပြန်တော့နော် ငယ်၊ ငါလည်း ဒီကပဲ ပြ တော့မယ်၊ တည်ကို ငါ နှုတ်ဆက်သွားကြောင်း ပြောပြပေးနော်"

ငယ် ခေါင်းလေးညိတ်ပြတော့ မကိုဋ္ဌ လက်ကလေးပြ နှု ဆက်ကာ စက်ဘီးကို နင်းထွက်ခဲ့လိုက်သည်။

အခုလောက်ဆို တည် တစ်ယောက်တည်း အားငယ်နေ သေချာသည်။ တည့်တို့မှာ အားကိုးစရာ အမေတစ်ယောက်ပဲ ရှိသည်

ဒေါ်လေးမြ ဘာမှမဖြစ်ပါစေနဲ့ဟုပဲ ဆုတောင်းမိသည်။

ဘယ်လို ကြမ္မာဆိုးတွေက အခုတလော ရိုက်ခတ်နေသည်





သိတော့။

မကိုဋ္ဌတို့မိသားစုရဲ့သောကတွေ မငြိမ်းသေး။ တည်တို့မှာက ဆပ်ရင်ဆိုင်ရပြန်ပြီ။

ရန်ကုန်ကိုသွားမည့် ခရီးအတွက် မကိုဋ္ဌ စိတ်တွေနုံးချိပင်ပန်း သွားခဲ့ရပြီ။

စိတ်ဆင်းရဲစရာတွေ အချိန်တွေကို အမြန်ဆုံးပဲ ကုန်ဆုံးလွန် မြောက်ချင်ပါသည်လေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ညတုန်းက နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ပေမယ့်လည်း မနက် မိုးလင်းတော့ မကိုဋ္ဌ စောစီးစွာ နိုးနေခဲ့သည်။

မိမိနှင့် ရင်းနှီးကျွမ်းဝင်နေသော အိပ်ခန်းမဟုတ်ဟုသော အသိ နှင့် လူက ဆတ်ခနဲ ထထိုင်ပြီး ဖြစ်နေသည်။

အိစက်ညက်ညောသော မွေ့ရာနှင့် အိပ်ရာခင်း၊ ပန်းနုရောင် သစ်လွင်သော နံရံတွေနှင့်အခန်းသည် မကိုဋ္ဌ စိတ်မှာ ဆန်းသစ်နေသည်။

ရန်ကုန်က ဦးနိုင်သိမ်းပိုက်ရဲ့ သုံးထပ်တိုက်ကြီးထဲမှာ ရောက်နေ ခြင်းဟု သိနေသောစိတ်က အလိုလို မွန်းကြပ်လာစေ၏။

ခုတင်ကြီးပေါ်က အသာလျှောဆင်းကာ အပြာရောင်ဇာခန်းဆီး တွေ ကာရံထားသော ပြတင်းတံခါးဆီ လျှောက်ခဲ့လိုက်သည်။





နေခြည်နုနု အလင်းရောင်တို့ တိုးဝင်နေသော လိုက်ကာစကို အသာဖယ်ကာ မှန်ပြတင်းတံခါးကို မကိုဋ္ဌ ဖွင့်လိုက်မိသည်။ အေးခနဲ ဝင်လာသော အပြင်ဘက်က လေက သန့်ရှင်းလတ်ဆတ်နေ၏။

ရှင်းသန့်သောလေကို မကိုဋ္ဌ အားပါးတရ ရှူရှိုက်လိုက်တော့ စိတ်က လန်းဆန်းကြည်လင်သွားသလို ခံစားရသည်။

မကိုဋ္ဌနှင့်မေမေတို့ တည်းခိုသော အခန်းက တိုက်အိမ်ကြီး၏ တတိယအထပ်မှာရှိတာမို့ ခြံထဲက မြင်ကွင်းတွေကို အပေါ်စီးက ရှင်းရှင်း လင်းလင်း မြင်နိုင်သည်။

အလှပန်းခင်းကြီးက ရောင်စုံပန်းတွေနှင့် ဝေဆာနေသည်။ မြက်ခင်းစိမ်းစိမ်းနှင့် ကွင်းကြီးကလည်း အတော်ကျယ်သည်။ ထိုမြက်ခင်း ဘေးပြင်၏ ပတ်ပတ်လည်မှာ စိမ်းစိုလန်းဆန်းသော အပင်ပုပု ဝိုင်းဝိုင်း လေးတွေ စီတန်းပေါက်နေတာလည်း ချစ်စရာကောင်းသည်။

ညာဘက်ကို လှမ်းမျှော်ကြည့်တော့ ပြာလွင်ကြည်လဲ့သော ရေကူးကန်ကြီးတစ်ခု။ တစ်ဖက်မှာက တင်းနစ်ကစားကွင်းတစ်ခုပါသေး သည်။

ခြံကြီးက ကျယ်ဝန်းသလောက် ပြည့်စုံလွန်းပါသည်။ ဒါတောင် မကိုဋ္ဌ မြင်တွေ့နေရသည့်တစ်ဖက်ပဲ ရှိသေး၏။

ခြံဝင်းအနှံ့ ဆင်းလျှောက်ကြည့်လျှင် ပိုလို့ ကြည်နူးစရာမြင် ကွင်းတွေ အများကြီး ရှိသေးသည်။ ရန်ကုန်ကို ပထမတစ်ခေါက် ရောက် ခဲ့သောအချိန်ကပဲ ဒီအိမ်ကြီး၏ခမ်းနားမှုကို မကိုဋ္ဌ အံ့ဩခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနိုင်သိမ်းပိုက်က တစ်ဦးတည်း နေထိုင်တာဆိုပေမယ့် ခြံကြီး နှင့်သုံးထပ်တိုက်ကြီးက ဟိုတယ်ကြီးတစ်ခုလို နန်းဆောင်ကြီးတစ်ခု ကြီးမားခန့်ထည်လွန်းသည်။

ဒီအိမ်ကြီးမှာ ထမင်းချက် မိန်းမကြီးနှင့်အိမ်အကူ အစေ ကောင်မလေးကပဲ နှစ်ယောက်ရှိသည်။ ဒရိုင်ဘာတစ်ယောက် ခြံစောင့် ကြီးကတစ်ယောက်၊ ဗာဟီရစေခိုင်းသော ကောင်လေးကတစ်ယောက် ရှိသေးသည်။

ကိုယ်က တစ်ကိုယ်တည်းသမားပေမယ့် ဦးနိုင်သိမ်းပိုက် ခန့် အပ်ငှားထားသော အကူတွေက များလွန်းနေသည်။

ဒါတောင် ခြံကြီးကို နှစ်ပတ်တစ်ခါ အလုပ်သမားအဖွဲ့ခေါ်က ရှင်းလင်းရသေးသည်တဲ့။

ဒါကြောင့်လည်း ဒီလောက်ကြီးမားသော ခြံဝင်းကြီးက အမြ သန့်ရှင်းစိမ်းလန်းနေတာ ဖြစ်မည်။

"သမီး"

အခန်းတံခါးခေါက်သံနှင့်အတူ မေမေ ခေါ်သံကိုကြားတော့ မကိုင့်မှ တံခါးကို ခပ်သွက်သွက်လေး လှမ်းကာ ပြေးဖွင့်ပေးလိုက်ရ၏။

"နိုးနေပြီလား သမီး"

"ဟုတ် မေမေ အခုပဲ နိုးတယ်"

"မျက်နှာသစ် ရေမိုးချိုးတော့လေ သမီး၊ ပြီးရင် ကော်ဖီဝိုင်း သွားရအောင်၊ မောင်သိမ်းပိုက် စောင့်နေရရင် အားနာစရာကောင်းတယ်"





"ဟုတ်ကဲ့ မေမေ"

ဒုတိယထပ်မှာပဲ ရှိသော ရေချိုးခန်းဆီ မကိုင့်မှ ထွက်ခဲ့လိုက် ည်။ မေမေကတော့ အိမ်အောက်ထပ်ကို ဆင်းသွားခဲ့၏။

ရေမိုးချိုးပြီးတော့ မကိုင့်မှ အခန်းထဲဝင်ကာ အဝတ်အစား လိုက်သည်။ ပန်းဆီရောင်တီရှပ်လေးနှင့် ကွာတားရေညှိစိမ်းရောင် းကိုပဲ လဲလှယ်လိုက်၏။

အလှပြင်မှန်တင်ခုံကြီးပေါ်မှာ အလှပြင်ပစ္စည်းတွေလည်း ပြည့်ရှိနေသည်။ ဒီပစ္စည်းတွေက မကိုင့်မှ ပါလာတာ မဟုတ်ပါ။ ဦးနိုင် မ်းပိုက်၏အိမ်မှာရှိနေသော ပစ္စည်းများသာ ဖြစ်သည်။

မိန်းကလေးသုံး အလှပြင်ပစ္စည်းတွေကို ဒီလောက် ပြည့်စုံစွာ ရတော့ မကိုင့်မှ အံ့သြမိသေး၏။ ဦးနိုင်သိမ်းပိုက် အိမ်မှာ ဘာကြောင့် နေရတာလဲဟု စဉ်းစားမိ၏။

မကိုင့်မှတို့လို မိန်းကလေးဧည့်သည်တွေ လာတတ်တာကြောင့် င်စီစဉ်ပေးထားတာပဲလားမသိ။

မကိုင့်မှ ကတော့ ဘာပစ္စည်းတစ်ခုကိုမှ မတို့မထိတဲ့ ဆံပင်တွေကို သေသေသပ်သပ် ဖြစ်အောင် ဖြီးသင်လိုက်သည်။ ပြီးတော့ ခေါင်း ည်းကြိုးလေးနှင့် စည်းနှောင်ကာ အိမ်အောက်ထပ် ဆင်းခဲ့လိုက်၏။

ဧည့်ခန်းကျယ်ကြီးထဲမှာ မေမေနှင့်ဦးနိုင်သိမ်းပိုက်တို့ ရှိနေကြ ည်။ မကိုင့်မှ ဆင်းလာတာမြင်တော့

"ဟော သမီးလေး လာ သမီးကို မေမေတို့ စောင့်နေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးနိုင်သိမ်းပိုက် မျက်ဝန်းတွေက မကိုဠ်ဆီမှာပဲ စိုက်ကြည့်ခဲ့တာကို သတိထားမိ၏။ မျက်နှာပေါ်မှာ ဘာမှမပြင်ဆင် မခြယ်သ ထွက်လာသော မကိုဠ်ကို အံ့သြနေခြင်းလားတော့ မသိပါ။

"အန်တီ အန်ကယ့်ကို တစ်ခါတည်းသွားခေါ်လိုက်ပါလား"

"အင်း သမီးနဲ့မောင်သိမ်းပိုက် သွားနှင့်၊ အန်တီ သူ့ကိုခေါ်လာခဲ့ပါ့မယ်"

မေမေက ဖေဖေ့အခန်းဆီ ထွက်သွား၏။ အဆင်းအတက် လွယ်ကူသော အောက်ထပ်က အခန်းတစ်ခုမှာပဲ ဖေဖေ့ကို ဦးနိုင်သိမ်းပိုက်က စီစဉ်ပေးထားခဲ့၏။

"လာလေ မကိုဠ်လေး ဗိုက်ဆာနေရောပေါ့"

"ဟို ရပါတယ် မကိုဠ် မဆာသေးပါဘူး"

"အခန်းထဲမှာ အလှပြင်ပစ္စည်းတွေ မတွေ့ဘူးလား"

"ရှင် တွေ့ တွေ့ပါတယ်"

"အဲဒါ မကိုဠ်လေး သုံးဖို့ ကိုယ် စီစဉ်ပေးထားတာလေ၊ အား အသစ်တွေချည်းပဲ"

"ရှင်"

"ဟုတ်တယ် မင်းရဲ့မျက်နှာလှလှလေးကို စိတ်တိုင်းကျ ပြင်ဆင် လုပစေချင်လို့ ကိုယ် ဝယ်ပေးထားတာ"

"ဟို မကိုဠ် အဲဒါတွေ သိပ်မသုံးတတ်ပါဘူး ဦးနိုင်"

မကိုဠ် စကားကို သူ အံ့သြသလို မျက်ခုံးပင့်ကြည့်၏။ ပြီး





သဘောကျသလို ယဲ့ယဲ့ပြုံးရင်း

"အင်းလေ မင်းမျက်နှာလေးက မပြင်မဆင်ဘဲနဲ့ လှပြီးသားပဲလေ၊ ထပ်ပြီးပြင်ဆင်စရာမလိုပါဘူး၊ ဒါပေမဲ့ လိုအပ်ရင် သုံးနိုင်ဖို့တော့ ထိုမှာပေါ့၊ ကဲ သွားရအောင် ကိုယ်လည်း ဗိုက်ဆာနေပြီ"

စားသောက်ခန်းထဲကို ဦးနိုင်သိမ်းပိုက် ဦးဆောင်လှမ်းတော့ ကိုဠ်လည်း အနောက်က ကပ်လိုက်ခဲ့လိုက်သည်။

စားပွဲကြီးပေါ်မှာ စားသောက်စရာတွေက ပူပူနွေးနွေး စုံလင်စွာ ပြင်ဆင်ပြီးဖြစ်နေသည်။

ဒမ်ဆမ်းအသားပေါင်းတွေ၊ အသားညှပ်ပေါင်မုန့်တွေကအစ ည်စုံစုံလင်လင်လွှန်းနေ၏။

မကိုဠ်တို့ စားပွဲမှာ ထိုင်မိစဉ်မှာပဲ ဖေဖေ့ဝှီးချဲလေးကိုတွန်းကာ မေ ဝင်လာသည်၊ မေမေရဲ့အနောက်မှာတော့ လူငယ်လေးနှစ်ယောက် ပါလာ၏။

"လာ အန်ကယ် မောနင်းဖတ်စ် သုံးဆောင်ရအောင်"

ဖေဖေ စားပွဲအနားရောက်တော့ လူငယ်နှစ်ယောက်က ဘေး စ်ဖက်တစ်ချက်ဆီမှ ဖေးမကိုင်ကာ စားပွဲရှေ့က ထိုင်ခုံပေါ် တင်ပေး သည်။

ဖေဖေ့အတွက် အရာရာ အဆင်ပြေအောင် စီမံပေးထားသော နိုင်သိမ်းပိုက် ကျေးဇူးတွေကိုတော့ မကိုဠ် အသိအမှတ်ပြုမိ၏။

"စားသောက်ပြီးရင် အန်ကယ်ကို ကျွန်တော့်မိတ်ဆွေ ဆရာကု



www.burmeseclassic.com

www.burmeseclassic.com



ပါရဂူကြီးတွေရဲ့ ဆေးခန်းကို လိုက်ပို့ပေးမယ်၊ လိုအပ်တဲ့ဆေးစစ်ဆေး
တွေအတွက် အန်ကယ် ဒီတစ်ရက်တော့ ကိုယ်တိုင်သွားရမယ်၊ နောက်
ရက်တွေကျရင် ပါရဂူကြီးတွေ တစ်ပတ်တစ်ခါ လာကြည့်ပေးကြမှာပါ"

"ကျေးဇူးတင်ပါတယ် မောင်သိမ်းပိုက်"

ဖေဖေ့စကားသံတွေက လေးပင်ကာ ဗလုံးဗထွေး ဖြစ်နေ
မယ့် ဖေဖေသည် ဆေးရုံပေါ်မှာ ရှိနေစဉ်ကထက် ကြည်လင်နေတာတော့
မကိုဋ္ဌ သတိထားမိပါသည်။

"ဆေးခန်းသွားမယ်ဆိုတော့ အန်တီနဲ့သမီးပါ လိုက်ခဲ့ရမှာလား
မောင်သိမ်းပိုက်"

"အန်တီပဲလိုက်ခဲ့လေ၊ မကိုဋ္ဌ မလိုက်လည်းရပါတယ်၊ ဟိုမှာ
နာ့စ်တွေ အကူဝန်ထမ်းတွေနဲ့ ပြည့်စုံပြီးသားပဲ၊ ကျွန်တော်နဲ့အတူ တပည့်
နှစ်ယောက်လည်းပါတယ်"

"အင်း အင်း ဒါဆို သမီးလေးနေခဲ့ပေါ့၊ မေမေပဲ လိုက်သွား
လိုက်မယ်"

ဦးနိုင်သိမ်းပိုက်၏အစီအမံအတိုင်း မေမေ ခေါင်းညိတ်နာခံလို့
ရှိသည်။ ရန်ကုန်မှာ ဆေးကုသဖို့အတွက် အစီအစဉ်အားလုံးကို ဦးနိုင်
သိမ်းပိုက်ကပဲ တာဝန်ယူတာ ဖြစ်သည်။

မေမေနှင့်မကိုဋ္ဌတို့ကတော့ အစိမ်းသက်သက် ခေါင်းညိတ်နာခံ
ဖို့သာ။

"မကိုဋ္ဌလေး အိမ်မှာပဲ အေးဆေးနားနေပါ၊ လိုအပ်တာရှိရင်





...ခိုင်နဲ့ရှမ်းမတို့ မိသူတို့တွေရှိတယ်၊ လိုတာခိုင်း ဘာမှအားနာစရာ
...ဘူး ဟုတ်လား"

မကိုဋ္ဌ ခေါင်းလေးပဲညိတ်ပြလိုက်ပါသည်။

စားသောက်ပြီးတော့ ဦးနိုင်သိမ်းပိုက် ကိုယ်တိုင် ဖေဖေနှင့်
...မေကို ခေါ်ဆောင်သွားခဲ့ကြသည်။

မကိုဋ္ဌကတော့ အိမ်ကြီးထဲမှာပဲ ကျန်ရစ်ခဲ့၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

''ပါရဂူကြီးတွေက သမီးဖေဖေကို ကောင်းကောင်း ဂရုစိုက် စမ်းသပ်ပေးကြတယ်၊ လိုအပ်တဲ့ ကုသမှုတွေနဲ့ သောက်ရမယ့်ဆေး တွေလည်း ညွှန်ကြားစီစဉ်ပေးတယ် သမီး၊ အာရုံကြောတွေကို ထိခိုက် သွားတာဆိုတော့ ချက်ချင်းကြီး အကောင်းပကတိ ပြန်ဖြစ်ဖို့တော့ မလွယ် ဘူးပေါ့ကွယ်''

ဖေဖေ့ကို ဆေးခန်းကြီးက ပြန်ခေါ်ဆောင်လာပြီးတော့ မေ က မကိုင့်ကို ပြန်ပြောပြပါသည်။ ဖေဖေရဲ့ မျက်နှာကလည်း ကြည်လ နေတာမို့ မကိုင့်ဝမ်းသာမိသည်။

''မောင်သိမ်းပိုက်က တစ်ချိန်လုံး လိုအပ်တာတွေ ကူညီ၊ သင့်သမျှရှင်းလင်းပေးပြီးမှ သူ့အလုပ်ကို ထွက်သွားခဲ့တာ သမီးရဲ့





မေမေကတော့ ဦးနိုင်သိမ်းပိုက်၏အကူအညီတွေအတွက် ဝမ်း ားရပြောကာ ကျေးဇူးတင်နေတာ အထင်အရှား ဖြစ်၏။ ဖေဖေ ည်း

''အင်း မောင်သိမ်းပိုက် ကျေးဇူးတွေက သိပ်ကြီးမားနေပြီ၊ ်သက်တော့ ဖေဖေ ပြန်ပေးဆပ်နိုင်မှာ မဟုတ်တော့ပါဘူးကွယ်''

ဖေဖေဆိုတော့ မကိုင့်ရဲ့ သိချင်တာကို ဖေဖေ့ရှေ့မှောက်မှာပဲ ကြည့်မိ၏။

''ဖေဖေ ဦးနိုင်ရဲ့ကုမ္ပဏီလုပ်ငန်းတွေထဲမှာ ဖေဖေ ရှယ်ယာ ားခဲ့သေးတယ် မဟုတ်လား''

ကြည်လင်နေသော ဖေဖေ့မျက်နှာက ညှိုးမှိန်သွားခဲ့၏။ ပြီးမှ တစွာ ခေါင်းကို ခါရမ်းရင်း

''ဖေဖေ သိပ်မှားခဲ့တာပါ သမီး၊ သိပ်ကိုမှားခဲ့တာပါကွယ် သိမ်းပိုက်ရဲ့လုပ်ငန်းတွေထဲမှာ ဖေဖေ ရှယ်ယာတွေ ဝင်ထားခဲ့တယ်၊ တွက် အကျိုးအမြတ်တွေလည်း နှစ်စဉ်တိုးတက်ခဲ့တယ်၊ ဒါပေမဲ့ ဲ့နှစ်ပိုင်းမှာ ဖေဖေရဲ့ပွဲရုံလုပ်ငန်းကြီးက အရှုံးတွေ ရင်ဆိုင်ခဲ့ရတယ်၊ ာ မောင်သိမ်းပိုက်ဆီမှာ ထည့်ဝင်ထားတဲ့ ရှယ်ယာတွေကို ပြန်ယူ ဖေ့လုပ်ငန်းတွေထဲ ထည့်ခဲ့တယ်၊ နောက်ဆုံးတော့ ဖေဖေ ကြုံဆုံ ပိုင်ဆိုင်သမျှ ဆုံးရှုံးပြီး စီးပွားပျက်ခဲ့တာပဲ''

အခုမှပဲ ဖေဖေ့နှုတ်က ဝန်ခံစကားတွေကို မကိုင့်ကြားခဲ့ရခြင်း ဦးနိုင်သိမ်းပိုက်ထံမှာ ဖေဖေ့ရဲ့ရပိုင်ခွင့်က ဘာတစ်ခုမှ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးတဲ့လား။ ဒါနှင့်တောင် ဦးနိုင်သိမ်းပိုက်က ဖေဖေ့အခက်အခဲဒုက္ခ
ကို ကူညီပေးနေခဲ့သည်။

"မောင်သိမ်းပိုက်က ဖေဖေ့အတွက် အကောင်းဆုံးမိတ်ဆွေ
သမီး၊ ဖေဖေ့အတွက် လိုတာအားလုံးကို သူ ကူညီခဲ့တယ်၊ ခေ
တင်နေတဲ့အကြွေးတွေပေးဆပ်ပေးတယ်၊ ပေါင်ထားတဲ့ အိမ်နဲ့ခြံကို
ပေးတယ်၊ အခုလည်း သူ့ရဲ့ငွေကြေးတွေနဲ့ပဲ ဖေဖေ့ကို ဆေးဝါးကု
ပေးနေခဲ့တာပါ"

"ဟုတ်တယ် သမီး၊ မေမေတို့မိသားစုဘဝတစ်ခုလုံးကို မော
သိမ်းပိုက်က ကယ်တင်ကူညီပေးလိုက်တာပဲ"

မကိုငွှ ဘာစကားမှ မဆိုနိုင်အောင် မင်သက်ကြောင်တွေ
၏။ အာရုံထဲမှာ ဦးနိုင်သိမ်းပိုက် မျက်နှာက မဖိတ်ခေါ်ဘဲ ပြေးဝင်
သည်။

ကြီးမားလှသော ကျေးဇူးတရားတွေနှင့် မကိုငွှတို့အပေါ်
ဘာကြောင့်ပေးဆပ်နေခဲ့တာလဲ။

တစ်ချိန်မှာ ထိုကျေးဇူးတရားတွေအတွက် ဖေဖေတို့ပေးဆ
မှာ ဘာလဲ။

တွေးမိရုံနှင့် ရင်ထဲမှာ မွန်းကြပ်ချင်လာမိသည်။

"ကဲ သမီး သွားနားတော့လေ၊ မြတ် ကိုယ့်ကို အခန်းထဲအ
လိုက်ပို့ပေးပါ"

ဖေဖေ့ကောင်းကို မကိုငွှ ခေါင်းလေးညိတ်ပြမိ၏။ မေမေ





ေ့ဝိုးချဲလ်ကိုတွန်းကာ အခန်းဆီ ခေါ်ဆောင်သွားခဲ့သည်။

ပင့်သက်လေးရှိုက်ကာ မကိုငွှ အပေါ်ထပ် အခန်းဆီ တက်ခဲ့
၏။ မွန်းကြပ်နေသော စိတ်တွေက အခန်းထဲ မဝင်ချင်သေးတာမို့
တာလေးဆီ ထွက်ခဲ့လိုက်သည်။

ခြံဝင်းကျယ်ကြီးထဲမှာ မြင်နေရသော လှပသည့်ရှုခင်းတွေက
ညား စိတ်ကို မကြည်လင်စေတာ အမှန်။

ရန်ကုန်ကို ရောက်ခဲ့တာ ငါးရက်တောင် ရှိခဲ့ပြီ။ တည်နှင့်ငယ်
သတိရစိတ်တို့က တစ်နေ့မှမပျက်ခဲ့။

တည် မေမေ ဒေါ်လေးမြ ကျန်းမာရေးအတွက် မကိုငွှ ညစဉ်
း ဆုတောင်းပေးမိသည်။

ဒေါ်လေးမြ ဆေးရုံမှာပဲလား။ တည်တို့မောင်နှမ အဆင်ပြေ
လား။ သိချင်ပေမယ့် ဘာမှသိခွင့်မရှိသည့် အဝေးမှာ ရောက်နေသည့်
ခြင်မှာ မကိုငွှ မျက်ရည်တွေတောင် ဝဲချင်လာ၏။

"တီ"

ဟွန်းသံတစ်ချက်နှင့်အတူ ခြံထဲကို မောင်းဝင်လာသော ဦးနိုင်
သိမ်းပိုက်ကားကြီးကို မြင်တွေ့လိုက်ရသည်။

ဆင်ဝင်အောက်အထိ တိုးဝင်သွားသော ကားကြီးကို မကိုငွှ
ကြည့်နေမိဆဲ။

လူကိုခုံမိလျှင် ရှူးရှူးနစ်နစ် အကြည့်တွေနှင့် ကြည့်တတ်သော
နိုင်သိမ်းပိုက်နှင့်ရင်ဆိုင်ဖို့ မကိုငွှ သိပ်ကို ကြောက်ရွံ့မိသည်။ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



တို့အပေါ်မှာ အကူအညီတွေ အများကြီးပေးကာ ဒီခြံဒီအိမ်ကြီးမှာ အ
လိုလေသေးမရှိ ဖန်တီးပေးထားသော ဦးနိုင်သိမ်းပိုက် ရည်ရွယ်ချက်
ဘာလဲ။

မကိုဋ္ဌ စိုးရိမ်နေမိတာမျိုး မဟုတ်ပါစေနဲ့ဟု ဆုတောင်းမိသ
ကလည်း အကြိမ်ကြိမ်။

ကံကြမ္မာကို မကိုဋ္ဌ သိပ်ကြောက်လန့်နေခဲ့ပြီ၊ ထိုကံကြမ္မာပေ
ပဲ အခြေအနေအားလုံးသည် …။

■ ■ ■

အခန်း (၂၄)

''ရှင် ဘာရယ် မေမေ''

ကြားလိုက်ရသော စကားကို မကိုဋ္ဌ မယုံနိုင်စွာ အထိတ်တလန့်
ပြန်မေးမိတော့ မေမေ တည်တည်ငြိမ်ငြိမ်လေး ပြုံးနေရင်း

''မောင်သိမ်းပိုက်က သမီးကို လက်ထပ်ခွင့်တောင်းဆိုတယ်
သမီး''

မကိုဋ္ဌ တုန်တုန်ယင်ယင်နှင့် ခေါင်းလေးကို ခါရမ်းမိသည်။
ဘယ်လိုမှ မျှော်လင့်မထားမိသော စကားကြီးကို ကြားလိုက်ရသည့်အ
ဖြစ်၊ ပြီးတော့ ဒီအခြေအနေကြီးကိုပဲ မကိုဋ္ဌ ကြောက်လန့်စိုးရိမ်နေခဲ့မိတာ။

''မောင်သိမ်းပိုက်က သမီးကို လက်ထပ်ခွင့်တောင်းခဲ့တာ သမီး
အတွက် အရမ်းကံကောင်းခြင်းပဲ သမီး''

''မေ မေမေ သမီး လက်မထပ်နိုင်ဘူး သမီး''



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် သမီး"

မေမေ့မျက်နှာက ချက်ချင်းမာတင်းကာ မကိုရှင်ကို စူးစူးနစ်နစ် ကြည့်သည်။ ချောက်ချား ထိတ်လန့်နေသော အမူအရာတွေကို မကိုရှင် မေမေ့ရှေ့မှာ ဘယ်လိုမှ ထိန်းချုပ်မထားနိုင်ခဲ့တာ သေချာ၏။

"သမီး သမီး အိမ်ထောင်မပြုချင်သေးဘူး မေမေ"

မကိုရှင် အဖြေကြောင့် မေမေ့မျက်နှာပေါ်က မာတင်းမှုတွေ ပြေကျသွားခဲ့သည်။

"ဩော် သမီးရယ် မေမေက မောင်သိမ်းပိုက်ကို ငြင်းဆိုနေတာ လားလို့ကွယ်"

တကယ်ဆို မကိုရှင် ခါးခါးသီးသီး ငြင်းပစ်လိုက်ချင်ပါသည်။ ဒါပေမဲ့ ယတိပြတ်ငြင်းပစ်ဖို့အတွက် နှုတ်က မဝံ့ရဲလောက်အောင် တားဆီးထားသော အရာတွေက ကြီးမားလွန်းနေခဲ့၏။

"ဒီမှာ သမီး၊ မောင်သိမ်းပိုက်က မေမေတို့မိသားစုအပေါ်မှာ ကြီးမားတဲ့ကျေးဇူးတွေ ရှိနေတယ်၊ ဒါတွေကို သမီးလည်း သိပါတယ်၊ အခု သူက သမီးကို လက်ထပ်ခွင့်တောင်းတာ ဘယ်လောက် ဝမ်းသာ ရကောင်းသလဲ၊ သမီးရဲ့အနာဂတ် ပြီးတော့ မေမေတို့အခက်အခဲတွေ အားလုံးအေးချမ်းသွားစေမယ့် အခွင့်အရေးကြီးပဲ"

မေမေက ဝမ်းသာအားရ ရှင်းပြနေသည်။ ဒီလိုအခြေအနေမျိုး ကြီးကို ရင်ဆိုင်ခဲ့ရမှာ တွေးကြောက်ခဲ့ရသော မကိုရှင် ရင်တွေ ပူလောင် နေခဲ့တာအမှန်။





"မောင်သိမ်းပိုက်က သမီးကို လက်ထပ်ချင်တယ်လို့ မေမေ့ဆီ ခွင့်တောင်းခဲ့တယ်၊ မေမေအတွက် ဘာမှငြင်းပယ်စရာမလိုအောင် ပြည့်စုံ နေတဲ့ သမက်တစ်ယောက်ပဲ သမီး"

"မေမေရယ် သမီးနဲ့ဦးနိုင်သိမ်းပိုက် အသက်အရွယ်က ကွာ ခြားလွန်းပါတယ်"

"အဲဒါ ပြဿနာတစ်ခုမှ မဟုတ်တာပဲ သမီး"

မေမေ့စကားကြောင့် မကိုရှင် တကယ်ပဲ စိတ်ညစ်ညူးမိ၏။ တကယ်ဆို ဦးနိုင်သိမ်းပိုက်နှင့်မကိုရှင်ကြားမှာ အသက်ကွာခြားမှုက သိပ် ကို ကွာဟလွန်းနေ၏။

"အရေးကြီးတာ သမီးရဲ့အနာဂတ်ဘဝလေး အပူအပင်ကင်း ကင်းနဲ့တစ်သက်လုံး ရှင်သန်သွားရဖို့ပဲလေ"

ဦးနိုင်သိမ်းပိုက်ကို လက်ထပ်လိုက်လျှင် မကိုရှင့်ဘဝ အေးချမ်း သွားမည်တဲ့လား။ တစ်ဘဝလုံးအတွက် ပေါင်းသင်းရမည့်အဖော်တစ် ယောက်ကို မကိုရှင် ရွေးချယ်ခွင့် မရှိတော့ဘူးတဲ့လား။

"မေမေ သမီးသူ့ကို မချစ်ဘူး"

"ဘာရယ် သမီး"

"သမီး တစ်ဘဝလုံး ပေါင်းသင်းရမယ့်သူကို သမီးရွေးချယ်ခွင့် ပေးပါ မေမေ"

"တော်စမ်း မကိုရှင် ဒါ သမီးဘဝအတွက် အကောင်းဆုံး ဖန်တီးပေးလာတဲ့ အခွင့်အရေးတစ်ခု၊ ဒါကို ဘာကြောင့် ငြင်းဆန်ချင်နေ တာလဲ၊ မောင်သိမ်းပိုက်ရဲ့ ကျေးဇူးတရားတွေ မေမေတို့အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးပဲ၊ ဒါကို သမီး အသိဆုံးပါ''

ကျေးဇူးတရားတွေအတွက် မကိုဋ္ဌ်ဘဝကို ပေးဆပ်ရမည်လာ ပြီးတော့ မကိုဋ္ဌ် နှလုံးသားမှာ တည်ရှိနေတာ မေမေသိခဲ့လျှင် သေချာ သည်။ ခါးသီးစွာ ငြင်းမှာပဲဖြစ်၏။

''သမီး မေမေ့စကားကို နားထောင်ပါ၊ တကယ်ဆို မောင်သိ ပိုက်လို ယောကျ်ားတစ်ယောက်အတွက် နှစ်သက်ရာ မိန်းကလေး စိတ်တိုင်းကျ ရွေးချယ်ယူနိုင်တယ်၊ အခု သမီးကိုရွေးချယ်တောင် ခဲ့တာ ဂုဏ်ယူစရာကောင်းတယ် သမီး၊ သမီးဖေဖေကလည်း သိ ဝမ်းသာနေတယ်၊ သမီးရဲ့အနာဂတ်ဘဝအတွက် သူ စိတ်ချလက် ထားခဲ့နိုင်ပြီတဲ့''

ဖေဖေကိုယ်တိုင်ကလည်း မကိုဋ္ဌ်နှင့်ဦးနိုင်သိမ်းပိုက်ကို ကျေ လက်ခံနေသည်ပေါ့။

မကိုဋ္ဌ်အတွက် ဖေဖေ မေမေတို့ကို လွန်ဆန်နိုင်ဖို့ အင်အ တို့ ကင်းစင်နေခဲ့တာ သေချာသည်။

အာရုံထဲမှာ တည် မျက်နှာကို ပြေးမြင်မိသည်။ ငယ်ကိုလ တမ်းတမိသည်။ မကိုဋ္ဌ် ရင်ဆိုင်နေရသော အခြေအနေတွေကို မြင်ကြ လှည့်ပါကွယ်။

တည်ရယ် ဘယ်လိုအခြေအနေကြောင့်မှ ငါ့နှလုံးသားထဲ နင် ပျောက်ဆုံးမသွားနိုင်ပါဘူး။

ငါ့နှလုံးသားက နင်တစ်ယောက်တည်းအတွက်ပဲ။

■ ■ ■



## အခန်း (၂၅)

အလုပြင်မှန်တင်ခုံကြီးရှေ့မှာ ထိုင်ရင်း မကိုဋ္ဌ် ကျောက်ရုပ် လေးလိုပဲ ငြိမ်သက်နေမိသည်။

ရင်ထဲမှာ ညစ်ညူးမောန်းနေသော စိတ်တွေက ဘယ်လိုမှ မကြည်လင်ပါ။

''သမီး ဘာလုပ်နေတာလဲ''

မေးသံနှင့်အတူ အခန်းထဲဝင်လာကာ မေမေ အနားမှာ ရပ် လာသည်။ အလှပြင်မှန်တင်ခုံရှေ့ရောက်နေပြီး ဘာမှ မပြင်ဆင်ဘဲ ထိုင်နေသော မကိုဋ္ဌ်ကို မေမေ မျက်မှောင်ကုပ်ကြည့်၏။

''သမီး လုပ်စရာရှိတာ မြန်မြန်လုပ်လေ၊ မောင်သိမ်းပိုက် စောင့်နေတာကို အားနာဖို့ကောင်းတယ်''



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကို ဘာတစ်ခွန်းမှ ခွန်းတုံ့မပြန်မိဘဲ ငြိမ်သက်နေတော့ မေမေ မျက်နှာက တင်းခနဲ မာထန်သွားခဲ့ပြီး

"သမီး ဖေဖေနဲ့မေမေ မျက်နှာပျက်အောင် တမင်လုပ်နေခဲ့တာလား။ မေမေ ဒါကို လက်မခံဘူးနော် သမီး။ ဘယ်လိုအကြောင်းပြချက်ကိုမှ မေမေ လက်မခံနိုင်တာ သမီး မောင်သိမ်းပိုက်ကို မဖြစ်မနေ လက်ထပ်ရလိမ့်မယ်"

ဒါ မေမေရဲ့နောက်ဆုံးသော အမိန့်စကားဆိုတာကို မကိုင်း နားလည်သဘောပေါက်ပြီး ဖြစ်ပါသည်။

"ကဲ မြန်မြန်ပြင်ဆင်ပြီး ဆင်းခဲ့ပါ သမီး"

စကားအဆုံးမှာ မေမေ အခန်းထဲက ထွက်သွားခဲ့သည်။ မှန်ထဲမှာ မြင်နေရသော ကိုယ့်ပုံရိပ်ကို မကိုင်း ပြန်ကြည့်မိသည်။

ကံကြမ္မာရဲ့စေရာအတိုင်း မကိုင်းဘဝကို စီးမျောပေးဆပ်ရတော့မည်လား။ အခုလည်း ဦးနိုင်သိမ်းပိုက်က သူနှင့်အတူလိုက်ခဲ့ဖို့ မကိုင်းကို ခေါ်သည်။

မေမေကလည်း ကြည်ဖြူလိုလားစွာ ခွင့်ပြုခဲ့သည်။ အခြေအနေအားလုံးသည် မကိုင်းအတွက် ငြင်းဆန်ခွင့်မရှိသော အခြေအနေမှာ ဖြစ်၏။

ပြင်ဆင်ချင်စိတ်မရှိသော မျက်နှာပေါ်မှာ တို့ပတ်လေးကိုပဲ ပါးပါးလေး ဖို့လိုက်ပါသည်။ မေမေ ရွေးချယ်ထုတ်ပေးထားခဲ့သော ပန်းဆီရောင်ဝမ်းဆက်လေးကိုပဲ လဲလှယ်လိုက်၏။





ညည့်ခန်းကို ဆင်းခဲ့တော့ မေမေနှင့်အတူ ထိုင်နေသော ဦးနိုင်သိမ်းပိုက် အကြည့်တွေ မကိုင်းဆီ ဦးတည်လာသည်။

တွေ့စကတည်းက ထိုအကြည့်တွေကို မကိုင်း စိုးရိမ်ထိတ်လန့်ခဲ့တာဖြစ်သည်။ အခုတော့ မကိုင်း စိုးရိမ်သော အခြေအနေကို တကယ်ခုင်ဆိုင်နေခဲ့ရပြီ။

"ဟော သမီးလေး အသင့်ဖြစ်ပြီလား။ မောင်သိမ်းပိုက်က ဒီမှာ သမီးကို စောင့်နေတယ်"

"ကဲ သွားကြရအောင် မကိုင်းလေး အန်တီ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

သူက မေမေ့ကို နှုတ်ဆက်ကာ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီ လှမ်းသွားတော့ မကိုင်း မလှမ်းချင်လှမ်းချင် ခြေလှမ်းတွေနှင့် လိုက်ခဲ့လိုက်၏။

"သမီး မောင်သိမ်းပိုက် စိတ်ကသိကအောက်ဖြစ်အောင် လုပ်တာမျိုး မေမေ မကြားချင်ဘူး"

မကိုင်း နံဘေးက ကပ်လိုက်လာကာ မေမေ တီးတိုး သတိပေး၏။ မကိုင်း နှုတ်ဆိတ်စွာနှင့်ပဲ သူ ဖွင့်ပေးထားသော ကားတံခါးမှာ ဝင်ထိုင်လိုက်သည်။

စက်ရုပ်ဆန်စွာ လည်ပတ်နေသော ခန္ဓာကိုယ်က သူ့အနားမှာ ရှိနေရပေမယ့် မကိုင်း စိတ်အာရုံတွေက သူနှင့်အဝေးဆုံးကိုပဲ ပြေးထွက်သွားချင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မကိုဋ္ဌ အဖြစ်က လှောင်ပိတ်ထားခြင်းခံရသော လှောင်ချိုင့်ခံငှက်တစ်ကောင်ပမာ ဖြစ်၏။

"မကိုဋ္ဌလေး"

ခြံထဲက ကားလေးမောင်းထွက်သည်နှင့် သူ့ခေါ်သံကို မကိုဋ္ဌ ကြားသည်။ လှည့်အကြည့်မှာ သူ့အကြည့်တွေက နောက်ကြည့်မှန်ထဲက မကိုဋ္ဌမျက်နှာကို အကဲခတ်နေတာ တွေ့၏။

"နေမကောင်းဘူးလား မကိုဋ္ဌလေး"

"ဟို ခေါင်းနည်းနည်းကိုက်နေလို့ပါ"

"ဒါဆို မကိုဋ္ဌလေး စိတ်တွေ ကြည်လင်သွားအောင် ဂျူ့စ်ဖျော်ရည်တစ်ခုခု သောက်လိုက်တာပေါ့။ ပြီးရင် ဒီနေ့တစ်နေ့လုံး မင်းကို ကိုယ် ခေါ်သွားချင်တာတွေ အများကြီးရှိတယ်"

ခေါင်းခါငြင်းဆိုခွင့်ဆိုတာ မရှိသည့် အခြေအနေမှာ မကိုဋ္ဌ နှုတ်ဆိတ်စွာပဲ နေလိုက်ရသည်။

နိုင်သိမ်းပိုက်က ကားလေးကို ကော်ဖီဘားလေးတစ်ခုရှေ့မှာ ထိုးရပ်သည်။ အဲကွန်းလေ အေးစိမ့်စိမ့် ဆီးကြိုသော ဆိုင်လေးထဲမှာ ပေမယ့် မကိုဋ္ဌစိတ်တွေ ပူအိုက်နေသလို ခံစားရ၏။

သူက မကိုဋ္ဌအတွက် လိမ္မော်ရည်မှာသည်။ ပြီးတော့ မကိုဋ္ဌ မျက်နှာကို မမှိတ်မသုန် ငေးစိုက်ကြည့်နေရင်း

"မကိုဋ္ဌလေး"

"ရှင်"





"မင်းမေမေဆီမှာ ကိုယ် တောင်းဆိုခဲ့တာကို မင်းသိပြီးလောက်ပေါ့"

မကိုဋ္ဌ ခေါင်းလေးညိတ်ပြတော့ သူ့မျက်ဝန်းတွေ လက်ခနဲ တောက်ပသွားခဲ့၏။

"ကိုယ် မင်းကို လက်ထပ်ချင်တယ် မကိုဋ္ဌလေး၊ ဒါကြောင့် န်တီဆီက တောင်းဆိုခဲ့တာပါ"

မေမေ့ဘက်က ဘယ်လိုမှ ငြင်းဆန်မရနိုင်သော အခြေအနေကို နိုင်သိမ်းပိုက် ကောင်းကောင်းသိထားပြီး ဖြစ်လိမ့်မည်။

"ကိုယ် မင်းကို ပိုင်ဆိုင်ချင်တယ်၊ အံ့ဩစရာတော့ ကောင်းယ် မကိုဋ္ဌလေး၊ မိန်းမတစ်ယောက်ကြောင့် ကိုယ့်ဘဝမှာ ဘဝတစ်ခုလုံး ပ်နှောင်ခံရလောက်အောင် တစ်ခါမှမကြုံခဲ့ဖူးဘူး၊ မင်းနဲ့ကျမှ ကိုယ် ပြောင်းလဲသွားခဲ့တာ"

သူ့ရင်ထဲက ခံစားချက်တွေလား။ ဆန္ဒတွေလား မကိုဋ္ဌ မသိပါ။ ပြောချင်သောစကားတွေ ပြောဖို့အတွက် မကိုဋ္ဌကို ခေါ်လာတာပဲ င်၏။

မကိုဋ္ဌ ရင်ထဲက ခံစားချက်တွေကို နားထောင်ဖို့အတွက် ဦးနိုင်မ်းပိုက်မှာ အစီအစဉ်ရှိဟန်မတူပါ။

"မင်းအသက်က ငယ်ရွယ်သေးပေမယ့် ကိုယ့်အသက်က သုံးသ့်ငါးနှစ်တောင် ပြည့်ပြီလေ၊ ဒီတော့ ကိုယ် အချိန်တွေ အလဟဿ ဆိုင်းမခံနိုင်တော့ဘူး၊ အမြန်ဆုံး လက်ထပ်ချင်ပြီ မကိုဋ္ဌလေး"



www.burmeseclassic.com

www.burmeseclassic.com



“ဟို မကိုဋ္ဌ အခုမှ ပညာရေးတစ်ပိုင်းတစ်စကြီး ရှိနေသေးတယ် ဦးနိုင်”

“မင်း ကျောင်းဆက်တက်ချင်သေးလို့လား မကိုဋ္ဌလေး၊ ဘွဲ့တစ်ခုက ဘာများမက်မောစရာရှိလို့လဲ၊ ကိုယ်ကတော့ ကိုယ့်ရဲ့ဇနီးတစ်ယောက်အဖြစ်ပဲ မင်းလေးကို အေးအေးချမ်းချမ်း ခံစားစေချင်တယ်”

“ဟင်”

“ဟုတ်တယ်လေ နိုင်သိမ်းပိုက်ရဲ့မဟေသီတစ်ပါးဖြစ်နေပြီပဲ၊ မင်းအတွက် ကျန်တဲ့ဂုဏ်ပုဒ်တွေ ဘာတစ်ခုမှ မလိုတော့ဘူးထင်တယ်၊ ကိုယ် ပိုင်ဆိုင်သမျှ မင်းပိုင်ဆိုင်နိုင်ပြီလေ၊ ပြီးတော့ အန်ကယ်နဲ့အန်တီတို့အတွက်လည်း ဘာမှလိုလေသေးမရှိအောင် ကိုယ် စီစဉ်ပေးနိုင်တယ်”

စကားတွေထဲမှာ ဦးနိုင်သိမ်းပိုက်၏အတ္တတွေကို မကိုဋ္ဌ မြင်တွေ့နေခဲ့ရသည်။

“အတ္တကြီးတယ်လို့ ဆိုချင်ဆို ကိုယ့်ရဲ့ဇနီးလေးကို ဘယ်ယောက်ျားမှ ကြည့်တာတောင် ကိုယ် မခံနိုင်ဘူး။ ပြီးတော့ ကိုယ့်ဘဝမှာ လိုချင်တာမှန်သမျှ မရဘူးဆိုတာ မရှိခဲ့ဘူး၊ မင်းလေးကို ပိုင်ဆိုင်လိုက်ရတာတော့ ကိုယ့်ဘဝမှာ ကျေနပ်စရာအကောင်းဆုံးပဲ”

ဦးနိုင်သိမ်းပိုက် စကားတွေက မကိုဋ္ဌ ရင်ထဲထိ စူးစူးနစ်နစ် စိုက်ဝင်သော မြားချက်တွေလို ရှိနေခဲ့၏။

မိန်းမတစ်ယောက်ကို သိမ်းပိုက်ဖို့အတွက် အဲဒီမိန်းမတစ်ယောက်ရဲ့ ရင်ထဲက ခံစားချက်ကို ဘယ်တော့မှ မခံစားတတ်သော





ာက်ျားတစ်ယောက်ဆိုတာ သေချာလွန်းနေခဲ့ပြီ။

ဈေးနှုန်းတရားတွေအတွက် ငြင်းပယ်ရခက်ခဲ့သော မကိုဋ္ဌ နှလုံးးကို ပေးဆပ်စတေးရတော့မည်လား။

“ကဲ လိမ္မော်ရည်လေး သောက်လိုက် မကိုဋ္ဌ ပြီးရင် မင်းလေးကိုယ် ခေါ်သွားချင်တဲ့နေရာတွေ ရှိသေးတယ်”

သူ့ရှေ့မှောက်မှာရှိနေသော မိန်းမတစ်ယောက်ကို သက်မဲ့အရုပ်ရုပ်လို ဦးနိုင်သိမ်းပိုက် သတ်မှတ်ထားသည်လား။

မကိုဋ္ဌ နှုတ်က ငြင်းပယ်စကားတွေက မေမေရဲ့မျက်နှာကိုယောင်လာချိန်မှာ အလိုလို ဆွံ့အနှုတ်ဆိတ်သွားခဲ့သည်။

ဦးနိုင်သိမ်းပိုက်၏ကျေးဇူးတရားများစွာကို မေမေတို့သည်လည်းင်လွှဲမရခဲ့တဲ့ လက်ခံယူပြီးမှတော့ မကိုဋ္ဌအတွက် ရွေးချယ်စရာသည်လမ်းပဲ ရှိတော့သည်ပဲ။

သူ ခေါ်ဆောင်ရာ ပလာဇာထဲကိုလည်း မကိုဋ္ဌ ကျောက်ရုပ်ရုပ်လို လိုက်ပါခဲ့ရ၏။

ဘာကိုမှ ငြင်းပယ်ခွင့်မရှိပါဘဲ သူ့စိတ်တိုင်းကျ ဝယ်ယူပေးာ အဝတ်အစားတွေကိုလည်း မကိုဋ္ဌ လက်ခံယူခဲ့ရသည်။

“မကိုဋ္ဌလေးနဲ့ လိုက်ဖက်မယ်ထင်တာတွေကို ကိုယ် ဝယ်ပေးပါ၊ နောက်ပိုင်းကျရင် မကိုဋ္ဌ စိတ်တိုင်းကျ အပတ်စဉ် ထွက်ဝယ်”

သူ လက်ထပ်ခွင့်တောင်းဆိုထားသော မိန်းမတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းကို တန်ဖိုးရှိသက်မဲ့ပစ္စည်းတွေနှင့် သိမ်းပိုက်ရယူနိုင်မည် ဦးနိုင် သိမ်းပိုက် ယုံကြည်ထားသည်လား။

ပလာဇာထဲက ထွက်ခဲ့တော့ သူ ကားလေးကို ဦးတည်မော နှင်နေသော နေရာကို မကိုင်ရှ ကြိုမသိခဲ့ပါ။

ကားလေးက စိန်တိုက်ကြီးတစ်ခုရှေ့မှာ ထိုးရပ်သွားခဲ့၏။ ထဲအဝင်မှာ သူက မကိုင်ရှလက်ဖဝါးလေးကို ဆုပ်ကိုင်ကာ တွဲခေါ်သ

အေးစက်ကာ ချွေးစေးတို့ပျံချင်နေသော မကိုင်ရှ လက်ဖဝါး ကို သူ တစ်ချိန်လုံး ပိုင်နိုင်စွာ ဆုပ်ကိုင်ထားခဲ့၏။

"ဟော မောင်နိုင် လာ လာ ဖုန်းဆက်ထားကတည်းက အ ချွေး မျှော်နေတာကွဲ့"

ကောင်တာက အဒေါ်ကြီး၏အပြုံးတွေက ဆိုင်ထဲမှာ ခင်း ထားသော စိန်ရတနာတွေလိုပဲ ပြိုးပြက်တောက်ပနေခဲ့၏။

"ကျွန်တော် မှာထားတာ အသင့်ဖြစ်ပြီလား အန်တီ

"အသင့်ပါပဲကွယ် အကောင်းဆုံးလက်ရာနဲ့ စီစဉ်ပေးထ တယ် ကဲ ကြည့်ပါဦး"

အနက်ရောင်ဘူးလေးကို အဖုံးဖွင့်ကာ ကောင်တာမှန်ပုံး ပေါ် တင်ပေးတော့ နိုင်သိမ်းပိုက် လှမ်းယူကြည့်သည်။

ပလက်တီနမ်ကွင်း စိန်ပွင့်လက်စွပ်လေး နှစ်ကွင်းက ဘူး ထဲမှာ တလက်လက် တောက်ပနေ၏။

"ကဲ မကိုင်ရှလေး မင်းအတွက် ကိုယ် ကြိုတင်အော်ဒါမှာ





တဲ့ မင်္ဂလာလက်စွပ်လေးပါ"

ဆုပ်ကိုင်ထားသော မကိုင်ရှ လက်ဖဝါးကို ဆွဲယူကာ လက်သူ ကြွယ်လေးမှာ သူကိုယ်တိုင် ဝတ်ပေးသည်။

ဘာကိုမှ ငြင်းပယ်နိုင်စွမ်းမရှိသော မကိုင်ရှ လှုပ်ရှားမှုတိုင်းက သက်မဲ့စက်ရုပ်ပမာသာ ရှိခဲ့ပေမယ့် နှလုံးသားက ပူလောင်နာကျင်မှု ဝေဒနာကတော့ စူးစူးနစ်နစ်။

"ကိုယ်နဲ့မကိုင်ရှလေးတို့ရဲ့ လှပတဲ့ အနာဂတ်နေ့ရက်တွေ အတွက်"

နိုင်သိမ်းပိုက် ပြောရင်း မကိုင်ရှ လက်ဖမိုးလေးကို ငုံနမ်းသည်။ တွန့်ခနဲ ဖြစ်သွားသော မကိုင်ရှ ခန္ဓာကိုယ်က ကျင်စက်နှင့် ထိတို့ခံရ သလိုပါပဲ။

သူကတော့ ဘာမှ မရိပ်မိတဲ့ ပြုံးပြုံးလေး ကြည့်လို့၊ ကောင်တာ က ဆိုင်ပိုင်ရှင်မိန်းမကြီးနှင့် အရောင်းစာရေးမလေးတွေကလည်း အပြုံး တွေနှင့် ဝိုင်းဝန်း ဂုဏ်ပြုနေခဲ့ကြသည်။

လှပတဲ့ အနာဂတ်နေ့ရက်တွေအတွက်တဲ့လား။ ဟင့်အင်း ဒါ မကိုင်ရှအတွက် နှလုံးသားကို မီးလောင်တိုက်ထဲ ပစ်သွင်းခံလိုက်ရခြင်း သက်သက်ပါပဲ။

မကိုင်ရှ နှလုံးသားကို ဘယ်သူမှ မကယ်တင်နိုင်ကြတော့ဘူး တဲ့လား။

တည့်ကိုလည်း တမ်းတ သတိရမိသည်။ တည်နှင့်မကိုင်ရှ ကြား



www.burmeseclassic.com

www.burmeseclassic.com



မှာ အမြဲတမ်း နားလည်မှုတွေနှင့် စာနာကူညီပေးတတ်သော ယော်
လည်း တမ်းတမိသည်။

ဒါပေမဲ့ အချစ်ဆုံး သူငယ်ချင်းနှင့် ချစ်သူသည် မကိုဋ္ဌနှင်
ဟိုးအဝေးဆုံးမှာ . . . ။

■ ■ ■



## အခန်း (၂၆)

ဖေဖေ့ကျန်းမာရေးကြောင့် မင်္ဂလာဧည့်ခံပွဲကို ခမ်းနားထည်ဝါ
ာ မလုပ်ဖြစ်ခဲ့ပေမယ့် နိုင်သိမ်းပိုက် ပိုင်ဆိုင်သော ခြံကြီးထဲမှာတော့
ည့်ခံပွဲကျင်းပဖြစ်ခဲ့၏။

အများစုက ဦးနိုင်သိမ်းပိုက်၏ဂုဏ်သရေရှိ ဧည့်သည်တော်များ
င့် စီးပွားရေးလောကမှ မိတ်ဆွေများ ဖြစ်ခဲ့သည်။

အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် ဦးနိုင်သိမ်းပိုက်မျက်နှာ
ာ ပီတိအပြုံးတွေ ဖြာဝေနေခဲ့သလို မေမေသည်လည်း မကိုဋ္ဌရဲ့မင်္ဂလာ
အတွက် ကြည်နူးနေခဲ့သည်။

ရင်ထဲက ကြေကွဲဝမ်းနည်းမှုတွေကို မျိုသိပ်ထားရင်း စိတ်
ိုင်းကျ ပြင်ဆင်ခြယ်သပေးထားသည့် အဖြူရောင်ဂါဝန်ရှည်ကြီးနှင့်
ကိုဋ္ဌ စက်ရုပ်ဆန်စွာ လှုပ်ရှားနေခဲ့ရ၏။

သူ့လက်ကိုချိတ်ကာ ဟန်ဆောင်အပြုံးတွေနှင့် ရှင်သန်နေရ



www.burmeseclassic.com

သော အချိန်တွေကို ကုန်ဆုံးစေချင်ပြီ။

ညနေငါးနာရီက ကျင်းပသော မင်္ဂလာပွဲက ခုနစ်နာရီခွဲမှာ ပြီးဆုံးတော့သည်။

တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့သော ခြံဝင်းထဲမှာ လူလူမရှိတော့သည့် စားပွဲတွေ ခုံတွေကို မကိုင်း ငေးကြည့်နေမိဆဲ။

"မကိုင်းလေး"

အနောက်မှ တီးတိုးခေါ်သံနှင့်အတူ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လာသော အထိအတွေ့ကြောင့် မော့ကြည့်မိ၏။

ငုံ့မိုးကြည့်နေသော ဦးနိုင်သိမ်းပိုက် အကြည့်တွေကို မကိုင်း ရင်မဆိုင်ရဲစွာ အကြည့်လွှဲရင်း

"ဦးနိုင်"

"ဟာကွာ လင်မယား ဖြစ်နေပြီ၊ အခေါ်အဝေါ်တွေ မပြောင်း သေးဘူးလား"

မကိုင်း ခန္ဓာကိုယ်ကို ဆွဲလှည့်စေရင်း ဦးနိုင်သိမ်းပိုက် ဆိုတော့ မကိုင်းမျက်နှာလေးက သူ့မေးဖျားနှင့် ထိကပ်သွား၏။

သေချာသည်က ရင်ခုန်သံတို့ ဆိတ်သုဉ်းလျက် ခန္ဓာကိုယ်မှ လည်ပတ်နေသော သွေးတို့ အေးစက်ထုံကျင်နေတာပဲ ဖြစ်သည်။

"ကိုင်း မင်းမိဘတွေကို သွားကန်တော့ရအောင်နော်"

ပခုံးလေးကို ဆုပ်ကိုင်ပြီး သူ ခေါ်လာတော့လည်း မကိုင်း တိတ်ဆိတ်စွာ လိုက်ခဲ့ရပြန်သည်။



ညည့်ခန်းထဲမှာ မေမေနှင့်ဖေဖေတို့နှစ်ဦး ပြုံးရွှင်စွာ စောင့်ကြိုနေခဲ့၏။ ညည့်ခံပွဲတစ်ခုလုံးမှာ ငိုးချဲလ်နှင့် ထိုင်ကာ ရှိနေခဲ့သော ဖေဖေသည် မကိုင်းကို အပြုံးရိပ်လွှမ်းသော အကြည့်တွေနှင့် ကြည့်နေသည်။

ဖေဖေ စိတ်ချမ်းသာကျေနပ်နေတာတော့ သေချာပါသည်။

ကံကြမ္မာမုန်တိုင်းကြောင့် ဖေဖေ့ခမြာ ရှုံးနိမ့်မှုများစွာ ကြုံဆုံခဲ့သည်။ ဖေဖေ ဘယ်လောက်ထိ စိတ်ဓာတ်တွေ ကျဆင်းခဲ့သည်ဆိုတာ မကိုင်း နားလည်ပါသည်။

အခုတော့ ဖေဖေ့စိတ်တွေ ညစ်ညူးနေစေသော ပြဿနာအားလုံးကို ဖြေရှင်းပြီးခဲ့ပြီ။ ထို့အတွက် ပေးဆပ်လိုက်ရသော မကိုင်း နှလုံးသားအတွက်. . .။

"အန်ကယ်နဲ့အန်တီကို ကျွန်တော်တို့ ကန်တော့ပါတယ်"

မကိုင်းတို့ မိဘနှစ်ပါးကို ရှိခိုးကန်တော့လိုက်ကြသည်။

"သာဓု သာဓုပါ ဒီလင် ဒီမယား အိုအောင်မင်းအောင် ပေါင်းသင်းနိုင်ကြပါစေကွယ်"

ဖေဖေ့ဆုတောင်းသံကို တုန်ခါနေသလို မေမေ့မျက်ဝန်းမှာလည်း မျက်ရည်စတို့ ရစ်ဝဲနေ၏။ မေမေ့အကြည့်တွေက မကိုင်း မျက်ဝန်းတွေဆီမှာ စူးနစ်ရပ်တန့်နေရင်း

"မေမေ့သမီးလေး လိမ္မာပါတယ်ကွယ်၊ မိဘစကားနားထောင်တဲ့ သမီးလေး၊ သာယာချမ်းမြေ့တဲ့ အိမ်ထောင်ဘဝလေးကို ပိုင်ဆိုင်ရပါ

www.burmeseclassic.com



စေကွယ်''

''ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ မေမေ''

မကိုင့်ရဲ့ စကားသံတွေလည်း တုန်ခါနေခဲ့တာ သေချာပါသည် မေမေ့မျက်ဝန်းက မျက်ရည်တွေအတွက် မကိုင့်ရဲ့ ဘာကြောင့်မှန်းမသိ ဝမ်းနည်းချင်လာတာ အမှန်။

မေမေ ဖြစ်စေလိုသော ဆန္ဒတစ်ခုအတွက် ပေးဆပ်ခဲ့သော နှလုံးသားကို မေမေ မြင်သိနေခဲ့သည်လား။

■ ■ ■

အိစက်ညက်ညောလှသော ပန်းနုရောင်အိပ်ရာကြီးကိုကြည့်က မကိုင့်ရဲ့ ရင်ခုန်ဖို့ထက် ထိတ်လန့်တုန်လှုပ်ခြင်းတွေပဲ တရိပ်ရိပ်တိုးနေ သည်။

ဒါ ဦးနိုင်နှင့်မကိုင့်တို့ရဲ့ မင်္ဂလာအိပ်ရာခင်းကြီးတဲ့လား။ မ မနှစ်သက်သော ယောကျ်ားတစ်ယောက်ရဲ့ရင်ခွင်ထဲမှာ မကိုင့်ရဲ့အပျိုစ ဘဝလေးကို အပ်နှင်းပေးဆပ်ရတော့မည့်အဖြစ်လား။

ဝမ်းနည်းကြေကွဲခြင်းတွေက ရင်ထဲမှာ လှိုက်တက်လာခဲ့သည် ဝဲတက်လာသော မျက်ဝန်းအိမ်ထဲမှာ တည့်ပုံရိပ်က ဝေဝါးစွာ အရိပ်ထ လာသည်။

မကိုင့်ရဲ့ ရန်ကုန်မှာလက်ထပ်လိုက်ပြီဆိုသော သတင်းကို တည် နှင့်ငယ် ကြားမှာပဲ ဖြစ်သည်။

မေမေက ထိုသတင်းကို မြို့က အသိမိတ်ဆွေတွေကို အ





ကြောင်းကြားခဲ့သည်။

''ဟိုက မိတ်ဆွေတွေကတော့ ရန်ကုန်အထိ မင်္ဂလာပွဲကို လာ နိုင်ကြမှာမဟုတ်ဘူး မောင်သိမ်းပိုက်''

''ကျွန်တော် နားလည်ပါတယ် အန်တီ၊ အဲဒီအတွက် ကျွန်တော် ဘာစီစဉ်ပေးရမလဲ''

''တခြားတော့ ဘာမှမလိုပါဘူးကွယ်၊ ဒါပေမဲ့ မြို့မှာအကျဉ်း သဘော မင်္ဂလာဆွမ်းလေးတော့ ကျွေးမွေးချင်တယ်၊ အဆင်ပြေမယ့် တစ်ရက်ပေါ့''

''စိတ်ချပါ အန်တီ၊ အန်တီ့စိတ်တိုင်းကျစီစဉ်ပါ၊ ဖြစ်စေရမှာ ပေါ့''

မေမေ၏တောင်းဆိုချက်ဆန္ဒကို ဦးနိုင်ကလည်း ခွင့်ပြုခဲ့သည်။ အခုလောက်ဆို ထိုသတင်းတွေနှင့် ငယ်နှင့်တည် မကိုင့်ရဲ့အပေါ် စိတ်နာ နေပြီလား မသိပါ။

အရာရာက ပြုပြင်မရအောင် လွန်သွားခဲ့ပြီ။ ငါ့ကိုနားလည် ခွင့်လွှတ်ပေးပါ တည်နဲ့ငယ်ရယ်။

ဝဲတက်လာသော မျက်ရည်တွေကို မကိုင့်ရဲ့ မျက်တောင်လေး ပုတ်ခတ်သိမ်းဆည်းရင်း အခန်းထောင့်က အဝတ်ဗီရိုကြီးဆီ လျှောက် ခဲ့လိုက်သည်။ နုံးချိမှိန်းကြပ်နေသော စိတ်တွေက ရေချိုးထားပြီးပေမယ့် မလန်းဆန်းနိုင်ခဲ့။

ဗီရိုထဲက အပြာရောင် ညဝတ်ဂါဝန်ပါးတစ်ထည်ကို ဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်လိုက်သည်။

"ဒေါက် ဒေါက်"

အခန်းတံခါးခေါက်သံက မကိုဦး ခန္ဓာကိုယ်လေးကို ဆတ်ခနဲ တုန်ယင်သွားစေ၏။ ဦးနိုင် ပြန်လာပြီလား။ ဘတ်ချ်လာနိုက်အတွက် မိတ်ဆွေတွေကို ပြုစုပြီးပြန်ရောက်လာပြီထင်၏။

"သမီးလေး"

မေမေ့ခေါ်သံကြားမှ မကိုဦး တံခါးကို အပြေးလေး ဖွင့်ပေးလိုက်ရသည်။ အခန်းတံခါးဝမှာ ရပ်နေသော မေမေက မကိုဦးကို ငေးငေးလေး စိုက်ကြည့်ရင်း

"သမီးလေးကို မေမေ သိပ်ကျေးဇူးတင်ပါတယ်ကွယ်"

"မေမေရယ်"

ငိုချင်စိတ်တို့ကို ချုပ်ထိန်းမရတော့တဲ မေမေ့ရင်ခွင်ထဲမှာ မကိုဦး တိုးဝင်ငိုကြွေးမိသည်။ မေမေ့လက်တွေက မကိုဦး ကျောပြင်ကို သိုင်းဖက်ထားရင်း

"မငိုနဲ့လေ သမီးလေး၊ မငိုပါနဲ့ကွယ်"

နှစ်သိမ့်ချော့မော့နေသော မေမေ့အသံတွေကလည်း ရှိုက်သံတွေနှင့် တုန်ခါနေခဲ့သည်။

"မိဘစကားကို နားထောင်တဲ့ မေမေ့သမီးလေးဘဝ အမြဲတမ်း အေးချမ်းသာယာမှာပါကွယ်"

မေမေ့ရင်ခွင်ထဲမှာ မျက်နှာအပ်ငိုနေမိသော မကိုဦး မေးဖျား





လေးကိုပင့်ကာ မေမေ မော့စေ၏။ ပြီးတော့ ပါးပြင်ပေါ်က မျက်ရည်တွေကို ညင်သာစွာ ပွတ်သုတ်ပေးရင်း

"နောက်တစ်ပတ်ကျရင် မေမေတို့မြို့ကို ပြန်ကြမယ် သမီး၊ ဟိုမှာ သမီးတို့အတွက် မင်္ဂလာဆွမ်းကျွေးပွဲလေး လုပ်ပြီးရင် သမီးတို့ လင်မယား ရန်ကုန်ကို ပြန်ကြပေါ့"

"ဟင် မေမေတို့ကကောဟင်"

"မေမေတို့က ဟိုမှာပဲ နေခဲ့ကြမှာသမီး သမီးဖေဖေက ဟိုမှာပဲ နေချင်တယ်တဲ့၊ အခုချိန်မှာ သူ စိတ်ချမ်းသာစေချင်တယ်၊ မေမေလည်း အနားမှာပဲ ရှိနေသင့်တယ်လေ"

"သမီးကို မေမေတို့ တစ်ယောက်တည်း ထားခဲ့မှာလားဟင်"

"သမီးလေးရယ် သမီးက အိမ်ထောင်သည် တစ်ယောက် ဖြစ်နေပြီလေ သမီးအသက် ငယ်သေးပေမယ့် အိမ်ထောင်ရှင်မတစ်ယောက် တာဝန်ကို အပြည့်အဝယူနိုင်မယ်လို့ မေမေ ယုံကြည်တယ် သမီး၊ မေမေတို့အတွက်လည်း ဘာမှမပူနဲ့နော် မောင်သိမ်းပိုက် လစဉ် ထောက်ပံ့ပေးမှာမို့ အဆင်ပြေတယ်၊ သမီးဖေဖေကတော့ အကြွေးတွေ အားလုံးကြေပြီး အိမ်နဲ့ခြံလေးကို ပြန်ပိုင်ဆိုင်ရလို့ ဝမ်းသာကျေနပ်နေရှာတာ"

မကိုဦး နှလုံးသားနှင့် ပေးဆပ်ရင်းခဲ့ရသော အဆင်ပြေမှုတွေအတွက် ဖေဖေနှင့်မေမေ ဝမ်းသာနိုင်သည်ဆိုလျှင် မကိုဦး ကျေနပ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မေမေသွားမယ် သမီး"

မေမေ နှုတ်ဆက်ထွက်သွားတော့ မကိုရ်မှ မင်္ဂလာအိပ်ခန်းကြီးကို ပြန်ငဲ့ကြည့်မိသည်။

ရှေ့ဆက် ရင်ဆိုင်ရတော့မယ့် အနာဂတ်တွေသည် မကိုရ် အတွက် အိမ်မက်တစ်ခု မဟုတ်တာသေချာနေပြီ၊ ဘာပဲဖြစ်ဖြစ် အေးစက်သော ရင်ခုန်သံတွေနှင့်ပဲ ဘဝသစ်တစ်ခုမှာ ရှင်သန်နိုင်ဖို့ မကိုရ်မှ ကြိုးစားရပါဦးမည်။

■ ■ ■

"မကိုရ်မှလေး"

တီးတိုးခေါ်သံကြောင့် မကိုရ်မှ ဆက်ခနဲ တုန်ယင်ကာ ခုတင်ပေါ်က လူးလဲထလိုက်မိသည်။

အခန်းထဲဝင်လာသော နိုင်သိမ်းပိုက်က အနက်ရောင် အ နောက်တိုင်းဝတ်စုံနှင့် တစ်လှမ်းချင်း လှမ်းဝင်လာ၏။

မကိုရ်မှ သူ အနားမရောက်ခင် ခုတင်ကျယ်ကြီးပေါ်က လျှော ဆင်းကာ မတ်တပ်လေးရပ်ပြီး ဖြစ်နေသည်။

"ဆောရီးကွာ အိပ်ချင်နေပြီလား ဟိုကောင်တွေ တော်တော် ရစ်နေလို့ကွ"

"ဟို ဟို ရပါတယ် မကိုရ်မှ အခုလေးပဲ ဝင်လှဲနေတာပါ"

အသံတုန်တုန်လေးနှင့် မကိုရ်မှဆိုတော့ သူ ပြုံးကြည့်နေခဲ့သော မျက်ဝန်းတွေက ရူးလက်တောက်ပစွာ။





"ဟို ဦး ဦးနိုင် ထမင်းစားတော့မလားဟင်"

"ဟင့်အင်း ကိုယ် စားခဲ့ပြီးပြီ"

ပြောရင်း မကိုရ်မှ ပခုံးကို သိုင်းဖက်လာသော လက်တွေထဲမှာ ခန္ဓာကိုယ်လေးက တောင့်တောင့်လေး ပါသွားခဲ့၏။

"မကိုရ်မှလေး"

"..."

"ကိုယ့်ရင်ခုန်သံတွေကို နားထောင်ကြည့်စမ်းပါ၊ ဒီနေ့ ကိုယ် သိပ်ပျော်နေတယ် သိလား"

သူ့ရင်ခွင်ကျယ်ကြီးထဲမှာ ခေါင်းကလေးအပ်ကာ မကိုရ်မှခေါင်းက ဆံနွယ်တွေကို သူ ဖွဖွသပ်တင်ပေးနေခဲ့သည်။

"မင်းလေးကို ပထမတစ်ကြိမ် ရန်ကုန်ရောက်လာကတည်းက ကိုယ် သဘောကျသွားခဲ့တာ၊ အချစ်ဆိုတာ အံ့ဩစရာ သိပ်ကောင်းတယ်၊ ဒဂ်လေးအတွင်းမှာ မင်းလေးက ကိုယ့်နှလုံးသားကို သိမ်းပိုက်သွားခဲ့ တာ၊ ကိုယ် သိပ်ကံကောင်းတယ်၊ မင်းလေးကို ကိုယ်ပိုင်ဆိုင်ခဲ့ရတာ ကြည်နူးစရာပဲလေ"

သူ့ရင်ထဲက ခံစားချက်တွေကို မကိုရ်မှ ကြားနေရ၏။ ဒါပေမဲ့ ကိုရ်မှ ရင်ထဲက ခံစားချက်တွေကတော့ သွေးခဲအေးစက်စွာ ပြီးဆုံး သွားခဲ့ပြီလား။

"မကိုရ်မှလေး"

မေးဖျားကို ဆွဲမော့လာသော သူ့လက်တစ်ဖက်ကြောင့် မကိုရ်မှ ော့ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရောင်စဉ်တွေနှင့် စူးလက်တောက်ပနေသော မျက်ဝန်းတွေထဲမှာ ချစ်ခြင်းတွေလား၊ အတ္တရိပ်တွေလား။

ကိုင်းညွတ်ကျလာသော သူ့မျက်နှာကြောင့် မကိုင်း၏ မျက်ဝန်းတွေကို အထိတ်တလန့် မှိတ်ပစ်လိုက်မိ၏။

အနမ်းတို့က မကိုင်း၏မျက်နှာအနှံ့ ကျရောက်လာခဲ့သည်။ နွေးထွေးရှိန်းမြသော အနမ်းတို့သည် ဘာကြောင့်များ ရင်ခုန်သံတွေကို မနွေးထွေးစေတာလဲ။

မကိုင်း၏ နှုတ်ခမ်းတွေ ပူနွေးစိုစွတ်သွားချိန်ထိ မျက်ဝန်းတွေကို မှေးမှိတ်ထားမိဆဲ။

"သိပ်ချစ်တယ် မကိုင်းလေးရယ်"

ဖွဲ့ခနဲ သူမွှေ့ချိုလိုက်တာ သိလိုက်သည်။ တဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံတွေက ချစ်ခြင်းကြောင့် မဟုတ်တာတော့ သေချာနေခဲ့

အိစက်နူးညံ့သော မွေ့ရာထက်ကို မကိုင်း ခန္ဓာကိုယ်လေး ကျရောက်သွားခဲ့ပြီးသည့် နောက်ပိုင်း . . .။

မှတ်သိပ်သော အနမ်းတွေ၊ ယုယချော့မြူခြင်းတွေ၏ အနောက် ကို ငြင်းဆန်နိုင်စွမ်း ကင်းမဲ့စွာ စိတ်အာရုံက မျောပါသွားခဲ့သည်တို

အနီးဆုံးမှာရှိနေသော သူသည် မကိုင်း၏ နှလုံးသားနှင့် အဝေး ဆုံးရောက်ရှိနေခဲ့ခြင်းက ဘာကြောင့်လဲ။

ရင်ခုန်လှုပ်ခတ်မှုတိုင်းသည် ချစ်ခြင်းမဟုတ်နိုင်ဆိုတာ နိုင်သိမ်း ပိုက် သိနိုင်ပါ့မည်လား။

■ ■ ■

## အခန်း (၂၇)

"ငါတို့ တကယ်မယုံနိုင် ဖြစ်ခဲ့ကြတာ အမှန်ပဲ မကိုင်း၊ ရန်ကုန်ကို နင့်ဖေဖေအတွက် ဆေးကုဖို့သွားကြတယ်လို့ပဲ သိထားခဲ့ကြတာ၊ နင်လက်ထပ်လိုက်တယ်ဆိုတော့ ဘယ်လိုမှ မယုံနိုင်စရာ သတင်းပဲ၊ သတင်းစာထဲမှာ အထင်အရှားပါလာမှ ငါတို့ လက်ခံလိုက်ရတာ"

ယယ်ပြောပြနေတာကို နားထောင်ရင်း မကိုင်း၏ မျက်ရည်လေးတွေတောင် ဝဲလာသည်။ တကယ်ဆို အခြေအနေ အားလုံးသည် ကံကြမ္မာ၏ မယုံနိုင်အောင် စီမံမှုအတိုင်း လက်ခံခဲ့ရခြင်းဖြစ်၏။

"ငါလည်း ဘယ်လိုမှကို လွန်ဆန်ခွင့် မရှိခဲ့တာပါ ယယ်ရယ်၊ နင် ငါတို့ အခြေအနေတွေကို အသိဆုံးပါဟာ၊ စီးပွားရေးတွေကျဆင်းပြီး တင်ရှိနေတဲ့ အကြွေးတွေ၊ ပေါင်ထားတဲ့အိမ်နဲ့ခြံ၊ ပြီးတော့ ဖေဖေ့ ကျန်းမာရေး ဒါတွေအားလုံးကို ဦးနိုင်သိမ်းပိုက်က ကူညီခဲ့တယ်၊ ဒီကျေး

www.burmeseclassic.com

www.burmeseclassic.com



ဖူးတာရားတွေအတွက် ငါ့နှလုံးသားကို စတေးခဲ့ရတာ ငါ့ဘဝကို ပေးဆပ်လိုက်ရတာပါ''

ပြောရင်း စီးကျလာသော မျက်ရည်တွေနှင့် မကိုဋ်မှုကို ငယ်နားလည်စွာ ပခုံးလေးပုတ်ကာ နှစ်သိမ့်သည်။

''မကိုဋ်မှုရယ် နင့်ကိုငါ နားလည်ပါတယ်ဟယ်''

''တည် တည်ကောဟင် ငါ့ကို နားလည်ရဲ့လားဟင်''

မျက်ရည်စတွေကြားက မကိုဋ်မှု မော့ကြည့်ကာမေးသည်။ သူငယ်ချင်းမလေး မျက်နှာကိုကြည့်ကာ ငယ် ပင့်သက်လေး ရှိုက်မိ၏။

''ငယ် တည် တည်ကောဟင် ငါတည်နဲ့ တွေ့ချင်တယ်''

မျှော်လင့်တကြီး မေးနေသော မကိုဋ်မှုအမေးကို ငယ်ချက်ချင်းပြန်မဖြေနိုင်ခဲ့ပါ၊ ရင်ထဲမှာ မွန်းကြပ်မှုတွေနှင့်အတူ စကားလုံးတွေကတစ်ဆို့နေခဲ့သည်။

''ငယ် ငယ် ပြောပါဦး တည် တည် ဘယ်မှာလဲဟင်''

''တည် ဒီမြို့မှာ မရှိတော့ဘူး''

''ဘာရယ်''

မကိုဋ်မှု အထိတ်တလန့်လေး မေးသည်၊ ငယ် ပင့်သက်လေးရှိုက်ရင်း မကိုဋ်မှုကို နှစ်သိမ့်အပြုံးလေးနှင့် ကြည့်၏။

''ငါပြောပြတာကို နင်နားထောင်ပါ မကိုဋ်မှု နင် ရန်ကုန်သွားချိန်မှာ တည်ရဲ့ မေမေဆေးရုံတက်နေခဲ့ရတယ်၊ တည်မေမေရဲ့ ရောဂါကမသက်သာဘူး၊ ရိုးရိုးအစာအိမ် ရောဂါလို့ ထင်ထားကြပေမယ့် အစာအိမ်





င်ဆာတဲ့''

''အို ငယ်ရယ်''

''ဟုတ်တယ် မကိုဋ်မှု တည်တို့မောင်နှမ တော်တော်ဒုက္ခရောက်ခဲ့ကြ စိတ်ဆင်းရဲခဲ့ကြတဲ့ အချိန်တွေပဲ''

ကံကြမ္မာ၏ ဆိုးရွားသော ရိုက်ခတ်မှုတွေက ငယ်တို့မိသားစုဝကိုသာမက တည်တို့ မိသားစုလေးအပေါ်မှာပါ ရိုက်ခတ်ခဲ့တာ ဖြစ်သည်။

''ငါလည်း အတတ်နိုင်ဆုံး ကူညီပေးခဲ့တယ် မကိုဋ်မှု၊ နင်ပေးခဲ့တဲ့ ဆွဲကြိုးလေးကိုလည်း တည့်လက်ထဲ ငါပေးခဲ့တယ်၊ တည်က လက်မခံဘူး ဒါကြောင့် ငါပြန်သိမ်းထားတယ်''

''ငယ်ရယ် တည်တို့တကယ် လိုအပ်နေမှာပေါ့၊ နင်ကိုယ်တိုင်ရောင်းပြီးပေးလိုက်ရောပေါ့''

''တည်ကို ငါမညာချင်ဘူးလေ ဒါကြောင့် ပွင့်ပွင့်လင်းလင်းပြောပေးတာပါ၊ ဒါပေမဲ့ တည်က နင့်ဆွဲကြိုးကို မသုံးရက်ဘူးတဲ့၊ ရော့ကိုဋ်မှု နင်ပြန်ယူနော်''

ငယ်က မကိုဋ်မှုလက်ထဲကို ဆွဲကြိုးလေး ပြန်ကမ်းပေးသည်။ ကိုဋ်မှု ဆွဲကြိုးလေးကိုကြည့်ရင်း ရင်ထဲမှာ လှိုက်ဖိုဝမ်းနည်းချင်လာ၏။

''ဆေးရုံမှာပဲ တည်မေမေ ဆုံးသွားတယ်၊ ဒေါ်လေး အလောင်းမြေချတဲ့ နေ့မှာပဲ နင်ရဲ့မင်္ဂလာသတင်းကို ငါတို့ကြားခဲ့တာ မကိုဋ်မှု''



www.burmeseclassic.com

www.burmeseclassic.com







"ငယ်ရယ် ကံကြမ္မာဆိုးကြီးက ငါနဲ့တည်ကို နှစ်ယောက်စလုံး
ကို ရိုက်ခတ်ခဲ့တာပဲ"

မကိုဌ် စကားကို ငယ်လက်ခံမိပါသည်။ ထိုကံကြမ္မာဆိုးကြီးက
တည့်ဘဝကို ရိုက်ခတ်ခဲ့ရုံမက တည်ရဲ့နှလုံးသားကိုပါ ဒဏ်ရာတွေနဲ့
နာကျင်မှုတွေ ပေးခဲ့တာ ဖြစ်၏။

"မကိုဌ် သိပ်ရက်စက်တယ် ငယ်၊ သူ ဒီလောက်အထိ သွေး
မဲ့ရက်လိမ့်မယ်လို့ ငါ မထင်ဘူး"

"တည်ရယ် ဒီအခြေအနေက မကိုဌ် ရွေးချယ်မှုလို့ ငါ မထ
ဘူး၊ မကိုဌ် မေမေရဲ့အစီအမံပဲ ဖြစ်မှာပါ"

တည့်နှုတ်ခမ်းတွေ နာကျင်စွာ မဲ့ကျသွားခဲ့သည်။ ပြီးမှ

"မကိုဌ် မေမေရဲ့ အစီအမံပဲ ဖြစ်ပါစေဦး၊ မကိုဌ် ငြင်းဆိုခွ
ရှိတာပဲ ငယ်ရယ်၊ သူ မငြင်းဆိုနိုင်ခဲ့တာ ဦးနိုင်သိမ်းပိုက်ရဲ့ပြည့်စုံ
သာမှုတွေကြောင့်ပဲ"

"တည် မကိုဌ်ကိုတော့ နင် အဲဒီလို မထင်ပါနဲ့ဟာ၊ သူ န
ကို တကယ်ချစ်တာပါ"

"အပွန်း အဲဒီချစ်ခြင်းက ဦးနိုင်သိမ်းပိုက်ရဲ့ငွေကြေးဓနတွေ
မယှဉ်နိုင်ခဲ့ဘူး ဒါ သေချာတယ် ငယ်၊ နင် စဉ်းစားကြည့်လေ အဲ
ငွေကြေးတွေနဲ့ မကိုဌ်တို့မိသားစုကို ဦးနိုင်သိမ်းပိုက်က အုပ်မိုးထားခဲ့တ
မကိုဌ်ကို သိမ်းပိုက်သွားခဲ့တာပဲ မဟုတ်လား"

နာကျင်စွာ ဆိုနေသော တည် ရင်ထဲက ခံစားချက်တွေ

ငယ် စာနာနားလည်သည်။ ဒါပေမဲ့ မကိုဌ် ရင်ထဲက ခံစားချက်ကိုလည်း
ငယ် နားလည်သည်။

"မကိုဌ်တို့မှာ ဒုက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေခဲ့တာ အမှန်ပဲ
တည်"

"အဲဒါပဲလေ နောက်ဆုံးတော့ ငွေကြေးဓနဆိုတဲ့အရာကြီးက
အားလုံးကို သိမ်းပိုက်အနိုင်ယူသွားခဲ့တာပဲလေ၊ ငါ ကြိုတင်မျှော်လင့်ခဲ့
ပြီးသားပါ ငယ်၊ မကိုဌ်ကို ချစ်ခဲ့မိတာ ငါ့အမှားပဲ၊ ဒီလိုအခြေအနေတွေ
ရင်ဆိုင်ကြုံတွေ့ရမယ်ဆိုတာ ငါမျှော်လင့်ပြီးသားပဲ အခုတော့ တကယ်
သည်း ကြုံဆုံခဲ့ရပြီလေ"

တည် ဘယ်လောက်ခံစားနေရသည်ကို ငယ် စာနာနားလည်
ပါသည်။ ကွာခြားလှသော ဘဝတွေကို ဟိုးငယ်စဉ်ကတည်းက တည်
ိုးရိမ်ကြောက်ရွံ့နေခဲ့သည်ပဲ။

အခုတော့ တည် စိုးရိမ်နေခဲ့သည့်အတိုင်း အခြေအနေတွေက
ဖြစ်တည်ခဲ့သောအချိန်မှာ

"တည် တည် ငါ့ကို တကယ်ပဲ နာကျည်းသွားခဲ့တာလားဟင်
ငယ်"

"မကိုဌ်ရယ် တည်ကို နားလည်ပေးလိုက်ပါ။ မိခင်ဆုံးပါးတယ်၊
ပြီးတော့ နင့်ကိုပါ ဆုံးရှုံးလိုက်ရတယ်၊ တည် တော်တော်ခံစား နာကျင်ခဲ့
ရှာတာပါ"

"သူ ဒီမြို့က ဘာလို့ရှောင်ထွက်သွားတာလဲဟင်"





www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးမြရဲ့ရောဂါကို ကုရင်း တည်တို့ခြံလေးကို ပေါင်နှံခဲ့ရတယ် မကိုင်ရှ ဒေါ်လေးမြဆုံးတော့ ခြံကိုအပြီးရောင်းပစ်လိုက်တယ် သူညီမလေးကိုခေါ်ပြီး တည် သူ့မေမေရဲ့အမျိုးတွေရှိတဲ့နေရာကို သွားမယ်လို့ ပြောသွားတယ်"

"နင့်ကို တည် ဘာတွေပြောသွားသေးလဲဟင်"

"သူ့ဘဝသစ်ကို ရှန်းကန်ဖို့ ကြိုးစားမယ်လို့ တည် ပြောသွားတယ် မကိုင်ရှ"

ငယ် ထိုမျှပဲ မကိုင်ရှကို ပြောပြခဲ့လိုက်ပါသည်။ တကယ်ဆို တည် နာကျည်းစွာဆိုသွားသော စကားတွေကို ပြောမပြချင်ပါ။ မကိုင်ရှရဲ့ နှလုံးသားလေးကို နာကျင်မှုတွေ မပေးရက်တော့ပါ။

"ငါ စိတ်မကောင်းလိုက်တာ ငယ်ရယ်၊ အခု တည်တို့ဘယ်ရောက်နေကြသလဲဆိုတာ ငါ သိပ်သိချင်တယ်၊ နင်စုံစမ်းပေးပါနော်"

မကိုင်ရှ မျှော်လင့်တကြီးနှင့်ပြောတော့ ငယ် ခေါင်းလေးညိတ်ကတိပေးမိသည်။

"စိတ်ချပါ မကိုင်ရှ ငါ သတင်းကြားရင် နင့်ဆီဆက်သွယ်ပါ့မယ်"

"ကျေးဇူးတင်တယ် ငယ်၊ ငါ့ဘဝ ငါ့နှလုံးသားကို စတေးပြီး မေမေတို့စိတ်ချမ်းသာနိုင်မယ့်ဘဝတစ်ခုကို ငါ ဖန်တီးပေးခဲ့ပြီးပြီ၊ တည်တို့မောင်နှမရဲ့အခက်အခဲတွေကိုလည်း ငါကူညီချင်ပါတယ်၊ တည်ဆိုတာ ငါရဲ့အချစ်ဆုံး သူငယ်ချင်းတစ်ယောက်ပဲလေ"





အချစ်ဆုံး သူငယ်ချင်းတစ်ယောက်တဲ့လား။ မကိုင်ရှ နှလုံးသားက ချစ်ခြင်းတွေက တည်အပေါ်မှာ မပြောင်းမလဲ တည်ရှိနေခဲ့ဆဲလား။

တည်ကတော့ မကိုင်ရှအပေါ်မှာ နာကျင်မှုတွေနှင့် မုန်းတီးသွားခဲ့တာ မကိုင်ရှ မသိရှာပါ။

"ငယ် ငါ့ဘဝမှာ မကိုင်ရှ ဆိုတာ မရှိတော့ဘူး၊ နင်ပဲရှိတယ်၊ နင်က ငါ့ရဲ့အခင်ဆုံး၊ အကောင်းမွန်ဆုံး သူငယ်ချင်းပါ၊ နင့်ကိုငါ ဘယ်တော့မှ မမေ့ဘူး၊ တစ်နေ့နေ့မှာ ငါတို့ ပြန်ဆုံဖြစ်ကြမှာပါ"

"တည်ရယ် မကိုင်ရှအပေါ် နင် သိပ်နာကျည်းသွားတာလားဟင်"

"ငါ့နှလုံးသားထဲက နာကျည်းတာ ငယ်၊ မကိုင်ရှကို သိပ်ချစ်ခဲ့တဲ့ ငါ့နှလုံးသားမှာ အမုန်းတွေနဲ့ နာကျည်းမှုတွေပဲ ရှိတော့တယ်၊ ချစ်ဆိုတာ ငွေကြေးမနေလောက် အရေးမပါဘူးဆိုတဲ့ အသိတရားတစ်ခုကို မကိုင်ရှ သင်ပေးသွားတာလေ၊ သိပ်မှန်တယ် ငယ်၊ ငါ့မှာ ငွေကြေးချို့တဲ့ခဲ့လို့ ငါ့ရဲ့ချစ်ခြင်းတွေ တန်ဖိုးမဲ့ခဲ့တာလေ၊ ငါ ကောင်းကောင်းသဘောပေါက်တယ် ငယ်၊ လောကကြီးမှာ အားလုံးကို သိမ်းပိုက်အနိုင်ယူတာ ငွေကြေးပဲ၊ ဒီနေ့ကစပြီး ငါ ပြည့်စုံချမ်းသာအောင် ကြိုးစားပြမယ် ငယ်"

ရိုးသားဖြူစင်ခဲ့သော တည် နှလုံးသားကို ပြောင်းလဲစေခဲ့တာ ချစ်ခြင်းကြောင့်လား။

အချစ်ကြီးလို့ တည် အမျက်ကြီးသွားခဲ့တာလား။

တကယ်ဆို ချစ်ခြင်းမှာ ဘာအရောင်မှ မရောနှောဘူးဆိုတာ တည် မသိခဲ့လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နှင်းနုငယ် ဆိုသော မိန်းမတစ်ယောက်ရဲ့ နှလုံးသားမှာလည်း ဖြူစင်သော အချစ်တစ်ခု တည်ရှိခဲ့သည်။ ဘယ်သောအခါမှ မပြောင်းလဲ နိုင်သော အမုန်းတွေ ကင်းစင်သော ချစ်ခြင်းတစ်ခုပါပဲ။

လူမသိ သူမသိ တည်ရှိခဲ့သော ထိုချစ်ခြင်းသည် ရဲရင့်တည် ဆိုသော သူငယ်ချင်းလေးအပေါ်မှာ ဟိုးငယ်စဉ်ကတည်းက ရှိခဲ့သည် တည် မသိခဲ့။ မကိုငွ်လည်း မရိပ်မိခဲ့ပါ။

တည်ကို ငယ့်နှလုံးသားက ချစ်ခဲ့ပေမယ့် တည် နှလုံးသား တည်နေရာက မကိုငွ်ဆီမှာပဲ ဖြစ်နေခဲ့သည်။

ဘာပဲဖြစ်ဖြစ် အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ရဲ့ ကာရံ သော ချစ်ခြင်းကို ငယ် လက်ခံနားလည်ပေးခဲ့၏။

ငယ့်ရင်ထဲက ချစ်ခြင်းတွေကို သိုဝှက်စွာ တည်နှင့်မကိုငွ် နှစ်ယောက်ကို ကြည်ဖြူကျေနပ်ပေးခဲ့သည်။

အခုတော့ တည်ရဲ့ချစ်ခြင်းတွေက အမုန်းတရားတွေအဖြစ် ပြောင်းလဲသွားခဲ့ပြီတဲ့လား။

တည်ရယ် နှင့်နှလုံးသားကို ငါ့ရဲ့ချစ်ခြင်းနဲ့ ဖေးမနှစ်သိမ့်ပေး ချင်လိုက်တာ။

စစ်မှန်တဲ့ အချစ်ဆိုတာ နားလည်မှု၊ ပေးဆပ်မှုတွေနဲ့ ဘယ် တော့မှ မပြောင်းလဲတဲ့ ခိုင်မြဲတဲ့ နှောင်ကြိုးတွေနဲ့ ရစ်နှောင်ထားတဲ့အရာ ဆိုတာ နှင် နားလည်နိုင်တဲ့တစ်နေ့ကျရင် . . .။

■ ■ ■



## အခန်း (၂၈)

'ရဲရင့်သစ္စာ'ကုမ္ပဏီကြီး၏ ဆိုင်းဘုတ်ကို သူကိုယ်တိုင် စက် လေုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ရောင်စုံ မိုးပျံပူပေါင်းတွေ ကောင်းကင်ပေါ် ပျံဝဲတက်သွား ကြသလို လက်ခုပ်သြဘာသံတွေက ဆူညံသွားခဲ့သည်။

'ရဲရင့်သစ္စာ' ကုမ္ပဏီလီမိတက် ဟူသော အနီရင့်ရင့် ဆိုင်း ဘုတ်ကြီးက နေရောင်ခြည်အောက်မှာ ခန့်ညားသစ်လွင်နေတာ ကြည့် ငေး သူ ကျေနပ်အားရစွာ ပြုံးလိုက်မိ၏။

ထည်ဝါသစ်လွင်သော ငါးထပ်တိုက်အဆောက်အဦးကြီး၏ ခန်းမထဲကို သူ ဦးဆောင်လှမ်းဝင်ခဲ့ချိန်အထိ လက်ခုပ်သြဘာသံတွေက မစဲနိုင်သေးပါ။ ခန်းမကြီးထဲမှာ ဧည့်ပရိသတ်တွေကို ဧည့်ခံကျွေးမွေးဖို့ ပြင်ဆင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အစီအရီ ခင်းကျင်းထားသော စားပွဲဝိုင်းတွေမှာ ဧည့်ပရိသတ်တွေ နေရာယူ ဝင်ထိုင်ကြသည်။

ဦးလေးကောင်းက သူ့အနား တိုးကပ်ကာ အစီအစဉ်စတင်နိုင်ပြီဖြစ်ကြောင်း အရိပ်ပြ၏။

သူ ခေါင်းညိတ်ပြရင်း စတိတ်စင်လေးပေါ် လှမ်းတက်ခဲ့လိုက်သည်။ သူ့ရဲ့ကုမ္ပဏီဖွင့်ပွဲနှင့် မိတ်ဆက်ပွဲမှာ သူ ကျေးဇူးတင်စကားပြောရမည့်အစီအစဉ်ကို အားလုံး နားစွင့်နေကြသည်။

မိန့်ခွန်းပြောရမည့် မိုက်ကရိုဖုန်းစင်လေးရှေ့ရောက်တော့ ဧည့်ပရိသတ်တွေကို သူ တစ်ချက်ဝေ့ဝဲကြည့်လိုက်မိသည်။

စတိတ်ခုံနှင့် အနီးကပ်ဆုံး စားပွဲဝိုင်းမှာ ဦးလေးကောင်းနှင့် အတူ ထိုင်နေသော ညီမလေးရွှေစင် မျက်နှာမှာ ကြည်နူးဂုဏ်ယူသော အပြုံးလေးတွေ အထင်အရှား ပေါ်လွင်နေ၏။

သူ့အကြည့်တွေက အခြားသော စားပွဲဝိုင်းတွေဆီကို ဝေ့ကြည့်မိပြန်သည်။

အမြင်အာရုံထဲဝင်လာသည့် ပုဂ္ဂိုလ်ကြီးမျက်နှာက ထင်းခနဲ မီးခိုးရောင် အနောက်တိုင်းဝတ်စုံနှင့် စမတ်ကျကျ ထိုင်နေသော ဦးနိုင်သိမ်းပိုက်။

ခုနစ်နှစ်ကျော်ဆိုသော ကာလအတွင်းမှာ ဦးနိုင်သိမ်းပိုက်ရဲ့ အသက်အရွယ်က ပိုလို့ရင့်ရော်သွားခဲ့ပုံရသည်။ အသက်ပဲ လေးဆယ် ကျော်လောက်ပြီပေါ့။





ဦးနိုင်သိမ်းပိုက်၏ ချစ်ဇနီးလေး ပန်းမြတ်မကိုင်ရှသည်ပဲ အသက်နှစ်ဆယ့်ခြောက်နှစ်ရှိပြီ။ သူနှင့်တစ်ကြိမ်တစ်ခါမှ ပြန်မဆုံခဲ့ပေမယ့် အာရုံထဲမှာ မကိုင်ရှ ပုံရိပ်လေးသည် ပီပြင်ထင်ရှားစွာ မှတ်မိနေဆဲရှိသည်။

အာရုံထဲ ဝင်လာသော အတွေးတွေကို ချက်ချင်းမောင်းထုတ်ပစ်ကာ သူ မိန့်ခွန်းပြောဖို့ စကားစတင်လိုက်၏။

"ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိလူကြီးမိတ်ဆွေများနှင့် ဧည့်ပရိသတ်အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါရစေ၊ ကျွန်တော့်ရဲ့ ရဲရင့်သစွာကုမ္ပဏီ ဖွင့်ပွဲကြီးကို ကြွရောက်ချီးမြှင့်ပေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်"

တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေသော ခန်းမကြီးထဲကို သူ တစ်ချက်ဝေ့ကြည့်လိုက်မိပြန်သည်။ သူ့ရဲ့ကုမ္ပဏီဖွင့်ပွဲကြီးမှာ စီးပွားရေးလောကမှ ထင်ရှားသော ပုဂ္ဂိုလ်ကြီးတွေ အားလုံးနီးပါး ကြွရောက်ကြသည်။

အထူးသဖြင့် 'နိုင်မဟာ' ကုမ္ပဏီပိုင်ရှင် ဦးနိုင်သိမ်းပိုက် ရောက်ရှိလာခြင်းအတွက် သူ သိပ်ကိုကျေနပ်မိပါသည်။

"ကျွန်တော့်ရဲ့ ကုမ္ပဏီလုပ်ငန်းကြီးကို လည်ပတ်အောင်မြင်အောင် ကြိုးစားတဲ့အခါမှာ မိတ်ဆွေကြီးတို့ရဲ့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ရင်းနှီးခင်မင်မှုတွေနဲ့ လက်တွဲချင်ပါတယ်၊ အားလုံးသော မိတ်ဆွေတွေကို ပြိုင်ဘက်တွေလို့ သဘောမထားဘဲ မိတ်ဆွေပါတနာအဖြစ် သဘောထားပြီး လက်တွဲစေချင်ပါတယ်၊ ကျွန်တော့်ရဲ့လုပ်ငန်းပိုင်းနဲ့ ဆက်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကူညီအကြံပေးတာတွေကိုလည်း လက်ခံကြိုဆိုပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ် ခင်ဗျာ''

''ဖြောင်း ဖြောင်း ဖြောင်း''

လက်ခုပ်သြဘာသံတွေ ဆူညံသွားခဲ့ကာ ရဲရင့်သစ္စာကုမ္ပဏီ ဖွင့်ပွဲကြီးက အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

ညနေခံကျွေးမွေးရေး အစီအစဉ်အပြီးမှာ သူ ဧည့်ပရိသတ်တွေကို တစ်ဦးချင်း လိုက်လံနှုတ်ဆက်သည်။

''ကြွရောက်ဂုဏ်ပြုပေးတာ ကျေးဇူးတင်ပါတယ် ဦးနိုင်သိမ်းပိုက်''

''ကွန်ဂရက်ကျူးလေးရှင်းပါ ဦးရဲရင့်တည်၊ ခင်ဗျားရဲ့ရဲရင့်သစ္စာ ကုမ္ပဏီကြီးကို ကြိုဆိုပါတယ်ဗျာ''

နှစ်ဦးလက်ဆွဲ နှုတ်ဆက်ထားမိချိန်မှာ သူ့ခန္ဓာကိုယ်ထဲက လည်ပတ်နေသော သွေးတွေ ပူနွေးစွာ စီးမျောသွားခဲ့၏။

ခင်မင်ရင်းနှီးစွာ ပြုံးနှုတ်ဆက်နေသော ဦးနိုင်သိမ်းပိုက်ကို ဟန်ဆောင်အပြုံးတွေနှင့် သူ နှုတ်ဆက်နေရပေမယ့် ရင်ထဲမှာတော့ ကြိမ်းဝါးနေခဲ့တာ ဘယ်သူမှ မသိနိုင်ခဲ့။

''အခုချိန်ကစပြီး ခင်ဗျားနဲ့ကျုပ် ယှဉ်ပြိုင်ဖို့ အသင့်ပဲ ဦးနိုင်သိမ်းပိုက်''

ရဲရင့်သစ္စာ ဆိုသော ကုမ္ပဏီကြီးကို သူ တည်ထောင်ခဲ့တာ တစ်ခုတည်းသော ရည်ရွယ်ချက်ကြောင့်ပဲ ဖြစ်သည်။





ဒါက 'နိုင်မဟာ'ကုမ္ပဏီကြီးကို ယှဉ်ပြိုင်တိုက်ခိုက်ဖို့ပဲ ဖြစ်သည်။ ဒီပွဲမှာ သူ နိုင်မှဖြစ်မည်။ ဘယ်လိုနည်းနှင့်မှ ရှုံးနိမ့်လို့မဖြစ်ပါ။

သူ့ဘဝမှာ ရှုံးနိမ့်ခြင်းရဲ့အရသာကို နာကျည်းစွာ ခံစားခဲ့ရပြီးပြီ။

ထိုအရှုံးကြောင့် ပေးဆပ်ခဲ့ရသော နှလုံးသားထဲမှာ ဒဏ်ရာကြီးက ယခုထက်ထိ နာကျင်နေတုန်းရှိသည်။ ပြီးခဲ့သော ခုနစ်နှစ်လုံးလုံးမှာ ထိုဒဏ်ရာတွေနှင့် သူ ရှင်သန်ခဲ့ရ၏။

ပြန်တွေးကြည့်လျှင် နှလုံးသားမှ ဒဏ်ရာသည် အကင်းမသေနိုင်စွာ တဆစ်ဆစ် နာကျင်နေတုန်းရှိဆဲ။

ဘဝမှာ တစ်ယောက်တည်းကိုပဲ မြတ်နိုးစွာ ချစ်ခဲ့ဖူးသည်။ ဒါပေမဲ့ ထိုချစ်ခြင်းတွေကို ငွေကြေးနှင့် သိမ်းပိုက်နင်းချေခံခဲ့ရ၏။

ချစ်သူကိုယ်တိုင်ကလည်း သူ့ကို စွန့်ခွာကာ ငွေကြေးနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည့်အဖြစ်တွေက ဘယ်လောက် နာကျည်းခံပြင်းစရာ ကောင်းသည်လဲ။

အခုတော့ ကံကြမ္မာက သူ့အတွက် အလှည့်ပေးဖို့ အသင့်ဖြစ်နေပြီ ထင်ပါရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ကိုကို"

သူ ရေချိုးခန်းထဲက ထွက်လာချိန်မှာ အပေါ်ထပ် လှေကားက ဆင်းလာသော ညီမလေးက ကျောင်းသွားဖို့ အသင့်ဖြစ်နေ၏။

"ဪ ညီမလေး ကျောင်းသွားတော့မှာလား"

"ဟုတ်တယ် ကိုကို၊ ကိုကို ဒီနေ့ ကုမ္ပဏီမသွားဘူးလား"

"နေ့လယ်မှ သွားမယ် ညီမလေး၊ ဒီမနက် စင်ကာပူက ဧည့်သည်တွေနဲ့ တွေ့စရာလေးရှိလို့"

"ဒါဆို ညီမလေး သွားတော့မယ်နော်"

"ဪ ညီမလေး မုန့်ဖိုးရှိသေးရဲ့လား၊ လိုရင် မီးခံသေတ္တာထဲက ယူသွားလေ"





"ညီမလေးမှာ ရှိပါသေးတယ် ကိုကို၊ သွားမယ်နော်၊ တာ့တာ"

သူ့ကို လက်ကလေးပြနှုတ်ဆက်ကာ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားလေးဆီ ညီမလေး ထွက်သွား၏။

ညီမလေးက ပညာရေးမှာ ထူးချွန်ပါသည်။ ဆယ်တန်းမှာ ဂုဏ်ထူးသုံးဘာသာနှင့်အောင်မြင်ကာ ဝါသနာပါသော နိုင်ငံခြားဘာသာ အင်္ဂလိပ် တက်နေသည်။

တကယ်ဆိုလျှင် သူတို့မောင်နှမဘဝတွေ ဒီလို အဆင်ပြေမှုတွေနှင့် ကြုံဆုံရလိမ့်မည်ဟု လုံးဝ မထင်ခဲ့မိပါ။

ကံကြမ္မာက ဆန်းကြယ်လွန်းခဲ့ပါသည်။

သူတို့မောင်နှမနှစ်ယောက်၏ အားကိုးရာ ငွေတောင်ကြီးဖြစ်သော မေမေကို လောကကြီးထဲက ခေါ်ထုတ်သွားခဲ့၏။

ထိုကာလတွေမှာ သူ့အတွက် ရှုံးနိမ့်မှုတွေက စဉ်ဆက်တိုက် ဖြစ်ခဲ့သည်။ မေမေ ဆုံးပါးသည်။ ချစ်သူက သူ့နှလုံးသားကို နင်းချေ ပြီး ပေကွာပြုကာ ဘဝကို ငွေကြေးနှင့်လဲလှယ်သွားခဲ့သည်။

ကံကြမ္မာ၏ရက်စက်သော လှိုင်းဒဏ်တွေအောက်မှာ သူ့ဘဝ သည် အလဲလဲ အပြိုပြို ဖြစ်ခဲ့၏။

ပိုင်ဆိုင်မှုခြံလေးကို ရောင်းချကာ မေမေ ဆေးရုံတက်စဉ်က အကြွေးတွေကို ပေးဆပ်ခဲ့သည်။ ကျန်ရစ်သော ငွေလေးနှင့် မေမေ့ရဲ့ ရင်သွေးမဝမ်းကွဲတစ်ယောက်ရှိသော မြို့လေးကို ညီမလေးလက်ကိုဆွဲကာ သူ ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသော အားကိုးရာ ဒေါ်လေးသည် သူတို့မောင်နှမ အားကိုးရာ မဟုတ်ခဲ့ပါ။

ခင်ပွန်းဆုံးပါးကာ ဘဝကို တစ်ယောက်တည်း ရုန်းကန်နေရသူ တစ်ဦးသာ ဖြစ်ခဲ့သည်။

"ညီမလေး မြနှင်းဆုံးရှာပြီ ဟုတ်လား၊ အင်း လောကကြီးထဲမှာ ပြေးကြည့်မှ ဒီညီအစ်မနှစ်ယောက်ပဲ ရှိတော့တာ၊ အခု ညီမလေး ဆုံးပါးတာတောင် မသိလိုက်တဲ့အဖြစ်ပါလားကွယ်"

ဆင်းရဲနွမ်းပါးလှသော ဘဝ၏ နာကျည်းစရာတွေကို သူ လက်တွေ့ရင်ဆိုင်ခဲ့ရ၏။ ဒေါ်လေး ဒေါ်မြိုင်နှင့်အတူ သူတို့မောင်နှမ ရှင်သန်ရုန်းကန်ခဲ့ရသည်။

"ညီမလေး ဘာမှအားမငယ်နဲ့၊ ကိုကို ရှိတယ်၊ ငါ့ညီမလေး ကျောင်းပြန်တက် ကိုကို အလုပ်လုပ်မယ်"

"ကိုကို ကျောင်းဆက်မတက်တော့ဘူးလားဟင်"

"ကိုကို မတက်တော့ဘူး၊ ငါ့ညီမလေးပဲ ကြိုးစားပါ၊ ညီမလေးကို ပညာတတ်ကြီးဖြစ်အောင် ကိုကို တာဝန်ယူမယ်"

ဒုတိယနှစ် သူ ဆက်တက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါ။ ဒေါ်လေးမြိုင်ခမျာ သူတစ်ပါးအိမ်တွေမှာ အဝတ်လျှော် သန့်ရှင်းရေးလုပ်ကာ ရုန်းကန်နေရသူမို့ သူ မကြည့်ရက်မမြင်ရက်ပါ။

ကြုံရာအလုပ်လုပ်ရင်းသူ့ဘဝကို ရုန်းကန်ခဲ့သည်။

သမာအာဇီဝကျသော အလုပ်မှန်သမျှ သူ မရှိမကပ် ကြိုးစားလုပ်ကိုင်ခဲ့သည်။





ဆောက်လုပ်ရေးဆိုဒ်တွေထဲမှာ လူကြမ်းအလုပ်ကိုလည်း သူ လုပ်သည်။ ညဘက်တွေမှာ ဆိုက်ကားနင်းသည်။

လူသုံးယောက် ဝမ်းရေးနှင့် ညီမလေး၏ပညာရေးအတွက် သူ ရုန်းကန်ကြိုးစားခဲ့၏။

ကိုးတန်းကျောင်းသူ ညီမလေး ပညာရေးကို သူ ဂရုစိုက်ကူညီပေးခဲ့သည်။ မေမေ ရှိစဉ်က သူနှင့်ညီမလေးတို့အတွက် ပင်ပန်းစွာ ရုန်းကန်ခဲ့တာကို တွေးမိတော့ မေမေ ကျေးဇူးတွေကို အမှတ်ရမိ၏။

မေမေ့အပေါ် သူ ဘာတစ်ခုမှ တာဝန်မကြေခဲ့ပါလား။

ထိုနှစ်က ညီမလေးကိုးတန်းအောင်တော့ သူ ဝမ်းသာကြည်နူးသွား၍ မျက်ရည်တောင် ကျခဲ့မိသေးသည်။

ညီမလေး နောက်နှစ်ဆို ဆယ်တန်းတက်ရတော့မည်မို့ သူ အလုပ်ကို ပိုမိုကြိုးစားလုပ်ခဲ့၏။

ကြိုမမြင်နိုင်သော ကံကြမ္မာသည် သူတို့ဘဝတွေကို မုန်တိုင်းသန်စေခဲ့သလို လေပြည်ကိုလည်း စေခဲ့၏။

"ကိုကို ကိုကို့ကို တွေ့ချင်လို့တဲ့ အိမ်မှာ ဧည့်သည်တစ်ယောက် ရောက်နေတယ်"

ဆောက်လုပ်ရေးဆိုဒ် နားထားသည့်ရက်တွေမှာ သူ ဆိုက်ကားနင်းသည်။ သူ ဆိုက်ကားနင်းသည့်ဂိတ်အထိ ရောက်လာကာ ညီမလေး ပြောခဲ့သည့်နေ့ကို မှတ်မိနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"လာ ညီမလေး တက်၊ ဘယ်ကညှော်သည်လဲ ကိုယွားကြီးတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ဘူး ကိုကို ဦးလေးကြီးတစ်ယောက်ပဲ ဦးကောင်းသာ တဲ့"

သူ တစ်ခါမှ မကြားဖူးသော အစိမ်းသက်သက် အမည်တစ်ခု ဖြစ်နေသည်။ ဆောက်လုပ်ရေးဆိုဒ်က အလုပ်သမားခေါင်းဆောင် ကိုယွားကြီး အလုပ်ဆင်းဖို့ လာပြောသည်ဟု ထင်ကာ ပျော်နေမိတာလေးတောင် ပျောက်ချင်၏။

အိမ်ကိုရောက်တော့ ဖျာကြမ်းလေးပေါ်မှာ ဒေါ်လေးမြိုင်နှင့် ထိုင်နေသော လူကြီးတစ်ယောက်။

မီးခိုးရောင်တိုက်ပုံနှင့် တည်တည်သန့်သန့် ပုဂ္ဂိုလ်ကြီးက သူ့ကို ပါဝါမျက်မှန်တွေကြားက အကဲခတ် ကြည့်နေခဲ့၏။

"လာ သား ဒီမှာ ညှော်သည်စောင့်နေတယ်"

"ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော် ရဲရင့်တည်ပါ ခင်ဗျာ၊ အန်ကယ်က ဘယ်သူလဲခင်ဗျ"

လူစိမ်းကြီးက သူ့ကိုရင်းနှီးစွာ ပြုံးပြရင်း

"အန်ကယ် နာမည် ဦးကောင်းသာပါ မောင်ရဲရင့်တည်၊ မင်း အန်ကယ်ကို မသိသလို အန်ကယ်လည်း မင်းကို အခုမှ မြင်တွေ့ဖူးတာပါ"

"ဟုတ်ကဲ့ ဘာကိစ္စအတွက်လဲ အန်ကယ်"

"ကိစ္စက အန်ကယ် လုပ်ဆောင်ရမယ့် တာဝန်တစ်ခုအတွက်ပါ





မောင်ရင့်ဖေဖေ ဦးရဲနောင်ကိစ္စပါ"

ဖေဖေ ဆုံးပါးခဲ့တာပဲ ဆယ်နှစ်ကျော်ခဲ့ပြီ။ ဒီပုဂ္ဂိုလ်ကြီးက ဖေဖေနှင့် ဘာများပတ်သက်နေသည်လဲ။

"ဖေဖေ ဆုံးတာ ဆယ်နှစ်ကျော်ပြီ ခင်ဗျ"

"အန်ကယ် လွန်ခဲ့တဲ့ တစ်လကမှ ကြားသိတယ် မောင်ရဲရင့် တည်၊ လောကကြီးထဲမှာ သက်ရှိထင်ရှား မရှိတော့တဲ့ လူတစ်ယောက်ကို အန်ကယ် ရှာဖွေစုံစမ်းနေရတာဆိုတော့ တွေ့ဖို့ ခက်ခဲနေခဲ့တာပေါ့၊ အခုတော့ အန်ကယ် ဆန္ဒ ပြည့်ဝပါပြီ"

"ဟို ဖေဖေနဲ့ ဘာကိစ္စရှိလို့လဲ အန်ကယ်"

"သိပ်အရေးကြီးတဲ့ကိစ္စပါ မောင်ရဲရင့်တည်၊ ဦးရဲနောင်ရဲ့ညီ ဦးရဲအောင် ဆိုတာ ရှိခဲ့တာ မောင်ရဲရင့်တည် သိသလား"

ဖေဖေ့မှာ ညီတစ်ယောက်ရှိတာ သူ ကြားဖူးသည်။ ငယ်စဉ် ကတည်းက ဆိုးသွမ်းပေတေနေတတ်သူဟု ဖေဖေ ပြောဖူးသည်။

"ဟုတ်ကဲ့ ဖေဖေ မသေခင်က ပြောပြဖူးတယ် ခင်ဗျ၊ ဒါပေမဲ့ တစ်ခါမှ မမြင်တွေ့ဖူးပါဘူး။ ဖေဖေတောင် သူ့ညီကို သေတဲ့အထိ မတွေ့သွားခဲ့ဘူး၊ ဘယ်ရောက်နေမှန်းတောင် မသိခဲ့ဘူး"

"ဟုတ်ပြီ အဲဒီ ဦးရဲအောင်က အန်ကယ်နဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေ ဖြစ်ခဲ့ဖူးတယ်၊ သူနဲ့အန်ကယ် ဆုံတော့ သူ အိမ်ထောင်ကျ နေပြီ သူ့ဇနီးက သူ့ထက် အသက်ဆယ်နှစ်ကျော်လောက်ကြီးတဲ့ မုဆိုးမ သူဌေးတစ်ယောက်ပဲ"



www.burmeseclassic.com

သူတို့မသိသော ဦးလေးအကြောင်းတွေကို ဦးကောင်းသာ
ပြောပြမှ ကြားသိခွင့်ရတာပဲ ဖြစ်၏။

"သူ့ဇနီးလည်း ဆုံးရှာပါပြီ၊ သူလည်း လွန်ခဲ့တဲ့ ငါးနှစ်လော
က အသည်းကင်ဆာနဲ့ ဆုံးရှာတယ်၊ ဦးရဲအောင် မသေခင်မှာ အန်ကယ်
ကို အကူအညီတောင်းခဲ့တယ်၊ အဲဒါက သူ ပိုင်ဆိုင်သမျှ ဥစ္စာဓနတွေ
သူ့အစ်ကိုဆီ ပို့ပေးဖို့ပဲ"

"ဟင်"

"ဟုတ်တယ် ငါးနှစ်လုံးလုံး ဦးရဲနောင်ကို အန်ကယ် ရှာဖွေ
ပေမယ့် မတွေ့ခဲ့ဘူး။ အခု ပြန်တွေ့တာ ဦးရဲနောင် မရှိတော့
မောင်ရဲရင့်တည်တို့မောင်နှမနှစ်ယောက် ကျန်ရစ်ခဲ့သေးတယ်ဆိုတော့
ဦးရဲအောင်ရဲ့ အမွေဥစ္စာတွေကို ဆက်ခံဖို့ အဆင်ပြေတာပေါ့"

သူနှင့်ညီမလေး တစ်ယောက်မျက်နှာ တစ်ယောက် အံ့
မယုံနိုင်စွာ ကြည့်မိကြသည်။

ကံကြမ္မာသည် မယုံကြည်နိုင်စရာကောင်းသော ကံကော
ခြင်းတွေနှင့် သူတို့မောင်နှမဘဝကို ပြောင်းလဲစေခဲ့သည်။

ဦးကောင်းသာ ထံမှာ အပ်နှံထားသော ဦးလေး ဦးရဲအော
အမွေဥစ္စာတွေက သူတို့ မယုံကြည်နိုင်လောက်သော ပမာဏဖြစ်
"ဒါတွေက ဦးရဲအောင်ရဲ့ ဇနီးသေဆုံးတော့ ပိုင်ဆိုင်ရလိုက်
အမွေတွေပဲ၊ ဘိုးဘွားစဉ်ဆက် လက်ဝတ်ရတနာတွေရဲ့ ကာလပေါက်
တန်ဖိုးက သိန်းငါးထောင်ကျော် အနည်းဆုံးပဲ"



"ဗျာ အဲဒီလောက် အထိတောင်ပဲလား"

"ဟုတ်တယ် မောင်ရဲရင့်တည် မင်းတို့မောင်နှမ ဒါတွေကို
အမွေဆက်ခံပိုင်ဆိုင်ရမယ်၊ အန်ကယ် အကြံပေးချင်တာ မင်းတို့မောင်နှမ
အနာဂတ်ဘဝအတွက်ပဲ၊ မင်းလည်း မဆုံးသေးတဲ့ ပညာရေးကို ပြန်
ကြိုးစားပြီး ဘွဲ့တစ်ခုရအောင် ကြိုးစားပါ၊ ပြီးရင် ဒီငွေတွေကို ရင်းနှီး
ပြီး ကျွမ်းကျင်ပိုင်နိုင်တဲ့ စီးပွားရေးတစ်ခုလုပ်ပါ"

ဦးကောင်းသာ၏စကားကို သူ နာခံခေါင်းညိတ်မိ၏။ ရိုးသား
မှုနှင့် စိတ်ရင်းစေတနာကောင်းမွန်သော ဦးကောင်းသာကို သူ့ရဲ့ဖခင်လို
ဦးလေးတစ်ဦးလို ကြည်ညိုလေးစားမိ၏။

ဒါကြောင့်လည်း ဦးကောင်းသာ၏ ဆိုဆုံးမမှုအတိုင်း သူ
ပညာရေးကို ဆက်ကြိုးစားခဲ့သည်။

တစ်ချိန်တစ်ခါတုန်းက ဒီငွေကြေးမနေတွေကြောင့်ပဲ သူ့ဘဝမှာ
နှိုးနှိမ့်ခြင်းတွေ ရင်ဆိုင်ခဲ့ရသည်။

အခုတော့ ထိုငွေကြေးမနေတွေကြောင့်ပဲ သူတို့ဘဝ တိုးတက်
ခဲ့သည်။ သူ၏မဆုံးသေးသော ပညာရေးကို သင်ယူရင်း စီးပွား
ရေးဆိုင်ရာ သင်တန်းတွေလည်း သူ တက်ခဲ့သည်။

သူ့ရင်မှာ ပြင်းပြသော ရည်ရွယ်ချက်တစ်ခုရှိခဲ့၏။

သူ ရှုံးနိမ့်ခဲ့သော အရှုံးတွေကို ဒီတစ်ခါတော့ သူ ပြန်လည်
ဘုံပြန်ပေးဆပ်ခွင့်ရခဲ့ပြီ။

ငွေကြေးအင်အားနှင့် သူ့နှလုံးသားကို သိမ်းပိုက်သွားခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



ဦးနိုင်သိမ်းပိုက်‌ . . ။ ပြီးတော့ ဒီငွေကြေးတွေကိုပဲ မက်မောကာ သူ့နှလုံးသားကို ဥပေက္ခာပြုသွားခဲ့သော မကိုင်၊

ကံကြမ္မာက အတွဲ့အလှည့်တစ်ခု ပေးလာခဲ့လျှင်တော့ . . .။

ဒီငွေကြေးအရှုံးအဝါတွေနှင့်ပဲ သူတို့နှလုံးသားတွေကို ပြန်နှင်ချေပြချင်ပါသေးသည်။

■ ■ ■



အခန်း (၃၀)

"ဒါ နိုင်မဟာရဲ့စီးပွားဖက် ပါတနာကုမ္ပဏီတွေနဲ့ စီးပွားရေးညှိပတ်မှု အချိုးနှုန်းတွေပါ ဆရာ၊ ဒါက နိုင်မဟာရဲ့ လက်ရှိဆက်ဆံဆက်တွဲနေတဲ့ မိတ်ဖက်ဆိုင်တွေရဲ့စာရင်းအပြည့်အစုံပါ"

သူ့ရှေ့ကို ကမ်းပေးလာသော ဖိုင်တွဲကို လှမ်းယူကာ သူသေအချာ စစ်ဆေးကြည့်လိုက်မိသည်။ လူယုံတော် တပည့် ဝင်းကြိုင်က သူ စေခိုင်းထားသည့်အတိုင်း အသေအချာ စုံစမ်းပေးထား၏။

"အိုကေ ဝင်းကြိုင် မင်းတော်တယ်၊ ဆက်ပြီးတော့ နိုင်မဟာရဲ့မြေလှမ်းတွေကို မင်းဆက်စောင့်ကြည့်ပါ၊ ဦးနိုင်သိမ်းပိုက်ရဲ့မြေလှမ်းသစ်တွေကိုလည်း ငါ သိချင်တယ်၊ မင်းဘက်က အချိန်မီ ငါ့ကိုဆောင်းပို့ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဆရာ"

"အေး လိုအပ်တာရှိရင် ငါ့ကိုပြော၊ အရေးကြီးဆုံးက ဒီကိ
ကို လျှို့ဝှက်ချက်တစ်ခုအဖြစ် မင်းဘက်က ဂရုစိုက်ဖို့ မမေ့နဲ့"

"မမေ့ပါဘူး ဆရာ၊ ကျွန်တော် သဘောပေါက်ပါတယ်"

ဝင်းကြိုင် နှုတ်ဆက်ကာ အခန်းထဲက ထွက်သွားတော့ သ
ဖိုင်တွဲကို တစ်ရွက်ချင်း လှန်လှောကြည့်ကာ ပြုံးမိသည်။

အခြေအနေအားလုံးကတော့ သူ့ဘက်က အသင့်ဖြစ်နေခဲ့ပြီ
နိုင်မဟာနှင့် ပတ်သက်ပြီး လျှို့ဝှက်လုပ်ဆောင်ထားမှုတွေက ပြည့်စုံ
ခဲ့ပြီ။

တကယ်ဆို နိုင်မဟာ ကုမ္ပဏီကြီးရဲ့အောင်မြင်မှုအရှိန်အဟ
ကြီးမားသည်။ ထို့အတွက် သူ ရင်ဆိုင်ဖို့ဆိုတာ လွယ်ကူသောက
မဟုတ်ပါ။ ဦးနိုင်သိမ်းပိုက်ကလည်း တော်သော ထက်မြက်သော ခေါ
ဆောင်တစ်ဦး ဖြစ်သည်။

ဒီတော့ သူ ထိပ်တိုက် ရင်ဆိုင်ဖို့ဆိုတာ သိပ်တော့ မလွယ်
ဒါပေမဲ့ သူ့ရည်ရွယ်ချက်ကိုတော့ ဘယ်လိုနည်းနှင့်မှ အဆုံးရှုံးမခံနို
အပျက်စီးမခံနိုင်ပါ။

သူ့ရည်ရွယ်ချက်ကြီး အောင်မြင်ဖို့အတွက် ဘယ်လိုနည်းလ
မျိုးနှင့်မဆို ရင်ဆိုင်ဖို့ သူ ဆုံးဖြတ်ထားပြီးဖြစ်၏။

အားလုံးကို သူ့ဘက်က သေချာ စနစ်တကျ စီမံထားခဲ့သည
နိုင်မဟာရဲ့လုပ်ငန်းတွေထဲမှာ သူ စိတ်ချယုံကြည်သော လူ





တွေကို လွှတ်ထားခဲ့သည်။

အရေးကြီးတာက ကိုယ့်လူ သူ့ဘက်သားဖြစ်နေစေဖို့အတွက်
ဖြစ်သည်။

နိုင်မဟာရဲ့ခြေလှမ်းတွေကို သူ ကြိုတင်သိရှိနေမှတော့ သူက
အမြဲတမ်း ခြေတစ်လှမ်းသာလွန်နေရမည်။

အတွေးစတွေကို သူ့ရဲ့သီးသန့်ဟန်းဖုန်းလေး မြည်သံက ဖြတ်
တောက်ပစ်လိုက်၏။

သူ ဖုန်းလေးဖွင့်ကာ နားထောင်လိုက်တော့ တစ်ဖက်က ကြား
လိုက်ရတာ ထူးကျော် အသံ။

"ဆရာ ကျွန်တော် ထူးကျော်ပါ"

"အေး ထူးကျော် ပြော"

"ရွှေမိုးကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာဆီက ဆက်သွယ်မှုရ
တယ် ဆရာ"

"အေး ဘာတဲ့လဲ"

"ရဲရင့်သစ္စာနဲ့ လုပ်ငန်းပိုင်း ဆွေးနွေးချင်လို့တဲ့"

"အိုကေ ထူးကျော် ဒီကိစ္စကို ငါ အမြန်ဆုံး စီစဉ်လိုက်မယ်၊
အေး အေး ဘာမှမှာစရာမရှိဘူး၊ မင်းတာဝန်ကို မင်းမမေ့မလျော့
ဂရုစိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

သူ ဖုန်းလေးကို ပိတ်လိုက်ရင်း ကျေနပ်စွာ နှစ်နှစ်ခြိုက်ခြိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်မိ၏။

ရွှေမိုးကုမ္ပဏီဆိုတာ နိုင်မဟာနှင့် စီးပွားဖက် ပါတနာကုမ္ပဏီ
ငယ်လေးတစ်ခု ဖြစ်သည်။ ပြီးခဲ့သည့် တစ်ပတ်ကပဲ ရွှေမိုးနှင့်သူ ဆက်
သွယ်မိသည်။

သူ့ဘက်က အကျိုးအမြတ်ထက် နိုင်မဟာကို ယှဉ်ပြိုင်တိုက်
ခိုက်လိုစိတ်နှင့် ရွှေမိုးကို စည်းရုံးနိုင်ခဲ့သည်။

သေချာသည်က ရွှေမိုးနှင့်သူ့ကြားမှာ ခိုင်မြဲစွာ လက်တွဲ
တစ်ခုရယူဖို့ ဖြစ်သည်။ ဒါဆိုလျှင် နိုင်မဟာရဲ့ခြေလှမ်းတစ်ခုကို သူ
သိမ်းပိုက်လိုက်နိုင်တာပဲ ဖြစ်၏။

နိုင်မဟာ ကုမ္ပဏီကြီး၏ ဒေါက်တိုင်တွေကို သူ တစ်ခုပြီးတစ်
ဖြိုလှဲနိုင်ဖို့ လိုသည်။

ထိုရည်ရွယ်ချက်တွေသာ အောင်မြင်ပြီးမြောက်ခဲ့လျှင်တော့...။

■ ■ ■



## အခန်း (၃၁)

''ဖေဖေ ဖေဖေ ပြန်လာပြီ''

ဆင်ဝင်အောက်မှာ နိုင်သိမ်းပိုက် ကားထိုးရပ်သည်နှင့် သမီး
က မကိုင်္ခ ရင်ခွင်ထဲမှ ပြေးထွက်ကာ ပြေးကြိုသည်။

''သမီး''

နိုင်သိမ်းပိုက်က သမီးကို ပွေ့ချီရင်း ညည်ခန်းထဲအထိ လှမ်း
ဝင်လာ၏။

''မကိုင္ခ''

''ဦးနိုင် ဒီနေ့ စောတယ်နော်''

မကိုင်္ခ စကားကို သူ ခေါင်းညိတ်ပြရင်း ဆိုဖာထိုင်ခုံလေးမှာ
ဝင်ထိုင်လိုက်သည်။ တကယ်လည်း သူ ဒီနေ့ စောစောအိမ်ပြန်ဖြစ်ခဲ့တာ
ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းမှာ အဆင်မပြေ စိတ်ညစ်ညူးခဲ့သော ပြဿနာတစ်ခု ကြောင့် စိတ်တွေ မကြည်မလင် ဖြစ်ခဲ့ရသည်။ ဒါပေမဲ့လည်း ထိုစိတ် တွေက သမီးလေး ပန်းမြတ်သခင်နှင့် မကိုင်မျှ မျက်နှာလေးကို မြင်သည် နှင့် အလိုလို ပြေပျောက်သွားပြီး ဖြစ်၏။

"သမီးလေး မေမေ့ဆီလာနော်၊ ဖေဖေ ရေမိုးချိုးပါစေဦး"

"ဟုတ်ကဲ့ မေမေ"

သမီးလေးက သူ့ပါးကို ရွှတ်ခနဲ နမ်းကာ မကိုင်မျှဆီ လှမ်းသွား ခဲ့သည်။

"ဦးနိုင် ရေချိုးတော့လေ၊ နည်းနည်းအေးတယ်၊ မြန်မြန်လေး ချိုးလိုက်နော်"

မကိုင်မျှ စိုးရိမ်သံလေးနှင့် သတိပေးစကားကို ပြုံးခေါင်းညိတ်ပြီး သူ ရေချိုးဖို့ ထွက်ခဲ့လိုက်သည်။

ဒီဇနီး၊ ဒီသမီးနှင့် ပျော်ရွှင်စရာမိသားစုဘဝလေးကို သူ သိ မက်မောခင်တွယ်ပါသည်။

သူ မြတ်နိုးချစ်ခင်ရသော ချစ်ဇနီးလေးကို သူ့ဘဝမှာ ပိုင်ဆို ခဲ့ရသည်။ ပြီးတော့ သူ့နှလုံးသားကို နှောင်ဖွဲ့စေမည့် ချစ်သမီးလေး မကိုင်မျှက မွေးဖွားပေးခဲ့သည်။

ပန်းမြတ်မကိုင်မျှ ဆိုသော ဇနီးလေးသည် သူ့ရဲ့နှလုံးသားဖြ ခဲ့ကာ ပန်းမြတ်သခင် ဆိုသော သမီးလေးကတော့ သူ့နှလုံးသည်းပွ ဖြစ်ခဲ့သည်။



သမီးလေးကို မကိုင်မျှ မွေးဖွားပေးချိန်မှာ သူ အတိုင်းမသိ ပျော်ရွှင်ခဲ့ရ၏။ ဒါကြောင့်လည်း မကိုင်မျှကို သူ ဂုဏ်ပြုအသိအမှတ်ပြု ပေးခဲ့သည်။

သူ့မိဘနှစ်ပါးပေးထားခဲ့သော ဘိုးဘွားစဉ်ဆက် လက်ဝတ် ရတနာဘူးလေးကို မကိုင်မျှ လက်ထဲ သူပေးခဲ့ခြင်းပင်။

"မကိုင်မျှ ဒါ ကိုယ့်မိဘတွေက ကိုယ့်လက်ထဲ အမွေပေးခဲ့တဲ့ ဘိုးဘွားအမွေရတနာတွေပဲ၊ ဒါတွေကို မကိုင်မျှကို ကိုယ်ပေးအပ်တယ်"

"ဟင့်အင်း ဦးနိုင်၊ အဲဒါတွေကို မကိုင်မျှ လက်မခံပါရစေနဲ့"

"လက်မခံလို့ မရဘူးလေ၊ မင်းက နိုင်သိမ်းပိုက်ရဲ့ဇနီးတစ် ယောက် ဖြစ်နေပြီ၊ ပြီးတော့ ကိုယ့်ရဲ့မျိုးဆက် ချစ်စရာကောင်းတဲ့ သမီးလေးကို မွေးဖွားပေးထားခဲ့ပြီးပြီ၊ ဒါကြောင့် ဒီအမွေတွေကို မကိုင်မျှ လေးပဲ ဆက်ခံယူရမယ် မကိုင်မျှ လက်ခံယူပါ"

သမီးလေး ပန်းမြတ်သခင်ကို မွေးဖွားပေးခဲ့သော မကိုင်မျှကို သူ ဂုဏ်ပြုပေးခဲ့ခြင်းပဲ ဖြစ်၏။

သူမြတ်နိုးသောပိုင်ဆိုင်လိုသော မကိုင်မျှကို သူ အရယူနိုင်ခဲ့ခြင်း သည် အတ္တဆန်လွန်းသွားခဲ့တာ သူ သိပါသည်။ ပြီးတော့ မကိုင်မျှရဲ့ရင်ထဲ ကိုလည်း သူ မမေးမြန်းခဲ့ပါ။

မကိုင်မျှ ငြင်းပယ်လိုက်မှာ သူ စိုးရိမ်ကြောက်လန့်နေခဲ့သော ကြောင့်ပဲ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ မကိုင်မျှရဲ့ဘဝလေးကို သူ ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ခဲ့ပါသည်။ မကိုင်နွှကလည်း ပန်းမြတ်သခင်ဆိုသော သမီးလေးကို သူ့အတွက် မွေးဖွားပေးခဲ့၏။

မကိုင်နွှနှင့်သမီးလေးကြောင့်ပဲ သူ့ဘဝလေး အဓိပ္ပါယ်ရှိစွာ ရှင်သန်ခဲ့ခြင်း ဖြစ်သည်။

ထိုဘဝလေးကို သူတစ်သက်လုံး ပိုင်ဆိုင်ချင်၏။ အခုချိန်မှာ မကိုင်နွှရဲ့မိဘနှစ်ပါးလည်း ဆုံးပါးခဲ့ပြီ၊ သူတို့မိသားစုဘဝလေးပဲ ရှိတော့၏။

သူ ရေမိုးချိုးပြီး အဝတ်အစားလဲကာ ထွက်ခဲ့တော့ မကိုင်နွှက အသင့်စောင့်နေခဲ့၏။

''ဦးနိုင် ထမင်းစားတော့မလား''

''သမီးလေးကော မကိုင်နွှ''

''သမီးက အိပ်ချင်နေပြီ၊ ကြီးမေ ချော့သိပ်နေတယ်''

''ဟုတ်လား ဒါဆို ကိုယ်တို့အတူစားကြတာပေါ့၊ မကိုင်နွှလည်း မစားရသေးဘူး မဟုတ်လား''

''မစားရသေးဘူး ဦးနိုင်''

''မကိုင်နွှ''

''ရှင်''

''ဪ အခုချိန်အထိ မကိုင်နွှရဲ့အခေါ်အဝေါ်တွေ မပြောင်းလဲတော့ဘူးလားဟင်၊ ကိုယ့်ကို ဦးနိုင်လို့ပဲ အမြဲခေါ်တော့မှာလား''

သူ့စကားကြောင့် မကိုင်နွှမျက်နှာလေး ရှက်သွေးလွှမ်းသွားခဲ့သည်။ နုဖတ်ရှင်းသန့်နေသော မကိုင်နွှ မျက်နှာလေးသည် သူ့အတွက်





တော့ အမြဲတမ်း ရင်ခုန်မြတ်နိုးစရာ ကောင်းနေဆဲ။

''ကိုယ့်မိန်းမက အခုချိန်ထိ ရှက်နေတုန်းပဲလားကွ၊ သမီးလေး တစ်ယောက်တောင် ရနေပြီပဲကွာ''

''အို ဘာတွေပြောနေတာလဲ''

''ဟုတ်တယ်လေ အခုချိန်မှာ မောင်တွေ ကိုကိုတွေ ခေါ်ချင်စိတ် လေးတောင် မရှိဘူးလားဟင်''

''ဦးနိုင်နော် ကလေးကလားနဲ့ ဘာမှန်းမသိဘူး''

မကိုင်နွှ မျက်နှာလေး ရှက်သွေးနှင့်ရဲရဲနီလာတော့ မကိုင်နွှ ပခုံး လေးကို သူ မြတ်နိုးစွာ ဆုပ်ကိုင်ဖက်လိုက်ရင်း

''ချစ်လို့နောက်တာပါကွာ၊ မကိုင်နွှနဲ့သမီးလေးက ကိုယ့်ရဲ့ဘဝပါ၊ ဒီဘဝလေးကို ကိုယ် အမြဲတမ်း ပိုင်ဆိုင်ချင်တယ်ကွာ''

သူ့ရင်ထဲက ဆန္ဒကို ဆိုခဲ့မိခြင်းဆိုတာ မကိုင်နွှ နားလည်နိုင်မှာ ပဲ ဖြစ်မည်။

မကိုင်နွှနှင့်သမီးလေးသာ ရှိလျှင် သူ့ဘဝမှာ ဘယ်အရာကိုမှ မက်မောစရာ မလိုတော့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ကားမောင်းနေရင်း အမှတ်မထင် မြင်လိုက်သော မြင်ကွင်းကြောင့် တည် မျက်ခုံးတွေ ပင့်တက်သွားခဲ့ရသည်။

ပလက်ဖောင်းအတိုင်းလျှောက်လာနေသူသည် ငယ်မှ ငယ်ပါပဲ။ ခနစ်နှစ်ကျော် ဝေးကွာနေပေမယ့် ငယ့်ပုံရိပ်သည် သူ့အာရုံထဲမှာ ခိုင်မြဲစွာ ရှိနေဆဲ။

ကားလေးကို ငယ် လျှောက်လာသော ပလက်ဖောင်းနံ ဘေးမှာ သူ ထိုးရပ်လိုက်သည်။

"ငယ်"

ကားတံခါးဖွင့်ကာ သူ ဆင်းလိုက်တော့ ငယ့်မျက်ဝန်းလေးတွေ ဝိုင်းစက်ကြည့်နေခဲ့ရင်း

"တည် တည် နင် တည်နော်"

"ငါ တည်ပါ ငယ်ရဲ့၊ ငါ့ရုပ်ကြီးက ဘယ်လောက် ပြောင်းလဲ





သွားလို့လဲ"

ငယ့်မျက်နှာပေါ်မှာ အံ့ဩရိပ်နှင့်အတူ ကြည်နူးအပြုံးတွေ တောက်ပသွားခဲ့သည်။

"တည်ရယ် ငါ အရမ်းဝမ်းသာလိုက်တာ၊ နင်နဲ့ပြန်ဆုံတွေ့မယ်လို့ ငါ လုံးဝမထင်ထားခဲ့ဘူး သိလား။ နင် နင် တကယ်နေနိုင်တယ်ဟယ် ငါ့ဆီကို ဘာလို့ မဆက်သွယ်တာလဲဟင်"

သူ့ကို အပြစ်တင်သလို ငယ်ဆိုနေတော့ ငယ်ကို သူ တောင်းပန်အပြုံးလေးနှင့်ကြည့်ရင်း

"အဲဒီအတွက် ငါ တောင်းပန်ပါတယ် ငယ်ရယ်၊ ကံကြမ္မာက ငါ့ဘဝကို အပြောင်းလဲကြီး ပြောင်းလဲပေးလိုက်တာပါ"

"ဘာရယ် ကံကြမ္မာက ဟုတ်လား"

"ဟုတ်တယ် ငယ် ကဲ နင် အချိန်ရတယ်ဆိုရင် ငါတို့တစ်ဆိုင်ဆိုင်မှာ ထိုင်ကြရအောင်နော်"

ငယ် ခေါင်းလေးညိတ်သည်။ သူ ကားတံခါးကို ဖွင့်ပေးတော့ ငယ် ဝင်ထိုင်သည်။

တစ်လမ်းလုံး ငယ် နှုတ်ဆိတ်ငြိမ်သက်ကာ လိုက်ပါလာသည်။ တိုးတက်ပြောင်းလဲသွားသော သူ့ဘဝအတွက် ငယ် အံ့ဩနေခဲ့ခြင်းပဲ ထင်၏။

ငယ်ကို ပြန်ဆုံလိုက်ရခြင်းကလည်း သူ့စိတ်တွေကို ရွှင်မြူးသွားစေခဲ့တာ အမှန်။ အာရုံထဲမှာ မကိုင္မအကြောင်းတွေက ဖျတ်ခနဲဘဲ



www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်လာသည်။

ခါးသီးသောအတိတ်သည် သူ့ရင်ထဲက နှလုံးသားကို တနုံ့နုံ့ဝေဒနာတွေနှင့် ပြန်လည်နိုးထစေခဲ့ပြန်ပြီ။

■ ■ ■

"တကယ်ကို ပဋ္ဌလက်ဆန့်လွန်းတဲ့ ကံကြမ္မာက ငါတို့မောင်နှမ ရဲ့ဘဝကို ကယ်တင်ခဲ့လိုက်တာပဲ ငယ်၊ ဘယ်လိုမှ မျှော်လင့်မထားတဲ့ ဖေဖေ့ရဲ့ညီက ငါတို့ကို အမွေတွေ ချန်ထားရစ်ခဲ့တယ်၊ အဲဒါကြောင့် ငါ ကျောင်းဆက်တက်ခွင့်ရခဲ့သလို ညီမလေးအတွက်လည်း အဆင်ပြေ ခဲ့တယ်၊ အခု ငါ ရဲရင့်သစ္စာ ဆိုတဲ့ ကုမ္ပဏီလုပ်ငန်းနဲ့ အခြေကျနေပြီ"

"ရဲရင့်သစ္စာ ဟုတ်လား၊ တည်၊ အဲဒါ နင့်ရဲ့ကုမ္ပဏီကြီးလား"

"ဟုတ်တယ် နင် သိနေသလား ငယ်"

"သိတာပေါ့ တည်ရယ်၊ နာမည်ကြီးပဲဥစ္စာ၊ ဘာပဲဖြစ်ဖြစ် နင်တို့မောင်နှမ အဆင်ပြေနေတာ ငါ ဝမ်းသာပါတယ်ဟာ"

ငယ် ဝမ်းသာအားရ ဆိုရှာသည်။ ဟိုးငယ်စဉ်ကတည်းက သူ့အပေါ် နားလည်မှုတွေနှင့် အမြဲတမ်း ပေးဆပ်ခဲ့သူ ငယ်သည် သူ့ အမြင်မှာ မပြောင်းလဲသေးသလို ရှိနေဆဲ။

ရင့်ကျက်မှုတွေနှင့် တည်ငြိမ်နေသော ငယ်အသွင်သည် ဟိုး အရင်ကအတိုင်း နှစ်လိုဖွယ်အပြုံးလေးတွေနှင့် ခင်မင်ဖွယ်ကောင်းလို့ နေ၏။

"ငယ် နင်ကော အခု ဘာတွေလုပ်နေသလဲ၊ ရန်ကုန်မှာပဲ နေတာလား"





"ငါ ရန်ကုန်ရောက်တာ တစ်ပတ်ကျော်ပဲ ရှိသေးတယ် တည်၊ ...ဉပဒေဘွဲ့ရကတည်းက အထက်တန်းရှေ့နေတာဝန် ထမ်းဆောင်နေ ...၊ အခု အဆောင်မှာ နေနေတာလေ"

"ဟုတ်လား ဝမ်းသာပါတယ် ငယ်၊ နင် လိုအပ်တဲ့အကူအညီ ...င် ပြောနော်၊ ငါ ကူညီဖို့အသင့်ပဲ"

"ကျေးဇူးတင်တယ် တည်၊ ငါ့အတွက် အဆင်ပြေပါတယ်"

"ငယ် အရေးကြီးတာ မေးရဦးမယ်၊ နင် အိမ်ထောင်ကျနေပြီ ...ား"

သူ မေးတော့ ငယ့်မျက်နှာလေး ပန်းနုရောင်သမ်းကာ သဘော ...ာရယ်နေသေးသည်။

"အဟင်း ဟင်း မကျသေးပါဘူးဟာ နင်ကော သားသမီးတွေ ...နေပြီလား"

"ဟာ မဟုတ်တာ အခုချိန်ထိ ဆင်ဂယ်လ်ပဲ၊ ငါ့ဘဝမှာ ညီမ ...းပဲရှိတယ်"

"ရွှေစင်လေးတောင် တော်တော်ကြီးနေပြီပေါ့၊ ငါ အားလပ်ရက် ...ာ လာလည်ဦးမယ်"

"လာခဲ့ပါ ငယ်၊ ငါ ဖိတ်ခေါ်ပါတယ်"

နှစ်ဦးကြားမှာ စကားသံတွေ တဒင်္ဂ ဆိတ်သုဉ်းသွားခဲ့သည်။ ...ယ်က သူ့ကို ပြုံးပြုံးလေး စိုက်ကြည့်နေရင်းမှ

"တည် နင်နဲ့မကိုင်ရှ ပြန်ဆုံသေးလား၊ မကိုင်ရှလည်း ရန်ကုန်မှာ ...လေ"



www.burmeseclassic.com

www.burmeseclassic.com



မကိုရွှေ့ နာမည်ကြားတော့ သူ့ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွ မှဲ့ကျသွားသော မျက်နှာပေါ်မှာ အတိတ်က ဝေဒနာရိပ်တို့ကို မမြင်ချင်

"ဟင့်အင်း ငါ သူနဲ့မဆုံချင်ဘူး၊ သူနဲ့တွေ့လည်း မတွေ့ချင် ငယ် သူ့အကြောင်း ဘာဆိုဘာမှကို မကြားချင်တာ"

"တည်ရယ်"

"ကျေးဇူးပြုပြီး သူ့အကြောင်း ဘာမှထပ်မပြောပါနဲ့ ငယ် တစ်ချိန်တုန်းက ငါ ခံစားရတဲ့ဝေဒနာတွေက ရင်ထဲမှာ အခုထိ နာ နေတုန်းပဲ"

ငယ့်ထံမှ ပင့်သက်ရှိုက်သံလေးကို ကြားသည်။ တစ်ခါတုန်း အခင်မင်ဆုံး သူငယ်ချင်းတွေကြားမှာ ခါးသီးမှုတွေ၊ အမုန်းတွေ တည်နေတာကို ငယ် စိတ်မကောင်းဖြစ်နေသည်လား။

တကယ်ဆို နှလုံးသားနှင့်ရင်းကာ ခံစားခဲ့ရသော သူ့ခံစား ဝေဒနာကြီးက အိပ်မက် မဟုတ်ခဲ့ပါ။

အလွယ်တကူ မေ့ပျောက်ပစ်လို့ရအောင်လည်း နှလုံးသား လက်မခံနိုင်ခဲ့။

သိပ်ချစ်ခဲ့လို့ သိပ်နာကျည်းခဲ့သည်ဟုပဲ ဆိုချင်ဆိုတော့။ ဒဏ်ရာအတွက် မကြာခင်မှာ သူ တစ်စုံတစ်ရာတော့ သူ ပြန်လည် ချင်သေးသည်။

အချစ်ကို ငွေကြေးနှင့်လဲလှယ်ပေးဆပ်ခဲ့သူအတွက် ...။

■ ■ ■



## အခန်း (၃၃)

ရင့်ကျက်တည်ငြိမ်မှုတွေကို မကိုရွှေ့ မျက်နှာလေးပေါ်မှာ ငယ် အထင်အရှား မြင်တွေ့နေခဲ့ပါသည်။ အချိန်ကာလတစ်ခုကပဲ မကိုရွှေ့ရဲ့ နှလုံးသားကို ရင့်ကျက်သွားစေခဲ့သည်လား။

"မေမေ"

"ဟော သမီးလေး နိုးပြီလား လာ လာ"

အခန်းထဲမှ ပြေးထွက်လာသော ကလေးငယ်ကို မကိုရွှေ့ ဆီးပွေ့ ရင်း ငယ်ကို ပြုံးပြုံးလေးကြည့် မိတ်ဆက်ပေး၏။

"ငယ် ဒါ ငါ့သမီးလေးလေ ပန်းမြတ်သခင် တဲ့"

"ပန်းမြတ်သခင် ဟုတ်လား၊ နာမည်လေးက ချစ်စရာကောင်း လိုက်တာ"

"ဖေဖေ ပေးထားတာလေ အန်တီရဲ့"

မကိုရွှေ့ သမီးလေးက စကားတတ်ပါသည်။ ငယ်ကို ရင်းတနှီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် စကားပြန်ပြောတာမို့ ငယ် သဘောကျသွားမိ၏။

"ဟုတ်လား သမီးဖေဖေက သမီးကို သိပ်ချစ်တယ်ထင်တယ်"

"ချစ်တာပေါ့ အန်တီရဲ့၊ သမီးလည်း ဖေဖေ့ကို သိပ်ချစ်တာ"

"အမလေး လိမ္မာလိုက်တဲ့ သမီးလေးပဲ"

"သမီးလေးက အခု လေးနှစ်ရှိပြီလေ ငယ်ရဲ့"

"ဟုတ်လား နှင် ဒီတစ်ယောက်တည်းပဲလား မကိုဋ္ဌ သမီးလေး အတွက် အဖော်လေးတွေ မမွေးတော့ဘူးလား"

"ငါ့ကျန်းမာရေးကြောင့် နောက်ထပ်ယူဖို့ မလွယ်တော့ဘူး ငယ်ရဲ့၊ ဦးနိုင်ကလည်း ဒီသမီးလေး တစ်ယောက်အပေါ်မှာပဲ အချစ်ပုံ ထားတာလေ"

ဘာပဲဖြစ်ဖြစ် မကိုဋ္ဌ အိမ်ထောင်ရေးကံကောင်းသည်ဟု ငယ် ယုံပါသည်။ နှလုံးသားနှင့်ရွေးချယ်ခဲ့တာ မဟုတ်ပေမယ့် မကိုဋ္ဌ ခင်ပွန်းက မကိုဋ္ဌကို သိပ်ချစ်မှာသေချာသည်။

"ကဲ သမီး ကြီးမေဆီသွားပြီး တစ်ခုခုစားနော်၊ ပြီးရင် ဆရာ လေးလာတော့မှာဆိုတော့ စာသင်ဖို့ အသင့်ပြင်ဆင်ထားနော်"

"ဟုတ်ကဲ့ မေမေ"

သမီးလေးက မကိုဋ္ဌ ရင်ခွင်ထဲမှ ထွက်ကာ မီးဖိုခန်းဘက်ပြေး သွားခဲ့သည်။ သည်တော့မှ မကိုဋ္ဌ အကြည့်တွေ ငယ်ဆီ ပြန်ဦးတည်လာ ခဲ့ရင်း

"ငယ် နှင် တည်နဲ့ဆုံသေးလား"





ငယ် ချက်ချင်း ဘာဖြေရမည်မသိပါ။ တကယ်ဆို တည်နှင့် ဆုံခဲ့ပြီးပြီ။ ဒါပေမဲ့ တည့်အကြောင်းတွေ မကိုဋ္ဌ မေးလာခဲ့လျှင် ငယ် ပြောပြဖို့ နှုတ်က မထွက်မှာ သေချာ၏။

"မဆုံသေးဘူး မကိုဋ္ဌ၊ တစ်ရက်တော့ ဆုံဖြစ်မှာပါ"

"တည် အဆင်ပြေပြေပါပဲ ငယ်၊ ရဲရင့်သစ္စာ ကုမ္ပဏီကြီးက တည်ရဲ့ကုမ္ပဏီကြီးပေါ့"

ငယ် အံ့ဩမိပါသည်၊ တည့် အကြောင်းတွေကို မကိုဋ္ဌ အားလုံး သိနေခဲ့သည်ပဲ။

"မကိုဋ္ဌ နှင်နဲ့တည် ဆုံဖြစ်ကြသေးလားဟင်"

ငယ် သိချင်စိတ်နှင့် မေးတော့ မကိုဋ္ဌ ခေါင်းလေးကိုခါသည်။ အပြုံးရိပ်တို့ ရောင်စဉ်ဟပ်နေသော မကိုဋ္ဌ မျက်ဝန်းလေးတွေကတော့ နည်းသိမ်မွေ့လွန်းနေခဲ့၏။

"လူချင်းမဆုံဖြစ်ကြပေမယ့် တည်နဲ့ပတ်သက်တဲ့ သတင်းတွေ ကို ငါအမြဲ ကြားသိနေပြီးသားပါ ငယ်၊ တည်တို့မောင်နှမဘဝလေး အဆင်ပြေနေလို့ ငါ ဝမ်းသာပါတယ်"

တည့်အပေါ်မှာ မကိုဋ္ဌရဲ့သံယောဇဉ်တွေက ခိုင်မြဲနေဆဲဟု ငယ် ယုံကြည်ပါသည်။ ကံကြမ္မာက မကိုဋ္ဌဘဝကို ဘယ်လောက်ပဲ ပြောင်းလဲ သွားခဲ့ပါစေ။ မကိုဋ္ဌရင်ထဲမှာ တည်နှင့်ပတ်သက်သော သံယောဇဉ်တို့က ပြောင်းမလဲ ရှိနေဆဲ။

"ငယ် နှင်နဲ့ပြန်ဆုံရတာ ငါ အရမ်းဝမ်းသာတယ်၊ နှင့်ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ရှိဦးမှာမဟုတ်လားဟင်၊ ငါ့ဆီကို အမြဲလာလည်ပါနော်''

''စိတ်ချပါ မကိုင်ရယ်၊ ငါရဲ့ဆရာက ရန်ကုန်မှာ အကျိုးဆောင်ကုမ္ပဏီတစ်ခု ဖွင့်ဖြစ်မှာလေ၊ ဒါကြောင့် ငါ ရန်ကုန်မှာရှိမှာပါ၊ ငါ အချိန်ရရင် နင့်ဆီလာလည်မှာပါ''

''အေးဟယ် ငါကတော့ အပြင်သိပ်မထွက်ဖြစ်ဘူး၊ သမီးလေး အတွက်ပဲ ငါ့ရဲ့အချိန်တွေကို အပြည့်ပေးထားရတာလေ''

''ဘာပဲဖြစ်ဖြစ် နင့်ဘဝလေးက ပျော်စရာကောင်းပါတယ် မကိုင်၊ နင့်ကို ဒီလိုဘဝလေးနဲ့ ပြန်ဆုံတာ ငါ ဝမ်းသာပါတယ်''

''ဒီလိုပဲပေါ့ ငယ်ရယ်၊ ကံကြမ္မာက ပေးတဲ့ဘဝလေးမှာ ငါ ပျော်အောင်နေတတ်ခဲ့ပါပြီ၊ အဲဒါ ဘာကြောင့်လဲ သိလား ငယ်''

''ဘာကြောင့်လဲဟင် မကိုင်''

''သမီးလေးကြောင့်ပေါ့ ငယ်ရယ်၊ ငါ့ဘဝ ငါ့အနာဂတ်က သမီးလေးအတွက်ပဲလေ၊ သမီးလေးကို ပိုင်ဆိုင်ရမှ တစ်ချိန်က မေမေ့ရဲ့ ချစ်ခြင်းမေတ္တာတွေကို ငါ နားလည်နိုင်ခဲ့တာပါ၊ လောကကြီးထဲမှာ မရှိတော့တဲ့ ဖေဖေနဲ့မေမေတို့ရဲ့မေတ္တာကို နားလည်နိုင်အောင် သမီးလေးက ငါ့ကို သင်ပေးခဲ့တာပါ''

လေးနက်လွန်းသော မကိုင်၏ စကားတွေကို ငယ် နားထောင်ခဲ့ရပါသည်။ ခုနစ်နှစ်ကျော်ဆိုသော ကာလသည် မကိုင်ကို လေးနက်ရင့်ကျက်စေခဲ့၏။

တည့်အတွက်တော့ နာကျင်ခံစားမှုတွေက ပြေလျော့မသွားခဲ့





...းတာ အမှန်။

''ချစ်ခြင်းမေတ္တာဆိုတာ ရယူပိုင်ဆိုင်လိုမှုထက် ပေးဆပ်ရတာ ...ပိုလေးနက်ဖြူစင်တယ်ဆိုတာ ငါ လက်ခံနိုင်ပြီ ငယ်၊ အေးချမ်းတဲ့ ...ခြင်းမေတ္တာကို ငါ ခံစားတတ်ခဲ့ပြီ''

အပြန်လမ်းမှာ မကိုင်ရဲ့စကားတွေက ငယ် နားစည်ထဲအထိ ...င်နေခဲ့သည်။

မကိုင်၏ စကားတွေကို ငယ် အကြွင်းမဲ့ထောက်ခံချင်ပါသည်။ ...ချစ်ကို ပေးဆပ်ခြင်းတွေနှင့် ငယ်က ချစ်ခဲ့ဖူးသည်။

တစ်ယောက်တည်းသော ယောကျ်ားတစ်ယောက်အပေါ်မှာပေါ့။ ...ဒီယောကျ်ားက တည်ပဲဖြစ်သည်။

ဟိုးငယ်စဉ်ကတည်းက တည့်အပေါ် ချစ်ခဲ့သော နှလုံးသား...ည် ယခုချိန်ထိ ဖြူစင်နိုင်မာစွာ တည်ရှိနေဆဲ ဖြစ်၏။

တည့်အပေါ် ချစ်ခဲ့သော ချစ်ခြင်းသည် ပိုင်ဆိုင်ရလိုမှုတွေ ...ခုမျှ မရှိခဲ့ပါ။ ဒါကြောင့်လည်း ငယ့်နှလုံးသားသည် ပူလောင်ခြင်းတွေ ...း၊စင်ခဲ့သည်။

ယခုချိန်အထိလည်း တည်ကို ငယ့်နှလုံးသားက ခိုင်မြဲစွာ ...နေဆဲ။ ဘာမျှော်လင့်ချက်မှ မပါသော ချစ်ခြင်းဖြင့် အေးချမ်းစွာ ...င်နေမြဲ။

မကိုင်ရဲ့ချစ်ခြင်းကကော တည်အပေါ်မှာ ခိုင်မြဲနေဆဲလား။ ...ာသည်က ပူလောင်စေသော ချစ်ခြင်းတွေ မကိုင်၏ နှလုံးသားမှာ



www.burmeseclassic.com

www.burmeseclassic.com



ကင်းစင်ငြိမ်းချမ်းနေခဲ့ပြီ။

တည် နှလုံးသားကသာ ပူလောင်သော ချစ်ခြင်းတွေကို လ

ထားရှိနေဆဲ ဖြစ်၏။

တည့်နှလုံးသားလေးကို အေးမြငြိမ်းချမ်းစေချင်ပါသည်။ ဒါ

တည် ကိုယ်တိုင်က နိုင်မြဲစွာ ဖက်တွယ်ထားသည့်အဖြစ်မှာ ...။

တည်ရယ် အေးမြတဲ့ချစ်ခြင်းနဲ့ နင့်နှလုံးသားလေးကို ငြိမ်းချ

စေချင်လိုက်တာ ...။

■ ■ ■



## အခန်း (၃၄)

ထိုမျှအထိတောင် သူ့ခြေလှမ်းတွေ အောင်မြင်မြန်ဆန်လိမ့်မည်ဟု ထင်မှတ်မထားခဲ့မိပါ။

အခုတော့ ခြောက်လအတွင်းမှာပဲ သူ့ရဲ့လုပ်ငန်းတွေက ခရီးပေါက်မြောက်ခဲ့သည်။ နိုင်မဟာရဲ့အောင်မြင်စွာ လည်ပတ်နေသော လုပ်ငန်းတွေက သူ စီမံထားသည့် လှည့်ကွက်ထဲ သိသာစွာ ရောက်ရှိလာခဲ့၏။

နိုင်မဟာ ဦးတည်နေသော ခြေလှမ်းသစ်တွေကိုလည်း သူ့ဘက်က ကြိုတင်လှမ်းနိုင်ခဲ့သည်။

"ဦးနိုင်သိမ်းပိုက် တော်တော် စဉ်းစားရခက်နေမှာ သေချာတယ် ဆရာ၊ သူ့ကို ထိပ်တိုက်ရင်ဆိုင်နေတဲ့သူက ဘယ်သူလဲဆိုတာတောင် သူ မသိရှာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲပေါ့၊ ငါလိုချင်တာ ဒီလိုအခြေအနေပဲ"

"လပိုင်းအတွင်းမှာ ဆုံးရှုံးသွားတဲ့ သူ့ရဲ့လုပ်ငန်းတွေအတွက် သူ့ကုမ္ပဏီမှာ တော်တော်ရိုက်ခတ်နေတယ် ဆရာ၊ ဝန်ထမ်းတွေနဲ့ အထက်ပိုင်းက တာဝန်ရှိသူတွေကြားမှာလည်း ပြဿနာတွေ ရှုပ်ထွေးနေတယ်"

သူ အားပါးတရ ပြုံးမိသည်။ ဒါပါပဲ။ သူလိုချင်သော အခြေအနေတစ်ခုကို မကြာခင်မှာ ပိုင်ဆိုင်ရတော့မှာ သေချာနေသည်။

ဦးနိုင်သိမ်းပိုက် ဘယ်လောက်အထိ တင်းခံနိုင်မည်လဲ။ သူ့ဘက်က အဆုံးစွန်အထိ ရင်ဆိုင်တိုက်ခိုက်သွားဖို့ အသင့်ရှိနေခဲ့သည်။

နောက်ဆုံး နိုင်မဟာရဲ့ ကျဆုံးခန်းတစ်ခုကို သူ အရသာခံ စောင့်ကြည့်ချင်သည်။

"ထူးဇော် ငါတို့ရဲ့ခြေလှမ်းတွေကို ရပ်မပစ်ဘဲ ဆက်လှမ်း ဆက်တိုက်ခိုက်ရမယ်၊ ငါလိုချင်တာ ဘာလဲ မင်းသိပါတယ်"

"ကျွန်တော် သဘောပေါက်ပါတယ် ဆရာ"

"ဟုတ်ပြီ ဒါဆို မင်းသွားတော့၊ အရေးကြီးတဲ့သတင်းကို ငါ့ဆီ ပို့ဖို့ ဘယ်တော့မှ မမေ့နဲ့"

"စိတ်ချပါ ဆရာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

သူ့ရဲ့လူယုံတော် တပည့် ထူးဇော် ရုံးခန်းထဲက ပြန်ထွက်သွားတော့ သူ ဆုံလည်ကုလားထိုင်မှာ ပေါ့ပါးစွာ ထိုင်ချလိုက်သည်။

အားရကျေနပ်စိတ်နှင့် သူ့ခန္ဓာကိုယ်မှာ လည်ပတ်နေသော





သွေးတွေ ရှိန်းမြပူနွေးနေခဲ့၏။

မျက်ဝန်းတွေကို မှေးမှိတ်ထားပေမယ့် အာရုံထဲမှာ အရိပ်ထင် လာတာ ဦးနိုင်သိမ်းပိုက်ရဲ့မျက်နှာ။

အခုလောက်ဆို ဒီလူကြီး ဘယ်လောက်ထိ ခေါင်းမီးတောက် လောင်နေခဲ့မည်လဲ။ သိန်းထောင်ချီသော ရှုံးနိမ့်မှုတွေအတွက် သွေးပျက် ချောက်ချားနေမှာ သေချာ၏။

တစ်ချိန်တစ်ခါတုန်းက ဒီလူကြီးရဲ့ငွေကြေး အရှိန်အဝါတွေနှင့် ဒုဘဝ သူ့နှလုံးသားကို စတေးခံခဲ့ရ၏။

မကိုင်ရှိသည်လည်း ထိုငွေကြေးဓနတွေနှင့် သူ့နှလုံးသားကို ပေကျွာပြုရက်ခဲ့၏။

စောင့်ကြည့်လိုက်စမ်း ပန်းမြတ်မကိုင်ရှိ။

မင်း မက်မောခင်တွယ်တဲ့ ငွေကြေးတွေက မင်းဘဝကို ဘယ် အချိန်ထိ ပျော်ရွှင်စေနိုင်မှာတဲ့လဲ။

"တူ တူ တူ"

အတွေးစတွေက စားပွဲပေါ်က မြည်လာသော ဖုန်းသံလေး ကြောင့် ပျောက်ဆုံးကုန်သည်။ သူ ဖုန်းလေးကို လှမ်းယူလိုက်တော့ သူ့ဆီက ဆက်တာ ဖြစ်နေသည်။

"ဟဲလို ငယ်လား"

"တည် နင် အချိန်ရလား။ ဒီညနေ အလုပ်ဆင်းချိန်စောင့်မယ် နင်ငါ တွေ့ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲ ငယ်၊ ငါ ဒီနေ့ ဘာကိစ္စမှ မရှိဘူး"

"ဒါဆို နင့်ကို ငါ ခင်နာကျွေးချင်လို့ မနက်ဖြန် ငါ့မွေးနေ့လေ"

"အိုကေ ငယ် နင့်မွေးနေ့ဆိုတော့ ငါ လာရမှာပေါ့၊ အမှန်ဆို နင် ငါ့ကိုကြိုပြောသင့်တယ်၊ နင့်အတွက် အမှတ်တရလက်ဆောင်တော့ ငါ ပေးရမှာပေါ့"

"မလိုပါဘူး တည်ရယ်၊ ငါက နင် အားလပ်ပါ့မလားတောင် ထင်မိတာ"

"နင့်အတွက်ပဲဟာ ငါ အားရမှာပေါ့၊ ပြော ငါဘယ်လာခဲ့ရမှာ လဲ"

ငယ် ချိန်းဆိုသော ဆိုင်လေးကို သူ မှတ်သားထားလိုက်ပ သည်။ တကယ်ဆို ငယ်ရဲ့မွေးနေ့ရက်တွေကို ဟိုးငယ်စဉ်က သူတို့ မကြာခဏ ကြုံဆုံခဲ့ဖူးသည်။

ငယ်က သူတို့မြို့လေး၏ အကောင်းဆုံး စားသောက်ဆိုင်လေး မှာ ခေါက်ဆွဲကြော် လိုက်ကျွေးဖူးသည်။

ငယ်ရဲ့မွေးနေ့မှာ ထိုစဉ်တုန်းက သူနှင့်မကိုဋ္ဌ အမြဲတမ်း အတူ စားသောက်ခဲ့ရ၏။

မကိုဋ္ဌက အမှတ်တရလက်ဆောင်လေးတွေ ပေးတတ်ခဲ့ပေမယ့် သူကတော့ ငယ့်ကို ဘာလက်ဆောင်မှ မပေးနိုင်ခဲ့ပါ။

အခုချိန်မှာတော့ ငယ့်အတွက် အမှတ်တရ လက်ဆောင်တစ်ခု တော့ သူ ပေးရမည်။ နာရီကိုငုံ့ကြည့်တော့ လေးနာရီကျော်ကျော်ပဲ ရှိ



သေးသည်။

ငယ်နှင့်ချိန်းဆိုထားတာက ငါးနာရီခွဲဆိုတော့ တစ်နာရီကျော် လောက် အချိန်ရပါသေး၏။

ငယ်အတွက် အမှတ်တရလက်ဆောင်တစ်ခု ဝယ်ယူဖို့ လုံ လောက်သောအချိန်ပါပဲ။

■ ■ ■

သူကမ်းပေးသော အနက်ရောင်ဘူးလေးကို ငယ် ဖွင့်ကြည့် တော့ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားရ၏။

ပလက်တီနမ်ဟန်းချိန်းလေးက ဘူးလေးထဲမှာ ပြိုးပြိုးပျက်ပျက် တောက်ပနေ၏။

"နင်သဘောကျရဲ့လား ငယ်၊ အချိန်က သိပ်မရတော့ နင့် အတွက် အဆင်ပြေမယ့်လက်ဆောင်ကို ငါတော်တော် ခေါင်းစားခဲ့ရတယ်"

"တည်ရယ် ဒီလောက် တန်ဖိုးကြီးတဲ့လက်ဆောင် ငါမလိုချင် ပါဘူးဟယ်"

ငယ် အားတုံ့အားနာ ငြင်းဆိုတော့ တည်က ပြုံးပြုံးလေး ခေါင်းခါသည်။

"တန်ဖိုးဆိုတာ ဘာကိုပြောတာလဲ ငယ်၊ ငွေကြေးကို ရည်ညွှန်း တာလား၊ မလိုဘူး ငွေကြေးဆိုတာ လူတစ်ယောက်အတွက် လိုအပ်တာ ပေမယ့် အဲဒီအရာထက် အရေးပါတန်ဖိုးကြီးတဲ့အရာတွေ ရှိပါတယ်ဟာ"

www.burmeseclassic.com



တည် အလေးအနက်ဆိုတော့ ငယ် မျက်တောင်လေးပုတ်ခတ်နားထောင်နေမိ၏။ နို့နှစ်ရောင် စပို့ရှပ်လက်ရှည်ကို အနက်ရောင်စတိုင်ပင်နှင့် တွဲဖက်ဝတ်ဆင်ထားသော တည်သည် ရှင်းသန့်လွန်းနေသည်။

ချောမောရှင်းသန့်နေသော တည်မျက်နှာချောချောသည် ဟို အရင်ကလိုပဲ ငယ်မျက်ဝန်းထဲမှာ စွဲမက်ဖွယ်ကောင်းနေဆဲ။

"နင်နဲ့ငါကြားက သံယောဇဉ်က ဘယ်ငွေကြေးထက်မှ တန်ဖိုးမရှိဘူး ငယ်၊ အဲဒီ သံယောဇဉ်ကိုပဲ ငါ တန်ဖိုးထားတယ်၊ တချို့က ငွေကြေးကြောင့် အဲဒီအရာအားလုံးကို ဥပေက္ခာပြုကြတယ်၊ အဲဒီလူမျိုးကို ငါ သိပ်မုန်းတယ်"

ဖြူစင်ဝင်းမွတ်နေသော တည် မျက်နှာမှာ ဒေါသသွေးရောင်တို့ ချက်ချင်း အရိပ်ထင်လာသည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေကြောင့်က အပြုံးတို့သည် နာကျည်းရိပ်ထင်သော အပြုံး။

တည် ရည်ညွှန်းတာ ဘယ်သူလဲ။ ငယ် နားလည်ပါသည်။ မကိုဦးအပေါ်မှာ တည် ဘာကြောင့် နားမလည်နိုင်ရတာလဲ။

"တည်"

"ပြောလေ ငယ်"

"တကယ်ဆို ဒီပွဲလေးကို ဟိုးငယ်ငယ်ကလို ငါတို့သူငယ်ချင်းသုံးယောက် အတူဆုံချင်တာ"

"ဘာရယ် ငယ် နင် ဆိုလိုတာ မကိုဦးကိုပါ ဒီပွဲအတွက် ဖိတ်





မလို့လား၊ ဒါဆိုရင် ဒီပွဲကို ငါရောက်လာမှာ မဟုတ်ဘူး"

"တည်ရယ် မကိုဦးကို နင်ဘာလို့ ခွင့်လွှတ်နားမလည်နိုင်တာလဲ ဟင်"

"ငါက ဘာကို နားလည်ပေးရမှာလဲ ငယ်၊ မကိုဦး ရွေးချယ်ဆုံးဖြတ်ခဲ့တဲ့ဘဝလေ၊ ငွေကြေးမနေအတွက် ငါ့အချစ် ငါ့နှလုံးသားကို နင်းချေသွားတဲ့သူကို ငါ နားလည်ခွင့်လွှတ်ပေးရမှာလား ငယ်"

ဒေါသကြောင့် တည်မျက်နှာက ရဲရဲနီလာသည်။ မာထန်သောအသံလှိုင်းတွေက ကျယ်လောင်နေခဲ့၏။

"ငါ တောင်းပန်ပါတယ် ငယ်၊ ကျေးဇူးပြုပြီး သူ့အကြောင်းနင်မပြောနဲ့၊ ငါ့ရင်ထဲမှာ သူ မရှိတော့ဘူး။ သူငယ်ချင်းဆိုတဲ့သံယောဇဉ်တွေလည်း မရှိဘူး ဒါ သေချာတယ်"

တည် ခံစားချက်၊ ဒေါသတွေကို ငယ် ပင့်သက်လေးရှိုက်ကာ ခေါင်းလေးခါမိသည်။ တကယ်ဆို ဒီပွဲလေးကို သူငယ်ချင်းသုံးယောက်ဆုံစည်းချင်ခဲ့သည်။

မကိုဦးကိုလည်း ငယ် ဖိတ်ခဲ့သေး၏။ ဒါပေမဲ့ မကိုဦး လိုက်မလာနိုင်ခဲ့ပါ။

"ငါ လာချင်ပါတယ် ငယ်၊ ဒါပေမဲ့ လာဖြစ်ဖို့ မလွယ်ဘူး၊ ဦးနိုင် အခုတလော အလုပ်တွေရှုပ်ပြီး အိမ်ပြန်နောက်ကျနေတယ်၊ ဒါပေမဲ့ ငါ သူ စောစောပြန်လာလို့ ခွင့်တောင်းလို့ရရင် လာခဲ့ပါ့မယ်"

မကိုဦး တောင်းပန်တော့ ငယ် နားလည်ပေးခဲ့မိ၏။ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



မကိုင်ရှ် ရောက်မလာတာပဲ ခပ်ကောင်းကောင်း။

မှာထားသည့် ဟင်းလျာတွေကို စားပွဲထိုးလေးချလာပေးတော့ ငယ် တည်ရဲ့ဒေါသတွေကို လေပြည်လေးနှင့် ပြန်ဖြေသိမ့်ရ၏။

"တည် ငါတို့ စိတ်ညစ်စရာတွေ မေ့ထားလိုက်စို့နော်၊ ငါ့ရဲ့ မွေးနေ့လေးကို ငါနဲ့အတူ ပျော်ပျော်ပါးပါး ကုန်ဆုံးရအောင်"

"ဆောရီး ငါ့ဒေါသတွေ ဆူဝေသွားတာ တောင်းပန်ပါတယ် ငယ်၊ ကဲ ဟက်ပီးဘတ်သ်ဒေးပါ ငယ်"

"ကျေးဇူးတင်ပါတယ် တည်"

နှစ်ယောက်သား စားသောက်စရာတွေကို အားပါးတရ စားသောက်လိုက်ကြသည်။ တည် ပန်းကန်ထဲကို ကြက်အသည်းတစ်ဖတ် ငယ် ခပ်ထည့်ပေးတော့ တည် ခေါင်းလေးညိတ်ပြုံးသည်။

ငယ် ထည့်ပေးသော အသည်းဖတ်ကို ခက်ရင်းနှင့်ဖဲ့ကာ စားဖို့ တည် အပြင်မှာပဲ အခန်းထဲကို ရိပ်ခနဲ ဝင်လာသော လူရိပ်တစ်ခု။

"ဟင် မကိုင်ရှ်"

ငယ် ဘယ်လိုမှ ထင်မှတ်မထားခဲ့ပါ။ တည် မျက်ဝန်းတွေက လည်း မကိုင်ရှ်ကို ရူးရဲအံ့သြစွာ စိုက်ကြည့်နေခဲ့၏။

"ငါ နောက်ကျသွားတာ ခွင့်လွှတ်ကြပါဟာ၊ ဦးနိုင် အိမ်ပြန် နောက်ကျနေလို့"

ကသောကမျောလေး ထွက်လာခဲ့ရပုံရသော မကိုင်ရှ်သည် အနီရဲ





ရဲ ဝတ်စုံလေးနှင့် ကြည်ကြည်လင်လင်လေး လှပနေခဲ့သည်။

"ငယ် ငါပြန်မယ်"

တည် ဝုန်းခနဲ ထရပ်ရင်း ငယ်ကို မာထန်ထန် နှုတ်ဆက်တော့ မကိုင်ရှ် မျက်ဝန်းလေးတွေ မယုံနိုင်စွာ ဝိုင်းစက်သွားရင်း

"တည် တည်နေပါဦး"

တားမြစ်ဖို့ ကြိုးစားသော မကိုင်ရှ်ကို ရှောင်တိမ်းကာ တည် ခြေလှမ်းကျဲကြီးများနှင့် အခန်းထဲက ရှောင်ထွက်သွားခဲ့၏။

"တည် တည်"

"မကိုင်ရှ်"

တည့်နောက် ပြေးလိုက်ဖို့ ကြိုးစားသော မကိုင်ရှ်ကို ငယ် လှမ်း ခေါ်တားမြစ်လိုက်တော့ မကိုင်ရှ် လှည့်ကြည့်ရှာ၏။

"တည် တည် ဘာ ဘာဖြစ်တာလဲဟင်"

မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်ကာ မကိုင်ရှ် တအံ့တသြ မေးနေတော့ ငယ် မကိုင်ရှ် လက်မောင်းလေးကို ဆုပ်ကိုင်ပေးမကာ စားပွဲဝိုင်းရှေ့က ခုံမှာ ထိုင်စေလိုက်၏။

"တည် ဘာလို့ ထပြန်သွားရတာလဲဟင် ငယ်၊ တည် တည် ငါ့ကို"

ပြောရင်း မကိုင်ရှ် အသံလေးတွေ တိမ်ဝင်ကာ မျက်ရည်တွေ ဆက်လာ၏။

မကိုင်ရှ်စိတ်မကောင်းမှာစိုး၍ တည်နှင့်ပတ်သက်သမျှ ခံစား ချက်တွေကို ငယ် သိုဝှက်ထားခဲ့မိ၏။ အခုတော့



www.burmeseclassic.com

အခြေအနေတွေက သိဝှက်ထားလို့မရအောင် ဖြစ်သွားခဲ့ပြီ။

မကိုင်ရှုကို ဝန်ခံပြောပြဖို့ စကားလုံးတွေကို ငယ် နှုတ်ဖျားက ရှာဖွေနေရတာ ပင်ပန်းလိုက်တာ။

■ ■ ■



အခန်း (၃၅)

"ဘာ ဘာရယ် မကိုင်ရှု ပစ္စည်းတွေ မရှိတော့ဘူး ဟုတ်လား"

သူ မယုံနိုင်သလို အော်ဟစ်တော့ မကိုင်ရှု ခေါင်းလေးငုံ့ကာ တိတ်ဆိတ်နေခဲ့၏။

"မ မကိုင်ရှု မဟုတ်တာ၊ မနောက်ပါနဲ့ကွာ အခုချိန်မှာ ဒီပစ္စည်းတွေက ကိုယ်တို့အတွက် သိပ်အရေးကြီးနေပြီ၊ ကိုယ့်လုပ်ငန်းမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေအတွက် ဒါတွေကို ရောင်းချပြီး မြှုပ်နှံရမှာ"

သူ မကိုင်ရှု နားလည်အောင် ရှင်းပြနေမိပြန်သည်။ တကယ်ဆိုလျှင် သူ့ရဲ့လုပ်ငန်းတွေ အခက်အခဲများစွာနှင့် ရင်ဆိုင်နေခဲ့ရတာကို မကိုင်ရှုကို သူ ဖွင့်မပြောရက်ခဲ့ပါ။

မကိုင်ရှုနှင့်သမီးလေး စိတ်မဆင်းရဲစေချင်တာကြောင့် သူ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းပဲ ကြိတ်ရင်ဆိုင်ခဲ့သည်။

အခုတော့ လုပ်ငန်းတွေက အရှုံးတွေမှာပဲ နစ်မြုပ်ကျရှုံး
သည်။ ထို့အတွက် နောက်ဆုံး အားကိုးရာသည် မကိုင့်ကို သူပေးထာ
သော ဘိုးဘွားအမွေရတနာတွေပဲ ဖြစ်၏။

"မကိုင့် ဒီပစ္စည်းတွေ မင်းကို ပေးထားတာ မှန်ပေမယ့် အ
ချိန်မှာ ကိုယ်ပနို့မိသားစုအတွက် အရင်းအနှီးပဲ၊ ဒါတွေ ကိုယ့်ကို ပြန်ပေး
မကိုင့်ရယ်၊ ကိုယ့်လုပ်ငန်းတွေကို အဖတ်ဆယ်ဖို့ ဒါက အရေးကြီးဆုံး
အရင်းအနှီးပဲ"

"အဲ အဲဒါတွေ မရှိတော့ဘူး ဦးနိုင်"

"ဘာ ဘာရယ် မရှိတော့ဘူး"

"ဟုတ်ပါတယ် မကိုင့် အရေးကြီးကိစ္စတစ်ခုအတွက် သုံးပ
လိုက်တာပါ"

"ဘာ ဘာကွ မင်း မင်း"

သူ့ရင်ထဲမှာ ဆူဝေသွားသော ဒေါသတွေနှင့် မကိုင့်ကို ရိုက်
နှက်ဖို့ လက်ရွယ်မိခိုက်မှာပဲ

"ဖေဖေ ဖေဖေ မေမေ့ကို မရိုက်ပါနဲ့ အီး ဟီး ဟီး"

အခန်းထဲက ပြေးထွက်ငိုလာသော သမီးက မကိုင့်ကို ဖက်
ထား၏။ သူ့ဒေါသတွေ မကိုင့်ဆီ မကျရောက်လိုက်ပါ။

ခေါင်းကို တွင်တွင်ခါရမ်းရင်း အခန်းထောင့်က မီးခံသေတ္တာ
သူ ဆွဲဖွင့်လိုက်တော့ အထဲမှာ ဟာလာဟင်းလင်း မြင်ကွင်းက ဆီးကြ

ဗျူး၈၁၇၆၉



နေ၏။

"မကိုင့် မင်း ဒါတွေကို ဘာအတွက် သုံးပစ်လိုက်တာလဲ၊
ကိုယ့်ကိုပြောစမ်းပါ၊ ဒါ ဒါတွေက ဘယ်လောက်တန်ဖိုးကြီးသလဲ မင်း
သိသလား၊ ငါ့ဘိုးဘွားအဆက်ဆက် ပိုင်ဆိုင်မှုတွေကွ"

"မကိုင့်ကို သတ်ပစ်လိုက်ပါ ဦးနိုင်၊ ဒီပစ္စည်းတွေကို မကိုင့်
သုံးပစ်လိုက်တာ ဝန်ခံပါတယ်"

"ဟာ တောက် မင်း မင်းလုပ်ရက်လိုက်တာကွ"

"အီး ဟီး မေမေ မေမေ အီး ဟီး"

မကိုင့်အပေါ် တစ်ကြိမ်တစ်ခါမှ မပေါက်ကွဲခဲ့သော သူ့ရဲ့ဒေါသ
တွေအတွက် သမီးက ကြောက်လန့်တကြား ငိုကြွေးသံက ဆူညံစွာ
ထွက်ပေါ်နေဆဲ။

"မကိုင့်ရယ် မင်း ရက်စက်လိုက်တာ၊ သိပ်ရက်စက်လွန်းတယ်၊
ခု ငါတို့မိသားစုဘဝအတွက် ငါ ဘယ်လို ဆက်ရင်ဆိုင်ရမလဲ၊ ဒါ
ဘဝ ပြီးတော့ ငါချစ်တဲ့ မင်းနဲ့သမီးလေးဘဝကို ဒုက္ခကြီးကြီးမားမား
င်ဆိုင်စေတာကွ"

သူ ပေါက်ကွဲစွာဆိုနေတော့ မကိုင့် သမီးကို ဖက်ကာ မျက်ရည်
တွေ စီးကျငိုကြွေးနေခဲ့၏။

မကိုင့် မျက်ရည်တွေကို ဒါ သူ ပထမဆုံး မြင်ခဲ့ဖူးတာ ဖြစ်
သည်။ ဒီမျက်ရည်တွေက သူ့ရင်ထဲကို ငရဲမီးတွေ ပက်ဖြန်းသလို ခံစ
ဘောင်စေ၏။

ဗျူး၈၁၇၆၉

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက ဒေါသတွေ၊ ပူလောင်မှုတွေ ပြီးတော့ ရှေ့ဆက်
ရင်ဆိုင်ရမယ့် အနာဂတ်။

မကိုဋ္ဌကို အပ်နှံထားသော သိန်းထောင်ချီတန်ဖိုးရှိသော ရတနာ
တွေက အခုတော့ ဘာမှမရှိတော့။

ရှေ့ဆက် သူ ဘာဆက်လုပ်ရမည်လဲ။ နောက်ဆုံးသော အာ
ကိုးမျှော်လင့်ချက်ကြီးကို မကိုဋ္ဌ ရိုက်ချိုးခဲ့သည်။ သူ မြတ်နိုးချစ်ရသော
မကိုဋ္ဌက ရိုက်ချိုးပစ်လိုက်ပြီ။

ဖနီးနှင့်သမီး၏ပိုကြွေးသံတွေကြားမှာ သူ ဆက်ပြီး ရပ်မနေခ
တော့ပါ။ အခန်းထဲမှ ဝုန်းခနဲ ပြေးထွက်ခဲ့ကာ ဆင်ဝင်အောက်
ကားဆီ ပြေးတက်လိုက်သည်။

"ဝူး ဝူး"

ဦးတည်ရာကင်းမဲ့နေသော စိတ်တွေက မွန်းကြပ်နေသည်
သူ့ရဲ့ကားလေးက အရှိန်ပြင်းစွာ လမ်းမပေါ်မှာ ဦးတည်ရာကင်းမဲ့နေ

■ ■ ■

ဆိုင်ရှေ့မှာ ရပ်ထားသော ဦးနိုင်သိမ်းပိုက် ကားကိုမြင်တော့
သူ အံ့သြသွားခဲ့မိသည်။ ဒါကြောင့်လည်း ရည်ရွယ်ချက်မရှိဘဲ ဆိုင်ထဲ
သူ ဝင်ထိုင်ဖြစ်ခဲ့တာ ဖြစ်၏။

သူ ဆိုင်ထဲရောက်ခဲ့ချိန်မှာ ဦးနိုင်သိမ်းပိုက် တော်တော်မူး
ခဲ့ပြီ။ စားပွဲပေါ်မှာ အစီအရီရှိနေသော ဘီယာဘူးခွံတွေကို မြင်ကတ
က သူ သဘောပေါက်ပါသည်။





ဦးနိုင်သိမ်းပိုက် ခေါင်းမီးတောက်နေခဲ့ပြီ ထင်ရဲ့။

မလှမ်းမကမ်းက စားပွဲလေးမှာထိုင်ကာ သူ စောင့်ကြည့်အကဲ
ခတ်နေလိုက်၏။

ကြာကြာ မစောင့်လိုက်ရပါ။ ထိုင်ခုံက ထရပ်သော ဦးနိုင်သိမ်း
ပိုက် မဟန်နိုင်တော့ဘဲ စားပွဲပေါ် ဝုန်းခနဲ ပြိုလဲကျသွားခဲ့သည်။

"ဟာ ဟော့လူ ဟော့လူ"

"ဟာကွာ ဒီလောက်အထိ မူးအောင် သောက်ရသလား"

စားပွဲထိုး ဝိတ်တာလေးတွေ စိတ်ပျက်စွာ အော်ဟစ်ရင်း လဲကျ
နေသော ဦးနိုင်သိမ်းပိုက်ကို ပွေ့ထူဖို့ ကြိုးစားနေတော့ သူ အနားကို
လျှောက်ခဲ့ရင်း

"ညီလေးတို့ သူ့ကို ကားပေါ်တင်ပေးလိုက်ကြကွာ၊ ဒီမှာ
ကျသမျှကို အစ်ကိုရှင်းပေးမယ်"

ချာတိတ်လေးတွေ သူ့စကားအတိုင်း ဦးနိုင်သိမ်းပိုက်ကို ဖေးမ
တွဲခေါ်သွားကြသည်။

လောကကြီးနှင့် ကင်းလွတ်သွားသော ဦးနိုင်သိမ်းပိုက်ကတော့
ဘာဆိုဘာမှ မသိရှာပါ။

သူ့ရဲ့ဟန်းဖုန်းလေးကိုဖွင့်ကာ သူ့တပည့်တစ်ယောက်ကို ဆက်
သွယ်ခေါ်လိုက်၏။

"အေး မင်း ခုချက်ချင်း လာခဲ့၊ ပြီးရင် ဦးနိုင်သိမ်းပိုက်ကို
အိမ်ပြန်ပို့ပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖုန်းလေးကိုပိတ်ကာ ကားနောက်ခန်းထဲမှာ ပိုးလိုးပက်လက် အိပ်ပျော်နေသော ဦးနိုင်သိမ်းပိုက်ကို ပြုံးပြုံးလေး ကြည့်လိုက်မိသည်။

သိပ်စိတ်ညစ်နေပြီလား ဦးနိုင်သိမ်းပိုက်။

ခင်ဗျား သေလို့မဖြစ်သေးဘူး၊ ပြိုင်ပွဲက မပြီးသေးဘူး။ အရှုံးတွေကို ရင်ဆိုင်ခံစားရမှာ ခင်ဗျားမဟုတ်ဘူး။ ပန်းမြတ်မကိုင်ရှ ဆိုတဲ့ ခင်ဗျားရဲ့ချစ်ဇနီးလေးပဲ ဖြစ်ရမယ်။

ကျုပ်လိုချင်တာ ပန်းမြတ်မကိုင်ရှရဲ့အရှုံးတွေပဲ။

■ ■ ■

## အခန်း (၃၅)

"ဟဲလို"

"ဒေါ်ပန်းမြတ်မကိုင်ရှလား"

တစ်ဖက်က ကြားရတာ ယောကျာ်းတစ်ယောက်ရဲ့အသံ ဖြစ်မယ့် မကိုင်ရှ မသိပါ။

"ဟုတ်ပါတယ် ဘာကိစ္စရှိလို့ပါလဲရှင်"

"ဦးနိုင်သိမ်းပိုက်ရဲ့အခက်အခဲတွေအတွက် ဆွေးနွေးချင်လို့ပါ"

"ရှင်"

"အဲဒီအခက်အခဲတွေကို ဒေါ်ပန်းမြတ်မကိုင်ရှ ပြေလည်စေချင် ယ် ထင်ပါတယ်"

"ဟို ဟို ကျွန်မ ခင်ပွန်းမရှိဘူးရှင့်၊ သူ အိမ်ပြန်မလာ က်ရှိပြီ"

www.burmeseclassic.com

www.burmeseclassic.com



မကိုင့်ရဲ့ မသိသော လူစိမ်းကို မကိုင့်ရဲ့ အမှန်ပဲ ဝန်ခံပြောပြမိ၏။ တကယ်လည်း ဦးနိုင် အိမ်ပြန်မရောက်လာတာ နှစ်ရက်ရှိပြီ။ ထို့အတွက် မကိုင့် စိတ်တွေပူနေရတာ အမှန်။

ဦးနိုင် ဘာကြောင့် စိတ်တွေညစ်ညူးနေသည်ဆိုတာကိုလည်း မကိုင့် သိခဲ့ပါသည်။

ဦးနိုင်ရဲ့ နိုင်မဟာ ကုမ္ပဏီကြီး ရပ်ဆိုင်းလုမတတ် ရှုံးနိမ့်မှုတွေနှင့် ကြုံဆုံနေရသည်။ ဒါတွေကို ကယ်တင်နိုင်မည့် ငွေကြေးအခက်အခဲအတွက် ဘိုးဘွားပိုင် ဥစ္စာပစ္စည်းတွေကို ဦးနိုင် လိုအပ်သည်။

ဒါပေမဲ့ ထိုရတနာတွေက မကိုင့်ဆီမှာ မရှိတော့ပါ။

သမီးလေး မွေးဖွားစဉ်က မကိုင့်ကို လိုလားစွာ ပေးခဲ့သော ထိုပစ္စည်းတွေကို ဦးနိုင် ပြန်တောင်းဆိုမည် မထင်ခဲ့။

ဦးနိုင်ရဲ့ စီးပွားရေးတွေ ဒီလောက်အထိ ကျဆင်းသွားမည်ဟု မထင်ခဲ့တာကြောင့်ပဲ ဖြစ်၏။ အခုတော့

"ဒေါ်ပန်းမြတ်မကိုင့်"

"ရှင်"

"ဒီပြဿနာကို ဦးနိုင်သိမ်းပိုက် မဖြေရှင်းနိုင်ပါဘူး၊ ဖြေရှင်းနိုင်သူက မင်းကိုယ်တိုင်ပဲ"

"ရှင် ကျွန်မကိုယ်တိုင်"

"ဟုတ်တယ် မင်းပဲ ဖြေရှင်းနိုင်မှာပါ၊ ဒီတော့ မင်းကျုပ်နဲ့ ဆွေးနွေးနိုင်မလား"





မကိုင့် နားမလည်နိုင်ပါ။ ဖုန်းထဲက သူစိမ်းက ဘယ်သူလဲ။ ဦးနိုင်နှင့် ဘယ်လိုပတ်သက်နေသည်လဲ။

"ဟို ရှင် ရှင် ဘယ်သူလဲ"

"အဲဒါကို မင်းသိဖို့ မလိုအပ်ပါဘူး၊ အရေးကြီးတာက မင်းယောကျ်ားရဲ့မဟာအခက်အခဲကြီး ပြေလည်ဖို့ပဲ၊ ဒါကို မင်းပဲဖြေရှင်းပေးနိုင်မှာ"

"ကျွန်မ ဖြေရှင်းပေးနိုင်တယ် မဟုတ်တာ"

"မင်းတစ်ယောက်ပဲ ဖြေရှင်းနိုင်တယ်၊ တစ်ခုပဲ ပေးဆပ်မှု တစ်ခုတော့ ပေးရလိမ့်မယ်"

"ရှင်"

"မင်း စိတ်ဝင်စားတယ်ဆိုရင် ကျုပ်နဲ့လာတွေ့ပါ ပန်းမြတ်မကိုင့်၊ ဒီည ရှစ်နာရီ ခြံအမှတ် (---)"

မကိုင့် ဘာမှမပြောလိုက်နိုင်ခင်မှာ တစ်ဖက်က ဖုန်းချပိတ်သွားခဲ့သည်။ သူ ပြောခဲ့သော လိပ်စာကိုတော့ မကိုင့် မှတ်မိနေဆဲ။

ဘယ်သူလဲ။ ဦးနိုင်ရဲ့အခက်အခဲတွေကို တကယ်ပဲ ကူညီမည့်သူလား။

လက်ရှိအခြေအနေမှာ ဦးနိုင် စိတ်ညစ်နေတာ မကိုင့် မကြည့်ရက်ပါ။ ပြီးတော့ မကိုင့်တို့မိသားစုဘဝအတွက် အရေးကြီးဆုံးကိစ္စကြီး။

နာရီကို မကိုင့် လှမ်းကြည့်တော့ ညနေ ခြောက်နာရီကျော်ပြီ။ သူ ချိန်းဆိုထားသော အချိန်ပြည့်ဖို့ နှစ်နာရီ လိုသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မကိုဋ္ဌ ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

ဦးနိုင်အတွက် ပြီးတော့ သမီးလေးအတွက် မကိုဋ္ဌ ထိုပုဂ္ဂိုလ်ကိုတော့ မဖြစ်မနေ သွားတွေ့ရမည်။

■ ■ ■

"ဘာ ဘာရယ် မောင်တည် နိုင်သိမ်းပိုက်ရဲ့ဖနီး ပန်းမြတ်မကိုဋ္ဌ ဟုတ်လား"

ဦးကောင်းသာ ဘာကြောင့် အထိတ်လန့် ဖြစ်သွားခဲ့တာလဲ သူ မသိပါ။

"ဟုတ်တယ် အန်ကယ်၊ မကြာခင်မှာ သူ ကျွန်တော့်ရှေ့မှောက် ရောက်လာမှာလေ အဟွန်း"

"နေ နေပါဦး မောင်တည်၊ သူ့ကို ဘာကြောင့်ခေါ်လိုက်တာလဲ"

"သူ့ယောကျ်ား ဦးနိုင်သိမ်းပိုက် ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ကူညီမလို့"

"ဘယ်လို"

"ဟုတ်တယ် အဲဒီအတွက် ဒီမိန်းမဆီက ပေးဆပ်မှုတစ်ခုကို ကျွန်တော် အရယူမယ်၊ ကျွန်တော် ပေးဆပ်မယ့် ငွေကြေးနဲ့ထိုက်တန်မှုက ပန်းမြတ်မကိုဋ္ဌရဲ့ဘဝကို ဒီတစ်ည ကျွန်တော့်ဆီမှာ အပ်နှင်းရမှာလေ"

"ဘာ ဘာကွ မဟုတ်တာ၊ မဟုတ်သေးဘူး"

ဦးကောင်းသာ အထိတ်တလန့် ငြင်းသည်။ မယုံနိုင်သော





မျက်ဝန်းတွေက ချောက်ချားအံ့သြနေတာ အထင်အရှား။

"အန်ကယ် မသိသေးတာတွေ ရှိတယ်၊ တစ်ချိန်က ငွေကြေး အရှိန်အဝါနဲ့ ဦးနိုင်သိမ်းပိုက်က ပန်းမြတ်မကိုဋ္ဌကို သိမ်းပိုက်ခဲ့တယ်၊ ပန်းမြတ်မကိုဋ္ဌကလည်း ငွေကြေးနဲ့ ကျွန်တော့်နှလုံးသားကို နင်းချေခဲ့တယ်၊ အခု သူတို့ ပေးဆပ်ရမယ့် အလှည့်လေ"

"ဟာ မောင်တည် မလုပ်ပါနဲ့ မလုပ်ပါနဲ့ကွာ"

"မတားပါနဲ့ အန်ကယ်၊ ဒီအခြေအနေရောက်အောင် ကျွန်တော် ဖန်တီးခဲ့ရတာပါ၊ ဒါ ပန်းမြတ်မကိုဋ္ဌကို ချစ်နေလို့လို့ မထင်နဲ့၊ သူ့ကို ကျွန်တော် ရွံတယ်၊ မုန်းတယ် သစ္စာမရှိတဲ့မိန်းမတစ်ယောက် နှလုံးသားကို ငွေကြေးနဲ့ ကျွန်တော် ပြန်ဝယ်ယူမလို့ပဲ"

"မောင်တည် မင်း မင်းမှားနေပြီ"

"ဘာလဲ လင်ရှိမိန်းမတစ်ယောက်ကို ပတ်သက်လို့ မှားတာလား၊ မှားချင်သလောက်မှား ကျွန်တော် ခံလိုက်မယ် အန်ကယ်၊ နင်းချေခံခဲ့ရတဲ့ ကျွန်တော့်နှလုံးသားအတွက် လက်စားချေမှုကို ကျွန်တော်ရမှ ဖြစ်မယ်"

ဦးကောင်းသာ ခေါင်းကိုခါသည်။ သူ ဥပေက္ခာပြုလျက် စားပွဲပေါ်က ယမကာခွက်ကို မော့သောက်လိုက်၏။ ရင်ထဲမှာ ပူလောင်သွားသော ယမကာရည်တွေ၏ပူလောင်မှုက သူ့သွေးတွေ၏ပူလောင်ဆူဝေမှုကို မနိုင်ခဲ့ပါ။

"ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော ထူးဖော်"

"ဒေါ်ပန်းမြတ်မကိုင်ရှိ ရောက်နေပြီ"

သူ ကျေနပ်စွာ ပြုံးလိုက်သည်။ ဦးကောင်းသာက သူ့ကို တားမြစ်သော မျက်ဝန်းတွေနှင့် ကြည့်နေဆဲ။

"အပေါ်ထပ်က သီးသန့်ခန်းထဲကို မင်း ခေါ်ခဲ့လိုက်၊ အန်ကယ် ဦးကောင်းသာ ကျွန်တော့်ကို နားလည်ပေးပါ၊ ကျွန်တော့်ရည်ရွယ်ချက်ကို သိကြားမင်း ဆင်းဖျက်တောင် မရဘူး"

ပြောပြီး သူ အပေါ်ထပ် လှေကားအတိုင်း တက်ခဲ့လိုက်၏။ မကြာခင် မျက်နှာချင်းဆိုင် ဆုံရမည့် တစ်ချိန်တုန်းက ချစ်သူအတွက် သူ့ရင်ခုန်သံတွေ အေးစက်နေတာ အသေအချာ။

ချစ်ခြင်းနှင့်မထိုက်တန်သော မိန်းမတစ်ယောက်အတွက် သူ့နှလုံးသားက ရင်ခုန်စရာအကြောင်းမရှိတော့ပါ။

ဒီအချိန်မှာ သူ အလိုရှိတာ မကိုင်ရှိရဲ့သွေးသား။ ပြီးတော့ မကိုင်ရှိရဲ့နှလုံးသားကို နင်းချေပြဖို့ပဲ ဖြစ်၏။

■ ■ ■

ဦးကောင်းသာ အံကို တင်းတင်းကြိတ်ရင်း ရင်တွေပူလောင်နေခဲ့သည်။

ရဲရင့်တည်ရဲ့ဆန္ဒရိုင်းတွေကို သူ ဘယ်လိုမှ မတားမြစ်နိုင်တာ သေချာသည်။

ဒါ ဘယ်လိုမှ မဖြစ်သင့်သည့်ကိစ္စ။ ပြီးတော့ ရဲရင့်တည်



အမှားကြီး မှားမည့်ကိစ္စ။

ဖျတ်ခနဲ အာရုံထဲ မြင်ယောင်သတိရမိတာ နှင်းနုငယ်ဆိုသော မိန်းကလေး။

ရဲရင့်တည်နှင့် ပန်းမြတ်မကိုင်ရှိရဲ့သူငယ်ချင်းမလေးက ဒီပြဿနာကို ကူညီနိုင်မည်ထင်ပါသည်။

ဦးကောင်းသာ ဟန်းဖုန်းလေးကိုထုတ်ကာ မှတ်မိနေသော ခလုတ်လေးတွေကို ဖိနှိပ်လိုက်သည်။

ကံကောင်းထောက်မလို့ ကလေးမလေးနှင့် ထိပ်တိုက်ဆုံတွေ့ပါစေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

တိတ်ဆိတ်နေသော အခန်းကြီးထဲမှာ မကိုဠ် ငြိမ်ငြိမ်လေး ရပ်နေမိသည်။

ခြံဝကို လာစောင့်ခေါ်သော လူငယ်လည်း ပြန်လှည့်သွားပြီး အခန်းထဲမှာ စောင့်နေမည့်ပုဂ္ဂိုလ်လည်း မရှိ။ မကိုဠ်ကို ဖုန်းဆက်ခေါ်ခဲ့သူက ဘယ်မှာလဲ။

"မင်း ရောက်လာပြီလား"

နံရံထက်က အင်တာကွန်းလေးထဲမှ လွှင့်သံပါသော အသံကို ကြားသည်။

"ဟုတ် ဟုတ်ကဲ့ပါ"

"အိုကေ ဒါဆို မင်းနဲ့ငါ အပေးအယူလုပ်ရအောင်"





လူကိုလည်း မမြင်ရ။ စကားသံကိုလည်း အင်တာကွန်းထဲကပဲ ခပ်အက်အက် ကြားနေရသော ပုဂ္ဂိုလ်က ဘယ်သူလဲ။ မကိုဠ် ဦးနှောက်တွေ ပူမတတ် အဖြေရှာကြည့်နေမိဆဲ။

"မင်း ခင်ပွန်း ရင်ဆိုင်နေရတဲ့ ပြဿနာတွေအတွက် လိုအပ်တဲ့ငွေကြေး သိန်းငါးထောင် ဒါမှမဟုတ် ဒီထက်လိုအပ်ရင်လည်း ငါ ရှင်းပေးနိုင်တယ်၊ ပြဿနာမဟုတ်ဘူး၊ ဒါပေမဲ့ အဲဒါအတွက် မင်းပေးဆပ်ရမှာတစ်ခုပဲ"

"ဟို ရှင်ဆိုလိုတာ ဘာလဲ"

မကိုဠ် နားမလည်နိုင်စွာမေးတော့ စကားသံ တိတ်ဆိတ်သွားခဲ့သည်။

ထိုအနိုက်မှာပဲ အင်တာကွန်းထဲက ဖုန်းသံလေး ကြားရ၏။ ကျွတ်ခနဲ မကျေမနပ် ရေရွတ်သံနှင့်အတူ သူ ဖုန်းပြောနေတာထင်၏။ အင်တာကွန်းကို ပိတ်လိုက်တာမို့ ထင်သည်။ ဘာသံမျှ မကိုဠ် ဆက်မကြားရတော့ပါ။

■ ■ ■

"ဟဲလို"

"တည်"

တစ်ဖက်က ကြားလိုက်ရတာ ငယ့်အသံမို့ သူ တုန်လှုပ်သွားမိ ... အချိန်မတော် ငယ် ဘာကြောင့် ဖုန်းဆက်တာလဲ။



www.burmeseclassic.com

"ငယ် ဘာကိစ္စလဲ ငါဒီမှာ အရေးတကြီး ညှော်သည်နဲ့ တွေ့စရာရှိလို့"

"တည် အခု နင့်ဆီကို မကိုင်ရွှံ ရောက်နေသလား"

"ဟင်"

"တည် မညာနဲ့၊ ငါသိနေတယ်၊ အခုပဲ ဦးကောင်းသာ ငါ့ဆီ ဖုန်းဆက်တယ်"

"ဘာ"

"နင့်ဒေါသတွေ အမုန်းတွေ ခဏသိမ်းပြီး ငါ့စကားကို နင်နားထောင်ပေးပါ"

"ငယ် နင်ငါ့ကို ဘာမှတားဖို့ မကြိုးစားနဲ့"

"တည် နင် အမိုက်မဲဆုံးအလုပ်ကို လုပ်မှာကို ငါ တားရမှာပဲ၊ တကယ်တော့ နင် ခါးခါးသီးသီး မုန်းနေတဲ့ မကိုင်ရွှံက နင့်ရဲ့ကျေးဇူးရှင်ပဲ"

"ဘာပြောတယ် ငယ်"

"ဟုတ်တယ် နင်တို့ မောင်နှမဘဝကို ကယ်တင်ခဲ့တဲ့ နင့်ဖေဖေရဲ့ညီ ဦးရဲအောင်ဆိုတာ ဘယ်သူလဲ နင်သိလား"

"ဘာ ဘာတွေလဲ ငါ နားရှုပ်ကုန်ပြီ"

"တကယ်တော့ မကိုင်ရွှံက နင်တို့မောင်နှမကို ကူညီချင်လို့ သူ့ခင်ပွန်း ဦးနိုင်သိမ်းပိုက် ပေးထားတဲ့ ဘိုးဘွားပိုင် ရတနာတွေ နင့်ဆီ ပေးခဲ့တာ"





"ဘာ"

"နင် လက်မခံမှာစိုးလို့ အန်ကယ် ဦးကောင်းသာကို လောကကြီးထဲမှာမရှိတော့တဲ့ နင့်ဖေဖေရဲ့မောင် အမည်သုံးပြီး တစ်ဖက်လှည့်နဲ့ ကူညီခဲ့တာပဲ၊ ဦးကောင်းသာဆိုတာ မကိုင်ရွှံရဲ့လူယုံတော်ကြီးပါ"

"ဟင် ငယ် ဒါ ဒါအမှန်ပဲလား"

"အမှန်တွေပဲ တည်၊ ဒါတွေကို ငါ သိနေတာ ကြာပေမယ့် နင်က မကိုင်ရွှံကို ခါးခါးသီးသီး မုန်းနေလို့ မပြောခဲ့တာ၊ တည် နင့်အပေါ် တကယ် သံယောဇဉ်ကြီးခဲ့တဲ့ မကိုင်ရွှံကို နင် မရက်စက်ပါနဲ့၊ မကိုင်ရွှံ နှလုံးသားကို နင် မနင်းချေပါနဲ့ဟယ်"

ငယ့်စကားတွေက သူ့ရင်ကို ထိရှစွာ စူးနစ်စေသည်။ သူ့မျက်ဝန်းတွေက မကိုင်ရွှံကို လှည့်ကြည့်မိသည်။

အခန်းထဲမှာ ငူငူလေး ရပ်နေသော မကိုင်ရွှံကို သူမြင်တွေ့နေရပေမယ့် မကိုင်ရွှံကတော့ သူ့ကို အနက်ရောင် ဖိုတိုဂရေးမှန်တွေကြောင့် မြင်တွေ့စရာမရှိပါ။

သူ တုန်လှုပ်ချောက်ချားစွာ နောင်တတွေက သွေးကြောထဲ တစိမ့်စိမ့် စီးဆင်းလာ၏။

ကြည့်စမ်း သူ အမှားကြီး မှားတော့မလို့။

တကယ်ဆို မကိုင်ရွှံရဲ့စေတနာ မေတ္တာတွေက သူ့အပေါ်မှာ ကြီးမားခဲ့သည်။

www.burmeseclassic.com



သူကတော့ အတ္တတွေ အမုန်းတွေနှင့် အထင်လွဲမုန်းတီးခဲ့သည်။ သူ့နှလုံးသားက ရက်စက်ရှုံရှာစရာကောင်းလိုက်တာ။

"မောင်တည်"

"ဟင် အန်ကယ်"

ဦးကောင်းသာ သူ့ကို ရပ်ကြည့်နေ၏။

"အန်ကယ် အခုပဲ မကိုင်ရှုကို ပြန်ပို့ပေးလိုက်ပါ၊ သူတို့မိသားစု အခက်အခဲတွေအတွက် မနက်ဖြန် အားလုံးဖြေရှင်းပေးလိုက်ပါဗျာ၊ ကျွန်ကျွန်တော် အမှားကြီး မှားတော့မလို့"

"ကောင်းပါပြီ မောင်တည်၊ မင်းရင်ထဲက အမုန်းတွေ ပြေပျောက်သွားတာ အန်ကယ် ဝမ်းသာတယ်ကွယ်"

ဦးကောင်းသာ သူ့ရှေ့က ထွက်သွားခဲ့သည်။ တစ်ဖက်အခန်းထဲက မကိုင်ရှုကို ဖေးမခေါ်ဆောင်သွားတာလည်း သူ မြင်တွေ့နေခဲ့၏။

သူ့မျက်ဝန်းတွေထဲမှာ စီးကျလာသော မျက်ရည်တွေက တားဆီးမရခဲ့။

အမုန်းတွေနှင့် လောင်မြိုက်နေခဲ့သော နှလုံးသားကို သူကိုယ်တိုင် ရှုံမုန်းမိသည်။

တကယ်ဆို အားလုံးရဲ့နှလုံးသားက ဖြူစင်မှုတွေနှင့် ငြိမ်းချမ်းသန့်စင်ခဲ့သလောက် ရဲရင့်တည် ဆိုသော သူ့နှလုံးသားက သွေးဆိုးတွေနှင့် ညစ်ညမ်းနေခဲ့၏။

မကိုင်ရှုရယ် ငါ့ကို ခွင့်မလွှတ်လိုက်ပါနဲ့"





နင့်ရဲ့ ဖြူစင်တဲ့ နှလုံးသားက ညစ်ထေးနေတဲ့ ငါ့နှလုံးသားနဲ့ မထိုက်တန်ခဲ့ပါဘူး။

တကယ့်ကို မထိုက်တန်ခဲ့ပါဘူး မကိုင်ရှုရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"တည်"

ခေါ်သံကြောင့် လှမ်းနေမိသော သူ့လက်က ယမကာခွက်ဆီ မရောက်ခင် တန့်ခနဲ ဖြစ်သွားခဲ့၏။

"ဟင် ငယ်"

သူ တစ်ယောက်တည်း ဒီမှာ ရောက်နေတာ ငယ် ဘယ်လို သိသွားခဲ့သည်လဲ။ ငယ်က သူ့အနားထိ လျှောက်လာရင်း ယမကာခွက်ကို ယူကာ အမှိုက်ပုံးထဲ သွန်ချပစ်၏။

ပြီးတော့ ပုလင်းကိုပါ ပုံးထဲပစ်ထည့်ရင်း

"နင် ဘာဖြစ်လို့ အရက်တွေ သောက်နေတာလဲ တည်"

"ငါ ငါ့ကိုယ်ငါ ခွင့်မလွှတ်နိုင်ဘူး ငယ်၊ ငါသိပ်မှားခဲ့တယ်"

"တည် နင်မှားခဲ့တာ ဘာကြောင့်လဲ သိလား"





"ဟင် ဘာကြောင့်လဲ ငယ်"

"အချစ်ဆိုတာ ဖြူစင်တဲ့ ခံစားမှုနဲ့ ပေးဆပ်မှုပဲ၊ ဒါကိုနင့်နှလုံးသားက လက်မခံနိုင်လို့ ပူလောင်ခဲ့တာ"

"ငယ်ရယ်"

"မကိုင်ရှီ နင့်ကိုသိပ်ချစ်ခဲ့တယ်၊ သူ့ချစ်ခြင်းက မပြောင်းလဲဘူး၊ အမြဲတမ်း အေးချမ်းခဲ့တယ်"

"ငါ ငါ လက်ခံတယ် ငယ်"

"နင် လက်ခံရင် နင့်ဘဝကို ဆက်ပြီး ရေစုန်မမျောပါနဲ့တော့ တည်ရယ်၊ အခုဆို မကိုင်ရှီတို့ဘဝလေးလည်း ငြိမ်းချမ်းအဆင်ပြေသွားခဲ့ပြီ"

ငယ့်စကားကြောင့် သူ ဝမ်းသာမိသည်။ ဦးနိုင်သိမ်းပိုက်အပေါ်မှာလည်း သူ့အမုန်းတွေ ကင်းစင်ခဲ့တာ သေချာသည်။

"ငါ ငါ ဝမ်းသာပါတယ် ငယ်၊ မကိုင်ရှီကို ငါ့ရဲ့သူငယ်ချင်းတစ်ယောက်အဖြစ် ငါ အသိအမှတ်ပြုထားလိုက်ပါပြီ"

"ဒါဆို နင့်ဘဝကို နင် အကောင်းဆုံး ပြန်တည်ဆောက်ပါ"

ငယ့်စကားကို သူ လေးနက်စွာ ခေါင်းညိတ်မိသည်။ ငယ့်မျက်ဝန်းတွေက သူ့ကိုငေးစိုက်ကြည့်နေခဲ့၏။

ထိုမျက်ဝန်းတွေထဲက ခိုင်မြဲသော သံယောဇဉ်တွေကို သူ ဘာကြောင့် ဥပေက္ခာပြု မေ့ထားခဲ့သည်လဲ။

"ငါ ပြန်မယ် တည်"

www.burmeseclassic.com



"နေ နေပါဦး ငယ်"

သူ ငယ့် လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်တော့ ငယ် မျက်ဝန်းလေးတွေ ပြူးကာ လှည့်ကြည့်၏။

"ငယ် ငါ့ကို ထားရစ်မသွားပါနဲ့ နင်က ငါ့အပေါ်မှာ အမြဲတမ်း နားလည်ဖေးမခဲ့သူပါ၊ ငါ့ဘဝအတွက် နင် ရှိနေမှ ဖြစ်မှာ"

"ဟင်"

"ဟုတ်တယ် ငယ် နင့်ရဲ့ဖြူစင်တဲ့ နှလုံးသားအရိပ်မှာ ငါ့ဘဝကို ခိုနားခွင့်ပြုပါနော်"

ပန်းသွေးရောင် လွှမ်းသွားသော ငယ့်မျက်နှာလေးက ချစ်ရိပ်ရောင်စဥ်တွေနှင့် ဖြာလဲ့နေခဲ့သည်။

သူ ငယ့်လက်ဖဝါးလေးကို တင်းတင်းလေး ဆုပ်ကိုင်ထားမိဆဲ။

ငယ့်ရဲ့ငြိမ်းချမ်းသော နှလုံးသားမှာ သူ့ဘဝ ခိုနားခွင့်ကို မကိုင်းကလည်း ကြည်ဖြူကျေနပ်ပေးမှာ သူယုံသည်။

ဖြူစင်သော သူငယ်ချင်းတွေကြားမှာ ဖြူစင်သော ချစ်ခြင်းတွေက ဘယ်တော့မှ မပြောင်းလဲ။

နိုင်ငံမြဲစွာ ရှင်သန်နေမြဲဆိုတာကို . . .။

ပရိသတ်အတွက်

အမြဲတမ်း

သျှိုး



www.burmeseclassic.com